mgyoe.com SAMPLE BOOK

ပန်းရွှေပြည်စာအုပ်တိုက်

၁၈၂၄ ခုနှစ် အင်္ဂလိပ်–မြန်မာပထမစစ်ပွဲမှသည်
၁၉၄၃ ခုနှစ် မြန်မာပြည်တွင် ဂျပန်အုပ်စိုးချိန်အထိ
အုပ်ချုပ်ရေး၊စစ်ရေး၊နိုင်ငံရေး၊စီးပွားရေး၊
အမျိုး ဘာသာ သာသနာရေး အဖြစ်အပျက်များကို
မှတ်တမ်းတင်ထားသည်။

တတိယအကြိမ်

# မြန်မာ့နိုင်ငံရေးသမိုင်း

ဦးလေးမောင်




mgyoe.com

mgyoe.com
SAMPLE BOOK


# ပန်းရွှေပြည်စာအုပ်တိုက်ထုတ်စာအုပ်များ





စာမူခွင့်ပြုချက်-၆၆/၂၀၀၄(၆)



စာမူခွင့်ပြုချက် ၃၁၀၀၈၇၁၂၀၅





စာမူခွင့်ပြုချက် ၃၁၀၀၁၄၀၂၁၁





စာမူခွင့်ပြုချက် ၅၀၁၆၀၄၁၀၀၈




စာမူခွင့်ပြုချက် ၃၁၀၀၇၉၁၁၀၈




စာမူခွင့်ပြုချက် ၅၄၅ / ၂၀၀၁ (၆)




စာမူခွင့်ပြုချက် ၂၀၁ / ၉၅ (၃)

mgyoe.com

mgyoe.com SAMPLE BOOK

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

✡ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✡ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✡ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
✡ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

✡ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
✡ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး။
✡ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
✡ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

✡ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
✡ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
✡ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
✡ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

✡ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
✡ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
✡ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက် ရေး။
✡ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---


လေးမောင်၊ ဦး 		၉၂၃.၁
မြန်မာ့နိုင်ငံရေးသမိုင်း / ဦးလေးမောင် - ရန်ကုန်၊ ပန်းရွှေပြည်စာပေ (တတိယအကြိမ်)၊ ၂၀၁၂။
၃၈၀ - စာ ၊ ၁၈ × ၂၅ စင်တီ ။
(၁) မြန်မာ့နိုင်ငံရေးသမိုင်း။

**တန်ဖိုး**
၈၀၀၀ ကျပ်

**အုပ်ရေ**
၅၀၀ အုပ်

**တတိယအကြိမ်**
၂၀၁၂ ခုနှစ် မတ်

**မျက်နှာဖုံး**
ပန်းရွှေပြည်

**ထုတ်ဝေသူ**
ဦးသိမ်းမင်း (၀၄၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
၃၃၄၊ ၈ လမ်း၊ ၁၁ ရပ်ကွက်၊
တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးအောင်မြင့်သိန်း (၀၆၃၆၄)၊
အင်ကြင်းမြိုင်ပုံနှိပ်တိုက်၊
အမှတ် ၁၄၇ ဆိပ်ကမ်းသာလမ်း
ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

**စာမူခွင့်ပြုအမှတ်**
၃၁၀၀၂၇၀၁၁၂

**အဖုံးခွင့်ပြုအမှတ်**
၃၁၀၀၅၁၀၂၁၂


mgyoe.com

mgyoe.com SAMPLE BOOK

# မြန်မာ့နိုင်ငံရေးသမိုင်း

ဦးလေးမောင်

စာအုပ်အကြောင်း

ဤစာအုပ်ကို ၁၉၇၃ ခုနှစ်က စာပေဗိမာန်မှ ပြည်သူ့လက်စွဲစာစဉ်အဖြစ် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။
ထိုစဉ်က ၂ အုပ်ခွဲ၍ ပထမတွဲ, ဒုတိယတွဲအဖြစ် ထုတ်ဝေထားပါသည်။
၂ တွဲပေါင်း ပထမအကြိမ်အဖြစ် စာပေလောကစာအုပ်တိုက်က ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ပြန်လည်ထုတ်ဝေပါသည်။
၂ အုပ်ခွဲသည်ကို ပထမအကြိမ်, ၂ အုပ်တွဲသည်ကို ဒုတိယအကြိမ် သတ်မှတ်ပြီး၊
ယခုထုတ်ဝေသည်ကို တတိယအကြိမ်အဖြစ် ပန်းရွှေပြည်စာအုပ်တိုက်က သတ်မှတ်ထုတ်ဝေပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* ပထမတွဲ အမှာ ... ၇
* ဒုတိယတွဲ အမှာ ... ၈
* နိဒါန်း ... ၉
* ဦးလေးမောင် ... ၁၀
* မှတ်တမ်းဓာတ်ပုံများ

- အခန်း ၁
  ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ ... ၁၃
- အခန်း ၂
  ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ ... ၃၃
- အခန်း ၃
  တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ ... ၄၅
- အခန်း ၄
  ကျွန်ဘဝသို့ ... ၅၅
- အခန်း ၅
  နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ က ... ၆၁
- အခန်း ၆
  ဝိုင်အမ်ဘီအေ ညီလာခံများ ... ၆၅
- အခန်း ၇
  သံဃာသာမဂ္ဂီအဖွဲ့များ ... ၉၉
- အခန်း ၈
  ဂျီစီဘီအေ နဝမကွန်ဖရင့် ... ၁၀၃
- အခန်း ၉
  ဂျီစီဘီအေနှင့် ၂၁ ဦး ... ၁၂၁
- အခန်း ၁၀
  ဒိုင်အာခီစနစ် လာပြီ ... ၁၃၃
- အခန်း ၁၁
  သပိတ်မှ အခွန် မပေးရေးသို့ ... ၁၃၇
- အခန်း ၁၂
  ဂျီစီဘီအေ အစိတ်စိတ်ကွဲခြင်းနှင့် ကွန်ဖရင့်များ ... ၁၄၉
- အခန်း ၁၃
  အာဇာနည် အရှင် ဦးဝိစာရ ... ၁၇၃
- အခန်း ၁၄
  တောင်သူလယ်သမား အရေးတော်ပုံ ... ၁၈၅


mgyoe.com

mgyoe.com SAMPLE BOOK

- အခန်း ၁၅
ဗိလတ် မျက်နှာစုံညီအစည်းအဝေးများ ... ၁၉၅
- အခန်း ၁၆
တို့ဗမာ (သခင်) အစည်းအရုံး ပေါ်ပေါက်လာခြင်း ... ၁၉၉
- အခန်း ၁၇
ခွဲရေးတွဲရေး ... ၂၁၁
- အခန်း ၁၈
၉၁ ဌာန အုပ်ချုပ်ရေးသို့ ... ၂၁၇
- အခန်း ၁၉
ဒုတိယ ကျောင်းသားသပိတ်ကြီး ... ၂၃၉
- အခန်း ၂၀
ကုလား-ဗမာ အဓိကရုဏ်း ... ၂၄၉
- အခန်း ၂၁
၁၃၀၀ ပြည့် အရေးတော်ပုံ ... ၂၅၃
- အခန်း ၂၂
နောက်လာတဲ့ မောင်ပုလဲ(လည်း) ... ၂၇၃
- အခန်း ၂၃
နိုင်ငံရေး နိုးကြားလာခြင်းနှင့် အပျော်တမ်းတပ်ဖွဲ့များ ... ၂၈၁
- အခန်း ၂၄
ဝါးရင်းတုတ်ထမ်းလို့ မျှော် ... ၂၈၇
- အခန်း ၂၅
ဗမာ့ထွက်ရပ်ဂိုဏ်း ဖွဲ့စည်းခြင်း ... ၂၉၁
- အခန်း ၂၆
ရဲဘော် ၃ ကျိပ် ... ၂၉၇
- အခန်း ၂၇
ဗမာ့လွတ်လပ်ရေး တပ်မတော် ... ၃၀၃
- အခန်း ၂၈
ဂျပန် လက်အောက်တွင် ... ၃၂၃
* နိဂုံး ... ၃၃၃
* ဝေါဟာရများ ... ၃၃၅
* အက္ခရာစဉ် အညွှန်း ... ၃၄၃
* ကိုးကားမှီငြမ်းပြုသော စာအုပ်စာတမ်းများ ... ၃၇၁



mgyoe.com

mgyoe.com SAMPLE BOOK

# ပထမတွဲ အမှာ

ဤ 'မြန်မာ့နိုင်ငံရေးသမိုင်း' ကို ဗမာ့ခေတ် နေ့စဉ်သတင်းစာ၌ ၁၉၅၆ ခုနှစ် ဇွန်လ ၁၆ ရက်နေ့မှ စက်တင်ဘာလ ၂၉ ရက်နေ့အထိ ကာလအတွင်း ဆောင်းပါးရှည်ကြီးအနေဖြင့် ရက်ခြား ရေးသားဖော်ပြခဲ့၏။ ယခုကျမ်းသည် ဗမာ့ခေတ်သတင်းစာတွင် ဖော်ပြခဲ့ပြီးသော အဆိုပါ ဆောင်းပါးများကို စုပေါင်း၍ ထပ်မံပြင်ဆင် ရေးသားထားသောကျမ်း ဖြစ်ပေသည်။

မြန်မာ့နိုင်ငံရေးသမိုင်းစဉ်နှင့် စပ်လျဉ်း၍ စာအုပ်စာတမ်းအနည်းငယ် ထွက်ပေါ်လာကြပြီးသည်တို့အနက်၊ ဤကျမ်းသည်လည်း 'အားကိုးအားထား ပြုနိုင်လောက်သည်အထိ ပြည့်စုံလုံလောက်သော ကျမ်းတစ်စောင်ဖြစ်မည်' ဟု အများက ယူဆလက်ခံပြီးဖြစ်၏။ ယခင်က ဦးဘခိုင်ရေးသော 'မြန်မာနိုင်ငံရေးရာဇဝင်' နှင့် တိုးတက်ရေးသတင်းစာ အယ်ဒီတာချုပ် ဦးထွန်းသန်း ရေးသားသော 'နိုင်ငံရေးရှင်းတမ်း' တို့ ပေါ်ထွက်ပြီး ဖြစ်၏။ ယင်းကျမ်း ၂ စောင်လုံးတို့သည် သီပေါမင်းပါတော်မူသည်မှ ၉၁ ဌာနအုပ်ချုပ်ရေး စတင်သော ၁၉၃၇ ခု ဧပြီလ ၁ ရက်နေ့အထိ ကာလအတွင်း ဖြစ်ပွားသောအဖြစ်အပျက်များကိုသာ မှတ်တမ်းတင်သွားကြောင်း တွေ့ရှိရ၏။

ဦးလေးမောင်၏ 'မြန်မာ့နိုင်ငံရေးသမိုင်း' တွင်မူကား ၁၈၂၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲကာလမှ ၁၉၄၃-၄၄ ခုနှစ် ဂျပန်များ မြန်မာပြည်တွင် အုပ်စိုးသောအချိန်ကာလအတွင်းအထိ ဖြစ်ပေါ်ခဲ့သော သမိုင်းတင်သင့်သည့် အဖြစ်အပျက်များကို သေချာကျနစွာ ဖော်ပြထားလေသည်။ ယခင်ဖော်ပြခဲ့သော ကျမ်းများထက် ဦးလေးမောင်၏ 'မြန်မာ့နိုင်ငံရေးသမိုင်း' ကျမ်းက ပိုမိုပြည့်စုံကြောင်း တွေ့ရပေသည်။

ယခုအခါ၌ သမိုင်းသုတေသီများ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာရေးဆရာ၊ သတင်းစာဆရာများ စသည်တို့အတွက် ပြည့်စုံသော သမိုင်းကျမ်းများ အထူးလိုအပ်နေကြောင်းကို တွေ့ရှိနေရပေသည်။

ထို့ကြောင့် 'မြန်မာ့နိုင်ငံရေးသမိုင်း' ကျမ်းစာအုပ်သည် ယင်းလိုအပ်ချက်များကို ဖြည့်စွမ်းပေးနိုင်မည်ဟု ယုံကြည်ရပါကြောင်း အစီရင်ခံပါသည်။

နတ်မောက် ဘုန်းကျော်
တည်းဖြတ်သူ

mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယတွဲ အမှာ

ဦးလေးမောင် (အာလံ ဦးလာဘ) ပြုစုသည့် 'မြန်မာ့နိုင်ငံရေးသမိုင်း'၏ ထူးခြားသော ဝိသေသလက္ခဏာရပ်များအချို့ကို ပထမတွဲ၏အမှာစာတွင် သီးခြားဖော်ပြခဲ့ပြီး ဖြစ်၏။ ပထမတွဲတွင် အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲကာလမှ စတင်ကြီး 'ဂျီစီဘီအေ အဖွဲ့ချုပ်ကြီး' အစိတ်စိတ် ကွဲပြားသွားရခြင်း အကြောင်းရင်းများနှင့် ယင်း အစိတ်စိတ် ကွဲပြားသွားခဲ့သော ဂျီစီဘီအေအဖွဲ့ အသီးသီးတို့၏ အကြောင်းခြင်းရာများကို အသေးစိတ်တင်ပြခဲ့ပြီး ဖြစ်သည်။

ယခု ဒုတိယတွဲတွင် ဒိုင်အာခီ လက်ပါးစေအစိုးရ၏ ရက်စက်ဖိနှိပ်မှုကြောင့် အာဇာနည် အရှင် ဦးဝိစာရကိုယ်တော် ပျံလွန်တော်မူရခြင်းမှ စတင်ပြီး၊ တွဲရေးခွဲရေး၊ ၉၁ ဌာန အုပ်ချုပ်ရေး များအပါအဝင် ပြည်သူလူထု လှုပ်ရှားမှုများ၊ ၁၃၀၀ ပြည့် အရေးတော်ပုံဖြစ်ရပ်များ၊ ဒုတိယ ကမ္ဘာစစ်အတွင်း ဂျပန်တပ်များ မြန်မာပြည်သို့ ရောက်ရှိလာပုံ၊ စစ်အတွင်း ဂျပန်လက်အောက်တွင် မြန်မာတို့ နေထိုင်လှုပ်ရှားရပုံ၊ မြန်မာစစ်တပ် တည်ထောင်ပုံများနှင့်တကွ စစ်အပြီး ၁၉၄၈ ခုနှစ် မြန်မာ့လွတ်လပ်ရေးရရှိသည်အထိ အကြောင်းခြင်းရာများကို တင်ပြထားကြောင်း ဖတ်ရှုကြရပါ မည်။ 'မြန်မာ့သမိုင်းစဉ်များကို ဖော်ပြရာ၌ ရုပ်လုံးပေါ်ပါသည်။'ဟု ဆိုထိုက်ပါသည်။ အချို့သော အကြောင်းအရာများ၌ စာပြုသူနှင့် တည်းဖြတ်သူ ၂ ဦးလုံးတွင် အချိန်ယူ၍ မဆောင်ရွက်နိုင်ခြင်းကြောင့် အချက်အလက် မပြည့်စုံသေးကြောင်း သိပါလျက်နှင့် ဖြည့်စွက် ခွင့် မရလိုက်သည်လည်း ရှိပါသည်။ ဥပမာ–ကျောင်းသား သံမဏိတပ်၊ ဖက်ဆစ်တော်လှန်ရေး၊ စသည်များ။

'မြန်မာ့နိုင်ငံရေးသမိုင်းကျမ်း' သည် ပြီးပြည့်စုံသောကျမ်းကြီးတစ်ကျမ်း မဟုတ်စေကာမူ 'ထူးခြားသစ်လွင်သော ခံယူချက်နှင့် အသွင်လက္ခဏာဆောင်သော ကျမ်းတစ်စောင် ဖြစ်ကြောင်း' ဖတ်ရှုကြသောအခါ တွေ့ရှိကြရမည် ဖြစ်ပါကြောင်း။

နတ်မောက် ဘုန်းကျော်
တည်းဖြတ်သူ
၁၀–၁၀–၇၃

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ဤ 'မြန်မာ့နိုင်ငံရေးသမိုင်း'ကို ပြုစုသူသည် ၁၉၂၄ ခုနှစ်ကစ၍ 'အာလံ ဦးလာဘ' အဖြစ်ဖြင့်လည်းကောင်း၊ 'ဦးလေးမောင်' အဖြစ်ဖြင့် လည်းကောင်း ဝံသာနုလုပ်ငန်းများတွင် ရှေ့တန်းမှ ပါဝင်ခဲ့သူ ဖြစ်၏။ တစ်သက်တာ ၂ ဘဝတွင် သပိတ်မှောက် 'လှိုင်ပုကျော်-ဂျီစီဘီအေ' လက်အောက်ခံဖြစ်သော အစိုးရအထောက်အပံ့မယူသည့် နေရှင်နယ် ပညာရေးအဖွဲ့ချုပ်တွင် ရုံးအုပ် အဖြစ်ဖြင့် လည်းကောင်း, ပညာဝန် အဖြစ်ဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ပြီးနောက်၊ ဆရာတော်ဦးဥတ္တမ ဒုတိယအကြိမ် ထောင်နန်းစံသောအခါ ဝံသာနုအင်္ဂလိပ်-မြန်မာသတင်းစာတွင် တိုက်အုပ် အဖြစ်ဖြင့်လည်းကောင်း, အယ်ဒီတာ အဖြစ်ဖြင့်လည်းကောင်း ဆက်လက်ဆောင်ရွက်ခဲ့ရပေသည်။

တစ်ဖန် 'လှိုင်ပုကျော် ဂျီစီဘီအေ' သည် သံဃအဖွဲ့ချုပ်ကြီး၏ ဩဝါဒ ခံ,မခံနှင့်ပတ်သက်၍ ကွဲပြားပြန်သောအခါ၊ သံဃဩဝါဒခံ ဦးစိုးသိမ်း ဂျီစီဘီအေတွင် ရုံးအုပ် အဖြစ်ဖြင့်လည်းကောင်း၊ ထို့နောက် ဂျီစီဘီအေ ဌာနချုပ် အတွင်းရေးမှူး အဖြစ်ဖြင့်လည်းကောင်း ၁၄ နှစ်တိုင်တိုင် ဆောင်ရွက်ခဲ့ပေသည်။

ခွဲရေးတွဲရေး ပြဿနာနှင့် ရွေးကောက်ပွဲ ဖြစ်လာခဲ့သောအခါ အဆိုပါဂျီစီဘီအေ သို့ ဒေါက်တာဘမော် ဝင်လာ၍ မောရိယသတင်းစာ ထုတ်ဝေရာတွင် အယ်ဒီတာအဖြစ်ဖြင့် လည်းကောင်း, ဌာနချုပ်အတွင်းရေးမှူး အဖြစ်ဖြင့် လည်းကောင်း ၁၉၃၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပေသည်။

ဤသို့ နိုင်ငံရေးနယ်တွင် နှစ်ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်ခဲ့သော အတွေ့အကြုံနှင့် နိုင်ငံရေးလှုပ်ရှားမှု အဖြစ်အပျက်များသည် နောင်လာနောင်သားတို့ သိသင့်သိထိုက်သော မြန်မာ့နိုင်ငံရေးသမိုင်း အချက်အလက်များ ဖြစ်ပေသည်။ ထို 'တွေ့ကြုံသိရှိခဲ့သော ဖြစ်ရပ်အမှန်များကို ရေးသားပါ။' ဟု မိတ်သင်္ဂဟများစွာကပင် တိုက်တွန်းခဲ့ပါသည်။

နိုင်ငံလွတ်လပ်ရေးအတွက် နိုင်ငံရေးပါတီများ၏ ဆောင်ရွက်စဉ်အခန်းကဏ္ဍ အမျိုးမျိုးအထွေထွေတို့ကို တတ်နိုင်သမျှပြည့်စုံအောင် လွန်ခဲ့သော ၁၀ နှစ်ခန့်ကစ၍ စုဆောင်းရှာဖွေခဲ့ရာတွင်၊ စစ်အတွင်းတွင် မှတ်တမ်းများ ပျက်စီးခြင်းကြောင့် ကျေနပ်ပြည့်စုံအောင် ရရန် မလွယ်ကူသည့်အဖြစ်ကို တွေ့ခဲ့ရပါသည်။ မှန်ကန်ပြည့်စုံသော 'မြန်မာ့နိုင်ငံရေးသမိုင်းတစ်ခု ထွက်ပေါ်လာရန်အတွက် သက်ဆိုင်ရာ ပါတီအသီးသီးတွင် ပါဝင်ဆောင်ရွက်ခဲ့ဖူးကုန်သော အသက်ထင်ရှား ရှိနေကြကုန်သည့် ပုဂ္ဂိုလ်များ စုပေါင်း၍ စုဆောင်းရေးသားမှသာလျှင် နောင်လာနောင်သားတို့ အမှန်ကိုမှတ်သားရန် မှန်ကန်သောသမိုင်းဖြစ်ရပ်များကို ရနိုင်ပေလိမ့်မည်။' ဟု ယူဆပေသည်။

ယခုဖော်ပြမည့် မြန်မာ့နိုင်ငံရေးသမိုင်းမှာ စာပြုသူ၏ ကိုယ်တွေ့နှင့် စုဆောင်းရရှိသမျှသော အချက်အလက်များကို သန့်ရှင်းသောစေတနာဖြင့် ပြည့်စုံသော မြန်မာ့နိုင်ငံရေးသမိုင်းတစ်စောင် ဖြစ်ပေါ်လာရန် တစ်ခန်းတစ်ကဏ္ဍ အနေဖြင့် တင်ပြခြင်းသာ ဖြစ်ပေသည်။ ထိုသို့ တင်ပြခြင်းမှာလည်း မြန်မာ့နိုင်ငံ၏ လွတ်လပ်ရေးအတွက် စည်းစိမ် ဥစ္စာနှင့် အသက်ခန္ဓာကို မငဲ့ညှာဘဲ မဆုတ်မနစ်တမ်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ခေါင်းဆောင်ကြီးများအား ကျေးဇူးဆပ်သောအားဖြင့် လည်းကောင်း၊ ရိုသေလေးစား ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ နောင်လာနောင်သားတို့သည် သမိုင်းဖြစ်စဉ်အမှန်ကို ဝေဖန်သုံးသပ်၍ အကြောင်းအကျိုး တကယ့်ဖြစ်ရပ်တို့၏ သဘောတရားအမှား အမှန်ကို အနာဂတ်နိုင်ငံအကျိုးအတွက် ဆက်စပ်ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် လည်းကောင်း ဤမြန်မာ့နိုင်ငံရေးသမိုင်းကို တင်ပြရခြင်း ဖြစ်ပါကြောင်း။

ဦးလေးမောင်
သမိုင်းပြုစုသူ

ခရစ်နှစ် ၁၉၅၆ ခုနှစ် ဇွန်လ ၁၅ ရက်
မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ် နယုန်လဆန်း ၇ ရက်

ယန်းလှိုင်ပြည့်စာအုပ်တိုက်

mgyoe.com

mgyoe.com SAMPLE BOOK

**ဦးလေးမောင်**

ဦးလေးမောင်ကို သရက်ခရိုင် အောင်လံမြို့တွင် ၁၈၉၉ ခုနှစ် နိုဝင်ဘာလတွင် အဖ ဦးပို၊ အမိ ဒေါ်ပန်းတို့မှ ဖွားမြင်ခဲ့သည်။

အောင်လံမြို့တွင် ၁၀ တန်း အောင်မြင်ခဲ့ပြီး၊ ၁၉၂၃-၂၄ ခုနှစ်မှစ၍ အောင်လံမြို့ ဗုဒ္ဓသာသနာပြုအမျိုးသားကျောင်း (B.T.N)တွင် ကျောင်းအုပ်အဖြစ် ရွက်ဆောင်ခဲ့သည်။ ဂျီစီဘီအေ အဖွဲ့ကြီးမှ ၂၁ ဦးများ နုတ်ထွက်ကွဲပြားသွားချိန်၌ အထောက်အပံ့မခံသော အမျိုးသားကျောင်းအဖြစ် ရပ်တည်ခဲ့သည်။

ထို့နောက် ရန်ကုန်သို့ ရောက်ရှိလာပြီးလျှင် ဝံသာနု ဂျီစီဘီအေ အဖွဲ့ကြီး၏ ဝံသာနု သတင်းစာတွင် တိုက်အုပ်အဖြစ် လည်းကောင်း၊ အယ်ဒီတာအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

နောက် ဂျီစီဘီအေအဖွဲ့များ အစိတ်စိတ်ကွဲပြားကြရာ ဦးစိုးသိမ်း ဂျီစီဘီအေ တွင် ရုံးအုပ်အဖြစ်၊ မင်္ဂလွန်း ဂျီစီဘီအေ တွင် အထွေထွေအတွင်းရေးမှူးအဖြစ်၊ မောရိယသတင်းစာ တွင် အယ်ဒီတာချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြန်သည်။

'အောင်လံ ဦးလာဘ' ဟူ၍ ထင်ရှားခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ဗမာ့ခေတ် သတင်းစာတွင် အယ်ဒီတာအဖွဲ့ဝင်အဖြစ် လည်းကောင်း၊ အစိုးရသာသနာရေးဌာနတွင် လက်ထောက်ညွှန်ကြားရေးဝန် အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစား ယူခဲ့သည်။

၁၉၇၄ ခုနှစ် ဧပြီလ ၇ ရက်- အသက် ၇၅ နှစ်တွင် အမှတ် ၄၈၆၊ ၂၂ လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ်၊ ရန်ကုန်မြို့ နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။



mgyoe.com

mgyoe.com

SAMPLE BOOK

# မြန်မာ့နိုင်ငံရေးသမိုင်း

ဦးလေးမောင်

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း ၁

## ပထမ အင်္ဂလိပ်-မြန်မာ စစ်ပွဲ

ခရစ်နှစ် ၁၆၀၀ ပြည့်နှစ် အင်္ဂလိပ်ဘုရင်မ ပထမ အယ်လီဇဘက်လက်ထက်တွင် အမိန့်စာချွန်ဖြင့် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီကို တည်ထောင်ဖွဲ့စည်းခဲ့၏။ ထိုကုမ္ပဏီသည် 'ကုန်စည်ကူးသန်းမှုအပြင်၊ စစ်တိုက်ခွင့်၊ စစ်ပြေငြိမ်းခွင့်၊ အာဏာလွှဲပြောင်း အုပ်ချုပ်ခွင့်များကိုပါ ဆောင်ရွက်နိုင်ခွင့် ရှိသည်။' ဟု ဥပဒေပြဋ္ဌာန်း၍ အာဏာ အပ်နှင်းထားခဲ့၏။ ၁၈၁၃ ခုနှစ်နှင့် ၁၈၃၃ ခုနှစ် ဗြိတိသျှ ချာတာအက်ဥပဒေများအရ ထိုကုမ္ပဏီသည် အကန့်အသတ်မရှိသော တန်ခိုးအာဏာများကိုပင် ရရှိခဲ့ပေ၏။

အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီကို စတင်ဖွဲ့စည်းရန်အတွက် ခရစ်နှစ် ၁၅၉၉ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် စတင်စည်းဝေးခဲ့ရာ၊ အစည်းအဝေးသို့ ပါဝင်လိုသူ လူပေါင်း ၅၇ ယောက်သာ တက်ရောက်ခဲ့၏။ ကုမ္ပဏီတည်ထောင်ရန် ထိုအစည်းအဝေးမှ ဆုံးဖြတ်ပြီးနောက် အစုရှယ်ယာများကောက်ခံရာ အစုရှယ်ယာထည့် ဝင်ကြသူများမှာ ၁၀၁ ယောက် ရှိလာ၍၊ ရင်းနှီးငွေမှာ ပေါင်ပေါင်း ၃၀,၁၃၃ နှင့် ၆ သျှီလင် ၈ ပဲနိသာ ဖြစ်၏။ ဦးစွာအစမှာ လူအနည်းငယ်နှင့် ရင်းနှီးငွေအနည်းငယ်မျှသာ ဖြစ်ပေသည်။

ထိုအချိန်က 'အိန္ဒိယနိုင်ငံတွင် အဖိုးထိုက်တန်သော ကုန်စည်နှင့် ရတနာများ ရှိသည်။ ထိုကုန်စည်ရတနာ များကို မိမိတို့နိုင်ငံသို့ သယ်ယူရောင်းချမည်။ မိမိတို့နိုင်ငံမှ ထွက်ကုန်များကိုလည်း အိန္ဒိယနိုင်ငံတွင် ဈေးကောင်း ကောင်းနှင့် ရောင်းချမည်။' ဟူ၍ ရည်ရွယ်ချက်များ ထားရှိခဲ့ပေသည်။

အင်္ဂလိပ်တို့၏ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီကို ခရစ်နှစ် ၁၆၀၀ ပြည့်တွင် တည်ထောင်ပြီးနောက်၊ အင်္ဂလိပ်တို့ နည်းတူ ပြင်သစ်တို့ကလည်း 'ပြင်သစ် အရှေ့အိန္ဒိယကုမ္ပဏီ' ဟူ၍ ၁၆၀၄ ခုနှစ်တွင် တည်ထောင်၏။ ဒပ်ချ် တို့ကလည်း 'ဒပ်ချ် အရှေ့အိန္ဒိယကုမ္ပဏီ' ဟူ၍ ၁၆၀၂ ခုနှစ်တွင် တည်ထောင်၏။

အဆိုပါ ဥရောပတိုက်သား အရှေ့အိန္ဒိယကုမ္ပဏီ ကုန်သည်များသည် ပင်လယ်ကိုဖြတ်ကျော်၍ အရှေ့တောင် အာရှ အိန္ဒိယနိုင်ငံ စသည်တို့တွင် ကူးသန်းရောင်းဝယ်မှုကို ပြုလုပ်လျက်ရှိကြရာတွင် တစ်ပြည်နှင့်တစ်ပြည် အကြဲ တူ၍ ရန်သူ ဖြစ်လာကြတော့၏။ ပင်လယ်ပြင်တွင် သင်္ဘော တစ်စင်းနှင့်တစ်စင်းတွေ့လျှင် သင်္ဘောများတွင် လက်နက်များ တပ်ဆင်ထားကြသည့်အတိုင်း တစ်စင်းကို တစ်စင်းက တိုက်ခိုက်လုယက် သတ်ဖြတ်ညှဉ်းပန်းမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြ၏။

ထိုအခါ ဥရောပ အရှေ့အိန္ဒိယကုမ္ပဏီ ဒါရိုက်တာများသည် အချင်းဖြစ်ပွားသောကုမ္ပဏီများ၏ ဆိုင်ရာ အစိုးရများထံသို့ ချဉ်းကပ်၍ အကူအညီတောင်းကြ၏။ ဆိုင်ရာ ပြင်သစ်နှင့် အင်္ဂလိပ်အစိုးရတို့က ပြင်သစ်နှင့် အင်္ဂလိပ်ကုန်သင်္ဘောတို့ ဆက်ဆံရေးပြေပြစ်လာအောင် တာဝန်ယူကြရ၏။ ဒပ်ချ်နှင့် ပေါ်တူဂီကုန်သင်္ဘောတို့ အတွက်လည်း ဆက်ဆံရေးကောင်းမွန်အောင် ဒပ်ချ်နှင့် ပေါ်တူဂီအစိုးရတို့က တာဝန်ယူကြရ၏။



mgyoe.com

mgyoe.com SAMPLE BOOK

ဆက်ဆံရေး ပြေပြစ်လာသည်နှင့်အမျှ၊ ထိုသူတို့၏ ကူးသန်းရောင်းဝယ်ရေးမှာလည်း တိုးတက်လာကြ၏။ ပထမ နှစ်ပေါင်း ၁၀၀ အတွင်းတွင် ထိုသူတို့သည် မိမိ ကူးသန်းရောင်းဝယ်သော စားကျက်နယ်မြေများကို သိမ်းယူခြင်း မပြုခဲ့ကြပေ။

နောင်သောအခါတွင် ကုန်သည်များသည် 'ငှင်းတို့၏ ကူးသန်းရောင်းဝယ်ရေး စားကျက်နယ်မြေဒေသတို့ကို လွှမ်းမိုးအုပ်ချုပ်၍ အပိုင်စီးထားရလျှင် ကူးသန်းရောင်းဝယ်ရေးတွင် အုပ်ချုပ်ရေးအာဏာဥပဒေများ ပြုလုပ်၍ ထင်သလို ခြယ်လှယ်နိုင်မည်။' ဟူ၍ သဘောပေါက်လာကြ၏။ ကုန်ကြမ်းများ လွယ်ကူစွာရရှိမည်လည်း ဖြစ်၏။ ဤသို့ နယ်ချဲ့ရန် စိတ်စောလာကြတော့၏။

ထို့ကြောင့် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီသည် ကူးသန်းရောင်းဝယ်ရေးစားကျက်အဖြစ် ရောက်ရာဒေသတို့တွင် ခြေကုပ်စခန်းဖြစ်အောင် ဤသို့ ကြိုးပမ်းလာ၏။

ကြိုးပမ်းပုံမှာ ရောက်ရာဒေသ ပြည်ရှင်နယ်ရှင်တို့ထံ ပထမဦးစွာ လက်ဆောင်ပဏ္ဏာများ ဆက်သခွင့်နှင့် တွေ့ခွင့်တောင်း၏။ ဤနည်းဖြင့် ရင်းနှီးအောင် အစပြု၍ ဆောင်ရွက်၏။ ထို့နောက် ၂ ပြည်ထောင်အကျိုးအတွက် ကူးသန်းရောင်းဝယ်ခွင့်ရအောင် ရွက်ဆောင်၏။ ကူးသန်းရောင်းဝယ်ခွင့်ရလျှင် စာချုပ် ဖြစ်၏။ စာချုပ်ပြီးနောက် ကာလအနည်းငယ်ကြာလျှင်၊ ကုန်စည်များကို သိုလှောင်ရန် ကုန်လှောင်ရုံဆောက်ခွင့်နှင့် မြေနေရာကို တောင်း၏။ မြေနေရာရ၍ ကုန်လှောင်ရုံဆောက်ခွင့်ရလျှင် ကုန်လှောင်ရုံကို စောင့်ရှောက်ရန် အစောင့်ချထားခွင့် တောင်း၏။ အစောင့်ချထားခွင့် ရပြန်လျှင် ကုန်လှောင်ရုံတွင်းရှိပစ္စည်းများ၏ လုံခြုံရေးအတွက် အစောင့်တို့အား လက်နက်ကိုင်ခွင့်ပေးရန် တောင်းပြန်၏။ ဤနည်းဖြင့် ကုန်လှောင်ရုံ တစ်ခုပြီးတစ်ခု ဆောက်ခြင်းနှင့် အစောင့်အကြပ်များ ပိုမိုထားခြင်းများမှ အစပြု၍၊ ကုန်လှောင်ရုံအစောင့်များမှာ နယ်ချဲ့တိုက်ပွဲများတွင် နယ်ချဲ့စစ်သားများ ဖြစ်လာတော့၏။

'တိုင်းရင်းသားများကိုလည်း စစ်သူရဲကောင်းဖြစ်အောင် သင်ပေးမည်။' ဆိုပြီး ၎င်းတို့၏ စစ်မှုထမ်းများဖြစ်အောင် သွေးဆောင်သိမ်းသွင်းခြင်းများကို ပြုလုပ်၏။ စားဝတ်နေမှုဖြင့် ပဏ္ဏာပြု၍ သစ္စာခံစေ၏။

ကူးသန်းရောင်းဝယ်ရေး ခြေကုပ်စခန်းများအဖြစ်ဖြင့် အိန္ဒိယနိုင်ငံ၌ ဘုံဘိုင်၊ မဒရပ် စသောမြို့များတွင် လည်းကောင်း၊ မြန်မာနိုင်ငံ၌ အင်းဝခေတ်တွင် သံလျင်မြို့တွင် လည်းကောင်း၊ ကုန်းဘောင်ခေတ်တွင် အလောင်းဘုရားနှင့် လစ္စတာ သဘောတူညီချက်အရ ဟိုင်းကြီးကျွန်းတွင် လည်းကောင်း၊ မာလာယုကျွန်းဆွယ်၌ ပီနံတွင် လည်းကောင်း၊ အရှေ့အိန္ဒိယကျွန်းစု၌ စက်ာပူတွင် လည်းကောင်း၊ တရုတ်နိုင်ငံ၌ ဟောင်ကောင်ကျွန်းတွင် လည်းကောင်း ခြေကုပ်စခန်းများ တည်ဆောက်ခဲ့ကြလေသည်။

ခရစ်နှစ် ၁၇၅၉ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့၌ မြန်မာနိုင်ငံခြေကုပ်စခန်းဖြစ်သော ဟိုင်းကြီးကျွန်း ရှိ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီရုံးကို အလောင်းဘုရား၏အမိန့်အရ တိုက်ခိုက်ချေမှုန်း ဖျက်ဆီးခဲ့၏။ ဤအကြောင်း အရာကို ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင် အကျယ်ဖော်ပြထားပေ၏။

ထိုအချိန်ကစ၍ အင်္ဂလိပ်တို့၏ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ အာဏာပိုင်များသည် 'ဥရောပနှင့် အိန္ဒိယအရေး ပြီးစီးပြီးမှ၊ မြန်မာနိုင်ငံမှ ကုန်ကြမ်းများ ရယူရေးအတွက် အပြီးအပိုင် တိုက်ခိုက်သိမ်းယူမည်။' ဟု အကွက်ချကာ စီစဉ်ထားပြီး ဖြစ်ခဲ့ကြ၏။

ဟိုင်းကြီးကျွန်းအရေးတော်ပုံကြောင့် မြန်မာနိုင်ငံ ခြေကုပ်စခန်းမှ အင်္ဂလိပ်ကုန်သည်တို့ ထွက်ခွာသွားရချိန်တွင် အနောက်ဥရောပ၌ အင်္ဂလိပ်တို့သည် နယ်ချဲ့စစ်ပွဲများ တိုက်ခိုက်လျက်နေချိန် ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ခရစ်နှစ် ၁၇၄၀ ပြည့်နှစ်တွင် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ စပိန်ပိုင်နယ်များကို ဗိုလ်မှူးကြီးအင်ဆင်၏ အင်္ဂလိပ်ရေတပ်က တိုက်ခိုက်သိမ်းယူခဲ့၏။ ရွှေငွေဘဏ္ဍာအပြည့်ပါရှိသော စပိန်သင်္ဘောများကို ၄ နှစ်အတွင်း သိမ်းယူခဲ့၏။ သိမ်းယူသောဘဏ္ဍာများမှာ ရွှေဒင်္ဂါး ၁ သန်းခွဲမျှ ထိုက်တန်၏။

၁၇၅၉ ခုနှစ်တွင် ဗိုလ်မှူးကြီး ဟော့က်၏ အင်္ဂလိပ်ရေတပ်က ပြင်သစ်အနောက်ဘက်ကမ်းခြေတွင် ပြင်သစ်တို့ကို တိုက်ခိုက်အောင်မြင်ခဲ့၏။

၁၇၆၂ ခုနှစ်၌ စပိန်နှင့် စစ်ဖြစ်ပြန်သောအခါ အင်္ဂလိပ်တို့သည် စပိန်ပိုင် မနီလာနှင့် ဟာဗနာနယ်များကို ရပြန်၏။ ရွှေဒင်္ဂါး ၈ သိန်းတန် သင်္ဘော ၁ စင်းကိုလည်း သိမ်းယူခဲ့၏။

၁၇၇၉ ခုနှစ်တွင် အင်္ဂလိပ်ပိုင် ဂျီဘရောတာခံတပ်ကို ပြင်သစ်နှင့် စပိန်တို့က ၇ နှစ်တိုင်တိုင် တိုက်ခဲ့၏။ ဘုရင်ခံ အယ်လီယော့သည် တပ်မြို့တွင်းမှ ခိုင်မြဲစွာခုခံ၍၊ ရန်သူသင်္ဘောများကို အမြောက်ဖိုးဆန်များဖြင့် ပျက်စီးစေခဲ့၏။ ဤ ၇ နှစ်စစ်ပွဲ အပြီးတွင် အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ၏ ရွှေဒင်္ဂါး ၁၀၀ တန် အစုရှယ်ယာ ၁ စုလျှင် ၁၆၃ ထိ ဈေးတက်လာ၏။ အမြတ်ကိုလည်း တစ်စုလျှင် ရွှေဒင်္ဂါး ၁၂ ပြားခွဲမျှ ခွဲဝေနိုင်၏။

၁၇၈၂ ခုနှစ်တွင် အင်္ဂလိပ်ရေတပ် ဗိုလ်မှူးကြီး ရော့ဒနီသည် အနောက်အိန္ဒိယကျွန်းများကို ပြင်သစ်တို့လက်မှ သိမ်းယူခဲ့ပြန်၏။

၁၇၇၀ ပြည့်နှစ်တွင် သြစတြေးလျကျွန်းနှင့် နယူးဇီလန်ကျွန်းများကို ကပ္ပတိန်ကွတ်သည် တတိယမြောက် အင်္ဂလိပ်ဂျော့ဘုရင်၏ ဘွဲ့ကမ္ပည်းထိုး၍ သိမ်းပိုက်ခဲ့၏။

၁၇၉၃ ခုနှစ်မှ ၁၈၁၅ ခုနှစ်အထိ အင်္ဂလိပ်တို့သည် ပြင်သစ်တို့နှင့် စစ်ဖြစ်ခဲ့ရာ ၂၂ နှစ်မျှ ကြာခဲ့၏။ ထိုစစ်ပွဲ ပြီးဆုံးပြီးနောက် အင်္ဂလိပ်ရေတပ်သည် ကမ္ဘာတွင် တန်ခိုးအထွားဆုံးအခြေသို့ ရောက်ခဲ့၏။

စစ်ဖြစ်ပွားရာ၌ စစ်မက်အကြောင်းအရာတို့မှာ အမှန်ကို ဖုံးကွယ်ရန်သာ ဖြစ်၍၊ အကြောင်းရင်းစင်စစ်မှာ စားကျက်နယ်မြေ ရရန်အတွက်သာလျှင် နည်းပရိယာယ်ဖြင့် လည်းကောင်း၊ တိုက်ခိုက်သိမ်းယူခြင်းဖြင့် လည်းကောင်း အင်္ဂလိပ်တို့သည် အိန္ဒိယတွင် တစ်နယ်ပြီးတစ်နယ် သိမ်းယူလျက်ရှိ၏။

ဝါးရင်းဟော့စတင်း၏ လက်ထက်မှအစပြု၍ အိန္ဒိယနိုင်ငံတွင် တိုင်းရင်းသားပိုင်နယ်များသည် ခရစ်နှစ် ၁၇၇၃ ခုနှစ်မှ ၁၈၃၉ ခုနှစ်အထိ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီလက်အောက်သို့ တစ်နယ်ပြီးတစ်နယ် ရောက်လျက် ရှိကြ၏။ အိန္ဒိယတစ်နိုင်ငံလုံးတွင် အရေးကြီးသောနယ်ပယ်များကို အင်္ဂလိပ်တို့က အုပ်ချုပ်စိုးမိုးနိုင်သောအခြေသို့ ရောက်ခဲ့ရတော့၏။

ခရစ်နှစ် ၁၈၇၇ ခုနှစ်တွင် ဝိတိုရိယ အင်္ဂလိပ်ဘုရင်မသည် အိန္ဒိယနိုင်ငံတွင် အိန္ဒိယဧကရာဇ်ဘုရင်မဘွဲ့ကို ခံယူပြီး ဘိသိက်သွန်းခဲ့၏။ တိုင်းရင်းသား အိန္ဒိယစော်ဘွား မဟာရာဂျာများသည် ဝိတိုရိယဘုရင်မထံ သစ္စာခံကြကုန်၏။ ထိုအချိန်ကစ၍ အိန္ဒိယတစ်နိုင်ငံလုံးသည် အင်္ဂလိပ်တို့ အာဏာလွှမ်းမိုးအုပ်စိုးခြင်းကို ခံရလေပြီ။

မြန်မာနိုင်ငံ၌လည်း ခရစ်နှစ် ၁၇၂၇ ခုနှစ်တွင် ရခိုင်ဘုရင်ပိုင် စစ်တကောင်းနယ်ကို အရှေ့အိန္ဒိယကုမ္ပဏီ စစ်တပ်များက တိုက်ခိုက်သိမ်းယူခဲ့၏။

ခရစ်နှစ် ၁၇၅၈ ခုနှစ် နိုဝင်ဘာလ- မြန်မာသက္ကရာဇ် ၁၁၂၀ ခုနှစ် တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့တွင် အလောင်းမင်းတရားဦးစီး၍ ကုန်းတပ်၊ရေတပ် အလုံးအရင်းနှင့် မဏိပူရသို့ ချီတက်၍ မဏိပူရနယ်အား တိုက်ခိုက်သိမ်းယူခဲ့၏။


mgyoe.com

mgyoe.com SAMPLE BOOK

အရှေ့အိန္ဒိယကုမ္ပဏီကလည်း ခရစ်နှစ် ၁၇၆၂ ခုနှစ်က စစ်ဘာရီကုလားတပ်ခွဲ ၆ တပ်ကို စစ်တကောင်းတွင် ချထားခဲ့၏။ မြန်မာပိုင် မဏိပူရနယ်တွင် အုပ်ချုပ်ရေးပျက်ပြားစေရန် အရှေ့အိန္ဒိယကုမ္ပဏီက လျှို့ဝှက်၍ အမျိုးမျိုး ရှုပ်ပွေအောင် ပြုလုပ်ကြ၏။

ခရစ်နှစ် ၁၈၇၄ ခုနှစ် အောက်တိုဘာလ- (မြန်မာသက္ကရာဇ် ၁၁၄၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်) စနေနေ့တွင် ဘိုးတော်ဘုရား၏သားတော် သီရိမဟာဓမ္မာဘိဇယသီဟသူဘွဲ့ခံ အိမ်ရှေ့မင်းသည် တိုက်ဆင် ၃၃၀၊ စစ်မြင်း ၃၃၀၀၊ စစ်သား ၃၃၀၀၀ ပါဝင်သော တပ်ပေါင်း ၃၃ တပ်နှင့် ရခိုင်နယ်သို့ ချီတက်၍၊ ရခိုင်ဘုရင် သမတမင်းပိုင်သော ရခိုင်နယ်အားလုံးကို တိုက်ခိုက်သိမ်းယူခဲ့၏။

မြန်မာပိုင် ရခိုင်နယ်ရှိ သောင်းကျန်းသူလူဆိုးသူဆိုးတို့သည် ရခိုင်နယ်တွင် ပုန်ကန်လုယက်တိုက်ခိုက်ပြီး လျှင် အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်ဘက်သို့ ပြေးဝင်လေ့ ရှိ၏။ ရခိုင်နယ်မှ မြန်မာစစ်တပ်တို့က သောင်းကျန်းသူ တို့ကို လိုက်လံနှိမ်နင်းရာတွင် မြန်မာတပ်မှူး နန္ဒကျော်စွာ၏ တပ်သား ၅၀၀၀ တို့သည် ခရစ်နှစ် ၁၇၉၄ ခုနှစ် တွင် အင်္ဂလိပ်အပိုင် စစ်တကောင်းနယ်ထဲသို့ ဝင်ရောက်ပြီး စစ်တကောင်းမြို့ဝန်ထံ အဆိုပါသောင်းကျန်းသူတို့အား အပ်ပေးရန် တောင်းဆိုခဲ့၏။ အင်္ဂလိပ် အရှေ့အိန္ဒိယကုမ္ပဏီ အစိုးရကလည်း မြန်မာတပ်များ ရှေ့သို့ချီတက်လာလျှင် ဆီးကြိုတိုက်ခိုက်ရန် ဗိုလ်ချုပ် အားစကိုင်း၏ စစ်တပ်တစ်တပ်ကို ကာလကတ္တားမှ စစ်တကောင်းသို့ စေလွှတ်၏။ ဆိုင်ရာတပ်မှူးတို့ ၂ ဘက် စေ့စပ်၍ သောင်းကျန်းသူတို့အား အပ်ပေးသဖြင့် မြန်မာစစ်တပ်များ ပြန်လည်ဆုတ်ခွာ လာခဲ့ကြသည်။

၁၇၉၅ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ် ဆာဂျွန်ရှိုးသည် မြန်မာဘုရင်ထံသို့ 'ကပ္ပတိန် ဆိုင်း'ဆိုသူအား နယ်ခြားပြဿနာများနှင့် ကူးသန်းရောင်းဝယ်ရေးစာချုပ် ချုပ်ဆိုရန် စေလွှတ်၏။ မြန်မာဘုရင်က ကပ္ပတိန်ဆိုင်းအား အင်္ဂလိပ်သံအဖြစ် ရန်ကုန်တွင် နေလိုက နေရန်နှင့် အင်္ဂလိပ် မြန်မာ ကူးသန်းရောင်းဝယ်ရေးကို လည်း ခွင့်ပြု၏။ အိန္ဒိယဘုရင်ခံချုပ်၏ ပေးစာနှင့်စပ်လျဉ်း၍ မည်သို့မျှ မပြန်ကြားချေ။

၁၇၉၆ ခုနှစ် အောက်တိုဘာလတွင် အိန္ဒိယဘုရင်ခံချုပ်သည် မြန်မာဘုရင်ထံသို့ 'ကပ္ပတိန်ကောက်'ဆိုသူ အား နယ်ခြားပြဿနာနှင့် ကူးသန်းရောင်းဝယ်ရေးစာချုပ် ချုပ်ဆိုရန်အတွက် ထပ်မံစေလွှတ်၏။ အင်္ဂလိပ်တို့ လိုလား ချက်များကို မြန်မာဘုရင်က လက်မခံခဲ့ပေ။

ခရစ်နှစ် ၁၇၉၇-၉၈ ခုနှစ်တွင်လည်း ရခိုင်လူဆိုးသူဆိုးတို့သည် ပုန်ကန်ထကြွ လုယက်ကြပြန်ပြီးလျှင် အင်္ဂလိပ်ပိုင် စစ်တကောင်းနယ်ဘက်သို့ ပြေးဝင်ကြပြန်၏။ မြန်မာတပ်များက လိုက်လံနှိမ်နင်းရာတွင် 'စစ်တကောင်း နယ်ဘက်သို့ ကျူးကျော်သည်။' ဟု အင်္ဂလိပ်တပ်များက ခုခံတိုက်ခိုက်သောကြောင့် မြန်မာတပ်တို့နှင့် တိုက်ပွဲ ဖြစ်ခဲ့ကြဖူး၏။

ခရစ်နှစ် ၁၇၉၈ ခုနှစ်-၁၈၁၉ ခုနှစ်အထိ၊ မြန်မာဘုရင် ဘိုးတော်ဘုရား၏လက်ထက်၌ စစ်တကောင်းနှင့် ရခိုင်နယ် နယ်ခြားကိစ္စ၊ အင်္ဂလိပ်နှင့် မြန်မာ ကူးသန်းရောင်းဝယ်မှုကိစ္စ၊ သံတမန်လဲလှယ်မှုကိစ္စတို့တွင် မြန်မာနှင့် အင်္ဂလိပ်တို့၏ဆက်ဆံရေးသည် မပြေပြစ်ခဲ့ချေ။

ခရစ်နှစ် ၁၈၁၆ ခုနှစ်တွင် မြန်မာပိုင် မဏိပူရ-အာသံနယ်များ၏ အုပ်ချုပ်ရေးတွင် အင်္ဂလိပ်တို့က နည်း ပရိယာယ်အမျိုးမျိုးဖြင့် ဝင်ရောက်စွက်ဖက် သွေးထိုးပေးခဲ့သဖြင့် ပုန်ကန်မှုများ ဖြစ်ပွားခဲ့၏။ ထိုပုန်ကန်မှုများကို မြန်မာစစ်တပ်တို့ ချီတက်၍နှိမ်နင်းခဲ့ရ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ခရစ်နှစ် ၁၈၁၉ ခုနှစ်တွင် မြန်မာဘုရင် ဘိုးတော်ဘုရား နတ်ရွာစံ၍ ဘကြီးတော် စစ်ကိုင်းမင်းက ထီးနန်း ဆက်ခံလေသည်။

မြန်မာဘုရင် ဘကြီးတော်လက်ထက် ခရစ်နှစ် ၁၈၂၃ ခုနှစ်တွင် မြန်မာပိုင် မဏိပူရနှင့် ကချာနယ်များတွင် အင်္ဂလိပ်တို့က သွေးထိုးပေး၍ နယ်စားများသည် ပုန်ကန် ခြားနားနေကြပြန်၏။ တစ်ဖန် မြန်မာပိုင် ရှင်မဖြူကျွန်းပေါ်တွင် အင်္ဂလိပ်တို့၏ကင်းတပ်တစ်ခုကိုလည်း ချထားပြန်၏။ ယင်း ရှင်မဖြူကျွန်းသည် နယ်ခြား နတ်မြစ်ဝတွင် တည်ရှိ၍ အင်္ဂလိပ်တို့ကလည်း 'စစ်တကောင်းနယ်တွင် ပါဝင်ခြင်းကြောင့် ၎င်းတို့ပိုင်သည်။' ဟု ဆို၏။ မြန်မာတို့ကလည်း 'ရခိုင်နယ်တွင် ပါဝင်ခြင်းကြောင့် မြန်မာပိုင်ဖြစ်သည်။' ဟု အခိုင်အမာ ဆို၏။

ထို့ကြောင့် မြန်မာဘုရင်က 'ထိုအရေးအခင်းများအတွက် ခေါင်းငုံ့ခံနေရန် မသင့်။ ချီတက် တိုက်ခိုက်ရမည်။' ဟု ဆုံးဖြတ်၏။ 'မြန်မာဘုရင်၏အမိန့်အရ မြန်မာပိုင် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းပေါ်မှ အင်္ဂလိပ်တို့၏ ကင်းတပ်ကိုရွှေ့ပေးရန်' ဓညဝတီမြို့ဝန်က စစ်တကောင်းမြို့ဝန်နှင့် အင်္ဂလိပ်အိန္ဒိယဘုရင်ခံချုပ်ထံ စာရေးသား၍ ကန့်ကွက်၏။

ရွှေ့ပြောင်းမပေးခဲ့၍ ခရစ်နှစ် ၁၈၂၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် အဆိုပါ အင်္ဂလိပ်ကင်းတပ်ကို မြန်မာတပ်များက တိုက်ခိုက်ရှင်းလင်းလိုက်၏။

နတ်မြစ်ဝ နယ်ခြားအရေးကိစ္စကို ဖြေရှင်းရန် အဂ္ဂမဟာသေနာပတိ သတိုးမင်းကြီး မဟာဗန္ဓုလ ဦးစီးသော မြန်မာတပ်မတော်ကို စေလွှတ်၏။ ယင်းတပ်မတော်သည် မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့တွင် နေပြည်တော်မှ ချီတက်ပြီးလျှင် ဆင်ဖြူကျွန်းတွင်ရပ်နား၍ အင်အားဖြည့်တင်းနေလေသည်။

မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ် တပေါင်းလပြည့်ကျော် ၈ ရက်နေ့တွင် ပထမ စုဆောင်းရရှိသော ရဲမက်အင်အား ၅၀၀ စီ ပါဝင်သော တပ်ပေါင်း ၁၀ တပ်, စစ်မြင်း ၃၀၀, စစ်ဆင် ၁၀ စီး ပါဝင်သော ရှေ့ကြောင်းချီတပ်ကို အတွင်းဝန် မဟာသီဟသူရ (မြဝတီမင်းကြီးဦးစ) အုပ်ချုပ်၍ ဆင်ဖြူကျွန်းမှ စလင်း ဘားအိုင် (ဖအိုင်း) ကြောင်း ချီတက်စေ၏။ တပ်မတော် ရှေ့ဦးချီ ၁၀ တပ် ဗိုလ်ချုပ်အတွင်းဝန် မဟာသီဟသူရသည် စခန်းစဉ်အတိုင်း ချီတက်ခဲ့ရာ ဓညဝတီရခိုင်နယ် ကစ္ဆပနဒီ (ကုလားတန်မြစ်) ပင်လယ်ဝတစ်ဖက် ဦးရစ်တောင်ဘုရား စစ်တွေပင်လယ်ဝ များကို လွန်၍၊ စကားတောင်တွင် တပ်မတော်ကိုစောင့်ဆိုင်းရင်း တပ်ချနေ၏။

သတိုးမင်းကြီး မဟာဗန္ဓုလသည်လည်း ရှေ့ဦးချီတပ်နှင့် မရှေးမနှောင်းပင် ရဲမက်အင်အား ၂,၀၀၀ စီ ပါဝင်သော တပ်ပေါင်း ၅ တပ်, စစ်မြင်း ၅၀၀, စစ်ဆင် ၅၀ ပါဝင်သော တပ်မတော်ကို ကွပ်ကဲ၍ ဆင်ဖြူကျွန်း စလင်းမှ ရခိုင်သို့ ချီတက်၏။ ရခိုင်နယ်သို့ ရောက်သောအခါတွင်လည်း တပ်မတော်ကို ထပ်မံ၍ အင်အားဖြည့်၏။

မြန်မာပိုင် ရှင်မဖြူကျွန်းပေါ်မှ အင်္ဂလိပ်တို့၏ကင်းတပ်ကို မြန်မာတပ်တို့က ခရစ်နှစ် ၁၈၂၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်နေ့တွင် တိုက်ထုတ်ပြီးနောက် မြန်မာတပ်တို့ အစောင့်အနေ မရှိခိုက်၊ ထိုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ၆ ပေါင်ဒါအမြောက် ၂ လက်ပါသော အင်္ဂလိပ်တို့၏တပ်ခွဲ ၂ တပ်နှင့် 'ဆိုဖီယာ' ခေါ် ရေတပ် သင်္ဘော ၁ စင်းပါ ထပ်မံ၍ တပ်စွဲနေလာပြန်၏။

ခရစ်နှစ် ၁၈၂၄ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နေ့တွင် ဓညဝတီမြို့ဝန်၏ မြန်မာတပ်များသည် ရှင်မဖြူကျွန်းကို တိုက်ခိုက်သိမ်းယူပြန်၏။ 'ဆိုဖီယာ'ခေါ် အင်္ဂလိပ်ရေတပ်သင်္ဘောပေါ်မှ အင်္ဂလိပ်အရာရှိများကိုလည်း ဖမ်းဆီးပြီးလျှင် မြန်မာအလံကိုလည်း လွှင့်ထူထားလိုက်လေသည်။

ခရစ်နှစ် ၁၈၂၄ ခုနှစ် ဇန်နဝါရီလတွင် အိန္ဒိယနိုင်ငံ အင်္ဂလိပ်ဘုရင်ခံချုပ် လော့ဒ် အမ်းဟတ်စ် (Lord Amherst) သည် 'စစ်သည်အင်အား ၁ သောင်း ၅ ထောင်ခန့် ကြီးမားသော မြန်မာတပ်မကြီးတစ်တပ်သည်


mgyoe.com

mgyoe.com SAMPLE BOOK
မဏိပူရနယ်သို့ ချီတက်လာနေကြောင်း၊ ကချာနယ်သို့ ဝင်ရောက်မည် ထင်ကြောင်း၊ အခြားစစ်သည်အင်အား ၈ဝဝဝ ခန့် ရှိသော မြန်မာတပ်မကြီး တစ်တပ်သည်လည်း မဏိပူရသို့ ထပ်မံရောက်ရှိလာကြောင်း' များကို သတင်းရရှိသဖြင့် အာသံ မဏိပူရသို့ လည်းကောင်း၊ ရခိုင်စစ်မျက်နှာသို့ လည်းကောင်း အင်အားကြီးမားသော အင်္ဂလိပ်တပ်ပေါင်းစုကို ချီတက်စေ၏။

မဏိပူရ ကချာနယ်တွင် ထိုနှစ် ဇန်နဝါရီလအတွင်းမှာပင် မြန်မာတပ်နှင့် အင်္ဂလိပ်တပ်ပေါင်းစုတို့ စတင်၍ တိုက်ပွဲဖြစ်ပွားပြီးလျှင် မြန်မာတပ်က အင်္ဂလိပ်ပိုင်မြို့ကို သိမ်းယူလေသည်။ ကချာနယ်တွင် ဆက်လက်၍ တိုက်ပွဲ ဖြစ်ပွားခြင်းများနှင့် ရှင်မဖြူကျွန်းတွင် မြန်မာတပ်နှင့် အင်္ဂလိပ်တပ်ခွဲတို့ တိုက်ခိုက်၍ အင်္ဂလိပ်တပ်တို့ ဆုတ်ခွာ ပြေးရခြင်းများ ဖြစ်ပွားခဲ့ပြီးနောက်၊ အိန္ဒိယနိုင်ငံဘုရင်ခံချုပ်သည် မြန်မာနိုင်ငံကို တိုက်ခိုက်သိမ်းယူရန် စီမံပြီးဖြစ် သည့်အတိုင်း အင်္ဂလိပ်တပ်ပေါင်းစုများကို အောက်ပါအတိုင်း စစ်ကြောင်းများဖွဲ့၍ ချီတက်စေလေသည်။

အိန္ဒိယဘုရင်ခံချုပ်၏ အထူးအစီအစဉ်မှာ မြန်မာတို့တွင် ရေတပ်နှင့် စစ်သင်္ဘောများ မရှိသည်ကို သိပြီးဖြစ်၍ မဏိပူရနှင့် အာသံနယ်များတွင် လည်းကောင်း၊ ရခိုင်နယ်အနီးအပါးတွင် လည်းကောင်း တိုက်ပွဲများ ဖြစ်ပွားစဉ် တွင် 'ဘယ်ခြောက်၍ ညာလုမ်း'ဆိုသောသဘောအတိုင်း အင်္ဂလိပ်ရေတပ်ဖြင့် အိန္ဒိယမှ ကပ္ပလီကျွန်း၊ ၎င်းမှ မြန်မာ့ပင်လယ်ကမ်းများနှင့် ရန်ကုန်ကို တိုက်ခိုက်ပြီးလျှင် နေပြည်တော်အရောက် ချီတက်သိမ်းပိုက်ရန် ဖြစ်၏။ ထို့ကြောင့် ခရစ်နှစ် ၁၈၂၄ ခုနှစ် မတ်လ ၅ ရက်နေ့တွင် အင်္ဂလိပ်တို့က ကိုယ့်မင်းကိုယ့်ချင်းနှင့် အချုပ်အခြာ အာဏာပိုင် မြန်မာနိုင်ငံကို စစ်ကြေညာခဲ့ပေ၏။

အင်္ဂလိပ်တပ်ပေါင်းစုသည် ၁၈၂၄ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် အာသံနယ် ဂေါဟတ္တိသို့ ချီတက်လာ၏။ ထိုအချိန်တွင် မြန်မာတပ်များသည် ကချာနယ်အတွင်းသို့ စစ်အင်အားဖြည့်ရန် ဆုတ်ခွာသွားနေခိုက် ဖြစ်၏။ မတ်လ ၂၈ ရက်နေ့တွင် ဂေါဟတ္တိကို အင်္ဂလိပ်တပ်ပေါင်းစုက သိမ်းယူတပ်စွဲထားလေသည်။ အင်အား ၁ဝဝဝ မျှရှိသော မြန်မာတပ်တစ်တပ်သည် မာရမုအရပ်၌ ခံတပ်ဆောက်၍ တပ်စွဲပြီးလျှင် နောက်ပိုင်းသို့ စစ်ကူတောင်းနေဆဲ ဖြစ်၏။

အင်္ဂလိပ်တပ်ပေါင်းစုသည် ဧပြီလ ၁၅ ရက်တွင် နော်ဂေါင်းသို့ ရောက်ရှိလာ၏။ ဧပြီလကုန်တွင် မြန်မာတပ်တို့သည် မာရမုအရပ်မှ နော်ဂေါင်း၏အရှေ့မြောက်ဘက် တစ်နေ့ခရီးအကွာ ဗြဟ္မပုတ္တရမြစ်နှင့် ကာလိုင်း မြစ်လက်တက်တို့ ပေါင်းဆုံရာ ကိုလီယာဘာသို့ ပြောင်းရွှေ့တပ်စွဲ၏။ အင်္ဂလိပ်တပ်တို့က ကိုလီယာဘာသို့ ကာလိုင်း မြစ်အတိုင်း ချီတက်လာပြန်၏။ မြန်မာတပ်တို့သည် ထိုသတင်းအရ ကိုလီယာဘာမှဆုတ်ခွာ၍ ကာလိုင်းမြစ် တောင် ဘက် ဟက်ဘားတွင် တပ်စွဲနေရာမှ 'အရပ်အနေ မသင့်'ဟု ထင်မြင်ပြန်၍ နောက်ချန် စစ်အင်အား ၆ဝ မျှကို ထားခဲ့ပြီးလျှင် ရမ်ဂါလီဂတ်သို့ ပြောင်းရွှေ့ တပ်ချနေပြန်၏။ အင်္ဂလိပ်တပ်တစ်တပ်သည် ဟက်ဘားတွင်ရှိသော နောက်ချန်မြန်မာတပ်ကို ဝင်တိုက်ရာ မြန်မာတပ်ငယ်သည် အပြင်းအထန်ခုခံပြီးလျှင် အင်အားချင်း မမျှသဖြင့် ဆက်လက်ဆုတ်ခွာခဲ့လေသည်။ ထိုတိုက်ပွဲ၌ မြန်မာဗိုလ်မှူးတစ်ဦးနှင့် မြန်မာတပ်သား ၂ဝ ကျဆုံး၏။

၎င်းနှစ် မေလ ၂၄ ရက်နေ့ ညနေ ၃ နာရီတွင် အင်္ဂလိပ်တို့တပ်စွဲနေသော ဟက်ဘားတပ်စခန်းကို မြန်မာ တပ်များက ရုတ်တရက် ဝင်ရောက်စီနင်း တိုက်ခိုက်၏။ အင်္ဂလိပ်တို့က မြန်မာတပ်စုတို့ ဆုတ်ခွာမည့်လမ်းကြောင်း ၏ နောက်ဘက်သို့ ၎င်းတို့တပ်ခွဲကို စေလွှတ်ပိုင်းရံထား၏။ တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားပြီးနောက် မြန်မာတပ်တို့ ဆုတ်ခွာလာရာတွင် နောက်ကျောမှ ဝိုင်းရံထားသော အင်္ဂလိပ်တပ်က ၂ ဘက်ညှပ်၍ တိုက်ခြင်းကို ခံရ၏။ ထို တိုက်ပွဲတွင် မြန်မာဘက်မှ ၄ဝ ကျော် ကျဆုံး၏။

၎င်းနှစ် ဇွန်လ ၄ ရက်နေ့တွင် ဗြဟ္မပုတ္တရမြစ်ကမ်း၌ တပ်စွဲနေသော မြန်မာတပ်တစ်တပ်နှင့် အင်္ဂလိပ်တပ် တို့ တိုက်ပွဲ ဖြစ်ပွား၏။ ၂ ဘက်လုံး၌ပင် အနည်းငယ်စီ ကျဆုံးကြ၏။


mgyoe.com

mgyoe.com SAMPLE BOOK

အာသံမဏိပူရနှင့် ဧည၀တီကြောင်းချီ မြန်မာတပ်များ၏ အင်အားမှာ ရဲမက် ၁ သောင်း ၈ ထောင် ၂ ရာ, စစ်ဆင် ၆၀, စစ်မြင်း ၈၀၀ ရှိ၍ ရခိုင်နယ်မှ ရဲမက်များပါ အင်အား ၂ သောင်း ၅ ထောင်မျှ ရှိ၏။

အင်္ဂလိပ်တို့ဘက်တွင် ပန်း၀ါစခန်း၌ ကပ္ပတိန်နော်တင်၏ တပ်များ, စစ်တကောင်းတွင် ကာနယ်ရှက်ပလန်၏ တပ်များ, အာသံမဏိပူရစစ်မျက်နှာ ဂိုရာပါတွင် ဗိုလ်မှူးချုပ် မက်မိုရိုင်း၏တပ်များ, အာသံပြည်ဆီလှဟက်တွင် ဗိုလ်မှူးကြီးအင်းနစ်၏တပ်မဟာတို့ အသီးသီး တပ်စွဲနေကြရာ၊ စုစုပေါင်း အင်အားအလုံးအရင်း ၄ သောင်းမျှ ရှိ၏။

ခရစ်နှစ် ၁၈၂၄ ခုနှစ် မေလအတွင်းတွင် ပန်း၀ါမြစ်အနီးတွင်ဖြစ်ပွားသော အင်္ဂလိပ် မြန်မာတပ်တို့၏ တိုက်ပွဲမှာ သမိုင်း၀င် မှတ်တမ်းတင်လောက်သောတိုက်ပွဲ ဖြစ်၏။

စစ်သေနာပတိ သတိုးမင်းကြီး မဟာဗန္ဓုလသည် သူ၏လက်အောက်တွင်ရှိသော လက်ဝဲစစ်ကဲ အတွင်း၀န် မဟာသီဟသူရ (မြ၀တီမင်းကြီး ဦးစ)၏ ရဲမက်လက်နက်ကိုင် ၃၀၀၀ ကျော်၊ လက်ယာစစ်ကဲမင်းကြီး မဟာမင်းလှရာဇာ၏ ရဲမက်လက်နက်ကိုင် ၃၀၀၀ ကျော်၊ ဧည၀တီမြို့၀န် မဟာမင်းကြီးကျော်စွာ၏ ရဲမက်လက်နက်ကိုင် ၃၀၀၀ ကျော်တို့အား အင်္ဂလိပ်တပ်တို့တပ်စွဲနေသော ဂေါ်တော့ပလ္လင်အရောက် တိုက်ခိုက်သိမ်းယူရန် ခွဲဝေစေလွှတ်၏။

ဗြိတိသျှတို့ဘက်မှ ပန်း၀ါ(ရာမူ)အရပ်တွင် တပ်စွဲလျက်ရှိသော ကပ္ပတိန်နော်တင်သည် 'မြန်မာတပ်များ ချီတက်လာပြီ'ဟူ၍ သတင်းရသောအခါ သူ၏လက်အောက်တွင်ရှိသော အမှတ် ၂၃ အိန္ဒိယအမျိုးသား ခြေလျင်တပ်ရင်း, အပျော်တမ်းတပ်၊ ၄င်းပြင် ရခိုင်စစ်၀န်ထမ်း ၁၀၀ တို့ကိုကွပ်ကဲ၍ မြန်မာတပ်များ ချီတက်သည့်စစ်ကြောင်းသို့ ဆီးကြိုတိုက်ခိုက်ရန် ချီတက်စေ၏။

မြန်မာတပ်များသည် ဂေါ်တော့ပလ္လင်ရှိ အင်္ဂလိပ်တို့၏ ခံကတုတ်နေရာနှင့် ၄ ဖာလုံမျှ ဝေးကွာသော နေရာသို့ရောက်သောအခါ၊ ချီတက်ရာလမ်း၏ လက်ဝဲဘက်ရှိ အရပ်အနေသင့်လျော်သော တောင်ကုန်းတစ်ခုတွင် ခံကတုတ်များပြုလုပ်၍ တပ်စွဲထားလေ၏။

ပန်း၀ါမှ ချီတက်လာသော ကပ္ပတိန်နော်တင်၏ တပ်များသည် မြန်မာတို့ တပ်စွဲရာနေရာအနီးသို့ ရောက်ရှိလာသောအခါ မြန်မာတပ်တို့၏ ပြင်းထန်စွာ ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံရသဖြင့် ထိုတောင်ကုန်း၏ နောက်ဘက်ရှိ မြေပြန့်သို့ ကွေ့ပိုက်၍ ဆုတ်ခွာသွားရ၏။ ညအချိန်သို့ ရောက်သောအခါ မြန်မာတပ်တို့က မြေပြန့်ရှိ အင်္ဂလိပ်တပ်တို့ကို လာရောက်၍ တိုက်ခိုက်ရာ၊ တိုက်ပွဲမှာ ပြင်းထန်၍ ကပ္ပတိန်နော်တင်၏တပ်တို့သည် ညတွင်းချင်းပင် ပန်း၀ါသို့ ပြန်လည်ဆုတ်ခွာသွားရ၏။ ထိုညတိုက်ပွဲသည် ၃ နာရီကျော်ကြာ ဖြစ်ပွားလေသည်။ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ဘင်းနက်, ဗိုလ်ကင်းဘဲလ်တို့ ဒဏ်ရာရ၍ ၇ ယောက် ပျောက်ဆုံးပြီး၊ ဒဏ်ရာနှင့် စစ်သား ၁၁ ယောက်ကိုလည်း သယ်ယူသွားကြရလေသည်။ ပန်း၀ါသို့ရောက်သောအခါ ကပ္ပတိန်နော်တင်သည် စစ်တကောင်းမှ စစ်ကူရောက်သည့်အထိ အချိန်ဆွဲ၍ခုခံရန် ဆုံးဖြတ်လိုက်၏။ အိန္ဒိယတပ်ခွဲ ၃ တပ်ကို ထပ်မံ ဖြည့်တင်းထားလိုက်သဖြင့် အင်အား ၁၀၀၀ ကျော် ရှိလာလေ၏။

ခရစ်နှစ် ၁၈၂၄ ခုနှစ် မေလ ၁၃ ရက်နေ့တွင် မြန်မာတပ်များသည် ဂေါ်တော့ပလ္လင်မှ ပန်း၀ါသို့ ချီတက်သွားပြီးလျှင် ပန်း၀ါအရှေ့ဘက်မြစ်တစ်ဖက်ကမ်းရှိ တောင်ကုန်းများတွင် တပ်စွဲထားလိုက်၏။ မေလ ၁၄ ရက်နေ့ ညနေတွင် မြစ်တစ်ဖက်သို့ကူးရန် ချီတက်ရာတွင် မြစ်တစ်ဖက်ကမ်းရှိ အင်္ဂလိပ်တပ်တို့က အမြောက်များဖြင့် လှမ်း၍ ပစ်ခတ်သောကြောင့် မကူးနိုင် ရှိရလေ၏။ မေလ ၁၅ ရက်နေ့ နံနက်တွင် မြစ်ညာဘက်သို့ အတန်ငယ် တက်သွား

mgyoe.com SAMPLE BOOK
ပြီးမှ မြစ်ကိုကူးပြီးလျှင် အင်္ဂလိပ်တပ်များကို ဝိုင်းရံတည်ရှိနေသော ကန်ကြီး၏ကန်ပေါင်ရိုးတွင် နေရာ ယူပြီးလျှင် အင်္ဂလိပ်တပ်တို့ကို စတင်တိုက်ခိုက်တော့၏။

ကပ္ပတိန်နော်တင်သည် မိမိတပ်နောက်ကျောဘက်ရှိ ကန်၏ကန်ပေါင်ရိုးနောက်ဘက်သို့ တပ်များကို နေရာ ပြောင်းရွှေ့ပြီးလျှင် လက်ယာဘက်တွင် စောင့်ကင်းတပ်စုကို နေရာချထားလိုက်၏။ လက်ဝဲဘက်တွင် ရခိုင်စစ်ဝန်ထမ်း တပ်ကို နေရာ ချထားလိုက်၏။ အရှေ့ဘက်ကန်ပေါင်ရိုးတွင် စစ်ဘာရီတပ်ခွဲကို အမြောက်များနှင့်တကွ နေရာယူထား လေ၏။ အရှေ့ဘက်မျက်နှာစာမှ လွင်ပြင်သို့ဖြတ်၍ ချီတက်လာသော မြန်မာတပ်တို့ကို အမြောက်ဖြင့် ပစ်ခတ်ချေမှုန်းရန် တာဝန်ပေးထား၏။ မြန်မာတပ်တို့သည် အင်္ဂလိပ်တပ်များ ပစ်ခတ်နေသည့်အကြားမှ အကာအကွယ်ကို ယူကာ ကန်ပေါင်သို့ရောက်အောင် ချီတက်လာပြီးလျှင်၊ ခံကတုတ်နှင့် မြောင်းများကို တူး၍ ရှေ့သို့ ချီတက်မြဲ ချီတက်လာ လေရာ မေလ ၁၆ ရက်နေ့နံနက်တွင် အင်္ဂလိပ်တပ်များအနီးသို့ ရောက်ရှိလာလေ၏။

မေလ ၁၆ ရက်နေ့တွင် မြန်မာတပ်များသည် အလှမ်းမဝေးလှသော ခံကတုတ်ကျင်းနေရာများမှ လည်းကောင်း၊ အင်္ဂလိပ်တပ်များအနီးရှိ ကန်ပေါင်ရိုးများမှ လည်းကောင်း ပစ်ခတ်တိုက်ခိုက်ကြရာ၊ အင်္ဂလိပ်စစ်ဘာရီတပ်သားများ သည် အမြောက်စခန်းကို စွန့်ခွာထွက်ပြေးကြသဖြင့် အင်္ဂလိပ်တပ်တို့မှာ ဆုတ်ခွာရမည့်အခြေသို့ ရောက်ရှိနေလေ သည်။

မေလ ၁၇ ရက်နေ့တွင်လည်း မြန်မာတပ်တို့သည် ခံကတုတ်နှင့် မြောင်းများ တူး၍ အင်္ဂလိပ်တပ်များဆီသို့ ဆက်လက်ချဉ်းကပ် ချီတက်တိုက်ခိုက်ပြန်ရာ၊ အင်္ဂလိပ်ကင်းစောင့်တပ်နှင့် ၂၅ ပေမျှ နီးကပ်လှသောနေရာသို့ ရောက်ရှိသွားလေ၏။ ထိုအခါတွင် အနီးကပ်တိုက်ပွဲများဖြစ်ပွားကာ တစ်ဘက်နှင့်တစ်ဘက် သဲသဲမဲမဲတိုက်ခိုက် ကြလေ၏။ အင်္ဂလိပ်တို့ဘက်မှ အင်အားဖြည့်ထားသော တပ်များနှင့် ရခိုင်စစ်ဝန်ထမ်းတပ်များသည် ကန်ပေါင်ရိုး ခံကတုတ်ကို စွန့်ခွာထွက်ပြေးကြလေရာ၊ မြန်မာတပ်များက အင်္ဂလိပ်တို့၏ စစ်ကန်ပေါင်ရိုးနေရာကို ချီတက်သိမ်းယူ ထားလိုက်လေ၏။ အင်္ဂလိပ်တပ်များအခြေအနေမှာ ခုခံရန် မတတ်နိုင်တော့သဖြင့် နံနက် ၉ နာရီတွင် ကပ္ပတိန် နော်တင်သည် သူ၏တပ်ကို နောက်သို့ဆုတ်ခွာရန် အမိန့်ပေးရတော့၏။

ဤသို့ အင်္ဂလိပ်တပ်တို့ ဆုတ်ခွာနေကြစဉ် မြန်မာတို့၏ မြင်းတပ်ဖွဲ့တစ်ဖွဲ့သည် ဆုတ်ခွာနေသော အင်္ဂလိပ် တပ်များဆီသို့ အတင်းလိုက်၍ ထိုးဖောက်ဝင်ရောက်လာကြပြီးလျှင် ထိုးခုတ်ပစ်ခတ်တိုက်ခိုက်ကြလေရာ၊ ကပ္ပတိန် နော်တင်နှင့်တကွ အင်္ဂလိပ်တပ်များသည် အကျအဆုံးများလှသဖြင့် အတင်းဆုတ်ခွာကြရတော့၏။ ချောင်းငယ်တစ်ခု သို့ ရောက်သောအခါ မသေကြွင်းကျန်သော အင်္ဂလိပ်စစ်ဘာရီတပ်သားများသည် သေနတ်များနှင့် စစ်အင်္ကျီ စသော အသုံးအဆောင်များကိုပင် ပစ်ချ၍ ချောင်းထဲသို့ ခုန်ဆင်း ထွက်ပြေးကြ၏။ ကျန် အင်္ဂလိပ်စစ်ဗိုလ်ကြီးများ၊ ဗိုလ်ကလေးများနှင့် တပ်သားများကို မြန်မာတပ်တို့က ထပ်မံတိုက်ခိုက်သဖြင့် အင်္ဂလိပ်စစ်သည်အများအပြား ကျဆုံး လေ၏။

ဤတိုက်ပွဲ၌ အင်္ဂလိပ်စစ်သားအများအပြားနှင့် ကပ္ပတိန် နော်တင်၊ ကပ္ပတိန် ထရူးမင်း၊ ကပ္ပတိန် ပရင်း ဂလေး၊ ဗိုလ်ဂရစ်၊ ဗိုလ်နက်၊ လက်ထောက်ဆရာဝန် မေစမိုးတို့ ကျဆုံး၍ ဗိုလ်စကော့နှင့် ကင်းဘဲလ်တို့မှာ ဒဏ်ရာရရှိသွား၏။ မြန်မာစစ်တပ်တို့က အင်္ဂလိပ်စစ်သား ၃၀၀ ကျော်ကိုလည်း စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးရမိ၏။ သေနတ် ၅၀၀ ကျော်၊ အမြောက်ကြီး ၂ လက်၊ စစ်မြင်း ၂၀၊ ဆင် ၅ စီးကို ရလိုက်၏။

ပန်းဝါတိုက်ပွဲတွင် အင်္ဂလိပ်တို့ အရေးရှုံးနိမ့်ခဲ့သဖြင့် 'မြန်မာတပ်များသည် စစ်ကကောင်းမြို့၊ ဒက္ကားမြို့၊ ကာလကတ္တားမြို့များသို့အထိ ချီတက်တိုက်ခိုက် သိမ်းယူလိမ့်မည်။' ဟု အင်္ဂလိပ်တို့ တွေးထင်ပြီးလျှင်၊ စစ်ကူတပ်


mgyoe.com

mgyoe.com SAMPLE BOOK
များကို စစ်တကောင်းမြို့သို့ မေလ ၂၄ ရက်နေ့တွင် ပို့ထား၏။ ဒက္ကားမြို့နှင့် ကာလကတ္တားမြို့များကိုလည်း ဗြိတိသျှတပ်များသည် နေ့ညမပြတ် လက်နက်စွဲကိုင်၍ စောင့်ရှောက်နေကြ၏။

ခရစ်နှစ် ၁၈၂၄ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် တောင်ငူမြို့ဝန် နေမျိုးမင်းကျော်၏ မြန်မာတပ်နှင့် ဝန်းသို မြို့ဝန် နေမျိုးသူရကျော်ထင်၏ မြန်မာတပ်တို့သည် ရဲမက်အင်အား ၉၀၀ ကျော်ဖြင့် နတ်မြစ်ဝရှိ အင်္ဂလိပ်တို့၏ ကင်းတပ်ကို ချီတက်၍ အပြင်းအထန်တိုက်ခိုက်လေ၏။ အင်္ဂလိပ်တပ်များ အရေးနိမ့်၍ ဆုတ်ခွာထွက်ပြေးသွားကြ၏။ မြန်မာစစ်တပ်က သံအမြောက်ကြီး ၁၊ သေနတ် ၃၀၀၊ စစ်ဘာရီကုလားသို့ပန်း ၂၀၀ ကျော်တို့ကို သိမ်းယူရရှိလိုက်၏။

ရခိုင်စစ်ကြောင်းများကို ကွပ်ကဲတိုက်ခိုက်လျက်ရှိသော စစ်သူကြီး မဟာဗန္ဓုလလည်း ပန်းဝါတိုက်ပွဲ၊ နတ်မြစ်ဝတိုက်ပွဲများတွင် အောင်ပွဲရခဲ့၏။ သို့ရာတွင် ရေတပ်အင်အားကြီးမားသော အင်္ဂလိပ်တို့၏သေနင်္ဗျူဟာနည်းပရိယာယ်များကို ရိပ်စားမိသောကြောင့် အတွင်းဝန် မင်းကြီးမဟာသီဟသူရ ဦးစီးသော မြန်မာတပ်များအား 'နယ်ကျွံအောင်မတိုက်ခိုက်စေဘဲ ရှေ့သို့ချီတက်ခြင်းမပြုရန်' အမိန့်ထုတ်ဆင့်၍ တားဆီးထားလိုက်၏။

'အင်္ဂလိပ်တပ်များသည် ဟံသာဝတီ ရန်ကုန်နှင့် ပင်လယ်ကမ်းရိုးတန်းများကို ထိပါးနှောင့်ယှက်ရန် ရှိကြောင်း။ ဟံသာဝတီ ရန်ကုန်တွင် နှလုံးရည်လက်ရုံးရည်ရှိသော မှူးကြီးမတ်ကြီးတို့ ရပ်နေမှ သင့်တော်မည်ဖြစ်ကြောင်း။' အစီရင်ခံလိုက်လေသည်။

အင်္ဂလိပ်တပ်များနှင့် မြန်မာတပ်များ အာသံမဏိပူရနယ်များတွင် တိုက်ပွဲများဆင်နွှဲနေကြစဉ်ပင် အင်္ဂလိပ်တို့သည် အင်အားကြီးမားသော ရေတပ်သင်္ဘောများဖြင့် မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများကို တိုက်ခိုက်ရန် စီစဉ်၍နေလေသည်။

အင်္ဂလိပ်တို့၏တပ်အင်အားမှာ ဘင်္ဂလားတပ်မကြီး၌ စစ်အင်အား ၂၁၇၅၊ မဒရပ်တပ်မကြီး ၂ တပ်၌ စစ်အင်အား ၉၃၀၀၊ စုစုပေါင်း ၁၁၄၇၅ ပါရှိ၏။ ထိုတပ်များတွင် ဥရောပစစ်သား ၅၀၀၀ ခန့်ပါဝင်၏။ စစ်သင်္ဘောကြီးငယ်များဖြင့် စစ်ကြောင်း ၃ ကြောင်းခွဲ၍ ချီတက်လာကြ၏။ ဗိုလ်ချုပ်ကင်းဘဲလ် ဦးစီးသော ရေတပ်သည် ရန်ကုန်သို့ ချီတက်၏။ ဗိုလ်မှူးချုပ် မက်ကရီ ဦးစီးသောရေတပ်သည် မာန်အောင်ကျွန်းသို့ ချီတက်၏။ ဗိုလ်မှူးဝါဟစ် ဦးစီးသောရေတပ်သည် ဟိုင်းကြီးကျွန်းသို့ ချီတက်၏။

ဗိုလ်မှူးချုပ် မက်ကရီ ဦးစီးသောရေတပ်သည် မေလ ၁၄ ရက်နေ့တွင် ကျောက်ဖြူမြို့အနီး မာန်အောင်ကျွန်းရှိ အင်အားအနည်းငယ်သာရှိသော မြန်မာတို့ခံတပ်ကို တက်ရောက်တိုက်ခိုက်ရာတွင် မြန်မာတို့ ရှုံးနိမ့်၏။ ဤအချိန်သည် ပန်းဝါ၌ မြန်မာတပ်များနှင့် အင်္ဂလိပ်တပ်များ အပြင်းအထန် တိုက်ခိုက်နေဆဲဖြစ်၍၊ မာန်အောင်ကျွန်းသို့ မြန်မာတပ်များကို စစ်ကူပေးပို့ခြင်း မပြုနိုင်ခဲ့ပေ။ ထို့ကြောင့် ဗိုလ်မှူးချုပ် မက်ကရီ၏ ရေတပ်သည် မာန်အောင်ကျွန်းကို အလွယ်တကူ သိမ်းယူနိုင်ခြင်း ဖြစ်၏။ ဗိုလ်မှူးချုပ် မက်ကရီသည် ဒုဗိုလ်မှူးကြီး ဟစ်ပတန် ဦးစီးသော တပ်တစ်တပ်ကို မြို့စောင့်ထား၍ ဇွန်လ ၁၁ ရက်နေ့တွင် ရန်ကုန်သို့ ချီတက်ရောက်ရှိလာ၏။

ဗိုလ်မှူးဝါဟစ် ဦးစီးသောရေတပ်သည် မေလလယ်လောက်တွင် ပုသိမ်မြို့အနီးရှိ ဟိုင်းကြီးကျွန်းသို့ချီတက်၍ အလွယ်တကူပင် သိမ်းယူလိုက်၏။ ထိုနေရာတွင် အစောင့်တပ်များချထားခဲ့ပြီးလျှင် ရန်ကုန်သို့ ဆက်လက်ချီတက်လာ၏။

ဗိုလ်ချုပ်ကင်းဘဲလ် ဦးစီးသောရေတပ်သည် မြောက်ကပ္ပလီကျွန်း၌ စုရုံးပြီးလျှင် မေလ ၁၀ ရက်နေ့တွင် ရန်ကုန်မြစ်ဝသို့ ရောက်ရှိလာ၏။ နောက်တစ်နေ့ မေလ ၁၁ ရပ်နေ့ နံနက်တွင် ရန်ကုန်မြစ်တွင်းသို့ ဆန်တက်လာ


mgyoe.com

mgyoe.com SAMPLE BOOK
၏။ ဆန်တက်ရာတွင် ၃ ပင်တိုင်ရွက်သင်္ဘော လစ်ဖီးက ဦးဆောင်၏။ ကမ်းတက်အင်္ဂလိပ်တပ်သားများကို တင်ဆောင်လာသော အခြားသင်္ဘောများလည်း နောက်မှာ ပါလာ၏။ ထိုအခါ မြန်မာဘုရင့်သင်္ဘော ဆိုက်ကပ်ရန်ပြုလုပ်ထားသော ဆိပ်ခံတံတားအနီးမှ မြန်မာတပ်တို့က အမြောက်များဖြင့် အင်္ဂလိပ်သင်္ဘောဆီသို့ လှမ်းပစ်၏။ အင်္ဂလိပ်စစ်သင်္ဘော လစ်ဖီးကလည်း ပြန်လည်ပစ်ခတ်၏။

ထိုသို့ တိုက်ခိုက်စဉ်တွင်ပင် အင်္ဂလိပ်တို့၏ ကမ်းတက်တပ်သားများကို တင်ဆောင်လာသော အခြားသင်္ဘောများသည် ရန်ကုန်မြစ်ကမ်းသို့ ဆိုက်ကပ်ပြီးလျှင် မြို့၏အထက်ပိုင်းသို့ စစ်ကြောင်းတစ်ကြောင်း ချီတက်သွားလေသည်။ မြို့အောက်ပိုင်းသို့လည်း စစ်ကြောင်းတစ်ကြောင်း ချီတက်၏။ မြန်မာသစ်တပ်တံခါးပေါက်သို့ စစ်ကြောင်းတစ်ကြောင်း ချီ၏။ မြန်မာရေဝန်မင်းကြီးမှာ ရုတ်တရက်ဝင်ရောက်လာသော အင်္ဂလိပ်များကို ရှိသမျှ မြန်မာတပ်အင်အား အနည်းငယ်မျှဖြင့် ခုခံတိုက်ခိုက်နေရလေသည်။ အင်အားချင်း မမျှသည်လည်း တစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှု မရှိသည်လည်း တစ်ကြောင်း၊ ဟံသာဝတီမြို့ဝန်ကို နေပြည်တော်သို့ ခေါ်ယူဆွေးနွေးစီစဉ်ဆဲတွင် ဟံသာဝတီမြို့ဝန် ရုတ်တရက်ကွယ်လွန်သွားခြင်းကြောင့် တစ်ကြောင်း၊ မြန်မာတို့မှာ ရန်ကုန်တွင် လုံလောက်သော မြန်မာစစ်တပ်အင်အား မရှိခြင်းကလည်း တစ်ကြောင်း တို့ကြောင့် မြန်မာတပ်များသည် နောက်သို့ ဆုတ်ခွာပေးလေ၏။ ထို့ကြောင့် အင်္ဂလိပ်တပ်များသည် ရွှေတိဂုံကုန်းတော်ရောက် ချီတက်ပြီးလျှင် သိမ်းပိုက် တပ်စွဲ ထားလိုက်တော့၏။

မေလ ၁၄ ရက်နေ့တွင် အင်္ဂလိပ်တို့၏ ကင်းလှည့်လှော်လှေများ ဆန်တက်လာသည်ကို မြန်မာတပ်တို့က ကမ်းထက်မှ ပစ်ခတ်တိုက်ခိုက်၍ အင်္ဂလိပ်တပ်သား ၃ ယောက် ဒဏ်ရာရသွား၏။

မေလ ၁၆ ရက်နေ့တွင် ကြည့်မြင်တိုင် မြန်မာခံတပ်ကို လာရောက်တိုက်ခိုက်သော အင်္ဂလိပ်တပ်များအား မြန်မာတပ်များက ရဲဝံ့စွာ ခုခံတိုက်ခိုက်သဖြင့် အင်္ဂလိပ်တပ်တို့ ပြန်လည်ဆုတ်ခွာသွားရ၏။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်က လက်ဖတင်နင် သောမတ်ကားနှင့် တပ်သား ၁ ဦး ကျဆုံး၍၊ ဦးစီး ဗိုလ်ဗီလ်ကာဆန်မှာ ပေါင်တွင် ထုတ်ချင်းပေါက် ဒဏ်ရာရသွား၏။ အခြားအင်္ဂလိပ်တပ်သား ၉ ဦးလည်း ဒဏ်ရာ ရသွားလေသည်။

'အင်္ဂလိပ်တပ်များ ရန်ကုန်ကို ဝင်ရောက်တပ်စွဲကြောင်း' နေပြည်တော်မှ ကြားသိရ၍ မေလ ၇ ရက်နေ့တွင် ဝန်ကြီး သတိုးမဟာသေနာပတိ (စကြာဝန်ကြီး) တပ်များကို စစ်ကူ စေလွှတ်လိုက်လေသည်။ နောက်ထပ်၍လည်း ဝန်ကြီး သတိုးမင်းကြီးမဟာမင်းခေါင် (ကျီဝန်ကြီး) ၏တပ်များကိုပါ စေလွှတ်ရာ မြန်မာတပ်များ၏အင်အားမှာ ၂ သောင်း ၅ ထောင်ကျော် ရှိလာ၏။

အဆိုပါ စစ်ကူမြန်မာတပ်များ ရန်ကုန်သို့ ဆိုက်ရောက်သောအခါ၊ ရွှေတိဂုံကုန်းတွင်တပ်စွဲနေသော အင်္ဂလိပ်တပ်များကို ဝင်ရောက်တိုက်ခိုက်လေ၏။ အင်္ဂလိပ်တို့က ရေကြောင်း၊ ကုန်းကြောင်း ၂ ဘက်ညှပ်၍ ခုခံတိုက်ခိုက်၏။ မြန်မာတပ်အချို့သည် ကြည့်မြင်တိုင်တွင် တပ်စွဲ၏။ အရန်တပ်များကို ပုဇွန်တောင်, တာမွေနှင့် ကန်ပဲ့အရပ်များတွင် တပ်စွဲထားစေ၏။ မြန်မာတပ်များသည် ကြည့်မြင်တိုင်တွင် သစ်တပ်ခံတပ်တစ်ခုကို အခိုင်အမာပြုလုပ်ထားပြီး ဖြစ်သည့်အတိုင်း၊ အခိုင်အမာတပ်စွဲလျက် စစ်ကြောင်းတစ်လျှောက်တွင် ခံကတုတ်များကို တူးဖော်လျက်ရှိကြ၏။

၁၈၂၄ ခုနှစ် မေလ ၂၈ ရက်နေ့တွင် ကြို့ကုန်းအနီးသို့ အင်အား ၂၅၀ မျှရှိသော အင်္ဂလိပ်တပ်တစ်တပ်သည် ချီတက်လာရာ မြန်မာတပ်တို့က ဆီးကြိုတိုက်ခိုက်သဖြင့် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်အလိတ်ဇန်ဒါပောဝဒ်နှင့် အခြားတပ်သားများ အများအပြားကျဆုံးသွား၏။ ဗိုလ်ဂျော့မိုက်ကယ်နှင့် ဗိုလ်အက်ဒဝပ်အိုဟောလိုရမ်တို့တွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဇွန်လ ၃ ရက်နေ့ နံနက် ၇ နာရီတွင် အင်္ဂလိပ်တို့၏ ရေတပ်,ကုန်းတပ်တို့သည် ကြည့်မြင်တိုင်ရှိ မြန်မာခံတပ်သို့လာရောက်ပြီးလျှင် ၂ ဘက်ညှပ်၍ တိုက်ခိုက်လေရာ၊ မြန်မာတပ်တို့ကလည်း အပြင်းအထန် ခုခံတိုက်ခိုက်လေ၏။ ကြည့်မြင်တိုင်သစ်တပ်ကိုလည်း အင်္ဂလိပ်ရေတပ်သင်္ဘောများက အမြောက်များဖြင့် တရစပ် ပစ်ခတ်၏။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှာ အကျအဆုံး အလွန်များပြားလှ၏။

ဇွန်လ ၅ ရက်နေ့တွင် မြန်မာတို့ဘက်မှ စစ်ရပ်ဆိုင်းရေးအတွက် စကားကမ်းလှမ်း၏။ စကြာဝန်ကြီးနှင့် ကျီဝန်ကြီးတို့က ပုသိမ်မြို့ဝန် နေမျိုးမဟာကျော်စွာနှင့် နေမျိုးကျော်သူတို့ကို အကြီးပြု၍ စေလွှတ်၏။ အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ် ကင်းဘဲလ်နှင့် နိုင်ငံရေးအရာရှိ ဗိုလ်မှူး ကန်းနင်းတို့က ဆီးကြိုလက်ခံ ဆွေးနွေး၏။

မြန်မာတို့က စစ်ပြေငြိမ်းရေးအတွက် ရန်ကုန်မြို့ဝန်အဖြစ် တာဝန်ယူနေသော စကြာဝန်ကြီးက တာဝန်ယူ၍ ဆွေးနွေးမည် ဖြစ်ပါသည်။ အင်္ဂလိပ်တို့ဘက်မှ တာဝန်ခံပုဂ္ဂိုလ်များသည် 'ကြည့်မြင်တိုင်ခံတပ်သို့ သွားရောက်ဆွေးနွေးလျှင် မိမိတို့ ၂ ဦးသည် ဤနေရာ၌ နေရစ်ပါမည်။'ဟု တာဝန်ယူ ပြောဆိုလေသည်။

အင်္ဂလိပ်တို့က 'စစ်ပြေငြိမ်းရေးအတွက် သူတို့၏အကြောင်းကြားစာကို မြန်မာဘုရင်ထံ ပို့ပေးပါရန်၊ စကြာဝန်ကြီးနှင့် ဆွေးနွေးရုံဖြင့် ကိစ္စပြီးမည် မဟုတ်ပါ။'ဟု ပြောဆိုတင်ပြလေသည်။ ထိုပြောဆိုချက်အရ မြန်မာတို့က 'မိမိတို့၏လွှတ်တော်ဝန်ကြီးတို့ထံ ဤအတိုင်း ပြောဆိုပါမည်။ ၅ ရက်မျှ ဆိုင်းငံ့ပါ။'ဟု ပြောဆို ပြန်လာကြ၏။ သို့သော်လည်း အင်္ဂလိပ်တို့က 'မြန်မာတို့သည် အင်အားဖြည့်တင်းရန်အတွက် အချိန်ရရန်ပြုလုပ်ခြင်းသာဖြစ်၍ မိမိတို့က ဆက်လက်၍ တိုက်ခိုက်ရမည်'ဟု ဆုံးဖြတ်ကြ၏။

ဇွန်လ ၁၀ ရက်နေ့တွင် အင်အား ၃၀၀၀ နှင့် အမြောက်,စိန်ပြောင်းများပါသော အင်္ဂလိပ်တပ်တစ်တပ်သည် ရွှေတိဂုံဘုရားတပ်စခန်းမှ ကြည့်မြင်တိုင်ဘက်သို့ ချီတက်သွားလေ၏။ ရေတပ်ဖွဲ့ ၂ ဖွဲ့ကိုလည်း မြစ်ကြောင်းမှ ချီတက်သွားစေပြီးလျှင်၊ မြန်မာတပ်တို့ ဆုတ်ခွာနိုင်မည့်ဘက်မှ ပိတ်ဆို့ထားရန် စေလွှတ်လိုက်၏။ ကြည့်မြင်တိုင်သို့မရောက်မီ မြန်မာတို့၏ အရန်ခံတပ်တစ်ခုကို တွေ့၍ အနီးသို့ ချဉ်းကပ်သွားသောအခါ မြန်မာတပ်တို့က ဆီးကြိုတိုက်ခိုက်လေ၏။ မြန်မာတို့၏ခံတပ်မှာ ၄ ဘက် ၄ တန်မှ ၁၂ ပေမြင့်သော ဆူးတပ်စောင်ရန်း ကာရံထားသည်။ အင်္ဂလိပ်တပ်တို့က ခံတပ်မျက်နှာစာကို အမြောက်ဖြင့် ပစ်ခွင်းနေစဉ် ကျန် ၃ မျက်နှာသို့ တပ်ဖြန့် ဝန်းရံထားလေ၏။ အမြောက် ၂ လက်ဖြင့် နာရီဝက်ခန့် ပစ်ခွင်းသဖြင့် ခံတပ် ကျိုးပေါက်သွားသောအခါ၊ ဥရောပတိုက်သားများပါဝင်သော တပ်ဖွဲ့က ခံတပ်သို့ ချဉ်းကပ်ချီတက်တိုက်၏။ ခံတပ်၏နောက်ဘက်မှလည်း အင်္ဂလိပ်တပ်များသည် ခံတပ်နံရံတွင် လှေကားများဖြင့် ထောင်တက်ပြီးလျှင် ခံတပ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်၏။ မြန်မာတပ်များကလည်း ထိုရင်ဆိုင်တိုက်ပွဲတွင် ပြင်းပြင်းထန်ထန် ခုခံတိုက်ခိုက်ကြလေသည်။ ထိုတိုက်ပွဲတွင် မြန်မာတို့ဘက်မှ ၁၅၀ ကျဆုံး၍၊ အင်္ဂလိပ်တို့ဘက်မှ ၃၁ ယောက် ကျဆုံးပြီး ၂၄၄ ယောက် ဒဏ်ရာရသွား၏။ ဒဏ်ရာရသူများတွင် ဗိုလ်မှူးပီအိုင်ချိန်းဘားနှင့် အခြားအရာရှိ ၅ ဦး ပါဝင်၏။ မြန်မာတပ်တို့သည် အင်အားချင်းမမျှ၍ တိုက်ခိုက်ရင်း ဆုတ်ခွာသွားကြ၏။

အင်္ဂလိပ်တပ်များသည် ကြည့်မြင်တိုင်ခံတပ်ဆီသို့ ဆက်လက် ချီတက်သွားကြ၏။ ကြည့်မြင်တိုင်ခံတပ်တွင်ရှိ မြန်မာတပ်များက ဆီးကြို၍တိုက်ခိုက်ရာ၊ အင်္ဂလိပ်တို့၏ လက်ယာတပ်ဆွယ်သည် အများအပြား ကျဆုံးသွားသဖြင့် နောက်သို့ ဆုတ်ခွာသွားကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်များသည် ညနေပိုင်းတွင် ကြည့်မြင်တိုင်ခံတပ်နှင့် မလှမ်းမကမ်းရှိ တောတန်းနောက်ဘက်၌ စုရုံးနေရာယူထားလေ၏။ မြန်မာတပ်များသည် ညဥ့်အမှောင်ထဲတွင် တောတန်းသစ်ပင်များကို အကာအကွယ်ယူ၍ တစ်ညလုံး အင်္ဂလိပ်တပ်များကို လာရောက်ပစ်ခတ် တိုက်ခိုက်ကြလေသည်။

နံနက်မိုးလင်းသောအခါ အင်္ဂလိပ်တပ်တို့သည် ကြည့်မြင်တိုင်ခံတပ်ကို စိန်ပြောင်းများ, အမြောက်ကြီးများဖြင့် ၂ နာရီကြာမျှ ပစ်ခတ်လေရာ၊ အမြောက်ဒဏ်ကြောင့် ခံတပ် ကျိုးပေါက်သွားလေသည်။ အင်္ဂလိပ်တပ်များသည် ခံတပ်သို့ချဉ်းကပ်ပြီး ဝင်ရောက်ရာတွင် မြန်မာစစ်တပ်တို့သည် ခံတပ်ကို လွန်ခဲ့သောညကပင် လုံး၀ စွန့်ခွာသွားပြီးဖြစ်သည်ကို တွေ့ကြရလေသည်။ အင်္ဂလိပ်တပ်များသည် သိမ်းယူရရှိပြီးသော ကြည့်မြင်တိုင်ခံတပ်တွင် ကင်းစခန်းတစ်ခုကို ချထားလိုက်၏။ မြန်မာတပ်များသည် ကြည့်မြင်တိုင်မှဆုတ်ခွာသွားပြီးသော် ကမာရွတ်တွင် ခံတပ်တည်ဆောက်လျက် တပ်စွဲထားပြန်လေသည်။

နေပြည်တော်မှလည်း ဟံသာဝတီစစ်ကြောင်းကို ကွပ်ကဲရန် အာဏာပေးခြင်းခံရသူ သတိုးမင်းကြီးမင်းမဟာ (၃ ပါးဝန်ကြီး) အား စစ်ကူများနှင့် စေလွှတ်၏။ နေပြည်တော်မှ စစ်ကူများနှင့် ကျီဝန်,စကြာဝန်တို့ကွပ်ကဲသော မြန်မာတပ်များသည် ရွှေတိဂုံကုန်းတော်ရှိ အင်္ဂလိပ်တပ်များကိုတိုက်ခိုက်ရန် ဇွန်လ ၃၀ ရက်နေ့တွင် စတင် ချီတက်၏။

ဇူလိုင်လ ၁ ရက်နေ့တွင် မြန်မာတပ်များသည် စစ်ကြောင်း ၃ ကြောင်းခွဲ၍ ချီတက်၏။ လက်ဝဲစစ်ကြောင်းသည် အင်္ဂလိပ်တို့၏ အမှတ် ၇ နှင့် ၂၂ မဒရပ် ရဲဂျီမင့်တပ်များ၏ ကြည့်ကင်းစခန်းတစ်ခုကို တိုက်ခိုက်၍ တောင်ကုန်းတစ်ကုန်းကို သိမ်းပိုက်ပြီးလျှင်၊ ထိုတောင်ကုန်းမှ အင်္ဂလိပ်တို့၏စစ်ကြောင်းကို ပစ်ခတ်တိုက်ခိုက်လေ၏။ အင်္ဂလိပ်တို့ဘက်မှ ထိုတောင်ကုန်းသို့ အမြောက်များဖြင့် လှမ်း၍ပစ်ခတ်သဖြင့် မြန်မာတပ်များသည် နောက်ဘက်တောတွင်းသို့ ဆုတ်ခွာရသည်။ မြန်မာတို့၏ လက်ယာစစ်ကြောင်းနှင့် ဗဟိုစစ်ကြောင်းတို့သည်လည်း အမြောက်ကြီးများကို ရေတန်းတွင်နေရာယူ၍ ခုခံနေသော အင်္ဂလိပ်တပ်များအား ဤနေရာတွင် တိုက်ခိုက်ရန် မသင့်သဖြင့် ပြန်လည်ဆုတ်ခွာခဲ့ရ၏။*

ရန်ကုန်သို့ချီတက်သော မြန်မာတပ်များအပြင်၊ အင်အား ၃ သောင်းမျှရှိသော မြန်မာတပ်မတစ်တပ်သည် လှိုင်နှင့် ပန်းလှိုင်မြစ်ဆုံမှ ကမာရွတ်အထိ ခံတပ် ၇ ခုကို တည်ဆောက်၍ တပ်စွဲထားပြီးလျှင်၊ ရန်ကုန်ရှိ အင်္ဂလိပ်တပ်များကို တိုက်ခိုက်ရန် တာစူလျက်ရှိ၏။

ဇူလိုင်လ ၈ ရက်နေ့တွင် အင်္ဂလိပ်စစ်တပ်များသည် စစ်ကြောင်း ၂ ကြောင်းခွဲ၍ ရေကြောင်း, ကြည်းကြောင်း ချီတက်ကြသည်။ ဗိုလ်ချုပ်ကင်းဘဲလ်၏ ရေကြောင်းချီစစ်ကြောင်းတွင် သင်္ဘောကြီး ၅ စင်းနှင့် အမြောက်တင်သင်္ဘောများ ပါဝင်၍ စစ်အင်အား ၈၀၀ ပါဝင်လေသည်။ ကြည်းကြောင်းချီစစ်ကြောင်းတွင် ဗိုလ်မှူးချုပ်မက်ဗင်း ဦးစီး၍ လက်နက်ကိုင်စစ်သားများနှင့် အမြောက်တပ် ၁ တပ် ပါဝင်ပြီး အင်အား ၁၃၀၀ ပါဝင်သည်။

ဗိုလ်ချုပ်ကင်းဘဲလ်၏ ရေကြောင်းချီစစ်တပ်သည် လှိုင်မြစ်နှင့် ပန်းလှိုင်မြစ်ဆုံသို့ရောက်သောအခါ မြန်မာခံတပ် ၂ ခုကို တွေ့၍ အမြောက်ကြီးများဖြင့် ပစ်ခွင်းတိုက်ခိုက်သည်။ အင်္ဂလိပ်တို့၏ ကမ်းတက်တပ်ခွဲ ၂ တပ်ကလည်း ကမ်းသို့တက်၍ တိုက်သည်။ ထိုအခါ မြန်မာတပ်များကလည်း ရှိသမျှ အမြောက်, စိန်ပြောင်းများဖြင့်

* မှတ်ချက်-လက်တစ်ကမ်း ရင်ဆိုင်တိုက်ပွဲများတွင် သတ္တိပြောင်လှသော မြန်မာကြည်းတပ်များမှာ အဝေးပစ်အမြောက်ကြီး များကို လုံလောက်စွာ မသုံးစွဲနိုင်သဖြင့် အရေးနိမ့်ရသည်မှာ သင်ခန်းစာတစ်ရပ် ဖြစ်ပေသည်။

mgyoe.com

ခုခံကြသည်။ နောက်ဆုံးတွင် မြန်မာတပ်တို့သည် အင်္ဂလိပ်အမြောက်ကြီးများ၏ဒဏ်ကို မခံနိုင်၍ ခံတပ် ၂ ခုမှ ဆုတ်ခွာခဲ့ကြသည်။ ထန်းတပင်ခံတပ်မှာလည်း ၄င်းမြန်မာခံတပ် ၂ ခု၏အနီးတွင်ပင် ရှိ၍၊ ဆက်လက်၍ တိုက်ပွဲဖြစ်ပွားရာတွင် ထန်းတပင်ခံတပ်ပျက်၍ မြန်မာတပ်တို့ ဆုတ်ခွာရပြန်သည်။

ဗိုလ်မှူးချုပ် မက်ဖင်း၏ ကြည်းကြောင်းချီတပ်သည် ကမာရွတ်ဘက်သို့ချီတက်၍၊ မြန်မာတို့၏ ကမာရွတ်တပ်မကြီးနှင့် အရန်တပ်ဆွယ်များကို တိုက်ခိုက်လေရာ မြန်မာတပ်တို့ကလည်း အပြင်းအထန် ခုခံတိုက်ခိုက်ကြလေသည်။ အဆိုပါတိုက်ပွဲများသည် အထူးပြင်းထန်သော လက်တစ်ကမ်းတိုက်ပွဲများ ဖြစ်ပြီးလျှင်၊ ၂ ဘက်စလုံးတွင် အကျအဆုံး များပြားလှလေသည်။ ထိုတိုက်ပွဲတွင် မြန်မာတို့ဘက်မှ သတိုးမင်းကြီး မင်းမဟာ (၃ ပါးဝန်ကြီး) ကျဆုံးသွားလေသည်။

'၃ ပါးဝန်ကြီး ကျဆုံးကြောင်း' ဘကြီးတော်မင်း ကြားသိသောအခါ၊ ညီတော် သာယာဝတီမင်းကို ဗိုလ်မှူးဗိုလ်ချုပ်ခန့်၍ မြန်မာသက္ကရာဇ် ၁၁၈၆ ခုနှစ် ဝါဆိုလဆန်း ၁၅ ရက်နေ့တွင် မြန်မာရဲမက်စစ်သည် အလုံးအရင်းနှင့် အောက်မြန်မာပြည် ဟံသာဝတီရန်ကုန်သို့ စေလွှတ်သည်။

ရခိုင်စစ်မျက်နှာရှိ စစ်သူကြီး သတိုးမင်းကြီးမဟာဗန္ဓုလနှင့် သူ၏တပ်ကိုလည်း ပြန်၍ခေါ်ယူပြီးလျှင် ရန်ကုန်စစ်မျက်နှာတွင် ကွပ်ကဲ၍ ရန်သူများကိုချေမှုန်းရန် စေလွှတ် လိုက်ပြန်သည်။ စစ်သူကြီးမဟာဗန္ဓုလနှင့် မြန်မာတပ်များသည်လည်း အမိန့် ရလျှင်ရချင်း ရခိုင်စစ်မျက်နှာမှ ဆုတ်ခွာခဲ့သည်ကို ပထမ၌ အင်္ဂလိပ်တို့ မသိကြချေ။

အင်္ဂလိပ်တို့၏ စစ်မှတ်တမ်းတွင် 'စစ်သူကြီး မဟာဗန္ဓုလနှင့် မြန်မာတပ်များသည် ရခိုင် အာသံနယ်များမှ ရုတ်တရက်ဆုတ်ခွာသွားသည်ကို အင်္ဂလိပ်စစ်တပ်တို့ မသိလိုက်ကြချေ။ မြန်မာစစ်တပ်များသည် ကုန်းကြောင်း, ရေကြောင်းမရွေး ခက်ခဲသော မြစ်ချောင်း, တောင်ဝှမ်း ထူထပ်သော အာသံနယ်ဒေသများ၌ပင် ရာသီမရွေး အလွယ်တကူ ချီတက်နိုင်ကြသည်။ မြန်မာတပ်သားများသည် ၁၅ ရက်စာရိက္ခာကို လွယ်ပိုး၍ အချိန်မရွေးချီတက်ရန် အသင့်ရှိသည်။ မဟာဗန္ဓုလနှင့် သူ၏စစ်တပ်များသည် ရာမူးအရပ်မှ တစ်ညတွင် ပျောက်ကွယ်သွားလေရာ၊ သူတို့၏ တပ်စခန်း၌ လူတစ်ယောက်မျှပင် မကျန်တော့ပေ။' ဟု ရေးသားထား၏။

သာယာဝတီမင်းကွပ်ကဲသော မြန်မာစစ်တပ်များသည် သာယာဝတီတွင် ရှေ့တန်းစစ်ကြောင်းဖွင့်၍ တပ်စွဲထားလေ၏။ ရမ္မာဝတီမင်းသား၏ မြန်မာတပ်များသည်လည်း သာယာဝတီသို့ချီ၍ တပ်ချင်း ပေါင်းလိုက်၏။ သတိုး မင်းကြီး မဟာမင်းခေါင် (ကျီဝန်ကြီး)၏ အင်အား ၅၀၀ ပါ လှေတပ်ဖွဲ့သည် လှိုင်မြစ်နှင့် ပန်းလှိုင်မြစ်ဆုံဒေသတွင် တပ်စွဲထား၏။ ဝန်ကြီး သတိုးမဟာသေနာပတိ (စကြာဝန်ကြီး)၏ အင်အား ၅၀၀ ပါ တပ်သည် ထန်းတပင်တွင် တပ်စွဲထား၏။ မင်းလှမင်းခေါင် (စားတော်ဝန်)၏ အင်အား ၃၀၀၀ ပါတပ်နှင့် ဖွဲ့သဘာမြို့စား မဟာဇေယျသူနှင့် ရွှေပြည်မှန်ကင်း သေနတ်အမှုထမ်း, စွန်းလွန်းသေနတ်အမှုထမ်းများ ပါဝင်သော အင်အား ၃၀၀၀ ပါ တပ် ၂ တပ်၊ စုစုပေါင်း အင်အား ၆၀၀၀ ပါတပ်သည် ကျိုက္ကလို့ဘုရားတွင် ခံကတုတ်ပြုလုပ် တပ်စွဲထားရှိကြလေသည်။

အောက်တိုဘာလ ၆ ရက်နေ့တွင် အင်္ဂလိပ်တို့ဘက်မှ အင်အား ၄၀၀ ခန့်ပါရှိသော ကမ်းတက်တပ်နှင့် အမြောက်တပ်များသည် စစ်သင်္ဘောများဖြင့် လှိုင်မြစ်ဆုံနှင့် ထန်းတပင်ဆီသို့ ချီတက်လာကြလေသည်။ ကမ်းတက်တပ်ကို ဗိုလ်မှူး သောမတ်အီးဗန်းက အုပ်ချုပ်၍၊ ရေတပ်သင်္ဘောစုကို ဗိုလ်ကြီး ချက်က ဦးစီး၍ ချီတက်၏။ လှိုင်မြစ်အထက်ပိုင်းကို ရောက်ရှိသောအခါ အင်္ဂလိပ်တပ်များနှင့် မြန်မာလှေဖောင်များ တွေ့ဆုံမိပြီးလျှင် တိုက်ပွဲဖြစ်ပွားကြ၏။

အောက်တိုဘာလ ၇ ရက်နေ့တွင် လှိုင်နှင့် ပန်းလှိုင်မြစ်တို့၏ မြစ်ဆုံဒေသတွင် နေရာယူထားသော ကျီဝန်ကြီး၏တပ်နှင့် အင်္ဂလိပ်တပ်တို့ တိုက်ပွဲ ဖြစ်ပွားကြ၏။ အင်္ဂလိပ်တပ်တို့က အမြောက်ကြီးများဖြင့် အဆက်မပြတ်

mgyoe.com SAMPLE BOOK
ပစ်ခတ်ပေးပြီး ကမ်းတက်တပ်သားများဖြင့် ကမ်းသို့တက်၍ တိုက်ခိုက်ရာ မြန်မာတပ်တို့ကလည်း ရှိသမျှ အမြောက်၊ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်၏။

စကြာဝန်ကြီး၏ ထန်းတပင်ခံတပ်တွင်လည်း ဤရက်တွင် ဤနည်းအတိုင်းပင် တိုက်ပွဲဖြစ်ပွားကြပြီးနောက် အင်အားချင်းမမျှသဖြင့် မြန်မာတပ်တို့ ဆုတ်ခွာရ၏။

အောက်တိုဘာလ ၈ ရက်နေ့တွင် မြန်မာတို့တပ်စွဲထားသော ကျိုက္ကလို့ခံတပ်ကို တိုက်ခိုက်ရန် အင်္ဂလိပ်တို့သည် အင်အား ၈၀၀ ပါဝင်သော ခြေလျင်တပ်ရင်းတစ်တပ်ကို ဒုဗိုလ်မှူးကြီး စမစ် အုပ်ချုပ်၍ ချီတက်စေ၏။ နောက်ထပ် စစ်ကူတောင်းသဖြင့် အကူတပ်သား ၃၀၀ ထပ်မံဖြည့်စွက်ပေးလိုက်ရာ၊ အင်အား ၁၁၀၀ ရှိလာလေသည်။ ယင်းသို့ ချီတက်သောစစ်ကြောင်းတွင် ဗိုလ်မက်ကောလင်း ဦးစီးသော ရှေ့ပြေးတပ်နှင့် ဗိုလ်မှူး ဝါဟစ် ဦးစီးသော အမှတ် ၁ တပ်မ တို့သည် ရှေ့နောက် ချီတက်သွားကြ၏။

မြန်မာတို့၏ ကျိုက္ကလို့ခံတပ်သို့ မရောက်မီ တံတားကလေးဒေသသို့အရောက်တွင် အင်္ဂလိပ်တို့တပ်များကို မြန်မာအရန့်ခံစစ်ကြောင်း ကင်းတပ်က ဆီးကြို၍ တိုက်ခိုက်ရာ အင်္ဂလိပ်တပ်သား အများအပြား ကျဆုံး၏။ တိုက်ပွဲမှာ ၂ နာရီကျော်ဖြစ်ပွားရာ ညနေ ၅ နာရီတွင် ပြီးဆုံးသွား၏။ မြန်မာခံစစ်ကြောင်း ကင်းတပ်သည် ဆုတ်ခွာပြီးလျှင် မြန်မာတပ်မကြီးနှင့်အတူ အင်္ဂလိပ်တို့ချီတက်လာသောတပ်ကို ချေမှုန်းရန် အနီးတောထဲမှ စောင့်ဆိုင်းနေလေ၏။

အင်္ဂလိပ်စစ်တပ်များသည် ကျိုက္ကလို့ဘုရားခံတပ်သို့ ဆက်လက်ချီတက်ပြီးနောက် အနီးသို့ရောက်သောအခါ ဗိုလ်ကြီးဝီလီယန်ဆန်၏ အမှတ် ၂ တပ်ကို လက်ယာဘက်မှ လည်းကောင်း၊ ဗိုလ်မှူး ဝါဟစ်တပ်ကို လက်ဝဲဘက်မှ လည်းကောင်း၊ ဗိုလ်မှူးအိုဂီဘီး၏တပ်ကို အရန့်စစ်ကူတပ်အဖြစ် ချီတက်တိုက်ခိုက်စေ၏။

ဗိုလ်မှူးဝါဟစ်၏ လက်ဝဲဘက်တပ်သည် ခံတပ်ဆီသို့ တစ်ဟုန်ထိုး ချီတက်သွားရာ မြန်မာတပ်က အမြောက်ဖြင့် ဆီးကြိုပစ်ခတ်သဖြင့် အနီးအနားသို့မကပ်နိုင် ရှိနေ၏။ ထိုအခါ ဒုဗိုလ်မှူးကြီး စမစ်သည် ဗိုလ်ကြီးကင်းဘဲလ် ဦးစီးသောတပ်ကို 'လက်ဝဲဘက်မှ ချီတက်၍ မြန်မာတို့၏အမြောက်စခန်းနေရာကို သိမ်းယူရမည်' ဟု အမိန့်ပေး၏။ အမိန့်အရ ချီတက်ချဉ်းကပ်သွားသောအခါ၊ ခံတပ်မှာ အခိုင်အမာတည်ဆောက်ထားပြီး တောင်ကုန်းမြင့်တွင် ရှိနေသည်ကို တွေ့ရလေ၏။ လှေကားများဖြင့်တက်ရန် ဗိုလ်ကြီးကင်းဘဲလ်သည် ၄င်း၏တပ်သားများအား ဝါးများကို ခုတ်စေရာတွင် တောထဲတွင်တပ်ဖျောက်ထားသည့် အင်အား ၄၀ ရှိ မြန်မာကင်းတပ်က ဓားရှည်များဖြင့် ရဲရင့်စွာ လိုက်လံထိုးခုတ်သဖြင့် သစ်ဝါးခုတ်သော အင်္ဂလိပ်စစ်သားများမှာ လက်လွှတ် ထွက်ပြေးကြရကုန်၏။

ဗိုလ်မှူးဝါဟစ်နှင့် အင်္ဂလိပ်တပ်သားများသည် လှေကားများထောင်၍ ခံတပ်ကို အကြိမ်ကြိမ် ဝင်ရောက်တိုက်ခိုက်ရန် ကြိုးစားကြသောအခါ မြန်မာတပ်တို့က သေနတ်၊စိန်ပြောင်းများဖြင့် တရစပ် ပစ်ခတ်တွန်းလှန်ကြလေသည်။ အင်္ဂလိပ်တပ်တို့က ခံတပ်သို့ဝင်ရောက်ရန် ပစ်ခတ်၍ အကြိမ်ကြိမ်ကြိုးစားရာတွင် မအောင်မြင်ကြချေ။ မြန်မာတပ်တို့ကလည်း အပြင်းတိုက်၍ လွတ်ရာသို့ ဆုတ်ခွာသွားကြောင်း တွေ့ရလေ၏။

ဤ ကျိုက္ကလို့ခံတပ်တိုက်ပွဲတွင် အင်္ဂလိပ်တို့၏စစ်မှတ်တမ်း၌ 'ဗိုလ်မှူးဝါဟစ်နှင့် ဥရောပတိုက်သား အရာရှိ ၆ ဦး ဒဏ်ရာရ၍ တပ်သား ၂၁ ဦး ကျဆုံးပြီး ဒဏ်ရာရသူပေါင်း ၇၄ ယောက်ရှိသည်။' ဟု ဆို၏။ မြန်မာ ရာဇဝင်တွင်မူ 'ကျိုက္ကလို့တပ်သို့ ချင်းနင်းတိုက်ခိုက်သောအင်္ဂလိပ်တို့ မခံမရပ်နိုင်။ ဗိုလ်လုပ်သူနှင့် စစ်ဘာရီ လက်နက်ကိုင် ၁၀၀ ကျော် သေ၏။ အထိအခိုက်လည်း ၇၀ ကျော် ရှိ၏။ အင်္ဂလိပ်တို့ တပ်ပျက်ထွက်ပြေးရာသို့ ညအချိန်ဖြစ်၍ တပ်မတော်က လိုက်လံမတိုက်ချေ။ ရရှိသည့် သေနတ်လက်နက်များကို သိမ်းယူပြီး တပ်တွင်းသို့ ဝင်နေကြ၏။' ဟု ဖော်ပြထားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

စစ်သူကြီး ဗိုလ်မှူးဝန်ကြီး သတိုးသုဓမ္မ မဟာဗန္ဓုလသည် ဘုရင့်အမိန့်တော်ဖြင့် ရခိုင်စစ်မျက်နှာမှ ပြန်လည်ဆုတ်ခွာခဲ့ရာ မိမိ၏တပ်များကို စလင်း ဆင်ဖြူကျွန်းအရပ်တွင် တပ်စွဲထားခဲ့ပြီး၊ အမိန့်တော်ကိုခံယူရန် နေပြည်တော်သို့ ရောက်ရှိလာခဲ့သည်။

ဘုရင့်အမိန့်တော်ဖြင့် ရန်ကုန်စစ်မျက်နှာကို တိုက်ခိုက်ရန်အတွက် တာဝန်ချထား ပေးအပ်သဖြင့်၊ နေပြည်တော်တွင် စစ်သည်တပ်သား၊ လက်နက်ရိက္ခာများ စုဆောင်းဖြည့်တင်းပြီးလျှင် ၁၈၂၄ ခုနှစ် နိုဝင်ဘာလတွင် ဟံသာဝတီသို့ စုန်ဆင်းခဲ့၏။ စလင်း ဆင်ဖြူကျွန်းတွင် ထားရှိခဲ့သော မူလတပ်နှင့် နေပြည်တော်မှတပ်များကို ပူးပေါင်း၍ တပ်များ ပြန်လည်ပြင်ဆင် ဖွဲ့စည်းလိုက်၏။ ထို့နောက် ရန်ကင်းစံရာမြစ်ဝ၊ လှိုင်မြစ်၊ မှော်ဘီ၊ ဂူကြီး၊ ကျွဲကူးဆိပ်မှတက်၍ ကျိုက္ကလို့နှင့် တံတားကြီးသို့အရောက် ချီတက်တပ်စွဲထားပြီးလျှင်၊ ရန်ကုန်စစ်မျက်နှာကို တိုက်ရန် လက်နက်ကိုင် မြန်မာစစ်သား ၃ သောင်း ၅ ထောင်ဖြင့် စစ်မျက်နှာ ဖွင့်လိုက်လေသည်။ ထို့နောက် မဟာဗန္ဓုလသည် တပ်များကို အောက်ပါအတိုင်း ချီစေ၏။

မြို့လတ်ဝန်မင်းကြီး မဟာမင်းလှ မင်းခေါင်ကျော် အုပ်ချုပ်သော တပ်အား ရန်ကုန်အရှေ့မျက်နှာ ပုဇွန်တောင်မှ စစ်ကြောင်းဖွင့်၍ ချီစေ၏။ မင်းထင်မင်းခေါင် အုပ်ချုပ်သော တပ်အား မြောက်မျက်နှာ ဆံတော်ကြိုလမ်းမှဝင်၍ တိုက်ရန်ချီစေ၏။ အတွင်းဝန်ကြီး မဟာမင်းလှရာဇာအုပ်ချုပ်သော တပ်အား သိင်္ဂုတ္တရကုန်းရှိ ခံတပ်ကိုတိုက်ရန် ချီစေ၏။ လက်ဝဲဝင်းမှူးကြီး မဟာမင်းလှဇေယျာသူနှင့် စားတော်ဝန် မင်းလှမင်းခေါင်တို့ ကွပ်ကဲသောတပ်များက အနောက်မျက်နှာ ကြည့်မြင်တိုင်ခံတပ်ကို တိုက်၍ ရန်ကုန်ကို ဝင်ရန် ချီစေ၏။ သတိုးမင်းကြီး မဟာမင်းခေါင် (ကျီဝန်ကြီး)၏ တပ်များအား ဒလဘက်မှနေပြီးလျှင် ရန်ကုန်သို့ဝင်ရန် ချီစေ၏။

၁၈၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့တွင် မဟာဗန္ဓုလကွပ်ကဲသော မြန်မာတပ်များနှင့် အင်္ဂလိပ်တပ်များသည် စစ်မျက်နှာအသီးသီး၌ အရဏ်တက်ချိန်မှစ၍ တိုက်ပွဲများ စတင်လေသည်။

စားတော်ဝန် မင်းလှမင်းခေါင်၏တပ်များက အင်္ဂလိပ်တို့ ယခင်က သိမ်းယူထားသော ကြည့်မြင်တိုင်ခံတပ်ကို သေနတ်၊အမြောက်များဖြင့် အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်၏။

ဒလဘက်ရှိ သတိုးမင်းကြီး မဟာမင်းခေါင် ကျီဝန်ကြီး၏တပ်များသည် ထိုနေ့တွင် မိမိတို့တပ်စွဲထားသော နေရာမှ ရန်ကုန်မြစ်တွင်းရှိ အင်္ဂလိပ်စစ်သင်္ဘောများကို အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်၏။

ထိုနေ့ နေ့လယ်တွင် မဟာမင်းလှရာဇာ အုပ်ချုပ်သောမြန်မာတပ်နှင့် အင်္ဂလိပ်စစ်တပ်တို့ တိုက်ပွဲဖြစ်ပွားကြလေရာ၊ ဗိုလ်မှူး ဆေး ဦးစီးသော အင်္ဂလိပ်တပ်များသည် ၎င်းတို့စခန်းသို့ ပြန်လည် ဆုတ်ခွာသွားကြလေ၏။

ထိုနေ့ နေဝင်ချိန်တွင် စစ်ကြောင်း၏ဗဟိုမှ မြန်မာတပ်သည် သိင်္ဂုတ္တရကုန်းတော်ရှိ အင်္ဂလိပ်တပ်ကို အရှေ့မြောက်ဘက်မှ ချီတက်တိုက်ခိုက်၏။ အင်္ဂလိပ်တပ်ခွဲ ၂ ခွဲနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် မြန်မာတပ်များသည် တောတွင်းသို့ ပြန်လည်ဆုတ်ခွာခဲ့၏။

ထိုည ဒီရေအကျတွင် မြန်မာတို့သည် ကြည့်မြင်တိုင်၏ အထက်ဘက်မြစ်ကမ်းမှနေ၍ မြစ်တွင်းရှိ အင်္ဂလိပ်စစ်သင်္ဘောများဆီသို့ ကြိုတင်စီမံထားသော မီးဖောင်ကြီးများကို မီးရှို့စေလွှတ်၏။ မီးဖောင်ကြီးများကြောင့် အင်္ဂလိပ်ရေတပ်သင်္ဘော ၂ စင်း မီးစွဲလောင်၍ ခဲယဉ်းစွာငြိမ်းသတ်ရ၏။

ဒီဇင်ဘာ ၂ ရက်နေ့၊ ၃ ရက်နေ့၊ ၄ ရက်နေ့များတွင်လည်း ရန်ကုန်စစ်နယ်တဝှန်းရှိ စစ်မျက်နှာများတွင် တိုက်ပွဲများ ဖြစ်ပွားလျက်ရှိ၏။ အင်္ဂလိပ်တို့၏ အခြေခံတပ်စွဲရာ ရွှေတိဂုံကုန်းတော်ခံတပ်ကို မြန်မာတို့က သဲသဲမဲမဲ တိုက်ခိုက်ကြ၏။ အင်္ဂလိပ်တို့ကလည်း အမြောက်ကြီး အလက် ၂၀ ကို ပထမပစ္စယံတွင် တပ်ဆင်ပြီး



mgyoe.com

mgyoe.com SAMPLE BOOK
ခုခံတိုက်ခိုက်ကြ၏။ မြန်မာတို့က အင်္ဂလိပ်တပ်စခန်းသို့ အမြောက်ကြီးများဖြင့် လှမ်း၍ မကြာခဏပစ်ခတ်သဖြင့် အင်္ဂလိပ်တပ်သားများ ထိခိုက်ဒဏ်ရာ ရသူရ၍ ကျသူကျကြ၏။

ဒီဇင်ဘာ ၅ ရက်နေ့တွင် ပုဇွန်တောင်ဘက်ရှိ မဟာမင်းလှမင်းခေါင်ကျော်၏ မြန်မာတပ်နှင့် အင်္ဂလိပ်ဗိုလ်မှူးဆေး၏ အင်အား ၈၀၀ ပါတပ်, ဗိုလ်မှူးဝါလ်ကား၏ အင်အား ၅၀၀ ပါ တပ်၊ ၂ တပ်ပေါင်းတို့နှင့် တိုက်ပွဲဖြစ်ပွားကြ၏။ ကပွတိန်ချက် ဦးစီးသော အင်္ဂလိပ်တပ် ရေတပ်စုကလည်း ပုဇွန်တောင်ချောင်းမှ ချီတက်ကူညီ၏။ ယင်းတိုက်ပွဲသည် ပြင်းထန်၍ မြန်မာတပ်၏လက်ချက်ကြောင့် အင်္ဂလိပ်တပ်ဘက်မှ ဗိုလ်မှူးဝါကားနှင့် စစ်သားအများအပြား ကျဆုံးသွား၏။ ဗိုလ်မှူးဆေး၏တပ်များနှင့် မြန်မာတပ်တို့ တိုက်ပွဲတွင် မြန်မာတို့ဘက်မှ ကျောက်ဆည်ဝန်မင်းရဲကျော်ထင်နှင့် မြန်မာတပ်သားအများအပြား ကျဆုံးခဲ့သည်။ ထို့နောက် မြန်မာတပ်များသည် တောတွင်းသို့ ဆုတ်ခွာခဲ့ရသည်။

ဒီဇင်ဘာ ၆ ရက်တွင် မြန်မာတို့၏ လက်ဝဲတောင်ပံစစ်ကြောင်းကို စစ်သူကြီးမဟာဗန္ဓုလသည် ချက်ချင်းပြန်လည်ဖွဲ့စည်း၍၊ တပ်ကူများ ထပ်၍ဖြည့်တင်းလိုက်သည်။

ဒီဇင်ဘာ ၇ ရက်နေ့တွင် မြန်မာတပ်များသည် ရွှေတိဂုံ သွေးဆေးကန်ဘက်သို့ ချီတက် နေရာယူကြလေရာ၊ အင်္ဂလိပ်တပ်များကလည်း မြောက်ဘက်စောင်းတန်းမှ ဆင်းသက်လာရောက် တိုက်ခိုက်သည်။ ထိုတိုက်ပွဲသည် အလွန်ပြင်းထန်၍ ၂ ဘက် ၂ ရပ်လုံး၌ပင် ကျဆုံးထိခိုက်ခြင်း များလှ၏။

အင်္ဂလိပ်စစ်မှတ်တမ်းတွင် 'အင်္ဂလိပ်တို့ ဘက်မှ အရာရှိ ၃ ဦးနှင့် တပ်သား ၂၄ ယောက် ကျဆုံး၍၊ အရာရှိ ၁၁ ဦးနှင့် တပ်သား ၂၂၅ ယောက် ဒဏ်ရာ ရသည်။ ကျဆုံးသူများထဲတွင် ဗိုလ်မှူးဝါလ်ကား, သူကောင်းပြုရာထူးအဆင့်ရှိ ဗိုလ်ကြီးတစ်ဦးနှင့် ဗိုလ်အိုရှီယာတို့ ပါဝင်ကြောင်း' ဖော်ပြ၏။ 'မြန်မာတို့ဘက်၌ ၅၀၀၀ နီးပါးမျှ ကျဆုံး ဒဏ်ရာရကြသည်။' ဟု ဆိုလေသည်။

ဒီဇင်ဘာလ ၇ ရက်နေ့ တိုက်ပွဲဖြစ်ပွားပြီးနောက် ရွှေတိဂုံဘုရားမြောက်ဘက် စစ်ကြောင်းမှ မဟာမင်းလှရာဇာ၏ တပ်များသည် လည်းကောင်း, လက်ဝဲစစ်ကြောင်းမှ မဟာမင်းလှမင်းခေါင်၏တပ်များသည် လည်းကောင်း, ဆံတော်ကြိုလမ်းမှ မင်းထင်မင်းခေါင်၏ တပ်များသည် လည်းကောင်း၊ အဆိုပါတပ်များသည် ကန်ပွဲနှင့် တာမွေဝါးပိုးတပ်သို့ ဆုတ်ခွာ၍ စုပေါင်း တပ်စွဲထားကြလေ၏။

ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် အင်္ဂလိပ်တပ် ၂ တပ်သည် ကန်ပွဲ, တာမွေအရပ်ရှိ မြန်မာခံတပ်ကို ချီတက်တိုက်ခိုက်ကြသည်။ မြန်မာတပ်တို့က ရှုပ်ရှုပ်ချွံချွံ ခုခံတိုက်ခိုက်ခြင်းကြောင့် ၂ ဘက်လုံးတွင် အကျအဆုံးများပြားလှသည်။

အင်္ဂလိပ်တို့၏ စစ်မှတ်တမ်းအရ 'ငှင်းတို့ဘက်မှ ၁၈ ယောက် ကျဆုံး၍ ၁၁၄ ယောက် ဒဏ်ရာရရှိခဲ့ပြီးလျှင်၊ ကျဆုံးသူတို့တွင် အရာရှိ ၃ ယောက် ပါသည်။ ဒဏ်ရာရသူတို့တွင် ဗိုလ်မှူးဆေးနှင့် ဗိုလ်မှူးဒင်နိုင်းအပါအဝင် အရာရှိ ၁၄ ယောက်ရှိသည်။' ဟု ဆိုသည်။

ရန်ကုန်စစ်မြေပြင်တွင် မြန်မာတပ်တို့ အကျအဆုံးများပြားလှသည်လည်း တစ်ကြောင်း၊ အရပ်အနေမသင့်သည်လည်း တစ်ကြောင်းတို့ကြောင့် မြန်မာတပ်တို့ကို အနေအထား ပြောင်းလဲခုခံရန် စစ်သူကြီး မဟာဗန္ဓုလသည် စီစဉ်ပြန်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ထန်းတပင် လှိုင်မြစ်ဝ၌ သတိုးမင်းကြီး မဟာမင်းခေါင်၏ အင်အား ၁၅၀၀ ပါတပ်ကို တပ်စွဲထားစေ၏။ မဟာသီလဝ၏ အင်အား ၁၅၀၀ ပါတပ်ကို မှော်ဘီတွင် တပ်စွဲထားစေ၏။ စကြာဝန်ကြီး၏တပ်ကို ပဲခူးတွင် တပ်စွဲထားစေ၏။ ထန်းတပင်တွင် စားတော်ဝန်နှင့် မဟာဇေယျသူတို့၏ အင်အား ၅၀၀၀ ပါတပ်ကို ရပ်ခံစေ၏။

မဟာဗန္ဓုလသည် သူ၏တပ်မကြီးကိုမူကား အင်္ဂလိပ်ရေတပ်များ ချီတက်လာလျှင် ဆီးကြိုတိုက်ခိုက်ရန် ဓနုဖြူတွင် ခံတပ်ဆောက်၍ အခိုင်အလုံတပ်စွဲလျက် အင်အားဖြည့်တင်းနေလေ၏။

မဟာဗန္ဓုလ၏ ဓနုဖြူခံတပ်မှာ အလျား ၁ မိုင်ခန့် ရှည်လျားပြီးလျှင် ရောဝတီမြစ်ကို မျက်နှာမူ၍ အခိုင်အလုံ တည်ဆောက်ထားခြင်း ဖြစ်သည်။ ၁၇ ပေမြင့်သော ကျွန်းသစ်လုံးကြီးများကို ခံတပ်နံရံအဖြစ် စိုက်ထူကာရံထားပြီးလျှင်၊ သစ်လုံးခံတပ်နောက်၌ အုတ်ရိုးခံတပ်ကို တည်ထားသည်။ ယင်း ခံတပ်အုတ်ရိုး သူရဲပြေးပေါ်တွင် အမြောက် ၁၅၀ တပ်ဆင်ထားသည်။ တပ်တွင်း၌ ရန်သူတို့၏ပစ်ခတ်မှုကို ကာကွယ်နိုင်ရန် ကတုတ်ကျင်းများ နှင့် မြောင်းရှည်ကြီးများကို လုံလောက်စွာ စီမံထားလေသည်။ မဟာဗန္ဓုလ၏တပ်မကြီးတွင် အင်အား ၁ သောင်း ၅ ထောင်မျှ ရှိသည်။ မဟာဗန္ဓုလသည် ဓနုဖြူခံတပ်ကြီးအပြင်၊ ကျိုက်ကလွန်ပွန်စေတီတွင်လည်း ခံတပ်ငယ်တစ်ခုကို အခိုင်အမာ ပြုလုပ်ထားသည်။ ခံတပ်ကြီး၏အနီးတွင်လည်း ခံတပ်ကြီးနှင့် ရဲလောင်းများ ဆက်သွယ်ထားသော ခံတပ်ငယ်တစ်ခုကို ပြုလုပ်ထားသည်။

ကျိုက်ကလွန်ပွန်ခံတပ်တွင် တပ်မှူးအဖြစ် နေမျိုးရဲထင်က ကွပ်ကဲ၍၊ အခြားခံတပ်ငယ်ကို ၆ ကြောင်းဗိုလ် နေမျိုးရဲဖျားနှင့် မဟာမင်းခေါင်သခ်ယာတို့ အုပ်ချုပ်ကွပ်ကဲကြလေသည်။

မတ်လ* ၇ ရက်နေ့ နံနက်တွင် ရေကြောင်းချီတပ်ကိုဦးစီးသော အင်္ဂလိပ်ဗိုလ်မှူးချုပ် ကော့တွန်းသည် သူ၏ ရေကြောင်းချီတပ်ဖြင့် ဓနုဖြူခံတပ်ကို စတင်တိုက်ခိုက်သည်။ ပထမဦးစွာ ကျိုက်ကလွန်ပွန်ခံတပ်ကို စစ်သင်္ဘောများမှလှမ်း၍ အမြောက်ကြီးများဖြင့် ပစ်ခတ်ပြီးနောက်၊ အင်အား ၆၀၀ ပါရှိသော ကမ်းတက်တပ် ၂ တပ်ကို ကမ်းသို့တက်၍ တိုက်စေသည်။ လက်ယာဘက်စစ်ကြောင်းကို ဒုဗိုလ်မှူးကြီး အိုဒိုနာဂျူးက ကွပ်ကဲ၍ လက်ဝဲစစ်ကြောင်းကို ကပ္ပတိန် ကင်နန်က ကွပ်ကဲသည်။ ထိုစစ်ကြောင်း ၂ ကြောင်းသည် ခံတပ်ငယ်ကို တောင်ဘက်နှင့် အနောက်ဘက်မှ ညှပ်၍တိုက်ခိုက်ကြသည်။ မြန်မာတို့ကလည်း အပြင်းအထန်ခုခံသည်။

အင်္ဂလိပ်တပ်များက အမြောက်နှင့် ဒုံးပျံများကို အသုံးပြုသကဲ့သို့ မြန်မာတို့ကလည်း အမြောက်နှင့် စိန်ပြောင်းများကိုသုံး၍ တိုက်ခိုက်ကြသည်။ သေနတ်တစ်ကမ်းတိုက်ပွဲများ ပြင်းထန်စွာတိုက်ခိုက်ကြပြီးနောက် အင်္ဂလိပ် တပ်သားများသည် ခံတပ်တွင်းသို့အထိ ဝင်ရောက်လာကြရာတွင် လက်တစ်ကမ်းတိုက်ပွဲများ ဆက်လက်ဖြစ်ပွားကြသည်။ မြန်မာတပ်သားတို့သည် ခံတပ်တွင်းသို့ဝင်လာကြသော အင်္ဂလိပ်တို့ကို ဓားဖြင့် အတင်းချဉ်းကပ် ခုတ်ထစ်ကြသည်။ ၂ ဘက် ၂ ရပ်တွင် အကျအဆုံး များပြားလှသည်။ မြန်မာတပ်တို့သည် လက်တစ်ကမ်းတိုက်ပွဲ ဖြစ်ပွားပြီးနောက် အခြားခံတပ်သို့ ဆုတ်ခွာလာကြသည်။ ၎င်းတိုက်ပွဲတွင် မြန်မာတို့ဘက်မှ ကွပ်ကဲသူ နေမျိုးရဲထင် ကျဆုံးသည်။

ဤတိုက်ပွဲ၏ အကျအဆုံးကို အင်္ဂလိပ်စစ်မှတ်တမ်းတွင် 'မြန်မာတို့ဘက်မှ ၂၃၀ ကျဆုံး၍ အများအပြား ဒဏ်ရာ ရသည်။ အင်္ဂလိပ်တို့ဘက်မှ ကျဆုံးသူ ၅ ဦးအပါအဝင် ဒဏ်ရာရသူ ပျောက်ဆုံးသူ ၂၀ သာ ရှိသည်။' ဟု ဆို၏။

---

* ၁၈၂၅ ခုနှစ် မတ်လ ၇ ရက်နေ့။



mgyoe.com

mgyoe.com SAMPLE BOOK

ထိုနေ့မှာပင် မြန်မာတို့၏ ဓနုဖြူခံတပ်ငယ်ကို ဆက်လက်တိုက်ခိုက်ရန် ပြင်ဆင်၍၊ ကပ္ပတိန်ရို့စ်နှင့် ကပ္ပတိန် ကင်နန်တို့ ဦးစီးကွပ်ကဲ၍ စစ်ကြောင်း ၂ ကြောင်းခွဲပြီး ချီတက်ပြန်သည်။ ဤသို့ ချဉ်းကပ်လာသော အင်္ဂလိပ်စစ်ကြောင်း ၂ ကြောင်းအား မြန်မာတို့က အမြောက်ကြီးများ, စိန်ပြောင်းများဖြင့် တစ်ခဲနက်ဆီးကြို၍ ပစ်ခတ်တိုက်ခိုက်ကြလေ၏။ အင်္ဂလိပ်တပ်များသည် မြန်မာတို့ အပြင်းအထန်ပစ်ခတ်မှုကြောင့် ခံတပ်၏ဘယ်ဘက် ကျုံးတွင်းသို့ တပ်ရွှေ့ရ၏။ ကျုံးတွင်း၌လည်း မြန်မာများကထောင်ထားသော ငြောင့်များရှိ၍ လည်းကောင်း, မြန်မာတို့က အပြင်းအထန်ပစ်ခတ်နေ၍ လည်းကောင်း၊ အင်္ဂလိပ်တပ်များသည် ခံတပ်၏အတွင်း၊ စောင်ရန်းအနီးသို့ပင် မကပ်နိုင်ကြချေ။ မြန်မာတပ်များ၏ ဖိ၍တိုက်ခိုက်ခြင်းခံရသော အင်္ဂလိပ်တပ်များမှာ အကျအဆုံး များလှသည့်ပြင်၊ စစ်ကြောင်း ၂ ကြောင်းတွင် ကွပ်ကဲသူ ကပ္ပတိန်ရို့စ်နှင့် ကပ္ပတိန် ကင်နန်တို့ ဤတိုက်ပွဲတွင် ကျဆုံးသွားခြင်းကြောင့် အင်္ဂလိပ်တပ်များ ဆုတ်ခွာသွားကြရ၏။

အင်္ဂလိပ်တို့၏ စစ်မှတ်တမ်း၌ 'ဤတိုက်ပွဲတွင် အင်္ဂလိပ်ဘက်မှ ကျဆုံးသူ ၈၀ အပါအဝင် ဒဏ်ရာရသူ, ပျောက်ဆုံးသူ ၁၂၉ ယောက် ရှိသည်။' ဟု ဖော်ပြ၏။

အင်္ဂလိပ်တို့သည် ပထမအကြိမ် ဓနုဖြူခံတပ်ငယ် ၂ ခုကို တိုက်ခိုက်ရာတွင် အရာရှိ ၅ ဦးနှင့် တပ်သား ၁၃၀ ကျဆုံးခဲ့ရသဖြင့် ရေတပ်ကို စကြောသို့ ဆုတ်ခွာတပ်စွဲထားရ၏။

ဤသတင်းကို အင်္ဂလိပ် ကြည်းကြောင်းချီတပ်များကို ကွပ်ကဲချီတက်နေသော ဗိုလ်ချုပ်ကင်းဘဲလ် ကြားသိသောအခါ ဓနုဖြူခံတပ်ကို ဝိုင်းဝန်းချေမှုန်းရန် ပြည်မြို့ဘက်ဆီသို့ ချီတက်နေရာမှ နောက်ကြောင်းပြန်လှည့်လာကြပြီး ဓနုဖြူခံတပ်ကို လခြမ်းသဏ္ဌာန်တပ်စွဲ၍ ဝိုင်းဝန်းထားလေ၏။ ဓနုဖြူခံတပ်ကို ဝိုင်းဝန်းထားသော အင်္ဂလိပ်တပ်များအား မြန်မာတပ်များက အဝေးပစ်အမြောက်ကြီးများဖြင့် လှမ်း၍ပစ်ခတ်ခြင်း၊ ညဉ့်တိုက်ပွဲ, နေ့တိုက်ပွဲများ အကြိမ်ကြိမ် ဆင်နွှဲခြင်းဖြင့် ခုခံ တားဆီးထားလေသည်။

စကြောသို့ဆုတ်ခွာသော အင်္ဂလိပ်ရေတပ်သင်္ဘောများသည် ဓနုဖြူခံတပ်ရှိ မြန်မာတပ်များက အမြောက်, စိန်ပြောင်းများ ပစ်ခတ်နေသည့်အကြားမှပင် ခံတပ်အထက်ဘက်ရှိ အင်္ဂလိပ် ကြည်းကြောင်းချီတပ်များနှင့် ပူးပေါင်းရန် ဆန်တက်သွားလေသည်။

၁၈၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့ နံနက်တွင် အင်္ဂလိပ်တပ်များသည် နေ့ရော ညပါ အမြောက်, စိန်ပြောင်း, ဒုံးပျံများဖြင့် ဓနုဖြူခံတပ်ကို ပစ်ခတ်တိုက်ခိုက်လာသည်။ စစ်သူကြီး မဟာဗန္ဓုလသည် တပ်မှူးများအား စစ်ဆင်ရေးများကို စီမံအမိန့်ပေးနေခိုက်တွင် အင်္ဂလိပ်တို့၏ဒုံးပျံကျည်ဆန် ပေါက်ကွဲထိမှန်၍ နေရာတွင်ပင် ကျဆုံးရလေသည်။

မြန်မာတပ်များသည် စစ်သူကြီး မဟာဗန္ဓုလ ကျဆုံးသည်ကို သိကြပြီးနောက်၊ ကွပ်ကဲမည့်သူ ဟုတ်ဟုတ်ညားညားမရှိ၍ ဧပြီလ ၁ ရက်နေ့ ညမှာပင် ဓနုဖြူခံတပ်မှ ဆုတ်ခွာသွားကြလေသည်။

မြန်မာတပ်သားတို့သည် စစ်သူကြီးမဟာဗန္ဓုလ ကျဆုံးပြီးနောက် ပြည်မြို့, မလွန်မြို့ စသည့်နေရာများမှ ဆက်လက် ခုခံတိုက်ခိုက်ခဲ့ကြလေသည်။

ခရစ်နှစ် ၁၈၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက် (မြန်မာသက္ကရာဇ် ၁၁၈၇ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက်) နေ့တွင် အမေရိကန်သာသနာပြု ဆရာ ဒေါက်တာဂျဒ်ဆင် (ယုဒသန်)နှင့် ဒေါက်တာ ပရိုက်စ်တို့၏ စေ့စပ်ချက်အရ အင်္ဂလိပ်နှင့် မြန်မာတို့ စစ်ပြေငြိမ်းရန် သဘောတူကြ၍၊ အင်းဝနှင့် ၄၅ မိုင်ကွာ ရန္တပိုရွာတွင် စာချုပ်ပြုလုပ် ချုပ်ဆိုကြ၏။



mgyoe.com

စစ်ပြေငြိမ်းရေးစာချုပ်တွင် ရခိုင်နှင့် တနင်္သာရီတိုင်းကို အင်္ဂလိပ်တို့အား အပ်နှင်းခဲ့ရ၏။ စစ်လျော်ငွေ တစ်ကုဋေကိုလည်း ပေးရန် သဘောတူခဲ့ရ၏။

အရှေ့အိန္ဒိယကုမ္ပဏီမှတ်တမ်းအရ '၁ နှစ်နှင့် ၉ လကြာ ဆင်နွှဲရသော အင်္ဂလိပ်-မြန်မာစစ်ပွဲတွင် အင်္ဂလိပ်တို့သည် စစ်စရိတ် ငွေ ၅ ကုဋေ ကုန်ကျသည်။'ဟု ဆို၏။

သောမတ် စီ ရောဘတ်ဆန် (Thomas C.Robertson)၏ မှတ်တမ်းတွင် 'ပထမ အင်္ဂလိပ် မြန်မာစစ်ပွဲ၌ အင်္ဂလိပ်တို့၏ဘက်မှ စစ်သည်များနှင့် ငွေကြေးကုန်ကျမှုမှာ မနည်းလှပေ။ ၁ လလျှင် သယ်ယူပို့ဆောင်ရေးစရိတ်သည်ပင်လျှင် ပေါင် ၇ သောင်း ကုန်ကျ၏။ စစ်ပြီးအထိ ကုန်ကျစရိတ်မှာ ပေါင် ၅ သန်း ဖြစ်သည်။ ၄င်းကုန်ကျစရိတ်တွင် ပေါင် ၁ သန်းကို အချိန်ကြာမှ ကာမိခဲ့၏။'ဟု ဆို၏။

'ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ၌ ရန်ကုန်ချီ အင်္ဂလိပ်မျက်နှာဖြူစစ်သည်တော်များ-အရာရှိများ အပါအဝင် ၃၅၈၆ ယောက် ဖြစ်သည်။ ထိုစစ်သည်များမှ တိုက်ပွဲများတွင် ၁၅၀ ကျ၍၊ ၃၁၁၅ ယောက်မှာ ဒဏ်ရာရ၍လည်းကောင်း၊ ရောဂါရ၍ လည်းကောင်း မြန်မာ့မြေပေါ်တွင် မြုပ်နှံသင်္ဂြိုဟ်ရ၏။ အခြားစစ်သား ၄ သောင်းအနက် ၁ သောင်း ၅ ထောင်ကျော် ကျဆုံးခဲ့ရသည်။'ဟု ဆို၏။

'ဤ အင်္ဂလိပ် မြန်မာစစ်ပွဲအတွက် အိန္ဒိယဘုရင်ခံချုပ် လော့ဒ် အမ်းဟက်စ်အား အဆုံးအရှုံးများ၍ အရှေ့အိန္ဒိယကုမ္ပဏီနှင့် အင်္ဂလန်အစိုးရက အမျိုးမျိုး ပြစ်တင်ဝေဖန်ခြင်းကို ခံရသည်'ဟု စစ်မှတ်တမ်းတွင် ဖော်ပြထားပေသည်။

အင်္ဂလိပ်တို့က ရန္တပိုစာချုပ် ချုပ်ပြီးနောက် ရခိုင်တိုင်းကို ဘင်္ဂလားပြည်နယ်တွင် အစိတ်အပိုင်းအဖြစ်ဖြင့် အုပ်ချုပ်၏။ တနင်္သာရီတိုင်းကို ပီနန်ဘုရင်ခံအား အုပ်ချုပ်စေ၏။ ပထမဦးစွာ အင်္ဂလိပ်တို့၏ရုံးကို ကျိုက္ခမီ၌ထား၍ နောက်မှ မော်လမြိုင်သို့ ရွှေ့၏။

ရန္တပိုစာချုပ် 'အပိုင်း ၇' အရ အင်္ဂလိပ်တို့သည် ဂျွန် ကရောဖို့အား သံတမန်အဖြစ်ဖြင့် ခန့်ထား၍ ၁၈၂၆ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်မှ အင်းဝသို့ စေလွှတ်၏။ မကြာမီ ဆန်စပါး၊ ကျွန်းသစ် စသော မြန်မာထွက်ကုန်တို့ကို လက်ဝါးကြီးအုပ်၍ အမြတ်ထုတ်ရန် ကူးသန်းရောင်းဝယ်ရေးစာချုပ်ကို ၁၈၂၆ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ချုပ်ဆိုခဲ့လေသည်။

၁၈၂၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် မေဂျာ ဟင်နရီ ဘာနေးအား အင်္ဂလိပ်ကိုယ်စားလှယ် အဖြစ်ခန့်၍ အင်းဝသို့ စေလွှတ်၏။

၁၈၃၈ ခုနှစ်တွင် ကာနယ်ဘင်ဆင်ကို ကိုယ်စားလှယ်အဖြစ် ခန့်၍ စေလွှတ်ပြီး ၁၈၄၀ ခုနှစ်တွင် မြန်မာဘုရင်အစိုးရက မဖွယ်မရာပြုသည်ဟု ကိုယ်စားလှယ် သံရုံးကိုပိတ်ထား၏။

လူမျိုးခြားတိုင်းတစ်ပါး၏ အုပ်စိုးမှုကို မနှစ်သက်သော သာယာဝတီမင်းသားသည် အင်္ဂလိပ်တို့ကို ပြန်လှန်တိုက်ခိုက်ရန် စီစဉ်ခဲ့လေသည်။ မျိုးချစ် မွန်၊မြန်မာများကလည်း အင်္ဂလိပ်တို့ သိမ်းယူထားသည့် တနင်္သာရီတိုင်း၌ မကြာခဏ ဆူပူပုန်ကန်ကြ၏။

မြန်မာဘုရင်အစိုးရက စစ်ပြီး၍ ၄ နှစ် ကြာသောအခါ ရခိုင်နှင့် တနင်္သာရီတိုင်းကို မြန်မာဘုရင်အစိုးရသို့ ပြန်လည်ပေးအပ်၍ ၂ ပြည့် ၁ ပြည် မဟာမိတ်အဖြစ်ဖြင့် ကူးသန်းရောင်းဝယ်ရန် တောင်းဆိုခဲ့၏။ ထိုတောင်းဆိုချက်ကို အရှေ့အိန္ဒိယကုမ္ပဏီ စစ်အာဏာပိုင်အစိုးရက ၁၈၂၉ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက် နေ့က ပယ်ချခဲ့၏။

ဤကား အင်္ဂလိပ်မြန်မာ ပထမစစ်ပွဲနှင့် မြန်မာနိုင်ငံ၏တစ်စိတ်တစ်ဒေသ လူမျိုးခြားလက်အောက်သို့ ကျရောက်ခဲ့ပြီးနောက်၊ မြန်မာတို့ အားမတန်၍ မာန်လျှော့ခဲ့ရသော အဖြစ်အပျက်တစ်ခုပေတည်း။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

SAMPLE BOOK

# အခန်း ၂

## ဒုတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ

ခရစ်နှစ် ၁၈၅၁ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၁၂ ခုနှစ်)တွင် မြန်မာဘုရင် ပုဂံမင်းလက်ထက် ရန်ကုန်မြို့ဝန် ဦးအုပ်က ကပ္ပတိန် လူးဝစ်နှင့် ရှက်ပက်တို့အား ဒဏ်ငွေ ရိုက်၏။

ဒဏ်ငွေတပ်ရိုက်ရသော အမှုအခင်းအကြောင်းအရင်းမှာ ကပ္ပတိန်လူးဝစ်သည် တန်ချိန် ၄၁၀ ရှိ 'ချန်ပီယံ' ခေါ် သင်္ဘောနှင့် ရန်ကုန်သို့လာစဉ်၊ အိန္ဒိယတိုင်းသား သင်္ဘောအလုပ်သမားတစ်ယောက်အား ရိုက်နှက်၍ ဒဏ်ရာ ပြင်းထန်စွာရ၏။ ရန်ကုန်သို့ သင်္ဘောဆိုက်သောနေ့တွင် ထိုအလုပ်သမားသည် သေဆုံးသွား၏။ ကျန်သင်္ဘောသား များက တိုင်ကြားသည့်အတွက် ရန်ကုန်မြို့ဝန်က ထိုအမှုကိုစစ်ဆေးရာ၊ 'လူသတ်မှု ထင်ရှားသည်။' ဆို၍ ဒဏ်ငွေ ၇၀၀ တပ်ရိုက်လိုက်၏။

ကပ္ပတိန် ရှက်ပက်သည်လည်း တန်ချိန် ၂၅၀ ရှိ 'မောနတ်'ခေါ် သင်္ဘောဖြင့် ရန်ကုန်သို့လာစဉ်၊ 'ရေကြောင်းပြ သင်္ဘောအလုပ်သမားတစ်ယောက်သည် ရေထဲသို့ လိမ့်ကျသေဆုံးသည်။'ဟု ဆို၏။ ထိုအမှုကို သေချာစွာ စစ်သော အခါ၌လည်း တမင် ရေထဲသို့ပစ်ချသော ပြစ်မှုထင်ရှား၍ ရန်ကုန်မြို့ဝန်က ဒဏ်ငွေ ၁၀၀၅ ကျပ် တပ်ရိုက်ပြန်၏။ 'မြို့ဝန်မင်း၏ ထိုစီရင်ချက်မှာ မတရားသောစီရင်ချက်ဖြစ်သည်။'ဟု ကပ္ပတိန် ၂ ဦးက အိန္ဒိယပြည်ရှိ အရှေ့အိန္ဒိယအစိုးရအား တိုင်တန်း၏။

၁၈၅၁ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အရှေ့ အိန္ဒိယကုမ္ပဏီအစိုးရက 'မြန်မာအစိုးရသည် ဗြိတိသျှ ကျွန်တော်မျိုးတို့အား မတရားပြုလုပ်သည်။'ဟု မြန်မာဘုရင်ထံ ကန့်ကွက်စာ ပေးပို့၍၊ ကော်မိုဒို လင်းဘတ်အား စစ်သင်္ဘော ၆ စင်းနှင့် ရန်ကုန်သို့ စေလွှတ်လိုက်လေသည်။

နောက်ဆုံး၌ အင်္ဂလိပ်တို့၏ တောင်းဆိုချက်များမှာ အကျဉ်းချုပ်အားဖြင့်

၁- ရန်ကုန်မြို့ဝန် ဦးအုပ်သည် မတရားသဖြင့် ဒဏ်တပ်သောကြောင့် ရာထူးမှနုတ်ပစ်၍ ထိုနေရာတွင် မြို့ဝန်အသစ် ခန့်ထားပေးရန်။

၂- တပ်ထားသောဒဏ်ငွေကို ပြန်ပေးရန်နှင့် လျော်ကြေးပေးရန်။

၃- အမှုကို လုံးဝပလပ်ရန်။

၄- ယခု စစ်သင်္ဘော ၆ စင်းနှင့်လာသော စရိတ်ငွေ ၁ သန်းကို မြန်မာဘုရင်အစိုးရက ပေးရန်။ ။ဟူ၍ တောင်းဆိုလေသည်။

မြန်မာဘုရင်က ကျောက်မော်မြို့ဝန် မဟာမင်းကျော်ရာဇာ အမှူးရှိသော ကိုယ်စားလှယ်များကို စေလွှတ်၍ စေ့စပ်ခဲ့၏။ ရန်ကုန်မြို့ဝန် ဦးအုပ်အစား ဦးမှုံအား ရန်ကုန်မြို့ဝန်အဖြစ် ပြောင်းလဲခန့်ထား၏။ အမှု ၂ ခုလုံးကို



mgyoe.com

mgyoe.com SAMPLE BOOK

ရုပ်သိမ်း ပလပ်လိုက်၏။ ထိုသို့ ဆောင်ရွက်ပေးခဲ့သော်လည်း အင်္ဂလိပ်တို့ဘက်မှမူကား စစ်တိုက်ရေးကိုသာ ကြံစည်ကြိုးပမ်းလျက် ရှိကြလေသည်။

၁၈၅၂ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် 'မြို့ဝန်မင်းသည် သူတို့၏ပေးစာကို ကောင်းစွာ ကြိုဆိုယူငင်ခြင်း မပြုသည့်ပြင်၊ တောင်းဆိုချက်များကို အရေးမယူ'ဟု ထိုဇန်နဝါရီလ ၆ ရက်နေ့ညတွင် ကော်မိုဒိုလင်းဘတ်သည် မြန်မာဘုရင်ပိုင် ရေနန်းယဉ်သာသင်္ဘောကို အတင်းသိမ်းယူ၏။ ဤနည်းအားဖြင့် ရန်စပြီးလျှင် လင်းဘတ်သည် အိန္ဒိယမှ တိုက်သင်္ဘောအကြီးအငယ် အရွယ်အစားစား ၂၆ စင်းကို နောက်ထပ် စစ်ကူစေလွှတ်၍ တစ်စုံတစ်ရာ စစ်ကြေညာခြင်းမပြုဘဲ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲကို စတင် ဖြစ်ပေါ်စေခဲ့လေသည်။

ဧပြီလ ၃ ရက်နေ့တွင် အင်္ဂလိပ် ကြည်းတပ်ဗိုလ်ချုပ် ဂေါ့ဒွင်နှင့် ရေတပ်ဗိုလ်ချုပ် အော်စတင်တို့ ကြီးမှူးသော တပ်ပေါင်းစုသည် ရန်ကုန်မှ မော်လမြိုင်သို့ စစ်သင်္ဘော ၄ စင်းဖြင့် ချီတက်သွားကြလေသည်။ မော်လမြိုင်သို့ ဧပြီလ ၄ ရက်နေ့ ရောက်ပြီးလျှင် မော်လမြိုင်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသော မြန်မာပိုင် မုတ္တမမြို့ကို တိုက်ခိုက်သိမ်းယူရန် အစီအစဉ်ပြုလုပ်ကြ၏။

ဧပြီလ ၅ ရက်နေ့ နံနက် နေထွက်တပြုအချိန်တွင် အမြောက်ကြီးများတပ်ဆင်ထားသော အင်္ဂလိပ်ရေတပ်သင်္ဘော ၄ စင်းသည် မုတ္တမမြို့ဘက်သို့ ချဉ်းကပ်လာ၏။ မုတ္တမမြို့ဘက်တွင်ရှိသော မြန်မာတပ်များ၏အင်အားမှာ တောင်ကုန်းပေါ်ရှိ ခံတပ်တွင် လည်းကောင်း၊ အခြား ကင်းတပ်စုများအားဖြင့် လည်းကောင်း အင်အား ၃၀၀၀ ကျော် ရှိ၏။ မြန်မာတပ်တို့တွင် အမြောက်၊ စိန်ပြောင်းနှင့် သေနတ်လက်နက်များ စွဲကိုင်ထားသော မြန်မာတပ်များကို လက်ယာဝင်းမှူး သတိုးမင်းကြီး မဟာမင်းခေါင်သီဟသူက ဦးစီး၏။

အင်္ဂလိပ်တို့၏ ရေတပ်သင်္ဘော ၄ စင်းတို့သည် မြန်မာတို့၏ မုတ္တမခံတပ်ကို အမြောက်များနှင့် တရစပ် စတင် ပစ်ခတ်တိုက်ခိုက်၏။ မြန်မာတို့ဘက်မှလည်း အမြောက်၊ စိန်ပြောင်းများဖြင့် ပြန်လည် ပစ်ခတ်တိုက်ခိုက်ကြလေသည်။

အင်္ဂလိပ်စစ်သင်္ဘော ၄ စင်းမှ အမြောက်ကြီးများဖြင့် တရစပ် ပစ်ခတ်ပေးနေစဉ်မှာပင် အင်္ဂလိပ် ကြည်းတပ်နှင့် ရေတပ် ကမ်းတက်စစ်သား ၁၄၀၀ သည် မြစ်ကို ဖြတ်ကူးကြ၏။ မြစ်ကိုဖြတ်ကူးလာကြသည့် အင်္ဂလိပ်စစ်သားများကို တစ်ဖက်ကမ်းထက်မှ မြန်မာစစ်သားတို့က အတော် ဖိဖိစီးစီး ဆီးကြိုတိုက်ခိုက်ကြ၏။ မြန်မာတို့၏ အဝေးပစ်အမြောက်ကြီးများကလည်း ပစ်ခတ်ချေမှုန်းသဖြင့် အင်္ဂလိပ်တို့ဘက်တွင် အတော်ပင် အကျအဆုံး များပြားလှလေသည်။ ကမ်းသို့တက်လာသော အင်္ဂလိပ် ရေတပ်သင်္ဘောတို့နှင့် မြန်မာစစ်သားတို့ တိုက်ပွဲဖြစ်ပွားနေစဉ်၊ အင်္ဂလိပ် ရေတပ်သင်္ဘောမှ ပစ်ခတ်သော အမြောက်များ၏ဒဏ်ကြောင့် မြန်မာတပ်တို့သည် မုတ္တမခံတပ်မှ ဆုတ်ခွာလာခဲ့ရ၏။ အင်္ဂလိပ်တို့၏ စစ်မှတ်တမ်းတွင် မုတ္တမတိုက်ပွဲ၌ မြစ်ကို အတော် ခက်ခက်ခဲခဲနှင့်ကူးရ၏။ 'ထိုတိုက်ပွဲမှာ အင်္ဂလိပ်အရာရှိ ၁ ယောက်၊ အင်္ဂလိပ်စစ်သား ၇ ယောက်၊ အိန္ဒိယ ဟာဗာလ်ဒါ ၁ ယောက် ကျဆုံးခဲ့သည်။'ဟု ဆို၏။

ဧပြီလ ၁၁ ရက်နေ့တွင် အင်္ဂလိပ်ရေတပ်သင်္ဘောများက ဒလနှင့် ရန်ကုန်ကို တစ်ပြိုင်တည်း စတင်၍ အမြောက်များနှင့် ပစ်ခတ်တိုက်ခိုက်၏။ ယင်း အင်္ဂလိပ်ရေတပ်ဖွဲ့တွင် အမြောက်တင်စစ်သင်္ဘောကြီးငယ် ၁၉ စင်းနှင့် သယ်ယူပို့ဆောင်ရေးသင်္ဘော ၁၅ စင်း ပါဝင်၏။ အင်္ဂလိပ်တို့ အင်အားမှာ ကြည်းတပ်၊ ရေတပ်၊ အမြောက်တပ်၊ ဆပ္ပါးမိုင်းနားတပ်များ၏ လူအင်အားမှာ ၈၀၀၀ ကျော် ပါရှိပြီးလျှင် အမြောက်ကြီးငယ် ၁၅၉ လက် ပါရှိသည် ဆို၏။

mgyoe.com

mgyoe.com SAMPLE BOOK

ရန်ကုန်နှင့် ဒလရှိ မြန်မာတပ်များ၏အင်အားမှာ ရန်ကုန်မြို့ဝန် မင်းကြီး မဟာမင်းလှမင်းခေါင်ကျော် ဦးမှူး၏ စစ်သား ၃၅၀၀ နှင့် ရန်ကုန်ရှိ မြို့စောင့်နယ်စောင့်တပ်သားများပါ စုစုပေါင်း ၁ သောင်းခန့် ရှိ၏။ ရွှေတိဂုံခံတပ်တွင် အမြောက်ကြီး,ငယ် ၁၂၅ လက် တပ်ဆင်ထား၏။ သိမ်ဖြူခံတပ်, ကြည့်မြင်တိုင်ခံတပ်, ကမ်းနားကတုတ်ခံတပ် စသော ကင်းကတုတ်ခံတပ်များ၌လည်း အဝေးပစ်အမြောက်ကြီးများကို ခွဲဝေ နေရာချထားလေသည်။ အင်္ဂလိပ်ရေတပ်မှ အမြောက်ကြီးများဖြင့် စတင်ပစ်ခတ် တိုက်ခိုက်သောအခါ မြန်မာတို့ကလည်း သဲသဲမဲမဲ ပြန်လှန်ပစ်ခတ်တိုက်ခိုက်ကြလေသည်။ မြန်မာတို့၏အမြောက်ဒဏ်ကြောင့် မိုဇတ်ဖားစစ်သင်္ဘောမှာ အနည်းငယ် ပျက်စီးသွား၏။ ဖာရီဗီးစစ်သင်္ဘော၏ ရွက်တိုင်များ ပြတ်လွင့်ပျက်စီးသွား၏။ ဆီးဆော့ထရစ်သင်္ဘောမှ အလံကိုင် တပ်ဗိုလ်အမ်းစထရောင်း (Armstrong) သည် မြန်မာတို့၏အမြောက်ဒဏ်ကြောင့် နေရာတွင်ပင် ကျဆုံးသွားလေသည်။

မြန်မာ့အမြောက်ထိမှန်၍ အနည်းငယ်ပျက်စီးသွားသော အင်္ဂလိပ်တို့ဘက်မှ မိုဇတ်ဖား (Moozuffer) စစ်သင်္ဘောမှာ တန်ချိန် ၁၅၀၀ ရှိ၍ မြင်းကောင်ရေ ၅၀၀ အားရှိသော အင်ဂျင်စက်များ တပ်ဆင်ထား၏။ ထိုသင်္ဘောတွင် ၈ လက်မအမြောက် ၅ လက်နှင့် ၃၂ ပေါင်ပစ် ဟော်ဝစ်ဇာ အမြောက်ကြီး ၂ လက် တပ်ဆင်ထားသည့်ပြင်၊ သင်္ဘောတင် အမြောက်အချို့လည်း ပါရှိသည်။

အင်္ဂလိပ်စစ်သင်္ဘောများမှ အဆက်မပြတ် မွန်းတည့်အထိ တစ်မနက်လုံးလုံးပစ်ခတ်သော အမြောက်ကြီးများ၏ဒဏ်ကြောင့် ရန်ကုန်ဆိပ်ကမ်းရှိ မြန်မာတပ်မှ ၁၈ ပေါင်ဒါ အမြောက်ကြီး ၉ လက် ပျက်စီး၍ ယမ်းမှုန့်ထည့်ထားသော စဥ့်အိုးများ မီးလောင် ပျက်စီးသွား၏။ ရွှေတိဂုံစေတီတော် အနောက်ဘက်ရှိ မြန်မာခံတပ်မှ စစ်တန်းလျားများ မီးလောင်ပျက်စီး၏။

မီးလောင်နေစဥ် အင်္ဂလိပ်စစ်သင်္ဘောများသည် ဒလခံတပ်ကို ဆက်လက်၍ အမြောက်များနှင့် တရစပ်ပစ်ခတ်ကြပြန်၏။ ထို့နောက် အင်္ဂလိပ်တို့သည် ဒလဘက်ကမ်းသို့ လှေများဖြင့်ချဉ်းကပ်၍ ကမ်းသို့တက်ရာ၊ ဒလခံတပ်မှ မြန်မာတို့ကလည်း အပြင်းအထန် ခုခံတိုက်ခိုက်ကြလေသည်။ ၂ ဘက် ၂ ရပ်၌ အကျအဆုံး ရှိ၏။ နေ့လယ်ပိုင်း ၂ နာရီတွင် အင်္ဂလိပ်တပ်တို့သည် ဒလခံတပ်ကို စီးမိ၏။ မြန်မာတပ်တို့လည်း နောက်သို့ ဆုတ်ခွာလာခဲ့ကြရလေ၏။ ထို့နောက် ဒလခံတပ်ကို အင်္ဂလိပ်တို့က မီးရှို့ ဖျက်ဆီးပစ်လိုက်၏။

တစ်ချိန်တည်းမှာပင် အင်္ဂလိပ်စစ်သင်္ဘောများသည် မြန်မာတို့၏ ကြည့်မြင်တိုင်ခံတပ်နှင့် မြစ်ရိုးရှိ ခံကတုတ်ခံတပ်ငယ်များကို အမြောက်များဖြင့် ပစ်ခတ်တိုက်ခိုက်၏။ မြန်မာတပ်တို့ကလည်း ပြန်လည်၍ ပြင်းထန်စွာ ခုခံတိုက်ခိုက်ကြရာ၊ ဧပြီလ ၁၁ ရက်နေ့တွင် တိုက်ပွဲ တစ်နေကုန် ဖြစ်ပွားနေလေသည်။

ဧပြီလ ၁၂ ရက်နေ့ နံနက်စောစော ၄ နာရီအချိန်တွင် မြစ်တွင်းရှိ အင်္ဂလိပ်စစ်သင်္ဘောများက ရွှေတိဂုံကုန်းတော်ရှိ မြန်မာခံတပ်ဆီသို့ တရစပ် ပစ်ခတ်နေ၏။ မြန်မာတို့ကလည်း အဝေးပစ်အမြောက်ကြီးများဖြင့် ပြန်လှန်ပစ်ခတ်တိုက်ခိုက်ကြ၏။ အင်္ဂလိပ်စစ်တပ်များသည် ကမ်းထက်သို့ သိမ်ဖြူဘက်မှ ချီတက်လာသောအခါ မြန်မာတပ်များက ဆီးကြိုတိုက်ခိုက်၏။ 'သိမ်ဖြူတိုက်ပွဲတွင် အင်္ဂလိပ်တပ်မှ အရာရှိ ၂ ယောက် ကျဆုံး၍၊ အရာရှိ ၃ ယောက်တပ်ကြပ် ၁ ယောက်, တပ်ကြပ်ကလေး ၂ ယောက်, တပ်သား ၁၁ ယောက် ဒဏ်ရာ ရကြသည်။' ဆို၏။ မြန်မာတို့သည် အင်္ဂလိပ်တပ်များမကူးနိုင်အောင် ချောင်းကူးတံတားများကို ကြိုတင် ဖျက်ဆီးထားကြလေသည်။

ဗိုလ်မှူး အုတ်ကီးသည် ၂၄ ပေါင်ဒါ ဟော်ဝစ်ဇာအမြောက်ကြီး ၂ လက်နှင့် ရွှေတိဂုံခံတပ်ဆီသို့ ချီတက်သွားပြီးလျှင် အမြောက်တစ်ကမ်းမှနေပြီး ပစ်ခတ်တိုက်ခိုက်ရာ မြန်မာတပ်တို့ကလည်း ပြန်လှန်ပစ်ခတ်တိုက်ခိုက်၏။ ထိုတိုက်ပွဲတွင် ဗိုလ်မှူးအုတ်ကီး ကျဆုံးသွားလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ထပ်၍ လက်ဖတင်နင်ဖို့၏ တပ်သည် ရွှေတိဂုံခံတပ်ကို လှေကားများထောင်၍ တက်ပြီးတိုက်ရန် ချီလာပြန်ရာ၊ မြန်မာကင်းထောက်တပ်က ဆီးကြိုတိုက်ခိုက်လိုက်သဖြင့် ဗိုလ် ဒေါ်နယ်လ်ဆန် ကျဆုံးပြန်၏။ ဆက်လက်၍ ရွှေတိဂုံကုန်းတော်ခံတပ်ကို ချဉ်းကပ်ပြီး ခံကတုတ်ရိုးကို လှေကားထောင်၍ တက်ကြပြန်ရာ၊ ခံကတုတ်ပေါ်ရှိ မြန်မာတပ်က ဆီးကြိုတိုက်ခိုက်သဖြင့် အင်္ဂလိပ်တပ်သားအများအပြား ကျဆုံးသွားလေသည်။ ပထမဆုံးအသုတ်တိုက်ပွဲတွင် အင်္ဂလိပ်ဗိုလ်ကြီး ဘလွန်ဒယ်နှင့် ဗိုလ် ထရီဗာတို့မှာလည်း မြန်မာတပ်တို့လက်ချက်ဖြင့် ကျဆုံး၏။ 'ဆပ္ပားမိုင်းနားတပ်ဖွဲ့တွင်လည်း အကျအဆုံးနှင့် ဒဏ်ရာရသူများ အထူးများပြားသည်။' ဟု ဆိုလေသည်။

အင်္ဂလိပ်တပ်များ ဤသို့ အရေးမလှ ဖြစ်ရှိနေချိန်တွင် အင်္ဂလိပ်တို့ဘက်တွင် အမြောက်တပ်က စစ်ကူရောက်ရှိလာ၍၊ တိုက်ပွဲမှာ ပိုမိုပြင်းထန်၍လာလေသည်။ ထို့ကြောင့် မြန်မာတပ်များသည် စစ်ဦးကင်းကို အနောက်ဘက်တောတန်းဆီသို့ ရွှေ့ပြောင်းနေရာယူပြီးလျှင် ဆက်လက်တိုက်ခိုက်နေလေ၏။ အင်္ဂလိပ်တပ်များက တောတန်းတွင်းသို့ ဒုံးပျံများနှင့် ပစ်ခွင်းတိုက်ခိုက်လေရာ၊ ထို ဧပြီလ ၁၂ ရက်နေ့တိုက်ပွဲသည် အလွန်ပြင်းထန်သော တိုက်ပွဲပုံစံသို့ ပြောင်းလဲသွားခဲ့ပေသည်။

ဧပြီလ ၁၃ ရက်နေ့တွင် တိုက်ပွဲကြီးများ မဖြစ်ပွားဘဲ၊ ဧပြီလ ၁၄ ရက်နေ့တွင် အင်္ဂလိပ်တပ်များသည် ရွှေတိဂုံကုန်းတော်ခံတပ်ဆီသို့ ချီလာပြန်၏။ နံနက် ၅ နာရီတွင် ရွှေတိဂုံခံတပ်မှ မြန်မာတပ်များသည် အင်္ဂလိပ်တို့ကို အမြောက်ကြီးများဖြင့် ပစ်ခတ်ဖြိုခွင်းလျက် ရှိနေ၏။ အင်္ဂလိပ်တပ်များသည် အမြောက်တပ်နှင့်တကွ ရွှေတိဂုံခံတပ်ဆီသို့ ချီလာရာတွင် မြန်မာစိန်ပြောင်းတပ် တစ်တပ်က ဘုရားကလေးဘေးဘက်မှနေ၍ စိန်ပြောင်းများဖြင့် ဆီးကြိုတိုက်ခိုက်လိုက်သဖြင့် အင်္ဂလိပ်တပ်မှာ ကစဥ့်ကလျားဖြစ်သွားလေ၏။ တစ်ဖန် ရွှေတိဂုံခံတပ်မှ တရစပ် ပစ်ခတ်နေသော မြန်မာအမြောက်ကြီးများ၏ဒဏ်ကြောင့် ချီတက်လာနေသောအင်္ဂလိပ်တပ်မှာ အများအပြား ကျဆုံးပြီးလျှင် အထိနာ၍ သွား၏။ အထူးသဖြင့် အင်္ဂလိပ်တို့၏ စတက်ဖို့ရှိုင်းယားတပ်နှင့် ရွိုင်ရယ်အိုင်းရစ် တပ်ဖွဲ့တစ်ဖွဲ့တို့မှာ မြန်မာတို့၏အမြောက်ကြီးများက တည့်တည့်မတ်မတ် အဆက်မပြတ် ပစ်ခတ်သည့်ဒဏ်ကြောင့် တပ်သားအများအပြား ကျဆုံးခံလိုက်ရပေသည်။ ဤအတွင်းမှာပင် အင်္ဂလိပ်တို့မှာ အင်အား ၁၅၀ မျှရှိသော မြန်မာတပ်မှ ချုံခိုပြောက်ကျားတပ်များ၏ တိုက်ခိုက်ခြင်းကိုလည်း အငိုက်ခံလိုက်ရသည့်ပြင်၊ ဘုရားကလေးအနီးရှိ မြန်မာစိန်ပြောင်းတပ်၏ ပစ်ခတ်တိုက်ခိုက်ခြင်းကိုလည်း မရှုမလှခံ၍ နေရလေသည်။

အင်္ဂလိပ်တို့ဘက်မှ ဗိုလ်မှူး မောင်ဂိုမာရီသည် သူ၏အမြောက်တပ်ကို ရွှေတိဂုံခံတပ်နှင့် နီးကပ်သည်ထက်နီးကပ်အောင် နေရာယူစေပြီးလျှင် မြန်မာခံတပ်ဆီသို့ တရကြမ်း ပစ်ခတ်တိုက်ခိုက်စေလေ၏။ မြန်မာအမြောက်ကြီးများကလည်း အင်္ဂလိပ်အမြောက်တပ်ဖွဲ့ဆီသို့ တည့်တည့်မတ်မတ်ပင် ပြန်လည်ပစ်ခတ်သဖြင့် ဥရောပတိုက်သားနှင့် အိန္ဒိယတိုင်းရင်းသား အမြောက်တပ်သားများ အများအပြားကျဆုံး၏။ ဆေးတပ်ဖွဲ့မှ ဆရာဝန် ဒေါက်တာစမစ်မှာ ဒဏ်ရာ ရရှိသွားလေ၏။ အင်္ဂလိပ် ဗိုလ်မှူး ဘာတန် ဦးစီးသော အမြောက်တပ်ဖွဲ့ကိုလည်း မြန်မာတို့၏ ချုံခိုတိုက်ခိုက်ရေးတပ်တစ်တပ်က အနီးကပ်တိုက်ပွဲများ လာရောက်ဆင်နွှဲ တိုက်ခိုက်သွားလေသေး၏။

နံနက် ၁၀ နာရီခွဲတွင် ဗိုလ်မှူးဘတ် ဦးစီးသော အင်္ဂလိပ်အမြောက်တပ်ဖွဲ့သည် ချီတက်လာပြီးလျှင် ရွှေတိဂုံခံတပ်ကို အမြောက်ကြီးများဖြင့် တစ်နာရီခွဲကြာမျှ ပစ်ခတ်တိုက်ခိုက်၏။ မြန်မာတို့ဘက်မှလည်း အမြောက်ကြီးများ၊ စိန်ပြောင်းများဖြင့် ပြန်လည်ပစ်ခတ် တိုက်ခိုက်နေလေရာ၊ အင်္ဂလိပ်တို့ဘက်တွင် အများအပြား ထိခိုက်ဒဏ်ရာရရှိကြလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်တပ်တို့သည် အကျအဆုံးများပြားသဖြင့် စစ်ကြောင်းပြောင်း၍ ရွှေတိဂုံခံတပ်ကို အရှေ့ဘက် မှနေပြီး တိုက်ခိုက်ရန် နံနက် ၁၁ နာရီတွင် ချီတက်ပြန်၏။ အရှေ့တောင်ဘက် မျက်နှာမှနေ၍ ရွှေတိဂုံခံတပ်ဆီသို့ ချဉ်းကပ်လာသော အင်္ဂလိပ်တပ်သားများကို မြန်မာတပ်က ဆီးကြိုတိုက်ခိုက်ကြသော်လည်း၊ တိုက်ခိုက်နေရင်းပင် ခံတပ်၏ အရှေ့ဘက် အပေါက်ဝသို့ အင်္ဂလိပ်တပ်သားများ ရောက်ရှိလာ၏။ မြန်မာတပ်များကလည်း တရကြမ်း ပစ်ခတ်တိုက်ခိုက်၏။ ထိုတိုက်ပွဲတွင် မြန်မာတို့လက်ချက်ဖြင့် ဗိုလ်ဒိုးရမ်းနှင့် သူ၏တပ်သား ၂ ယောက်သည် ထိုနေရာတွင်ပင် ကျဆုံးပြီးလျှင် ဦးစီးကွပ်ကဲသူ ဗိုလ်မှူး ကွတ်တီမှာလည်း ဒဏ်ရာ ရသွား၏။ အချိန်အတော်ကြာ လက်တစ်ကမ်းတိုက်ပွဲများ ဖြစ်ပွားပြီးနောက် မြန်မာတပ်တို့သည် နံနက် ၁၂ နာရီတွင် ရွှေတိဂုံခံတပ်မှ ကြည့်မြင် တိုင်ဘက်သို့ ဆုတ်ခွာကြရလေတော့၏။ ထို့နောက် မြန်မာတပ်များသည် လှိုင်မြစ်ကြောင်းနှင့် အခြားကုန်းလမ်းတို့ မှ တစ်စတစ်စ ဆုတ်ခွာကြရလေသည်။

ဧပြီလ ၁၉ ရက်နေ့တွင် ပုသိမ်မြို့၌ အင်္ဂလိပ်တပ်များနှင့် မြန်မာတပ်များတို့၏ လျှပ်တစ်ပြက်တိုက်ပွဲများမှာ ပြင်းထန်လှ၏။ ဖြစ်ပျက်ပုံမှာ ဤသို့တည်း။

ထိုနေ့ညနေ ၄ နာရီတွင် အင်္ဂလိပ်တပ်များသည် စစ်သင်္ဘောကြီး ၃ စင်းဖြင့် ပုသိမ်သို့ ရောက်ရှိလာ၏။ ပုသိမ်မြို့သို့အဝင် မြစ်၏အရှေ့ဘက်ကမ်းတစ်လျှောက်တွင် ၁ မိုင်မျှရှည်သော ခံကတုတ်မြေရိုးနှင့် မြန်မာတို့၏ ခံတပ်တစ်ခုကို တွေ့ရှိကြရလေသည်။ 'မြန်မာတို့သည် ထိုခံတပ်တွင် အမြောက်ကြီး ၁၆ လက်နှင့် စိန်ပြောင်း အလက်ပေါင်း ၂၀ တပ်ဆင်ထားပြီးလျှင် ခံစစ်အင်အား တောင့်တင်းစွာ နေရာယူထားသည်'ဟု သိကြရလေသည်။

အင်္ဂလိပ်စစ်သင်္ဘောများ အနီးသို့ ချဉ်းကပ်လာသော်လည်း မြန်မာခံတပ်မှ တစ်စုံတစ်ရာပစ်ခတ်ခြင်း မရှိပေ။ ထို့ကြောင့် အင်္ဂလိပ်စစ်တပ်များ၏ဦးစီး ဗိုလ်ချုပ်ဂေါ်ဒွင်က 'ရွှေမုဋ္ဌောစေတီတော်တည့်တည့်ရှိ ဆိပ်ကမ်းသို့ သင်္ဘော ကပ်ရန်' အမိန့်ပေး၍၊ သင်္ဘောကပ်ပြီးလျှင် အချို့အင်္ဂလိပ်တပ်များကို ကုန်းပေါ်သို့ တက်စေသည်။

မြန်မာခံစစ်ကြောင်း လက်ယာအစွန်သို့ ချီတက်လာသော အင်္ဂလိပ်တပ်များကို မြန်မာတပ်တို့က ဆီးကြို၍ တိုက်ခိုက်လေရာ အင်္ဂလိပ်တပ်တို့ကလည်း ပြန်လှန်တိုက်ခိုက်၏။ ထိုတိုက်ပွဲတွင် 'အင်္ဂလိပ်တို့ဘက်၌ တပ်ကြပ် ၁ ယောက် ကျ၍၊ တပ်သား ၂ ယောက် ဒဏ်ရာရသည်။'ဟု ဆို၏။ ရွှေမုဋ္ဌောမြန်မာခံစစ်ကြောင်း လက်ဝဲဘက်သို့ ချီတက်လာသော အင်္ဂလိပ်တပ်များနှင့် မြန်မာတပ်များသည်လည်း တစ်ဘက်နှင့်တစ်ဘက် အပြင်းအထန် တိုက်ပွဲ ဖြစ်ပွားကြလေ၏။ မြန်မာတပ်တို့သည် ရွပ်ရွပ်ချွံချွံ ခုခံတိုက်ခိုက်ရာ တိုက်ပွဲမှာ ညနေ ၆ နာရီကျော်မှ ပြီးစီးသွား၏။ အင်္ဂလိပ်တို့အဆိုအရ '၂ ယောက်ကျ၍ ၂၃ ယောက် ဒဏ်ရာရသည်။'ဆို၏။ တစ်ချိန်တည်းမှာပင် မြစ်တစ်ဖက်ကမ်း ရှိ မြန်မာခံတပ်သို့ချီတက်လာသော အင်္ဂလိပ်တပ်တို့နှင့် မြန်မာတပ်များ တိုက်ပွဲဖြစ်ပွားပြီးလျှင် မြန်မာတပ်တို့သည် ခံတပ်ကို စွန့်ခွာသွားကြရလေ၏။ အင်္ဂလိပ်တို့က ခံတပ်ကို မီးရှို့ဖျက်ဆီးပစ်လိုက်၏။

မြို့၏ တောင်ဘက်အစွန် မြစ်ကမ်းရှိ မြန်မာခံတပ်ဆီသို့ ချီတက်လာသော အင်္ဂလိပ်တပ်တို့အား ခံတပ်တွင်း ရှိမြန်မာတပ်များက အတော်ပြင်းထန်စွာ ခုခံတိုက်ခိုက်လေရာ၊ 'ယင်းတိုက်ပွဲမှာ ပုသိမ်တိုက်ပွဲများတွင် အပြင်း ထန်ဆုံး'ဟု ဆိုသင့်ပေသည်။ အင်္ဂလိပ်တပ်များသည် ခံတပ်၏နောက်ကျောဘက်သို့ ချီတက်သွားရာ ထိုလမ်း၌ သစ်ပင်ကြီးများ ခုတ်လှဲကာဆီး ပိတ်ဆို့ထားသည့်အပြင်၊ နေရာအနှံ့အပြား၌လည်း ဆူးငြောင့်ခလုတ်များ စိုက်ထောင် ထားသည်ကို တွေ့ရ၏။ ထို့ကြောင့် မြောက်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားပြီးလျှင် ခံတပ်၏ အရှေ့မြောက်ဘက် တံခါးသို့ ရောက်သောအခါ စတင်တိုက်ခိုက်၏။ မြန်မာတပ်များကလည်း သတ္တိပြောင်မြောက်စွာဖြင့် ပြင်းပြင်း ထန်ထန်ခုခံ၍ တိုက်ကြ၏။ ဆက်လက်၍ ခံတပ်တွင်းသို့ ချဉ်းနင်းချီတက်လာသည့် အင်္ဂလိပ်စစ်သားများနှင့် လက်


mgyoe.com

mgyoe.com SAMPLE BOOK
တစ်ကမ်းတိုက်ပွဲများ ဖြစ်ပွားပြန်လေရာ ထိုတိုက်ပွဲမှာ အချိန်အတော်ကြာလေသည်။ ၂ ဘက်စလုံးမှာပင် အကျအဆုံး ရှိကြ၏။ အင်္ဂလိပ်တို့ဘက်မှ စစ်ကြောင်းကို ဦးစီးသူ ဗိုလ်မှူး အာရင်တန် (Maj. Errington) မှာ ပေါင်ခြံတွင် ဒဏ်ရာ ရရှိသွား၏။ ဗိုလ်ရိုက်မှာ လက်တွင် ဒဏ်ရာ ရ၏။ ဗိုလ်ကြီးရိုက်မှာ လည်ပင်းတွင် ဒဏ်ရာရ၏။ ဗိုလ်ကာတာမှာ ခံကတုတ်ပေါ်အရောက်တွင် ပစ်ချခံရ၍ ကျုံးချောက်တွင်းသို့ ရောက်သွား၏။ ဗိုလ်အင်စလေမှာ ရင်တားပေါ်အတက်တွင် လက်၌ ဒဏ်ရာရရှိသွားလေသည်။

မြန်မာတို့တွင်လည်း စစ်ကဲ-မင်းလှမင်းထင်ကျော်, လင်းဇင်းတပ်အုပ်-ဗိုလ်လင်းယုန်တို့ ကျဆုံး၏။ မြန်မာစစ်သား ၂၀၀ ခန့် ကျဆုံးခဲ့၏။ မြန်မာတပ်များသည် ၂ ရက်မျှ မရပ်မနား ပြင်းထန်စွာခုခံပြီးနောက် ဟင်္သာတဘက်သို့ တဖြည်းဖြည်း ဆုတ်ခွာသွားကြရလေသည်။

ယင်း ပုသိမ်တိုက်ပွဲ၌ 'မြန်မာတပ်များသည် ရန်သူကိုအထင်သေးပြီး အမှုမဲ့နေခဲ့ကြသောကြောင့် ပြင်ဆင်ချိန်မရမီ အင်္ဂလိပ်တို့ ဆက်လက်တိုက်ခိုက်ခြင်းကို ခံလိုက်ရပြီးလျှင် ဤသို့ အထိနာသွားရသည်။' ဟု ခန့်မှန်း တွေးထင်ရပေသည်။

ဇွန်လ ၄ ရက်နေ့ နံနက်တွင် အင်္ဂလိပ်တပ်များသည် ဖလေဂျေသွန် စစ်သင်္ဘောအပြင် အခြားစစ်လှေများဖြင့် ပဲခူးမြို့သို့ ချီတက်လာကြ၏။ ပဲခူးမြို့တွင် တောင်တွင်းကြီးမြို့ဝန် မင်းရဲမင်းခေါင်ကျော် ဦးစီးသော မြန်မာတပ်များသည် တပ်စွဲလျက်ရှိ၏။ ချီတက်လာသော အင်္ဂလိပ်တို့ကို ပဲခူးမြို့အနီးမှနေ၍ မြန်မာတပ်တို့က အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်သောကြောင့် အင်္ဂလိပ်များသည် ကမ်းပေါ်သို့ တက်နေကြရလေသည်။ စစ်လှေများမှ ကမ်းတက်နေသောအင်္ဂလိပ်တပ်သည် မြစ်အထက်ဘက်သို့ ချီတက်သွား၏။ ထို့နောက်မကြာမီ မြန်မာတပ်ဖွဲ့တစ်ဖွဲ့သည် ထိုနေရာသို့ ရုတ်တရက်ရောက်ရှိလာပြီးလျှင် ကမ်းစပ်ရှိ အင်္ဂလိပ်တပ်တို့၏လှေများကို လာရောက် ဖျက်ဆီးသွားလေသည်။ အင်္ဂလိပ်တပ်သည် လှေများရှိရာသို့ ပြန်လည်လာကြစဉ် မြန်မာတပ်တစ်တပ်က ဆီးကြို၍တိုက်ခိုက်ခြင်းကို ခံကြရ၏။

ထို့နောက် အခြားတစ်နေရာတွင် ဆိုက်ကပ်ထားသောလှေများ သိမ်းယူသွားသော မြန်မာတပ်ဖွဲ့တစ်ဖွဲ့နှင့် အင်္ဂလိပ်တပ်တို့သည် ဒုတိယအကြိမ် တိုက်ပွဲဖြစ်ပွားပြန်၏။

နေ့လယ် ၁ နာရီတွင် စစ်မြင်းများကိုစီးလျက် လိုက်ပါလာသော ဗိုလ်ပေါင်း ၃၀ တို့က ကွပ်ကဲလျက် စစ်အင်အား ၁၄၀၀ ရှိ မြန်မာတပ်တစ်တပ်သည် အင်္ဂလိပ်တပ်တို့ရှိရာသို့ ချီတက်လာပြီးလျှင် ပြင်းထန်စွာ စတင်တိုက်ခိုက်၏။ အင်္ဂလိပ်တပ်များကလည်း ပြန်လည်ခုခံတိုက်ခိုက်၍ တိုက်ပွဲဖြစ်ပွား၏။ ထို့နောက် မြန်မာတပ်များသည် အနီးရှိ တောအုပ်အတွင်းသို့ ဆုတ်ခွာသွားလေ၏။

ရွှေမော်ဓောဘုရားမှနေ၍ ခုခံနေသော အင်္ဂလိပ်တို့သည် မြန်မာတပ်များကို ဆက်လက်တိုက်ခိုက်ပြီးလျှင် ခံတပ်ကို သိမ်းပိုက်ထားလိုက်လေသည်။

ပဲခူးကို သိမ်းယူပြီးသောအခါတွင် အင်္ဂလိပ်တို့က နိုင်ငံရေးကျားကစားသောအနေဖြင့် ပဲခူးမြို့ကို မွန်တို့လက်သို့ ပေးအပ်ပြီးလျှင် အင်္ဂလိပ်တပ်တို့ ပြန်လည်ဆုတ်ခွာသွား၏။ အင်္ဂလိပ်တပ်တို့ ဆုတ်ခွာသွား၍ ရက်မကြာမီပင် မြန်မာတပ်များက ပဲခူးကို ပြန်လည်တိုက်ခိုက်ပြီး သိမ်းယူတပ်စွဲ ထားလိုက်ပြန်လေသည်။

ဇူလိုင်လဆန်း ၆ ရက်နေ့တွင် အင်္ဂလိပ်တပ်သည် စစ်သင်္ဘော ၅ စင်းနှင့် ရန်ကုန်မှ ပြည်မြို့သို့ ချီတက်သွားကြလေသည်။ ချီတက်လာသော အင်္ဂလိပ်တို့၏သင်္ဘောတပ်ကို ကနောင်မြို့တွင်ရှိသော မြန်မာတို့၏ ကင်းစောင့်တပ်က

mgyoe.com

mgyoe.com SAMPLE BOOK
ဆီးကြိုတိုက်ခိုက်၏။ အင်္ဂလိပ်စစ်သင်္ဘောများသည် အဆိုပါမြန်မာတပ်ကို ပြန်လှန်ပစ်ခတ်ပြီးလျှင် ဆက်လက်ချီတက်သွားကြလေ၏။

မြန်အောင်တွင် ဇူလိုင် ၇ ရက်နေ့ ရပ်နားပြီး ၈ ရက်နေ့တွင် ပြည်မြို့သို့ ဆက်လက် ချီတက်သွားကြ၏။ ယင်းရေကြောင်းချီတပ်ကို မြန်မာတို့၏ အကောက်တောင်ကင်းတပ်မှ ဆီးကြိုတိုက်ခိုက်ရာ စစ်သင်္ဘောများမှလည်း ပြန်လည်ပစ်ခတ် တိုက်ခိုက်လေသည်။

ထို့နောက် အင်္ဂလိပ်တပ်များသည် ဆက်လက်ဆန်တက်ရာ ဇူလိုင်လ ၉ ရက်နေ့ည သန်းခေါင်အချိန်တွင် ပြည်မြို့သို့ ဆိုက်ရောက်သွားကြလေ၏။ ရောက်လျှင်ရောက်ချင်းပင် ကမ်းသို့ တပ်များတက်စေပြီးလျှင် တိုက်ခိုက်ကြ၏။ မြန်မာတပ်တို့ကလည်း ဆီးကြိုတိုက်ခိုက်၏။ အင်္ဂလိပ်တပ်တို့သည် နံနက်မိုးလင်းသောအခါ ပြည်မြို့မှ ဆုတ်ခွာ၍ ရန်ကုန်သို့ လှည့်၍ပြန်သွားကြလေ၏။ အပြန်တွင် အကောက်တောင်၌တပ်စွဲထားသော မြန်မာကင်းတပ်သည် မြစ်ကိုဖြတ်ကူးနေခိုက်နှင့် ရင်ဆိုင်တိုးမိ၍ တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားကြသေး၏။ ထိုတိုက်ပွဲများတွင် မြန်မာတို့ဆုတ်ခွာ၍ ကျန်ရစ်သော အမြောက်အချို့ကို အင်္ဂလိပ်တို့ ရရှိသွား၏။

အင်္ဂလိပ်တို့ဘက်မှ အရာရှိ ၄ ဦး ဒဏ်ရာရသည်ကိုသာ ၎င်းတို့မှတ်တမ်းတွင် ဖော်ပြ၏။ အကျအဆုံး စာရင်းကို မထုတ်ပြန်ချေ။ အင်္ဂလိပ်တပ်တို့၏ အခြေအနေမှာ အင်အားနည်းပါးနေသောအခြေတွင် ရှိနေလေရာ ဗိုလ်ချုပ်ဂေါ်ဒွင်၏ အစီရင်ခံချက်အရ အိန္ဒိယ ဘုရင်ခံချုပ်ကိုယ်တိုင် စစ်သင်္ဘောဖြင့် ရန်ကုန်သို့ လာရောက်ဆွေးနွေးရပြီးလျှင် အိန္ဒိယမှ နောက်ထပ် တပ်မ ၂ တပ်ကို ဖြည့်တင်းပေးရ၏။

ထို့ကြောင့် ဇူလိုင်လဆန်းမှစ၍ ဩဂုတ်လ, စက်တင်ဘာလတို့တွင် အင်္ဂလိပ်တပ်တို့သည် ၃ လတိုင်တိုင် တိုက်ပွဲများမဆင်နွှဲနိုင်ဘဲ အင်အားဖြည့်သည့် စစ်ကူများကိုသာ စောင့်ဆိုင်းနေရပေ၏။ စစ်ပြန်တမ်းများတွင် ထုတ်ဖော်ကြေညာခြင်း မပြုသော်လည်း ၃ လဆိုင်း၍ စစ်ကူတောင်းရခြင်းများကို ထောက်သော် မြန်မာတို့နှင့် တိုက်ပွဲဝင်ခဲ့သော မုတ္တမ, ရန်ကုန်, ဒလ, ပုသိမ်, ပဲခူး, ပြည် ပထမတိုက်ပွဲများတွင် အင်္ဂလိပ်စစ်သားများ၏ အခက်အခဲများနှင့် အကျအဆုံးမှာ နည်းပါးမည်မဟုတ်ကြောင်း ခန့်မှန်း တွေးထင်ရပေသည်။

အောက်တိုဘာလဆန်းတွင် အင်္ဂလိပ်တပ်များသည် ပြည်မြို့တစ်ဝိုက်ကို တိုက်ခိုက်ရှင်းလင်းရန် စစ်သင်္ဘောများ အဆင့်ဆင့်ခွဲ၍ ချီတက်လာပြန်၏။ ကမ်းတက်တပ်များတွင် အမြောက်တပ်များကို အဓိကအင်အားစုအဖြစ် အများအပြား ပါဝင်စေ၏။ မြန်မာတပ်တို့သည်လည်း ပြည်မြို့တွင် ခံတပ်, ကတုတ်, ရင်တားများကို အသင့်ပြင်ဆင်၍ ခံစစ်ကြောင်းတစ်လျှောက်တွင် အမြောက်ကြီးများကိုလည်း အသင့်နေရာချထားပြီး ဖြစ်၏။

အောက်တိုဘာလ ၇ ရက်နေ့တွင် အင်္ဂလိပ်ရေတပ် သင်္ဘောတပ်ဦးသည် ပြည်မြို့အောက်ဘက်ရှိ ခေါင်းဆေးကျွန်းသို့ ဆိုက်ရောက်၏။ ထိုနေ့တွင် အင်္ဂလိပ်တပ်တို့၏ ရေကြောင်းဗိုလ်ချုပ် အော်စတင်သည် အသက်အရွယ်ကြီးရင့်သူပီပီ အဖျားရောဂါဖြင့် သေဆုံးသွား၏။ သူ၏နေရာတွင် ကွန်မင်ဒိုလင်းဘတ်က ဆက်ခံ ဦးစီးသွားလေသည်။

အောက်တိုဘာလ ၉ ရက်နေ့တွင် အင်္ဂလိပ်ရေတပ်သည် ပြည်မြို့အနီး ရောက်ရှိသွားလေရာ၊ ပြည်မြို့အနီး တောင်ကုန်းပေါ်ရှိ မြန်မာတပ်က အဝေးပစ်အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံကြရ၏။ စစ်သင်္ဘောများကလည်း အမြောက်များဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်၏။ ဗြိတိသျှရေတပ်သင်္ဘောများသည် ဆက်လက်ချီတက်


mgyoe.com

mgyoe.com SAMPLE BOOK

သွားပြန်သောအခါ မြစ်ကမ်းဘေးရှိ မြန်မာခံတပ်မှ သေနတ်များ၊ စိန်ပြောင်းများဖြင့် တစ်ခဲနက် ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံရပြန်၏။ အင်္ဂလိပ်ရေတပ်သင်္ဘောများကလည်း အမြောက်များ၊ ဒုံးပျံများဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ကြ၏။ တစ်ဖန် အင်္ဂလိပ်တပ်များသည် ကမ်းတက်တိုက်ခိုက်ရေးအတွက် လမ်းရှင်းသောအနေဖြင့် မြန်မာတပ်များဆီသို့ အမြောက်များဖြင့် တစ်နေ့လုံး ပစ်ခတ်တိုက်ခိုက်နေကြလေ၏။

ညနေ ၅ နာရီခွဲတွင် အင်္ဂလိပ်တပ်တို့သည် မြစ်ကြောင်းအတိုင်း ပြည်မြို့အထက်ဘက် ဆန်တက်သွားပြီးလျှင် ကမ်းသို့ တက်ရောက်ကြ၏။ ကမ်းပေါ်ရှိ မြန်မာတပ်တို့ကလည်း ဆီးကြို၍ တိုက်ခိုက်၏။ နေဝင်သည်အထိ တိုက်ပွဲဖြစ်ပွားရာ၊ 'အင်္ဂလိပ်တို့ဘက်မှ ၁ ယောက်ကျ၍ ၁၂ ယောက် ဒဏ်ရာရသည်။' ဆို၏။

အောက်တိုဘာလ ၁၀ ရက်တွင် သင်္ဘောများပေါ်တွင် ကျန်နေသေးသော အင်္ဂလိပ်တပ်များသည် ပြည်မြို့ကမ်းပေါ်သို့တက်၍ မြန်မာတို့၏ ရွှေဆံတော်ခံတပ်ရှိရာသို့ အမြောက်များနှင့် ပစ်ခတ်ချီတက်သွားကြ၏။ ရွှေဆံတော်ခံတပ်သို့ ရောက်သောအခါ မြန်မာတပ်များသည် လွန်ခဲ့သောညကတည်းကပင် သရေခေတ္တရာမြို့ဟောင်းဘက်သို့ ဆုတ်ခွာသွားပြီးဖြစ်သည်ကို တွေ့ရ၏။ ထို့ကြောင့် အင်္ဂလိပ်တပ်များသည် ရွှေဆံတော်တွင် တပ်စွဲနေရာယူပြီးလျှင် အမြောက်တပ်များကို တောင်ခြေမှာ ဖြန့်၍ နေရာယူထားလိုက်၏။ ညဘက်သို့ရောက်သောအခါ အမြောက်တပ်သား စစ်ဘာရီကင်းစောင့်များကို မြန်မာ ဓားရဲခုတ်တပ်သားအချို့က ဓားနှင့်ပိုင်းပြီး လက်နက်များယူသွားသဖြင့် အင်္ဂလိပ်တပ်သားများမှာ များစွာထိတ်လန့် သွားကြလေသည်။

ဗိုလ်ချုပ်ဂေါ်ဒွင်သည် ပြည်မြို့တွင် မြို့စောင့်တပ်နှင့် အခြားတပ်များ၊ ၄င်းပြင် စစ်သင်္ဘောတစ်စင်းတို့ကို ထားခဲ့ပြီးလျှင် ပဲခူး၊ ပုသိမ်၊ မုတ္တမ၊ ဟင်္သာတနယ်များရှိ မြန်မာတပ်များကိုတိုက်ခိုက်ရန် ရန်ကုန်သို့ ပြန်လည်ဆုတ်ခွာသွား၏။

နိုဝင်ဘာလ ၁ ရက်တွင် မြန်မာများသည် ဟင်္သာတ၌ ဗိုလ်ကြီးဘီးချား (Capt. A. Becher) ဦးစီးသော အင်္ဂလိပ်တပ်နှင့် ယှဉ်ပြိုင်တိုက်ခိုက်ပြီး အတန်ကြာမှ မြန်မာတပ်များ အခြားတစ်နေရာသို့ ဆုတ်ခွာသွား၏။

နိုဝင်ဘာ ၁၉ ရက်တွင် 'မြန်မာတပ်များသည် အကောက်တောင်ခံတပ်ကို ပြန်လည်သိမ်းပိုက်ထားသည်။' ဟူသော သတင်းအရ ထိုဒေသကိုရှင်းလင်းရန် အင်္ဂလိပ်တပ်သားများသည် အင်္ဂလိပ်ရေတပ်သင်္ဘောတစ်စင်းဖြင့် ချီတက်လာပြီး၊ အကောက်တောင်နှင့်မလှမ်းမကမ်းတွင် သင်္ဘောကိုကျောက်ချ၍ ကမ်းသို့ တက်ရောက်ကြလေသည်။ မြန်မာတပ်တို့ကလည်း အမြောက်၊စိန်ပြောင်းများ တပ်ဆင်ထားပြီးလျှင် အင်္ဂလိပ်တပ်များ အနီးသို့ကပ်လာသည်အထိ တိုက်ခိုက်ရန် သတိနှင့်စောင့်နေလေ၏။ ဗိုလ်ကြီးဂတ်နာ (Capt. Gardner) ဦးစီးသော အင်္ဂလိပ်တပ်သည် နောက်ဘက်ရှိတောတန်းမှ ပတ်ပိုက်၍ မြန်မာတပ်ဖွဲ့ရှိရာသို့ ချီတက်လာစဉ် မြန်မာတပ်က စိန်ပြောင်းဖြင့် ချိန်ရွယ်ပစ်ခတ်တိုက်ခိုက်ပစ်လွှတ်လိုက်ရာ စစ်ဦးစီး ဗိုလ်ကြီးဂတ်နာမှာ နေရာတွင် ကျဆုံးသွားလေ၏။ အလောင်းကောက်ရန် ရှေ့သို့တက်လာသော စစ်ဘာရီအရာရှိတစ်ဦးလည်း မြန်မာတို့၏ကျည်သင့်၍ ကျဆုံးသွားပြီးလျှင် အင်္ဂလိပ်တပ်များသည် နောက်သို့ ပြန်လည်ဆုတ်ခွာသွားရလေ၏။

နိုဝင်ဘာလ ၂၂ ရက်နေ့တွင် လေးမျက်နှာ၌ အင်္ဂလိပ်တပ်နှင့် မြန်မာတပ်တို့ တိုက်ပွဲဖြစ်ပွား၏။
နိုဝင်ဘာလ ၂၆ ရက်နေ့တွင် သလဲတန်း၌ တိုက်ပွဲဖြစ်ပွား၏။
နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ပန်းတောင်းမြို့၌ တိုက်ပွဲဖြစ်ပွား၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဖိုးဦးတောင်၌ ပြန်လည်တပ်စွဲနေသော မြန်မာတပ်နှင့် အင်္ဂလိပ်တပ်တို့ ထပ်မံ၍ တိုက်ပွဲ ဖြစ်ပွားသေး၏။

မြန်မာတပ်များသည် ပြည်နယ်, ပုသိမ်နယ်များတွင် နေရာပြောင်းရွှေ့ပြီးလျှင် အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ဖြင့် အင်္ဂလိပ်တပ်တို့အား အမြဲတစေတိုက်ခိုက်ရန် အခြေအနေကိုစောင့်ဆိုင်းလှုပ်ရှားလျက် ရှိကြလေသည်။

* * *

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် စစ်သင်္ဘော ၄ စင်းနှင့် အခြားသင်္ဘောများ, စစ်လှေများဖြင့် အင်အား ၁၀၀၀ ကျော် ပါဝင်သော အင်္ဂလိပ်တပ်များသည် မြန်မာတို့သိမ်းပိုက်ထားသော ပဲခူးမြို့နှင့် ပတ်ဝန်းကျင်ကို တိုက်ခိုက်ရန် ချီတက်သွားကြ၏။ အင်္ဂလိပ်တပ်များတွင် အမြောက်တပ်များ, ရိုင်ဖယ်ကိုင် ကမ်းတက်တိုက်ခိုက်ရေးတပ်သားများ, လက်ပစ်ဗုံးကိုင်တပ်သားများ ဆပ္ပားမိုင်းနားတပ်များ ပါဝင်၏။ မြန်မာတပ်များကလည်း ပဲခူးမြို့ဟောင်းနေရာတွင်ရှိသည့် မြင့်မားသော ခံကတုတ်မြို့ရိုးနှင့် ကျုံးပတ်လည်ဝန်းရံထားသော ခံတပ်တွင် အခိုင်အမာ တပ်စွဲနေကြလေ၏။ အင်္ဂလိပ်တပ်များသည် ပဲခူးမြို့နှင့် ၇ မိုင်ကွာ အရပ်သို့ ရောက်သောအခါ နေဝင်သွားပြီဖြစ်၍ ထိုနေရာတွင် ညစခန်း ချကြရ၏။ အရှေ့ဘက်ကမ်းတွင် ကင်းစောင့်တပ်သားများကို ချထားလိုက်၏။ ည ၁၀ နာရီခန့်တွင် တောတန်းမှချီတက်လာသော မြန်မာတပ်သားအချို့သည် အင်္ဂလိပ်တို့၏စခန်းကို လာရောက်တိုက်ခိုက်၍ သွားလေသေး၏။

နိုဝင်ဘာလ ၂၀ ရက်နေ့ ဒီရေကျချိန်တွင် အင်္ဂလိပ်ရေကြောင်းချီတပ်များသည် ပဲခူးမြစ်ကို ဆက်လက်ဆန်တက်သွားကြပြန်၏။ မြစ်၏အထက်ပိုင်းသို့ ရောက်ရှိသောအခါ သင်္ဘောဆိုက်ကပ်ပြီးလျှင် ကမ်းပေါ်သို့တက်ကြကာ မြစ်ကမ်းဘေးရှိ သစ်တောများကို တစ်နေ့လုံး ခုတ်ထွင်ရှင်းလင်းပစ်လေသည်။ တောရှင်းနေသော အင်္ဂလိပ်တပ်သားများအား မြန်မာတပ်သားများက အထူးရဲရင့်စွာဖြင့် မကြာခဏ လာရောက်ပစ်ခတ် တိုက်ခိုက်ကြ၏။

နိုဝင်ဘာလ ၂၂ ရက်နေ့ နံနက်တွင် မြန်မာခံတပ်ကို တိုက်ခိုက်ရန်နေရာယူနေသော အင်္ဂလိပ်တပ်တို့အား ပတ်ဝန်းကျင်တောအုပ်မှ မြန်မာတပ်များက စတင် တိုက်ခိုက်လေတော့၏။ အင်္ဂလိပ်တပ်တို့ကလည်း ပြန်လှန်တိုက်ခိုက်၏။ ထိုတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်၌ ဒဏ်ရာရရှိကျဆုံးသွားသူများ အနည်းငယ်ရှိလေသည်။ ထို့နောက် အင်္ဂလိပ်တပ်များသည် ရှေ့သို့ ဆက်လက်ချီတက်လာပြန်ရာ မြန်မာတို့က တောအုပ်အတွင်းမှနေ၍ ပြင်းထန်စွာ ဆီးကြိုတိုက်ခိုက်လိုက်ကြသဖြင့် အင်္ဂလိပ်တပ်တို့၏ချီတက်မှုမှာ ခေတ္တမျှ တန့်သွားလေ၏။ ထိုနေရာတွင် မြက်တောကြီးမှာ ရင်ဘတ်ထိမျှရှိ၍ အင်္ဂလိပ်တပ်များမှာ မြန်မာတို့၏ ချုံခိုတိုက်ခိုက်ခြင်းကို အလစ်တွင်ခံလိုက်ရပြန်သည်ဟု အင်္ဂလိပ်မှတ်တမ်းတွင် ဖော်ပြထားလေသည်။

အင်္ဂလိပ်တပ်များသည် အမြောက်တပ်ဖွဲ့နှင့်အတူ ပဲခူးခံတပ် တောင်ဘက်မျက်နှာဆီသို့ လှုစုခွဲ၍ ခပ်ကျဲကျဲချီတက်လာကြပြီးနောက်၊ အမြောက်တစ်ကမ်းစာသို့ ရောက်သောအခါ အမြောက်ကြီးများဖြင့် မြန်မာတို့၏ မြို့ရိုးခံတပ်တောင်ဘက်မျက်နှာကို ၄ နာရီကြာမျှ အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်၏။ မြန်မာတပ်တို့ကလည်း ပြန်လည်၍ ပစ်ခတ်ခုခံကြ၏။ အင်္ဂလိပ်တပ်များသည် ကျုံးကူးတံတားရှိရာမှ ဖြတ်သန်းပြီးလျှင် ကျုံးနှင့် မြို့ရိုးအတွင်းရှိ မြန်မာတပ်များကို ဝင်ရောက်တိုက်ခိုက်ရာ မြန်မာတပ်များကလည်း ရွပ်ရွပ်ချွံချွံခုခံတိုက်ခိုက်၏။ ထိုတိုက်ပွဲသည် လက်တစ်ကမ်းတိုက်ပွဲ ဖြစ်သဖြင့် အတော်ပြင်းထန်၍ ၂ ဘက်လုံး၌ အကျအဆုံး များပြားလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာတပ်များသည် တောင်ဘက်မျက်နှာမှ မြို့ရိုးအနောက်ဘက်မျက်နှာဆီသို့ ဆုတ်ခွာ၍နေစဉ် တောင်ဘက်မျက်နှာတံခါးဝကို ဖြိ၍တိုက်သော အင်္ဂလိပ်တပ်တစ်တပ် နောက်ထပ်ရောက်လာပြန်၍ မြန်မာတပ်များက ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်ရာ အနီးကပ်တိုက်ပွဲများ ဖြစ်ပွားရပြန်လေ၏။ နေ့ခင်း ၁ နာရီအချိန်တွင် ရွှေမော်ဓောကုန်းခံတပ်မှာ အင်္ဂလိပ်တို့လက်ထဲသို့ ကျရောက်သွားလေ၏။

ထိုတိုက်ပွဲတွင် 'အင်္ဂလိပ်တို့ဘက်မှ ၆ ယောက် ကျဆုံး၍ ၄၀ ဒဏ်ရာ ရသည်။' ဆို၏။ 'ဒဏ်ရာရသူတို့တွင် အင်္ဂလိပ် စစ်ဗိုလ် ၂ ဦးနှင့် အရာရှိ ၁ ဦး ပါဝင်သည်။' ဆိုလေသည်။

နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ်ဂေါ့ဒွင်သည် ဗိုလ်မှူးဟေး၏ တပ်နှင့် ရေတပ်သင်္ဘောငယ် ၂ စင်းကို မြို့စောင့်ထားခဲ့ပြီးလျှင် ရန်ကုန်သို့ ပြန်၍ သွားလေ၏။ ပဲခူးမြစ်တွင်းတွင် ကျောက်ချထားသော အင်္ဂလိပ် တို့၏ အမြောက်တင်စစ်သင်္ဘော ၂ စင်းကို မြန်မာတပ်များက လာရောက်တိုက်ခိုက်သွား၏။

နိုဝင်ဘာလ ၂၇ ရက်နေ့ ညနေခင်းတွင် ရွှေမော်ဓောတွင် တပ်စွဲထားသော ဗိုလ်မှူးဟေး ဦးစီးသည့် အင်္ဂလိပ်တပ်များကို အင်အားတောင့်တင်းသော မြန်မာတပ်တို့က ရှုပ်ရှုပ်ချွံချွံ လာရောက်တိုက်ခိုက်သွားသည့်ပြင် တစ်ချိန်တည်းမှာပင် မြစ်တွင်းရှိ စစ်သင်္ဘောများကိုလည်း တိုက်ခိုက်သွား၏။ ရွှေမော်ဓောခံတပ်ကိုတိုက်သော မြန်မာတပ်များသည် ခံတပ်နံရံကို ၃ ဖက် ၃ တန်မှ လှေကားများ ထောင်တက်လာပြီးလျှင် ရဲရင့်စွာ တိုက်ခိုက်သွားကြ၏။ 'ထိုတိုက်ပွဲများတွင် အင်္ဂလိပ်တို့ဘက်မှ ၇ ယောက်သာ ဒဏ်ရာရသည်။' ဟု ၄င်းတို့ မှတ်တမ်းတွင် ဆို၏။

ဒီဇင်ဘာလ ၅ ရက်မှ ၈ ရက်နေ့အထိ အင်အားကြီးမားသော မြန်မာတပ်များသည် ရွှေမော်ဓောတွင် တပ်စွဲနေသော အင်္ဂလိပ်တပ်အား ၃ ဘက် ၃ တန်မှ ညှပ်၍ ပြောက်ကျားတိုက်ခိုက်လာရာ၊ အင်္ဂလိပ်တပ်များမှာ ခဲယမ်းမီးကျောက်များ ကုန်လုခမန်းအခြေတွင်ရှိသည့်ပြင် ညှပ်ပူးညှပ်ပိတ် အဝိုင်းခံ၍လည်း နေရလေ၏။ အင်အားကြီးမားသော မြန်မာတပ်ကို တွန်းလှန်ရန်အတွက် ဗိုလ်မှူးဟေးသည် ရန်ကုန်စစ်ဌာနချုပ်သို့ စစ်ကူတောင်းရလေတော့၏။ ရန်ကုန်မှ ပဲခူးရှိ ဗိုလ်မှူးဟေး၏တပ်သို့ ရိက္ခာပို့လွှတ်လိုက်သော သင်္ဘောတစ်စင်းကို မြန်မာတပ်တို့က လမ်းမှ ဆီးကြိုတိုက်ခိုက်၍ စစ်ဦးစီးအရာရှိ ၁ ဦးနှင့် အင်္ဂလိပ်တပ်သား ၄ ဦး ကျဆုံးသွား၏။

ထို့နောက် မြန်မာတပ်များသည် သူတို့၏ နန်းတွင်းရေးအခြေအနေကြောင့် ပဲခူးစစ်မျက်နှာမှ နေပြည်တော်သို့ ဆုတ်ခွာသွားကြလေတော့၏။

ဒီဇင်ဘာ ၁၇ ရက်နေ့တွင် ပဲခူးမြို့ မြောက်ဘက် ၄ မိုင်ကွာ၌ ရန်ကုန်မှ စစ်ကူရောက်လာသော အင်္ဂလိပ်တပ်တို့နှင့် ဆုတ်ခွာစပြုနေသော မြန်မာတပ်မကြီး၏ နောက်ချန်တပ်တို့ နောက်ဆုံးတိုက်ပွဲ ဖြစ်ပွားသေး၏။

* * *

နေပြည်တော်တွင် ပုဂံမင်းအား ညီတော်မင်းတုန်းမင်းသားနှင့် ကနောင်မင်းသားတို့က ပုန်ကန်ခြားနားပြီးလျှင်၊ မင်းတုန်းမင်း၏တပ်များက တစ်မြို့ပြီးတစ်မြို့ သိမ်းယူနေကြသောအချိန်နှင့် ပဲခူးနှင့် ပြည်တစ်ဝိုက်တွင် အင်္ဂလိပ်တပ်နှင့် မြန်မာတပ်များ တိုက်ပွဲဖြစ်သည့်အချိန်သည် တစ်ချိန်တည်းလိုပင် ဖြစ်နေ၏။

mgyoe.com

mgyoe.com SAMPLE BOOK

အရေးထဲ အရာပေါ်ခြင်းကြောင့် ပုဂံမင်းမှာ သူပုန်ရန်ကို နှိမ်နင်းရန် စစ်မျက်နှာအသီးသီး၌ အင်္ဂလိပ်တို့အား ခုခံတိုက်ခိုက်နေသော မြန်မာတပ်များကို ပြန်လည်၍ ဆင့်ခေါ်ရလေ၏။ ထို့ကြောင့် ပြည်မြို့နယ်မှ မြန်မာတပ်များသည် နိုဝင်ဘာလကုန်ခါနီးတွင် ဆုတ်ခွာလာခဲ့ရ၍ ပဲခူးနယ်မှ မြန်မာတပ်များသည် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စစ်မျက်နှာအသီးသီးမှ ဆုတ်ခွာလာခဲ့ကြရလေ၏။

အင်္ဂလိပ်ရေတပ်သည် အခုအခံမရှိသောပြည်မြို့မှ ဆန်တက်၍ မြေထဲမြို့သို့အထိ တပ်စွဲထား၏။ ပဲခူးတွင်လည်း အင်္ဂလိပ်တပ်တို့ အခိုင်အမာ တပ်စွဲထားလေပြီ။ ဤနည်းဖြင့် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲမှာ စစ်ပြေငြိမ်းစာချုပ် မရှိဘဲနှင့် ပြီးသွားရလေတော့၏။

ရန်ကုန်တစ်ဝိုက်တိုက်ပွဲများ၊ မုတ္တမ, ပဲခူး, ပြည် စသော တိုက်ပွဲများတွင် မြန်မာ့တပ်မတော်နှင့် အင်္ဂလိပ်စစ်တပ်တို့သည် အကြီးအကျယ်တိုက်ခိုက်ကြပြီးနောက် ၈ လ ကြာသောအခါ ၁၈၅၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စစ်ပြေငြိမ်းရေးစာချုပ်, စစ်လျော်ကြေးစာချုပ် မပြုလုပ်ရဘဲ၊ 'အောက်မြန်မာနိုင်ငံ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့ကို အင်္ဂလိပ်တို့ သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း' အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒါလဟိုဇီ၏ကိုယ်စား ကပ္ပတိန်ဖယ်ယာက ကြေညာလိုက်လေသည်။ မြေထဲခံတပ်မြောက်ဘက် ၆ မိုင်ကွာ ဒဂုန်မော်ရွာတွင် နယ်ခြားကျောက်တိုင်စိုက်ထူ၍၊ 'အောက်မြန်မာနိုင်ငံသည် အင်္ဂလိပ်မင်းပိုင် ဖြစ်ပြီ။'ဟု ကြေညာ၏။ မြေထဲမြို့တွင် မေဂျာအာလံကွပ်ကဲအုပ်ချုပ်၍ နယ်ခြားကုလားတပ်ကို ချထားလိုက်ပြီးလျှင်၊ မြေထဲမြို့ကိုလည်း အာလံမြို့* ဟု ပြောင်းလဲခေါ်တွင်စေ၏။

လူမျိုးတစ်ပါး၏ စိုးမိုးခြင်းကို မလိုလားသောကြောင့် ပုသိမ်နယ်မှ ဗိုလ်မြတ်ထွန်း, ပန်းတနော်မှ ဗိုလ်သာဦး, ငါးသိုင်းချောင်း ရေကြည်နယ်မှ နတ်ရှင့်ရွှေဗိုလ်တို့သည် ဆက်လက်၍ အင်္ဂလိပ်တပ်တို့ကို တိုက်ခိုက်တော်လှန်နေကြရာ၊ '၃ နှစ်တိုင်တိုင် မငြိမ်မသက်ဖြစ်ခဲ့သည်။'ဟု ပြောဆိုစမှတ် တွင်ခဲ့လေသည်။

ပုသိမ်နယ်မှ တော်လှန်ရေးခေါင်းဆောင် ဗိုလ်မြတ်ထွန်းသည် နောက်လိုက် လူ ၄၀၀၀ နှင့် ပြောက်ကျားစံနစ်ဖြင့် အင်္ဂလိပ်တို့ကို ခုခံတိုက်ခိုက်ရာ အင်္ဂလိပ်တို့အဖို့ အတော် အထိနာခဲ့ကြသည်။

အင်္ဂလိပ်တို့သည် ၎င်းတို့သိမ်းပိုက်ပြီးသော အောက်မြန်မာနိုင်ငံအား 'ဗြိတိသျှဘားမား' ခေါ် 'အင်္ဂလိပ်ပိုင်မြန်မာပြည်'ဟု ခေါ်ဝေါ်စေပြီးလျှင်၊ ဦးစွာအစ အိန္ဒိယဘုရင်ခံချုပ်က တိုက်ရိုက်အုပ်ချုပ်၏။ နောက် ၁၀ နှစ်ကြာသောအခါ ၁၈၆၂ ခုနှစ်မှာ ရခိုင်နှင့် တနင်္သာရီတိုင်းများကို ပဲခူးတိုင်း, ဧရာဝတီတိုင်းတို့နှင့် ပေါင်းစပ်၍ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရသော တိုင်းအဖြစ်ဖြင့် ဖွဲ့စည်း၍၊ ဆာ အာသာဖယ်ယာအား မဟာဝန်ရှင်တော် ကော်မရှင်နာမင်းကြီးအဖြစ်ဖြင့် ခန့်ထားအုပ်ချုပ်စေသည်။

---

* ယခု 'အောင်လံမြို့' ဟု အမည်ပြောင်းထား၏။


mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း ၃

## တတိယ အင်္ဂလိပ်-မြန်မာ စစ်ပွဲ

### မင်းတုန်းမင်း

အထက်မြန်မာနိုင်ငံတွင် ပုဂံမင်းကိုခြားနား၍ ခရစ်နှစ် ၁၈၅၃ ခုနှစ်- မြန်မာသက္ကရာဇ် ၁၂၁၄ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်နေ့တွင် မင်းတုန်းဘုရင်သည် မင်းအဖြစ်သို့ ရောက်၏။ ထို မင်းတုန်းမင်းသည် အင်္ဂလိပ်တို့နှင့် သင့်တင့်အောင် ပေါင်းသင်းဆက်ဆံလိုသော စိတ်ဆန္ဒသဘောထား ရှိလေသည်။ မဟာမင်းခေါင်သီဟသူကို သံတမန်အဖြစ်ဖြင့် စေလွှတ်၍ အင်္ဂလိပ်တို့နှင့် စစ်ပြေငြိမ်းရေးအတွက် ဆောင်ရွက်စေ၏။

၁၈၅၇-၅၈ ခုနှစ်တွင် အိန္ဒိယပြည်၌ စစ်ဘာရီစစ်တပ်များ ပုန်ကန်ထကြွ၍ အင်္ဂလိပ်တို့ ဒုက္ခရောက်ချိန်တွင် ညီတော်အိမ်ရှေ့မင်းသားနှင့် မှူးကြီးမတ်ကြီးအချို့က အောက်မြန်မာပြည်ကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရန် အကြံပေးကြ၏။ မင်းတုန်းဘုရင်က 'မဟာမိတ်ချင်း ရန်မပြုလို'ဟု ငြင်းပယ်ခဲ့၍ ထိုအကြံ ပျက်ခဲ့ရ၏။ မင်းတုန်းဘုရင်သည် စစ်ဘာရီသူပုန်ကြောင့် ဒုက္ခရောက်ရှိနေသော အိန္ဒိယပြည်ရှိဒုက္ခသည်တို့အား ထိုစဉ်က မြန်မာငွေ ၁ သိန်း ခွဲ လှူဒါန်းထောက်ပံ့ခဲ့လေသေးသည်။

၁၈၆၅ ခုနှစ်တွင် မင်းတုန်းဘုရင်သည် ငွေစင်ဒေါင်းဒင်္ဂါးများကို မြန်မာနိုင်ငံတွင် သွန်းလုပ်ပြီးလျှင် တိုင်းပြည်အဝှန်း အသုံးပြုစေ၏။

၁၈၆၆ ခုနှစ်တွင် သားတော်မြင်ကွန်းမြင်းခုန်တိုင်မင်းသားတို့ ထကြွပုန်ကန်မှု ဖြစ်ပွားသဖြင့် အုပ်ချုပ်ရေးနှင့် နိုင်ငံတော်ပြန်လည်ထူထောင်ရေး, စက်မှုလက်မှုတည်ဆောက်ရေးကိစ္စတို့၌ အမြင်ကျယ်လှသော ညီတော်အိမ်ရှေ့မင်းသား ကျဆုံးခဲ့ရပေသည်။ ဤ နန်းတွင်းပုန်ကန်မှုသည် စက်မှုလက်မှုနိုင်ငံတော်အဖြစ် အရှိန်တက်စပြုနေသော မြန်မာတို့အား အညွန့်ချိုးနှိမ်ပစ်ရာသို့ ရောက်ရှိခြင်းကြောင့် ဝမ်းနည်းဖွယ်ပင် ဖြစ်ပေသည်။

၁၈၆၉ ခုနှစ်တွင် ဥရောပမြေထဲပင်လယ်နှင့် အာရှတောင်ပိုင်း အိန္ဒိယသမုဒ္ဒရာတို့ကို လမ်းတိုဖြတ်သန်းနိုင်သော စူးအက်တူးမြောင်းပွင့်၍ အောက်မြန်မာပြည်နှင့် ဥရောပတိုက်တို့၏ ကူးသန်းရောင်းဝယ်ရေးမှာ တိုးတက်လာလေသည်။ အင်္ဂလိပ်တို့သည် ကမ္ဘာ့ဈေးကွက်တွင် ရောင်းပန်းလှသော အထက်မြန်မာပြည်ရှိ ကျွန်းသစ်,ရေနံ စသည်များကို လိုချင်မက်မော လာကြပြန်လေသည်။

၁၈၇၁ ခုနှစ်တွင် မင်းတုန်းဘုရင်သည် မြန်မာပြည်နှင့် လင်္ကာဒီပ သီဟိုဠ်ကျွန်းမှ ဆရာတော် ၂၄၀၀ အား ပင့်၍ ပဉ္စမသံဂါယနာ မဟာဓမ္မသဘင်ကို ငွေကြေးအကုန်အကျခံ၍ စီမံဆောင်ရွက်ခဲ့ရာ ၅ လကြာမှ ပြီး၏။ ဗုဒ္ဓပိဋကတ်တော်များကို ကျောက်ပြားပေါင်း ၇၂၉ ချပ်ပေါ်တွင် သုဓမ္မာဆရာတော်များကိုယ်တိုင် ကြီးကြပ်၍ ကျောက်ထက်အက္ခရာ တင်စေခဲ့လေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

၁၈၇၂ ခုနှစ်တွင် အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံများသို့ သံလဲလှယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ မဟာမိတ်စာချုပ်ပြုလုပ်ရေးအတွက် ကင်းဝန်မင်းကြီး ကြီးမှူးသော သံအဖွဲ့ကိုစေလွှတ်၍ စာချုပ် ချုပ်စေ၏။ ပါးရှားနှင့် အိန္ဒိယပြည်သို့လည်း သံအဖွဲ့ စေလွှတ်ခဲ့သည့်အပြင်၊ ၁၈၅၇ ခုနှစ်က အမေရိကန်သို့ ခရစ်ယာန်ဘုန်းကြီး ကင်းကိတ်အား စေလွှတ်၍ ဝါရှင်တန်မြို့ အမေရိကန်သမ္မတဘုခနန်ထံ မဟာမိတ်ပြုလုပ်ရန် သဝဏ်လွှာ ပါးခဲ့ဖူးပေသည်။

မင်းတုန်းမင်း၏လက်ထက်တွင် မြန်မာနိုင်ငံအထက်ပိုင်း၌ အေးချမ်းစွာရှိ၍ ငြိမ်းချမ်းရေးခေတ်တစ်ခေတ် ဖြစ်ပေသည်။

## သီပေါမင်း

၁၈၇၈ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် မင်းတုန်းဘုရင်နတ်ရွာစံခဲ့ရာ၊ ထီးမွေနန်းမွေအတွက် နန်းတွင်းရေးများ ရှုပ်ထွေး၍ ဘုရင့်သားတော် သမီးတော်၊ မြေးတော်များ အသတ်ခံရပြီးနောက် သီပေါမင်းနန်းတက်၏။ သီပေါမင်းလက်ထက်တွင် မှူးမတ်များ စိတ်ဝမ်းကွဲပြားခြင်း၊ အိမ်တော်ပါ ကျွန်ယုံများ အာဏာ ပြင်းလွန်းခြင်းကြောင့် သီပေါဘုရင်ကို မလိုလားသော အတွင်းလူများ ပေါ်လာတော့၏။ ရေနံချောင်းဝန်၊ ခန်းပတ်ဝန်၊ ရွှေပြည်ဝန်တို့မှာ ရာထူးမှချထားခြင်း ခံရ၏။

သီပေါမင်း နန်းတက်ပြီးနောက် ပြင်သစ်တို့က ၄င်းတို့ပိုင် အင်ဒိုချိုင်းနား တုံကွင်နှင့် မြန်မာပြည်ကို မီးရထားလမ်း ဆက်သွယ်ဖောက်လုပ်၍ လက်ဖက်ခြောက်ရောင်းချရန်၊ မြန်မာနိုင်ငံတွင် ဘော်တွင်း တူးဖော်ခွင့်ရရန် ဘဏ်တိုက်ဖွင့်၍ ပြင်သစ်တို့က အုပ်ချုပ်စီမံရန် သံတမန်များလွှတ်၍ စေ့စပ်လာ၏။

၁၈၈၄ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ပြင်သစ်နှင့် မြန်မာအစိုးရတို့ မဟာမိတ်စာချုပ် ပြုလုပ်ကြ၏။ အရင်းငွေပေါင်း ၂ သန်း ၅ သိန်းဖြင့် ပြင်သစ်ဘဏ်တစ်ခုကို မြန်မာနိုင်ငံ၌ဖွင့်ရန်နှင့် ဘော်တွင်းတူးဖော်ရန် စသော စာချုပ်များကို ပြုလုပ်၏။

* * *

အင်္ဂလိပ်ပိုင် အောက်မြန်မာပြည်၌ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲအပြီး ၁၀ နှစ်ကြာသောအခါ ၁၈၆၂ ခုနှစ်မှ ၆၇ ခုအထိ ကော်မရှင်နာ မဟာဝန်ရှင်တော်မင်းကြီး ဆာ အာသာဖယ်ယာ အုပ်စိုး၏။

ထို့နောက် ဆက်လက်အုပ်စိုးသော မဟာဝန်ရှင်တော်မင်းကြီးများမှာ -

| | |
|---|---|
| မေဂျာဂျင်နရယ် အဲလ်ဘတ်ဖိုက်ချ်။ | ၁၈၆၇-၇၁ ခုနှစ် |
| ကာနယ်အာဒါး- ခေတ္တ | ၁၈၇၁ ခုနှစ် |
| ဆာအက်ရှလီအီဒင် | ၁၈၇၁-၇၅ ခုနှစ် |
| ဆာရေးဗား သွန်မဆင် | ၁၈၇၅-၇၈ ခုနှစ် |
| ဆာချားလ်စ် အက်ချီဆင် | ၁၈၇၈-၈၀ ခုနှစ် |
| ဆာချားလ်စ် ဘားနတ် | ၁၈၈၀-၈၇ ခုနှစ် တို့ဖြစ်သည်။ |

mgyoe.com

အောက်မြန်မာပြည်တွင် လယ်မြေရိုင်းများကို စားမဦးချ လုပ်ကိုင်တီထွင်သူတို့အား ပိုင်ဆိုင်ခွင့် ပေးခြင်း။ ခိုးသားဓားပြမနှိပ်စက်ရအောင် ကင်းဂတ်များဖွင့်၍ လယ်သမားတို့၏အသက်စည်းစိမ်ကို ကာကွယ်ပေးခြင်း။ တိုင်းရင်းသားများအား ကျေးရွာသူကြီးခန့်၍ မြှောက်စားခြင်း။ သေနတ်များပေး၍ ကျေနပ်စေခြင်း။ စသော ဒါနဥပါယ်, သာမဥပါယ် ပရိယာယ်ကိုသုံး၍ အင်္ဂလိပ်အရာရှိများက နယ်ချဲ့စနစ်ခိုင်မြဲစေရန် တိုင်းရင်းသားတို့အား သိမ်းသွင်းထားလေသည်။ ထို့ပြင် တစ်ဘက်မှလည်း တိုင်းသူပြည်သားတို့၏အခွင့်အရေးများကို ချုပ်ချယ်သော အက်ဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းထားလေသည်။

၁၈၈၅ ခုနှစ် ဇူလိုင်လတွင် အိန္ဒိယဘုရင်ခံချုပ်က အထက်မြန်မာပြည်နှင့် ပြင်သစ်တို့ ချုပ်ဆိုသော စာချုပ် မိတ္တူတို့ကို တင်ပြပြီးလျှင်၊ 'မြန်မာနိုင်ငံကို ခြယ်လှယ်နေကြပြီ။'ဟု အင်္ဂလိပ်အစိုးရသို့ အစီရင်ခံ၏။

၁၈၈၅ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် မြန်မာဘုရင်အစိုးရက 'ဘုံဘေဘားမားသစ်ကုမ္ပဏီသည် အခွန်အကောက်မဆောင်ဘဲ ကျွန်းသစ်လုံးရေ ၅ သောင်းကျော်*ကို ထုတ်ယူသည်။'ဟု မြန်မာအကောက်ဌာန၏ အစီရင်ခံစာအရ အမှုကို စုံစမ်းစစ်ဆေးသောအခါ၊ သက်သေအထောက်အထား လုံလောက်၍ မြန်မာလွှတ်တော်ရုံးက 'ဒဏ်ငွေ ၂၃ သိန်း ပေးဆောင်စေ။'ဟု အမိန့်ချလိုက်၏။

၁၈၈၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပြင်သစ်လွှအောက်မြန်မာနိုင်ငံ ကော်မရှင်နာမင်းကြီးထံမှ သစ်မှုနှင့်စပ်လျဉ်း၍ ဗြိတိသျှတို့၏ ဖျန်ဖြေမှုကိုလက်ခံရန် မြန်မာဘုရင်ထံ ရာဇသံ ပို့၏။

ဗိလတ်ရှိ အိန္ဒိယအတွင်းဝန်ထံမှလည်း ကြေးနန်းဖြင့် 'အထက်မြန်မာပြည် ဘုရင့်အစိုးရသည် ကျေနပ်လောက်အောင် မရွက်ဆောင်'ဟု အကြောင်းပြ၍ ဗိုလ်ချုပ် ပရင်ဒါဂတ်အား ပြည်သိမ်းတပ်ကို ကွပ်ကဲစေ၍ 'စစ်တိုက်သိမ်းယူစေ'ဟု ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အမိန့်ပေး၏။

မြန်မာဘုရင်အစိုးရက အလျှော့ပေး၍ စေ့စပ်သော်လည်း အင်္ဂလိပ်တို့က လုံးဝလက်မခံဘဲ၊ အင်္ဂလိပ်အစိုးရ စစ်တပ်များသည် အထက်မြန်မာနိုင်ငံသို့ အင်္ဂလိပ်-မြန်မာနယ်ခြားဖြစ်သော သရက်မြို့မှ စတင် ချီတက်လာကြတော့၏။

စစ်ဖြစ်ရခြင်း၏ အကြောင်းမှန်မှာ မြန်မာဘုရင့်အစိုးရနှင့် ပြင်သစ်အစိုးရတို့ မဟာမိတ်စာချုပ် ပြုလုပ်ကြပြီးနောက် အထက်မြန်မာပြည်ကို ပြင်သစ်တို့ ဝင်ရောက်၍ မခြယ်လှယ်မီ အင်္ဂလိပ်တို့ လက်ဦးအောင် အကြောင်းအပြစ်ရှာ၍ သိမ်းယူနယ်ချဲ့လိုခြင်းသာလျှင် ဖြစ်သည်။

ချီတက်လာသော အင်္ဂလိပ်ရေကြောင်းချီတပ်များအား မင်းလှ, ရေနံချောင်း, မြင်းခြံနှင့် သပြေတန်းခံတပ်စသည်တို့မှ မြန်မာဘုရင့်တပ်အချို့က အသက်ပေး၍ ခုခံကြ၏။

မြန်မာတပ်ကြီးသည် ချီတက်လာသော အင်္ဂလိပ်တပ်များကို ခုခံတိုက်ခိုက်ရန် 'ဧရာဝတီမြစ်စဉ်စစ်ကြောင်း, တောင်တွင်းကြီးစစ်ကြောင်း, တောင်ငူစစ်ကြောင်း'ဟူ၍ စစ်ကြောင်း ၃ ကြောင်း ခွဲဝေချထားလိုက်သည်။

---

* သစ်လုံးရေ ၅၇၉၅၅

mgyoe.com

mgyoe.com SAMPLE BOOK

ရေဝတီမြစ်စဉ်စစ်ကြောင်းမှ ခံကတုတ်အဆင့်ဆင့်တွင် ခုခံရန် တပ်သား ၃၄၀၀ တို့ကို ဆင်ပေါင်ဝဲနယ် စစ်အောင်ခန်း ခံတပ်၊ ထူးပေါက်ခံတပ်၊ ပန်းတော်ပြင် ခံတပ်၊ ငွေးချောင်းခံတပ်၊ မင်းလှခံတပ်များတွင် ခွဲဝေ နေရာချထားလေသည်။

တောင်တွင်းကြီးစစ်ကြောင်း၊ တောင်ငူစစ်ကြောင်းများတွင်လည်း ကြည်းကြောင်းတပ်များကို လက်နက်ရိက္ခာ အပြည့်အစုံနှင့် တပ်ချထားသည်။

အင်္ဂလိပ်တို့ဘက်မှ ရေဝတီမြစ်ကြောင်းချီတပ်များတွင် စစ်သင်္ဘော ၂ စင်း၊ အခြားသင်္ဘောကြီး ၂၄ စင်း၊ တွဲသမ္ဗန် ၂၃ စင်း ပါဝင်၏။ ရေတပ်၊ကြည်းတပ်၊အမြောက်တပ် စသော တပ်ဖွဲ့များမှ အင်အား ၉၄၆၇ ယောက်၊ အမြောက်ကြီး ၇၇ လက်ပါရှိရာ ထိုအမြောက်များတွင် အမြန်ပစ်စက်အမြောက် ၂၇ လက် ပါသည်။ အင်္ဂလိပ် တို့သည် သူလျှိုတို့ထံမှ သတင်းရပြီး ဖြစ်သည့်အတိုင်း ကြည်းကြောင်းမှချီတက်ရန် လုံး၀ မစဉ်းစားဘဲ၊ အင်အား ရှိသမျှကို ရေဝတီမြစ်ကြောင်းတွင် စုပေါင်းထားရှိပြီးလျှင် စစ်ဆင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်လေသည်။

ဗြိတိသျှ ရေကြောင်းချီတပ်သည် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်- ခရစ်နှစ် ၁၈၈၅ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့ နံနက်စောစောတွင် သရက်မြို့မှ စတင်၍ ချီတက်ကြလေသည်။

စစ်အောင်ခန်းခံတပ်တွင် မြေဒူးဝန် မဟာမင်းထင် မင်းလှမင်းခေါင်၏ တပ်နှင့် နေပြည်တော် မြောက်ထားဝယ်စု မှ မင်းထင်ရာဇာ၏ တပ်များသည် အင်အား ၅၀၀ ဖြင့် အမြောက်၊စိန်ပြောင်းများ တပ်ဆင်၍ ထား၏။ အင်္ဂလိပ်တပ် များသည် တန်ဆောင်မုန်းလဆန်း ၈ ရက် မွန်းတည့်အချိန်ခန့်တွင် ချီတက်လာပြီး၊ အဝေးပစ်အမြောက်များဖြင့် အဆိုပါ မြန်မာခံတပ်ကို စတင်တိုက်ခိုက်ကြ၏။ မြန်မာတပ်များကလည်း အဝေးပစ်အမြောက်များဖြင့် ပြင်းပြင်း ထန်ထန် ပြန်လည်ခုခံ တိုက်ခိုက်ကြလေသည်။ တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် တိုက်ခိုက်နေကြစဉ်တွင် အင်္ဂလိပ်တို့ဘက်မှ ရေဝတီနှင့် ကက်သလင်း တိုက်သင်္ဘော ၂ စင်းသည် မြစ်ညာသို့ ဆန်တက်သွားကြ၏။

မြန်မာတိုက်သင်္ဘော 'တုလွတ်ယာဉ်ကျော်'သည် ထိုအချိန်က ညောင်ပင်မှော် မြစ်ကျဉ်းဒေသတွင် သစ်ဖောင် များဖြင့် မြစ်ကြောင်းကို ပိတ်ဆို့ရန် စီစဉ်နေ၏။ ချီတက်လာသော အင်္ဂလိပ်တိုက်သင်္ဘော ၂ စင်းသည် မြန်မာတိုက် သင်္ဘောကို ပစ်ခတ်တိုက်ခိုက်၏။ မြန်မာ့ဘုရင့်တိုက်သင်္ဘောသည် မြန်မာအမြောက်တပ် တပ်စွဲထားသော ကမ်းခြေ အနီးသို့ တိမ်းရှောင်၍သွား၏။ ထိုအခါ အင်္ဂလိပ်တိုက်သင်္ဘော ကက်သလင်းသည် အနီးကပ်၍တိုက်ရန် မြန်မာ တိုက်သင်္ဘောဆီသို့ ချဉ်းကပ်သောအခါ၊ ကမ်းပေါ်တွင်ရှိ မြန်မာအမြောက်တပ်က ပြင်းထန်စွာ ဆီးကြိုတိုက်ခိုက် လေသည်။ မြန်မာတို့၏အမြောက်ဒဏ်ကို မခံနိုင်၍ အင်္ဂလိပ်တိုက်သင်္ဘော 'ရေဝတီ'သည် မြစ်ညာသို့ ဆန်တက် ပြေးလေ၏။ ထိုအခါ မြန်မာသင်္ဘောသည် မြစ်အောက်သို့ စုန်၍သွားစဉ်၊ အင်္ဂလိပ်တိုက်သင်္ဘော ၂ စင်းက ဝိုင်းဝန်း လိုက်လံ တိုက်ခိုက်ပြန်၏။ မြန်မာတိုက်သင်္ဘောကလည်း ပြန်လည် ပစ်ခတ်ခုခံလေသည်။ နောက်ဆုံးတွင် အင်အား ချင်းမမျှ၍ မြန်မာတိုက်သင်္ဘောမှ မြန်မာတပ်သားများသည် သင်္ဘောကို စွန့်ခွာခဲ့ကြရလေ၏။ အင်္ဂလိပ်တိုက်သင်္ဘော ၂ စင်းသည် မြန်မာ့ဘုရင့်တိုက်သင်္ဘော တုလွတ်ယာဉ်ကျော်နှင့် မြစ်ကြောင်းပိတ်ဆို့ရန်စီမံထားသော မြန်မာတို့၏ ကျွန်းသစ်ဖောင်ကြီး ၂ ဖောင်ကိုတွဲ၍ သရက်မြို့ကို စုန်ဆင်းသွားလေ၏။ စစ်အောင်ခန်းခံတပ်မှ မြန်မာတပ်များသည် လည်း အင်္ဂလိပ်တိုက်သင်္ဘောများ မြစ်ညာဘက်သို့ ဆန်တက်သွားသည်ကို သိမြင်ရသောအခါ နောက်ကြောင်း မြစ်ညာမှနေ၍ ဆီးကြိုတိုက်ခိုက်ရန် စစ်အောင်ခန်းခံတပ်မှ ဆုတ်ခွာခဲ့ကြ၏။

နိုဝင်ဘာလ ၁၆ ရက်နေ့တွင် အင်္ဂလိပ်ရေတပ်သင်္ဘောများသည် ထူးပေါက်ခံတပ်နှင့် ဆင်ပေါင်ဝဲမြို့ရှိ မြန်မာတပ်များကို တိုက်ခိုက်ရန် ချီတက်ကြ၏။ ထူးပေါက်ခံတပ်တွင် ဖောင်ဝန်မင်း မဟာမင်းလှမင်းထင် မင်းခေါင်



mgyoe.com

နှင့် လေ့သင်းဗိုလ် မဟာမင်းလှသိင်္ခ ကျော်စွာတို့ ဦးစီးသော မြန်မာတပ်အင်အား ၁၅၅၀ ရှိ၏။ ယင်းခံကတုတ်တွင် အမြောက်၊ စိန်ပြောင်းတပ်ဖွဲ့များပါ ပူးပေါင်းနေရာယူထားရာ၊ ယင်းအမြောက်ကြီးများသည် ခံကတုတ်မှ မြစ်ဘက်သို့ လှမ်းချိန်တပ်ဆင်ထား၏။

အင်္ဂလိပ်တပ်များသည် ဖောင်ချမ်းတောင်ရွာသို့ ရောက်သောအခါ မြစ်အနောက်ဘက်ကမ်းသို့ကပ်၍၊ ကြည်းကြောင်းတပ်တစ်တပ်သည် ကမ်းပေါ်သို့ တက်ပြီးလျှင် မြောက်ဘက်ရှိ ထူးပေါက်ခံတပ်နောက်ကျောဘက်ဆီသို့ ပတ်ပိုက်၍ အထက်ဘက် မိုင်ဝက်ခန့်ရှိ ထူးပေါက်ရွာအထိ ချီတက်သွားလေ၏။ ထိုအချိန်တွင် အင်္ဂလိပ်တိုက်သင်္ဘော ၂ စင်းဖြစ်သော ဧရာဝတီနှင့် ကက်သလင်းသင်္ဘောတို့သည် ထူးပေါက်ခံတပ်ဆီသို့ ချဉ်းကပ်လာ၏။ ထိုအခါ မြန်မာတပ်များက အမြောက်၊ စိန်ပြောင်းများဖြင့် ဆီးကြို စတင်တိုက်ခိုက်လေရာ အင်္ဂလိပ်တိုက်သင်္ဘော ၂ စင်းကလည်း အမြောက်များဖြင့် ပြန်လှန်၍ ပစ်ခတ်တိုက်ခိုက်၏။ အင်္ဂလိပ်တို့၏ ကြည်းကြောင်းချီ တပ်ကလည်း ထူးပေါက်ခံတပ်ကို ဝင်ရောက်တိုက်ခိုက်၏။ မြန်မာတပ်များသည် အတန်ကြာ ပြင်းထန်စွာ တိုက်ခိုက်ကြပြီးနောက်၊ အင်အားချင်းမမျှ၍ ခံကတုတ်ကို စွန့်လွှတ်သွားကြရလေ၏။

ထူးပေါက်ခံတပ်၌ တိုက်ပွဲဖြစ်ပွားနေစဉ် ဆင်ပေါင်ဝဲ မြို့စောင့်တပ်သည် တိုက်ပွဲအခြေအနေကို မင်းလှမြို့ရှိ မြစ်စဉ်ဝန်မင်းထံသို့ ကြေးနန်းဖြင့် သတင်းပို့ရာ၊ မင်းလှမြစ်စဉ်ဝန်က 'အင်္ဂလိပ်တပ်များကို ခုခံနိုင်အောင် ခုခံထားရန်နှင့် အခြေအနေမပေးပါက ဆင်ပေါင်ဝဲမြို့စောင့်တပ်ကို ငွေးချောင်းခံတပ်သို့ ဆုတ်ခွာပူးပေါင်းရန်' ညွှန်ကြားလိုက်၏။ မြို့စောင့်တပ်သည် ဆင်ပေါင်ဝဲမှ ချက်ချင်းဆုတ်ခွာကြရ၏။

၄င်းနေ့နံနက် ၁၁ နာရီတွင် မြစ်၏အရှေ့ဘက်ကမ်းမှ အင်္ဂလိပ် ကြည်းကြောင်းချီ တပ်ဖွဲ့တစ်ဖွဲ့သည် မြစ်အရှေ့ဘက်ကမ်း ဆင်ပေါင်ဝဲမြို့တောင်ဘက် ၄ မိုင်ကွာအထိ ချီတက်သွားလေ၏။ ဆင်ပေါင်ဝဲမြို့အနီးတွင်ရှိ ချောင်းငယ်တစ်ခုသို့ ရောက်သောအခါ မြန်မာကင်းတပ်ဖွဲ့၏ စတင်ပစ်ခတ်တိုက်ခိုက်ခြင်းကို ခံရလေ၏။ အင်္ဂလိပ်တပ်က အဆိုပါမြန်မာတပ်ဖွဲ့ကို အမြောက်များနှင့် လှမ်း၍ပစ်ခတ်စဉ်တွင် မြန်မာကင်းတပ်သည် ဆုတ်ခွာသွားလေ၏။ အင်္ဂလိပ်တပ်များ ဆင်ပေါင်ဝဲမြို့သို့ ရောက်ရှိသောအခါ မြန်မာတပ်များ ဆုတ်ခွာသွားပြီးဖြစ်ကြောင်း တွေ့ရှိကြရလေ၏။ ထို့နောက် အင်္ဂလိပ်တပ်များသည် မြန်မာခံတပ်အတွင်းရှိ အဆောက်အဦများနှင့် ခံတပ်ကို မီးတင်ရှို့လိုက်ကြလေ၏။

တန်ဆောင်မုန်းလဆန်း ၁၁-နိုဝင်ဘာလ ၁၇ ရက်နေ့ နံနက်တွင် အင်္ဂလိပ်စစ်သင်္ဘောများသည် ငွေးချောင်းခံတပ်ကို တိုက်ရန်ချီတက်လာကြ၏။

ငွေးချောင်းခံတပ်၌ မြန်မာတို့ဘက်မှ ပြည်လုံးအံ့လေ့သင်းဗိုလ် မင်းထင် မင်းလှရဲခေါင်သူရိန်၏ တပ်အပြင် အခြားတပ်ကူများပါ အင်အား ၁၇၀၀ ရှိ၍၊ ခံတပ်တွင် အမြောက် ၁၈ လက် တပ်ဆင်ထား၏။ နံနက် ၉ နာရီခွဲတွင် အင်္ဂလိပ်တပ်များသည် ပတ္တနဂိုရ်မှ မြောက်ဘက်ဆီသို့ ချီတက်သွားကြ၏။ ထိုတပ်များသည် ခံတပ်နံရံသို့ ထောင်တက်ရန် ဝါးလှေကားရှည်များလည်း ယူဆောင်သွားကြ၏။ ကြည်းတပ်များ ချီတက်စဉ်တွင် အင်္ဂလိပ် အမြောက်တင် စစ်သင်္ဘောများက ငွေးချောင်းခံတပ်ဆီသို့ ချဉ်းကပ်၍ အမြောက်တစ်ကမ်းမှနေပြီးလျှင် စတင်ပစ်ခတ်တိုက်ခိုက်၏။ မြန်မာတို့၏ငွေးချောင်းခံတပ်မှလည်း အမြောက်ကြီးများဖြင့် ပြန်လည်ပစ်ခတ်၏။ ငွေးချောင်းခံတပ်တွင် အမြောက်အကြီးစား ၁၈ လက်တွင် ၆ လက်မှာ ၂ ဆင့်ကွဲ အမြောက်ဆံကို အသုံးပြုသော အမြောက်များဖြစ်သည်။ တစ်ဖက်နှင့်တစ်ဖက် အပြင်းအထန် ပစ်ခတ်တိုက်ခိုက်ကြရာ အင်္ဂလိပ်တို့က ငွေးချောင်းခံတပ်၏အနောက်ဘက်နံရံနှင့် မြောက်ဘက်

mgyoe.com. SAMPLE BOOK

တံခါးကိုပစ်မှတ်ထားပြီး သဲသဲမဲမဲပစ်ခတ်ကြသည့်အပြင်၊ မြန်မာခံတပ်၏ သူရဲခိုနေရာများဆီသို့လည်း စက်သေနတ်များဖြင့် တရစပ်ပစ်ခတ်ကြသည်။ တိုက်ပွဲမှာ ပြင်းပြင်းထန်ထန်ဖြစ်ပွားလျက် ရှိနေလေသည်။

အင်္ဂလိပ် ကြည်းကြောင်းချီတပ်သည် ဝွေးချောင်းခံတပ်၏နောက်ဘက်သို့ တောင်ကုန်းအထက်ပိုင်းဆီသို့ ပတ်ဝိုက်ချီတက်သွားပြီးလျှင်၊ ကုန်းမြင့်ရာသို့ ရောက်ရှိသောအခါ အလံကို လွှင့်ထူအချက်ပြလိုက်သဖြင့် အင်္ဂလိပ် စစ်သင်္ဘောများက အမြောက်များပစ်ခတ်ခြင်း ရပ်ဆိုင်းသွား၏။ ထိုအခါ ခံတပ်အနီးရောက်ရှိနေသော အင်္ဂလိပ် များသည် ခံတပ်၏အရှေ့မြောက်တံခါးကို ချိုးဖျက်၍ ခံတပ်တွင်းသို့ ဝင်ပြီးတိုက်သည်။ အချို့တပ်ဖွဲ့များသည် အရှေ့ဘက်နံရံတွင် ဝါးလှေကားများထောင်၍တက်ပြီး ခံတပ်တွင်းသို့ ဝင်၍တိုက်သည်။ ဤရင်ဆိုင်တိုက်ပွဲမှာ ပိုမိုပြင်းထန်၍ ၂ ဘက်လုံး၌ အကျအဆုံး များပြားလေသည်။ နေ့လယ် ၁ နာရီတွင် မြန်မာတပ်တို့သည် ဝွေးချောင်း ခံတပ်ကို စွန့်ခွာလိုက်ကြရလေသည်။ တိုက်ပွဲမှာ ၃ နာရီခွဲကြာ၍ မြန်မာတပ်တို့မှာ ရုတ်တရက် မမျှော်လင့်ဘဲ အင်္ဂလိပ်ရေတပ်သင်္ဘောနှင့် ကြည်းတပ်တို့၏ ၂ ဘက်ညှပ်၍ တိုက်ခိုက်ခြင်း ခံလိုက်ရခြင်း ဖြစ်လေသည်။

ဝွေးချောင်းခံတပ်၌ တိုက်ပွဲများ အပြင်းအထန်ဖြစ်ပွားနေစဉ်တွင် မြစ်အနောက်ဘက်ကမ်း မင်းလှခံတပ်မှ ၂ မိုင်ခွဲဝေးကွာသော ပန်းတော်ပြင်ခံကတုတ်တွင်လည်း မလွန်မှ ချီတက်လာသော အင်္ဂလိပ်တပ်နှင့် မြန်မာတပ်များ တိုက်ပွဲ ဖြစ်ပွားကြ၏။ ချီတက်လာသော အင်္ဂလိပ်တပ်များအား မြန်မာတပ်များက ချုံခို၍ စတင်ပစ်ခတ်တိုက်ခိုက်ရာ အင်္ဂလိပ်တို့၏ ရှေ့ဖျားချီတပ်မှာ အလစ်တွင်ခံလိုက်ရ၍ အတော်ပင် အထိနာသွားလေသည်။ တိုက်ပွဲပြင်းထန်၍နေစဉ် အင်္ဂလိပ်တို့ဘက်မှ အမှတ် ၁၁ ဘင်္ဂလားခြေလျင်တပ်ရင်းသည် စစ်ကူရောက်ရှိလာပြန်သဖြင့် တိုက်ပွဲမှာ ပိုမိုပြင်း ထန် လာပြန်လေသည်။ ၂ ဘက်အင်အားမှာလည်း အထူးများပြားလှသည်။

မြန်မာတို့ဘက်မှ ဖောင်ဝန်မင်းတပ်, လှေသင်းဗိုလ်တပ်, မင်းရဲညွန့်တပ်၊ ၃ တပ်ပေါင်းအင်အား ၁၈၅၀ ရှိသည်။ အင်္ဂလိပ်တို့ဘက်၌ ဗိုလ်မှူးကြီးဘေကာ ဗိုလ်မှူးမက်နေး ကြီးမှူးသော တပ်သား ၃၀၀၀ ကျော် ရှိသည်။

ထိုတိုက်ပွဲမှာလည်း ပြင်းထန်လှ၍ ၂ ဘက် စလုံးတွင် ထိခိုက်ဒဏ်ရာရသူ များလှသည်။ 'အင်္ဂလိပ်တို့ ဘက်မှ ဗိုလ်ဆီလာရီနှင့် စစ်ဘာရီတပ်သား အများအပြား ဒဏ်ရာရသည်။' ဟု ဆိုသည်။ ထိုတိုက်ပွဲတွင်လည်း အင်္ဂလိပ်တို့ဘက်မှ လူအင်အား, လက်နက်အင်အား ပိုမိုအား ကောင်းသဖြင့် မြန်မာတို့သည် နောက်ခံကတုတ်တစ်ခုသို့ ဆုတ်ခွာခဲ့ရသည်။

ပန်းတော်ပြင်မှ ဆုတ်ခွာလာသော မြန်မာတပ်များသည် ဦးကင်းဘုရားတွင် ဗိုလ်ချုပ်ကြီး မဟာသမိန်ဗရမ်း တပ်များနှင့် ပူးပေါင်းပြီးလျှင်၊ အင်္ဂလိပ်တို့၏ ကြည်းကြောင်းချီတပ်ကို ၃ ဘက်မှညှပ်၍ ချေမှုန်းရန်အတွက် နေရာ ယူထားကြ၏။ နေရာယူပုံမှာ အမြင့် ၄ ပေ- ဒ ၂ ပေရှိ ၄ ဘက် တံတိုင်းကာထားသည့် ဦးကင်းဘုရားတွင် လည်းကောင်း, မလှမ်းမကမ်းတွင်ရှိသော ထူထဲသောအုတ်နံရံရှိသည့် သိမ်တော်ကြီးတွင် လည်းကောင်း, တစ်ဖန် ဗိုခနောက်ဆိုင်တွင်ရှိသော ကန်ပေါင်ရိုးခိုင်ခံ့လှသည့် ထနောင်းကန်တွင် လည်းကောင်း တပ်များခွဲ၍ အသီးသီး နေရာ ယူထားကြလေသည်။

အင်္ဂလိပ်တပ်တို့သည် မြန်မာတပ်များ မျှော်မှန်းသည့်လမ်းအတိုင်း ချီတက်လာကြလေ၏။ ပစ်ချက်ကောင်း သည့် အဆိုပါ ၃ နေရာ၏ ဗဟိုသို့ အင်္ဂလိပ်တပ်များ ရောက်လာသည့်အခါ မြန်မာတပ်တို့က အချက်ပိုင်ပိုင်ဖြင့် တစ်ပြိုင်နက် ပစ်ခတ်တိုက်ခိုက်ကြ၏။ အင်္ဂလိပ်တပ်တို့မှာ အလစ်တွင် ခံလိုက်ရခြင်းကြောင့် ဖရိုဖရဲ ဖြစ်သွားပြီးလျှင် အတော်ပင် အထိနာသွား၍ ရှေ့သို့မတိုးနိုင်သဖြင့်၊ တပ်ရှေ့ဖျားရှိ ဘင်္ဂေါလ် အမှတ် ၁ တပ်ရင်းသည် နောက်သို့ ပြန်လည် ဆုတ်ခွာရလေသည်။ မြန်မာခံစစ်ကြောင်းသည် အမြောက်ကြီး ၆ လက်နှင့် စိန်ပြောင်းများကို အသုံးပြု၍


mgyoe.com

mgyoe.com SAMPLE BOOK

တိုက်ခိုက်ခြင်း ဖြစ်၏။ အင်္ဂလိပ်တပ်သည် ဦးကင်းဘုရား ခံကတုတ်မှ မြန်မာတို့၏ ဆီးကြိုတိုက်ခိုက်ခြင်းကို အကြိမ်ကြိမ်ခံရ၍ တစ်နေ့လုံး ရှေ့သို့ မတိုးနိုင်ဘဲ ရှိနေခဲ့၏။

အင်္ဂလိပ်တပ်တို့သည် နောက်သို့ ပြန်လည်ဆုတ်ခွာပြီးနောက် စစ်ကြောင်း ၂ ကြောင်း ခွဲပြီး ချီတက်ရန် စီစဉ်ကြပြန်လေ၏။ စစ်ကြောင်း ၂ ကြောင်း ခွဲ၍ ချီတက်လာသော အင်္ဂလိပ်တပ်များကို မြန်မာတို့ကလည်း ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ကြ၏။ 'ထိုတိုက်ပွဲတွင် အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ဂျူရီ (Lt. Dury) ကျဆုံးပြီး ဗိုလ်ရမ်း (Lt.Young) ဒဏ်ရာရ၏။ စစ်ဘာရီတပ်သား အများအပြား ကျဆုံးသည်။' ဟုဆို၏။ မြန်မာတို့ဘက်တွင် ဖောင်ဝန်မင်းနှင့် မင်းရဲညွန့်တို့လည်း ကျဆုံး၍ မြန်မာတပ်သားအများအပြားလည်း ထိခိုက် ကျဆုံးခြင်း ရှိလေသည်။

မြန်မာတပ်တို့သည် ကုန်းရွာမှတစ်ဆင့် မင်းလှခံတပ်ဆီသို့ ဆုတ်ခွာလာခဲ့ကြ၏။ မင်းလှခံတပ်သည် အုတ် အင်္ဂတေတို့ဖြင့် အခိုင်အမာတည်ဆောက်ထားသော ခံတပ် ဖြစ်၏။ ထိုခံတပ်တွင် လက်ရွေးကြီး လေ့သင်းဗိုလ်ကြီးမှူးသော အမြောက်တပ်, စိန်ပြောင်းတပ် အပါအဝင် စုစုပေါင်းအင်အား ၅၅၀ ရှိ၏။ နောက်ထပ်ရောက်ရှိလာသော မြန်မာတပ်ကူများကလည်း မင်းလှခံတပ်သို့ ချီတက်ရာလမ်းဘေးရှိ သစ်ပင်ချုံပုတ်များမှ အင်္ဂလိပ်တပ်များကို ဆီးကြို စောင့်ဆိုင်းနေကြ၏။ အင်္ဂလိပ်ကြည်းကြောင်းချီတပ်သည် မြန်မာတပ်မကိုရှောင်ကွင်းပြီး ဘေးမှ ပန်းဝိုက် ချီတက်ရန် အားထုတ်ကြ၏။ အင်္ဂလိပ်တပ်များသည် မင်းလှခံတပ်မှ ကိုက်ပေါင်း ၁၀၀၀ ခန့် ကွာဝေးသောနေရာသို့ ရောက်ရှိလာသောအခါ မြန်မာတပ်များ၏ ဆီးကြို၍တိုက်ခိုက်ခြင်းကို ခံကြရ၏။

ထိုသို့ တိုက်ပွဲဖြစ်ပွားနေစဉ် မြစ်ကြောင်းမှချီလာသော အင်္ဂလိပ်စစ်သင်္ဘောများကလည်း မင်းလှခံတပ်သို့ အမြောက်ကြီးများ, စိန်ပြောင်းများ, စက်သေနတ်များဖြင့် ဖြိုခွင်းပစ်ခတ်၏။ မင်းလှခံတပ်ရှိ မြန်မာတို့ကလည်း အမြောက်ကြီးများဖြင့် ပြန်လှန်ပစ်ခတ် တိုက်ခိုက်ကြလေသည်။

တစ်ဖန် ကြည်းကြောင်းချီ အင်္ဂလိပ်တပ်များသည် ခံတပ်ဆီသို့ ချဉ်းကပ်ချီတက်လာကြပြန်ရာ မြန်မာတပ်သားများကလည်း ခံတပ်ပေါ်မှနေ၍ အမြောက်များ, သေနတ်များဖြင့် ပြင်းပြင်းထန်ထန် ဆီးကြိုပစ်ခတ် တိုက်ခိုက်ကြ၏။ တစ်ဘက်နှင့်တစ်ဘက် ပစ်ခတ်တိုက်ခိုက်နေစဉ် အင်္ဂလိပ်တပ်များသည် တစ်နေရာမှတစ်နေရာသို့ ရွှေ့ပြောင်းပြီးလျှင် ခံတပ်နှင့် နီးနိုင်သမျှနီးအောင် ခံတပ်ဆီသို့ ချဉ်းကပ်လာကြ၏။ ထိုစဉ်တွင် အင်္ဂလိပ်တပ်များသည် အမြောက်ကြီးများဖြင့် အဆက်မပြတ်ပစ်ခတ်ပြီး ခံတပ်နားသို့ ချဉ်းကပ်လာကာ ခံတပ်၏အနောက်ဘက်လှေကားမှ တက်ရောက်၍ တိုက်ကြ၏။ မြန်မာတပ်များသည်လည်း ခံတပ်ပေါ်သို့ တက်ရောက်လာသော အင်္ဂလိပ်တပ်သားများအား သေနတ်ဖြင့်ပစ် ဓားဖြင့်ခုတ်၍ ခုခံတိုက်ခိုက်ရာ အင်္ဂလိပ်ဗိုလ်နှင့် စစ်ဘာရီအချို့ အတုံးအရုံးကျဆုံးကြ၏။ ဗိုလ်ဝီလ်ကင်ဆန်မှာ ခေါင်းတွင် မြန်မာဗိုလ်မှူး၏ဓားချက်ထိ၍ နေရာတွင် လဲကျသွား၏။ မေဂျာမက်နေး, ဗိုလ်ရမ်း, ဗိုလ်ဆီလာရီတို့မှာလည်း ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြလေသည်။

ဤသို့ လက်တစ်ကမ်းတိုက်ပွဲများ ဖြစ်ပွားနေစဉ် အင်္ဂလိပ်တပ်တစ်တပ်က ခံတပ်၏အရှေ့ဘက်မှ ပတ်ဝိုက်၍ ခံတပ်သို့ ချဉ်းကပ်တိုက်ခိုက်ရာ မြန်မာတပ်သားအချို့တို့သည် ခံတပ်မှထွက်၍ အတင်း ဓားဖြင့်ခုတ် သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်ကြ၏။ နောက်ဆုံး မြန်မာတပ်များသည် အင်္ဂလိပ်တို့၏ စစ်မျက်နှာ ၂ ဘက်ညှပ် တိုက်ခိုက်ခြင်းကို မခံရပ်နိုင်တော့ဘဲ နိုဝင်ဘာလ ၁၇ ရက်နေ့ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မင်းလှခံတပ်မှ ဆုတ်ခွာခဲ့ရလေတော့၏။

မင်းလှခံတပ်တိုက်ပွဲ ပြီးစီးသွားပြီးနောက် အင်္ဂလိပ်တပ်များသည် မင်းလှ၌ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ရပ်နား၍ ၁၉ ရက်နေ့တွင် ရောဝတီမြစ်ညာသို့ ဆက်လက်ချီတက်ပြန်၏။


mgyoe.com

mgyoe.com SAMPLE BOOK
မင်းဘူးအနီးတွင် ညအိပ်ရပ်နားပြီး ၂၀ ရက်တွင် ဆက်လက် ချီတက်ကာ ရေနံချောင်းအနီးတွင် ညအိပ်၏။ ၂၁ ရက်နေ့ ဆန်တက်သွားပြီး စလေတွင် ညအိပ်၏။

၂၂ ရက်နေ့ ဆက်လက် ချီတက်သောအခါ ရေကြောင်းချီ အင်္ဂလိပ်တပ်အား ညောင်ဦးအထက် မြင့်မားသော ကမ်းထိပ်ပေါ်ရှိ မြန်မာတို့၏ခံကတုတ်မှ အမြောက်ဖြင့် ဆီးကြိုတိုက်ခိုက်ကြ၏။ အင်္ဂလိပ်သင်္ဘောများကလည်း ပြန်လှန်ပစ်ခတ် တိုက်ခိုက်ရာ၊ ညနေ ၅ နာရီအချိန်တွင် မြန်မာတပ်တို့ ဆုတ်ခွာသွားကြရသည်။ အင်္ဂလိပ်စစ်သင်္ဘော တပ်များသည် မြစ်ညာသို့ ဆက်လက်ချီတက်ပြီးလျှင် တန်းသစ်ရွာအနီးတွင် ညအိပ်ကြ၏။

နိုဝင်ဘာလ ၂၄ ရက် (တန်ဆောင်မုန်း လပြည့်ကျော် ၃ ရက်)နေ့တွင် ဆက်လက်ချီတက်ရာ၊ ကွမ်းရွာရှိ မြန်မာတပ်သားများက အင်္ဂလိပ်သင်္ဘောများကို အမြောက်ဖြင့် လှမ်း၍ ပစ်ခတ်တိုက်ခိုက်၏။ အင်္ဂလိပ်တိုက်သင်္ဘော များမှလည်း ပြန်လှန်ပစ်ခတ် တိုက်ခိုက်၏။ ထိုနေရာမှ ဆက်လက်ချီတက်သွားကြလေရာ ညနေ ၄ နာရီခန့်တွင် မြင်းခြံမြို့အနီးသို့ ဆိုက်ရောက်သွားကြလေ၏။

မြင်းခြံတွင် လှေသင်းအတွင်းဝန်၏ မြန်မာတပ်မသည် မြစ်ကမ်းတစ်လျှောက်၌ ဆီးကြိုတိုက်ခိုက်ရန် မြေကတုတ်ကျင်းများကို စနစ်တကျစီမံထား၍ တပ်စွဲကာ ရှေ့ဆုံးမှအင်္ဂလိပ်တိုက်သင်္ဘော 'ပလို့' ကို မြန်မာခံကတုတ်မှ အမြောက်ဖြင့် ဆီးကြိုတိုက်ခိုက်သည့်ပြင်၊ တစ်ယောက်ပစ် မြေကတုတ်ကျင်းများမှလည်း ရိုင်ဖယ်သေနတ်တို့ဖြင့် မိုးသီးမိုးပေါက်ပမာ ပြင်းထန်စွာ ပစ်ခတ်တိုက်ခိုက်၏။ အင်္ဂလိပ်ရေတပ်မှ သင်္ဘောများကလည်း အမြောက်များ, စက်သေနတ်များဖြင့် ပြန်လည်ပစ်ခတ် တိုက်ခိုက်လေရာ၊ ကျည်ဆန်များ အကျအရောက်ထူထပ်သဖြင့် အတန်ကြာ တိုက်ခိုက်ပြီးနောက် မြန်မာတပ်များသည် တောတန်းဆီသို့ ခေတ္တ ဆုတ်ခွာသွားကြလေ၏။

အင်္ဂလိပ်စစ်သင်္ဘောများသည် မြစ်ကြောင်းအတိုင်း ဆက်လက်ဆန်တက်သွား၍ မြို့အထက်ပိုင်းသို့ရောက်သော အခါ ကမ်းထိပ်တွင်ရှိသော မြန်မာအမြောက်တပ်ဖွဲ့တစ်ဖွဲ့က အမြောက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်၏။ မြန်မာတို့ သည် အခြား ချုံကွယ်တစ်နေရာမှလည်း အမြောက်ကြီးများဖြင့် ဆီးကြိုတိုက်ခိုက်၏။ မြန်မာအမြောက်တပ်ဖွဲ့တို့ တည်ရှိရာနေရာများကို အင်္ဂလိပ်စစ်သင်္ဘောများက စက်သေနတ်များ, အမြောက်ကြီးများဖြင့် ပြန်လှန်ပစ်ခတ်တိုက် ၏။ ချောင်းဝတစ်လျှောက်တွင် ကတုတ်ကျင်းများဖြင့် နေရာယူထားသည့် မြန်မာတပ်သားများကလည်း ရိုင်ဖယ် သေနတ်များဖြင့် အင်္ဂလိပ်သင်္ဘောများဆီသို့ လှမ်း၍ပစ်ခတ်၏။ မြို့ဘက်မှလည်း မြန်မာတို့က ၂ ဆင့်ကွဲကျည်ဆန် များကို အသုံးပြု၍ အမြောက်ကြီး ၁၀ လက်ဖြင့် တရစပ် ပစ်ခတ်နေ၏။ အင်္ဂလိပ်သင်္ဘော ၂ စင်းမှာ မြန်မာတို့ အမြောက်ကျည်ဆန် ထိမှန်ခြင်းကို အကြိမ်ကြိမ်ခံရသည့်အပြင် အင်္ဂလိပ်အရာရှိတစ်ဦးလည်း ကျည်ဆန်ထိမှန်ခြင်း ခံရ၏။ ည ၉ နာရီအထိ တစ်ဘက်နှင့်တစ်ဘက် ပစ်ခတ်တိုက်ခိုက်သည်မှာ အမြောက်သံ, သေနတ်သံမစဲ ဖြစ်နေ လေတော့၏။

နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်တွင် အင်္ဂလိပ်တပ်များသည် ကမ်းသို့တက်၍ မြင်းခြံမြို့ဆီသို့ ချီတက်၏။ အင်္ဂလိပ်တိုက်သင်္ဘောများက မြန်မာတို့၏အမြောက်တပ်စခန်းသို့ လှမ်း၍ ပစ်ခတ်ပေး၏။ မြန်မာတို့တပ်စခန်းမှ အနည်းငယ်သာ ပြန်လှန်ပစ်ခတ်ပြီးနောက် အသံစဲ၍ သွားလေ၏။ မြန်မာတို့သည် ဤတိုက်ပွဲတွင် အမြောက်ကြီး ၂၁ လက်ကို အသုံးပြုခဲ့ကြောင်း တွေ့ရှိရလေသည်။ အင်္ဂလိပ်တပ်များသည် မြန်မာတပ်များ ဆုတ်ခွာသွားသည်ကို သိ၍ မြို့ကို သိမ်းယူလိုက်၏။ ညနေ ၃ နာရီ ၄၅ မိနစ်တွင် အင်္ဂလိပ်ရေတပ်သင်္ဘောစုသည် မြင်းခြံမှ အထက်သို့ ဆက်လက်ချီတက်ရာ ရန္တပိုရွာသို့ ရောက်ရှိပြီး ထိုတွင် ညအိပ် စခန်းချကြလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာဘုရင်သည် အင်္ဂလိပ်တပ်များ မြင်းခြံကို လွန်၍ ချီလာသည်ကို သိရသော်၊ မှူးမတ်စုံညီ စည်းဝေး တိုင်ပင်၏။

ဆင်ဖြူမရှင်မိဖုရားကြီးနှင့် ကင်းဝန်မင်းကြီးတို့က 'အင်္ဂလိပ်တို့ တောင်းဆိုချက်ကို လက်ခံ၍ စစ်ပြေငြိမ်း သင့်ကြောင်း' အကြံပေး၏။

ထိုအကြံပေးချက်အတိုင်း အင်္ဂလိပ်ဘာသာ တတ်ကျွမ်းနားလည်သော ကျောက်မြောင်းအတွင်းဝန် ဦးရွှေအိုးနှင့် ဝက်မစွတ်ဝန်ထောက်တို့အား စစ်ပြေငြိမ်းရန် စာနှင့် စေလွှတ်စေ၏။

အင်္ဂလိပ်ဗိုလ်ချုပ်က 'စစ်ပြေငြိမ်းရန် မိမိ၌ အမိန့် မပါပါ။ မန္တလေးအထိ ချီတက်သိမ်းယူရမည့် အမိန့်သာ ပါကြောင်း မြန်မာတို့က လက်နက် ချနိုင်၊ မချနိုင်ကို နက်ဖြန် တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ နံနက် ၄ နာရီအရောက် စကားပြန်ကြားပါရန်' စာပြန်ပေး လိုက်လေသည်။

မြန်မာတပ်သား ၈၀၀၀ ကျော်တို့သည် အင်္ဂလိပ်ရေတပ်၊ ကြည်းတပ်များချီတက်လာလျှင် တိုက်ခိုက်မည် ဟု စစ်ကိုင်းခံတပ်၊ အင်းဝခံတပ်၊ သပြေတန်းခံတပ်များမှာ တပ်စွဲနေကြ၏။ လွှတ်တော်မှ မြန်မာတပ်များထံ 'ခုခံတိုက်ခိုက်ခြင်း မပြုနှင့်။ တပ်သားအားလုံး ငြိမ်ဝပ်ပါစေ။ ဤအမိန့်ကို တပ်တိုင်း သိစေ။' ဟု ကြေးနန်းဖြင့် အမိန့်ပေးထားသဖြင့် ချီတက်လာသောအင်္ဂလိပ်ရေတပ်ကို မတိုက်ခိုက်လိုက်ကြရချေ။

စစ်ပြေငြိမ်းရေးအတွက် ကျောက်မြောင်းအတွင်းဝန်နှင့် ဝက်မစွတ် ဝန်ထောက်တို့သည် 'မြန်မာဘုရင်က အင်္ဂလိပ်စစ်ဗိုလ်ချုပ်၏ တောင်းဆိုချက်ကို ခြွင်းချက်မရှိ လက်ခံကြောင်း' စာနှင့် စစ်တပ်များသို့ထုတ်ဆင့်သော ကြေးနန်းစာ မိတ္တူကိုပါ ယူ၍ နိုဝင်ဘာလ ၂၇ ရက်၊ (တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်) ၁၀ နာရီခွဲတွင် ရေကြောင်းမှ မင်းစီးလှေဖြင့် အင်္ဂလိပ်စစ်ဗိုလ်ချုပ်လက်သို့ သွားရောက် ပေးပို့ကြလေသည်။

ဤသို့ဖြင့် အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲမှာ မည်မည်ရရ အစွမ်းရှိသလောက် စစ်မျက်နှာများဖွင့်၍ တိုက် ခိုက်ရခြင်းမရှိဘဲ ရှုံးခဲ့ရ၏။

အချို့ကလည်း 'ညောင်ရမ်းမင်းသားကို နန်းတင်မည်။'ကဲ့သို့ ထင်မှတ်ကာ၊ 'မြန်မာတို့မှာ မလိမ့်တပတ်နှင့် ကျွန်ဖြစ်လိုက်ရခြင်း ဖြစ်သည်။'ဟုဆိုကြ၏။

ဂျင်နရယ် ပရင်ဒါဂတ် ကြီးမှူးသော အင်္ဂလိပ်အစိုးရ၏စစ်တပ်တို့သည် ချီတက်၍ ၁၇ ရက်မျှ ကြာသော အခါ ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက် (မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၇ ရက်)နေ့တွင် မန္တလေးသို့ ဆိုက်ရောက်သွားကြ၏။ ၂၉ ရက် နေ့ခင်း ၃ နာရီခွဲအချိန်တွင် သီပေါဘုရင်နှင့် မိဖုရားတို့အား နန်းတွင်းမှ ဖမ်းဆီး ခေါ်ဆောင်သွားတော့၏။

ထိုနှစ် အိန္ဒိယ နေရှင်နယ်ကွန်ဂရက်အသင်းချုပ်ကြီး၏ အစည်းအဝေးက 'မြန်မာနိုင်ငံအား အင်္ဂလိပ်တို့ အကြောင်းမဲ့ သိမ်းယူသည်ကို ပြင်းထန်စွာ ရှုတ်ချကန့်ကွက်ကြောင်း'နှင့် ဆုံးဖြတ်ခဲ့ပေသည်။

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက် (မြန်မာ ၁၂၄၇ ခုနှစ် နတ်တော်လဆုတ် ၁၁ ရက်)နေ့တွင် အိန္ဒိယပြည် အင်္ဂလိပ်ဘုရင်ခံချုပ် လော့ဒ် ဒပ်ဖရင်က

'မြန်မာနိုင်ငံတစ်ဝှန်းလုံးကို သိမ်းပိုက်ပြီး၍ သီပေါဘုရင်အုပ်ချုပ်ခဲ့သော နိုင်ငံနယ်ပယ်အားလုံးတို့သည် ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော ဂရိတ်ဗြိတိန်ပြည့်ရှင် ဘုရင်မကြီး၏ နိုင်ငံတော်ဖြစ်ပြီ။'ဟု ကြေညာလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ဤ တတိယ အင်္ဂလိပ်မြန်မာစစ်ပွဲမှာ သစ်မှုကို ယိုးမယ်ဖွဲ့သော်လည်း၊ နယ်ချဲ့ပြင်သစ်နှင့် အင်္ဂလိပ်တို့ သူ့ထက်ငါ ဦးအောင် မြန်မာနိုင်ငံကို အချောင်အုပ်လိုက်ခြင်းပင် ဖြစ်ပေသည်။

အင်္ဂလိပ်တို့ ဖမ်းဆီးခေါ်ဆောင်သွားသော သီပေါဘုရင်နှင့် မိဖုရားအား ဘုံဘေမြို့ ပင်လယ်ကမ်းခြေအနီးရှိ ရတနာဂီရိတွင် အကျယ်ချုပ်နှင့် ထား၏။

၁၉၁၆ ခုနှစ်တွင် သီပေါဘုရင် နတ်ရွာစံလွန်သွားသောအခါ မိဖုရားကြီးအား ရန်ကုန်သို့ ပြန်လည်နေခွင့်ပြုခဲ့၏။

၁၉၂၅ ခုနှစ်မှာပင် မိဖုရားခေါင်ကြီးလည်း နတ်ရွာလားလေသည်။



mgyoe.com

mgyoe.com
SAMPLE BOOK

# အခန်း ၄

## ကျွန်ဘဝသို့

မြန်မာနိုင်ငံသည် ရာဇဝင်အရ တကောင်း အဘိရာဇာမင်းမှ စ၍ သရေခေတ္တရာ, ပုဂံ, မြင်စိုင်း, စစ်ကိုင်း, ပင်းယ, အင်းဝ, ကုန်းဘောင်၊ ထို့နောင် အမရ, မန္တလေးနေပြည်တော် သီပေါမင်းတရားအထိ နှစ်ပေါင်း ၂၀၀၀ ကျော်မျှ ကိုယ့်မင်းကိုယ့်ချင်းနှင့် နေထိုင်လာခဲ့ကြသောနိုင်ငံ ဖြစ်၏။

၁၈၈၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ တစ်နိုင်ငံလုံး ကျွန်ဘဝသို့ ရောက်ခဲ့သဖြင့်၊ ကျွန်ဘဝကို နှစ်သက်တော်မမူသော ဏီခေတ်က ကျေးဇူးရှင် ဆီးဘန်နီ ဆရာတော်ဘုရားကြီးက -

'ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊

သုဉ်းသုံးဝဍ်၊

ဖြစ်လာရပေ၊ ထို့တခွေသည်

သေသော်မှတည့် သြော်- ကောင်း၏။' ဟူ၍ တမ်းချင်းကဗျာ စပ်ဆိုညည်းတွား၍ မြန်မာ့လွတ်လပ်ရေးကို တမ်းတတော် မူသွားခဲ့ပေသည်။

မြန်မာနိုင်ငံအလုံးကို အင်္ဂလိပ်တို့ သိမ်းယူပြီးနောက် ၁၈၈၆ ခုနှစ် မတ်လ ၁ ရက်နေ့ကစ၍ မြန်မာပြည်လုံးကို ဆာ ချားလ် ဘားနတ်အား ကော်မရှင်နာမင်းကြီး ခန့်၍ အုပ်ချုပ်စေ၏။

### တော်လှန်ရေး

အင်္ဂလိပ်တို့လက်အောက်၌ ကျွန်သားပေါက် မဖြစ်လိုသော မြန်မာ့တော်လှန်ရေးခေါင်းဆောင်များသည် ၁၈၈၆ ခုနှစ်မှ ၁၈၉၁ ခုနှစ်အထိ အပြင်းအထန် ပုန်ကန်တော်လှန်ခဲ့ကြ၏။ အချို့ဒေသ၌ ၁၈၉၆ ခုနှစ်အထိ ၁၀ နှစ်မျှ ပုန်ကန်ခဲ့ကြလေသည်။

ထိုကဲ့သို့ ဖွဲ့သတ္တိသန်သန်ဖြင့် ပုန်ကန်တော်လှန်ခဲ့ကြသောခေါင်းဆောင်များမှာ -

၁- သရက်ခရိုင် မင်းတုန်းနယ်မှ ဗိုလ်ဆွဲ
၂- သရက်ခရိုင် မင်းလှနယ်မှ ဗိုလ်ကျား
၃- မကွေးခရိုင် နတ်မောက်မြို့နယ်မှ ဗိုလ်မင်းရောင်
၄- မင်းဘူးခရိုင် ပြည်လုံးကျော်ရွာမှ ဗိုလ်ဥတ္တမ
၅- မင်းဘူးခရိုင် စကုမြို့နယ်မှ ဗိုလ်ရာတော်ကြီး
၆- ကျောက်ဆည်ခရိုင် ကျောစည်ရွာမှ ဗိုလ်သာကျန်, ဗိုလ်ကျော်ဇော
၇- မြင်းခြံခရိုင် ပုဂံနယ်မှ ဗိုလ်ချို

mgyoe.com

mgyoe.com SAMPLE BOOK

၈- မြင်းခြံခရိုင် ပုပ္ပားနယ်မှ ဗိုလ်နက်ကျော်
၉- ရွှေဘိုနယ်မှ ထိပ်တင်မှတ်
၁၀- ဆီးပင်ကြီးမှ မြင်စိုင်းမင်းသား
၁၁- ဝန်းသိုနယ်မှ ဝန်းသိုစော်ဘွား ဦးအောင်မြတ်
၁၂- ကျွန်းခင်းကြီးမှ ဗိုလ်လှကျော်
၁၃- ဝဲလောင်နယ်မှ မြင်းခေါင်းကြီး ဗိုလ်ရာညွန့်
၁၄- ငါးသိုင်းချောင်းနယ်မှ ဗျိုင်းဗိုလ်, ကျားဗိုလ်, ရွှေလှံဗိုလ်
၁၅- သံတွဲ သိမ်ကုန်းဘုန်းကြီး
၁၆- မာန်အောင် ဗိုလ်သိန်း
၁၇- ရမ်းဗြဲဗိုလ်ကျန်
၁၈- ရွှေကျင်နယ် ရှမ်းအမျိုးသားများနှင့် မရမ်းချောင်းဘုန်းကြီး
၁၉- မန္တလေးခရိုင် မြင်ကွန်းမင်းသား၏ ကိုယ်စားအမည်ခံ ဗိုလ် ၃ ဦး
၂၀- ရွှေဘို ရေဦးနယ်မှ ဗိုလ် လျော်, ဗိုလ်ရိုင်
၂၁- ရှမ်းပြည်နယ် မိုးမိတ်မှ ရှမ်းအမျိုးသား ဗိုလ်ကံလှိုင်
၂၂- စစ်တောင်းမြစ်ဝှမ်းမှ ဗုဒ္ဓရာဇာ, ဗိုလ်မှုံ, ဗိုလ်ကြီး, ဗိုလ်လတ်
၂၃- ယောနယ်မှ ရွှေချိုးဖြူမင်းသား
၂၄- စစ်ကိုင်းမှ ဗိုလ်လှဦး
၂၅- အင်းဝမှ ဗိုလ်တုတ်, ဗိုလ်ရွှေရန်
၂၆- မကွေးမှ ရွှေကျီးညိုမင်းသား
၂၇- မိုးကောင်းမှ မြို့ဝန် ဦးဘိုစော
၂၈- ကချင်အမျိုးသားခေါင်းဆောင် ဗိုလ်ရန်နိုင်
၂၉- ရေဦးမှ ရန်ကြီးအောင်နှင့် ဗိုလ်အဂ္ဂ-စသည်တို့ ဖြစ်ကြသည်။

မြန်မာတစ်ပြည်လုံး အနယ်နယ်မှ ဗြိတိသျှတို့ကိုတော်လှန်ခဲ့သော တော်လှန်ရေးခေါင်းဆောင်ပေါင်း ၁၆၀ ကျော်မျှ ရှိခဲ့၏။

ရှမ်းပြည်နယ်, ချင်းတောင်တန်းနယ်များကလည်း ၁၈၉၆ ခုနှစ်အထိ အလုံးအရင်းနှင့် ပုန်ကန်ခဲ့ကြ၏။ ချင်းတောင်နယ် အချို့ဒေသမှာ ငြိမ်းချမ်းရေးရပြီးသည့်တိုင်အောင် အင်္ဂလိပ်အစိုးရအား အခွန်မပေးဘဲ ကာလအတော်ကြာ နေခဲ့ကြပေသည်။

အင်္ဂလိပ်အစိုးရသည် ၁၈၈၇ ခုနှစ်တွင် ပုန်ကန်ထကြွမှုများကို စစ်သား ၃ သောင်း ၂ ထောင်ဖြင့် စရိတ်များစွာ အကုန်ခံ၍ နှိမ်နင်းခဲ့ရ၏။ သို့သော်လည်း ငြိမ်ဝပ်ပိပြားမှု မရခဲ့သဖြင့် စစ်သားနှင့် အိန္ဒိယပုလိပ်တပ်များကို အင်အား ၄ သောင်း ၅ ရာ အထိ တိုးချဲ့ခဲ့ရလေသည်။ စစ်တပ်နှင့် ပုလိပ်တပ်အင်အားကို ၁၈၉၀ ပြည့်နှစ်အထိ လျှော့ချနိုင်ခြင်း မရှိခဲ့ချေ။

အထက်မြန်မာပြည်ကို တိုက်ခိုက်သိမ်းယူရေးအတွက် စစ်စရိတ်မှာ မူလခန့်မှန်းစဉ်က 'ပေါင်ပေါင်း ၃ သိန်းကုန်ကျမည်။' ဟု ခန့်မှန်းခဲ့၏။ တကယ် သိမ်းယူဆောင်ရွက်လာသောအခါ လက်တွေ့ကုန်ကျငွေမှာ စစ်တိုက်၍


mgyoe.com

mgyoe.com SAMPLE BOOK

တိုင်းပြည်ကို သိမ်းယူရသည့်စရိတ်ထက် မျိုးချစ်ခေါင်းဆောင်များ တော်လှန်ခြင်းကို နှိမ်နင်းရသည့် ကုန်ကျစရိတ်က ပိုမိုကုန်ကျ၍ နေလေသည်။

၁၈၈၆ ခုနှစ်အထိ အင်္ဂလိပ်တို့ စစ်စရိတ်ကုန်ကျငွေမှာ ၆ သိန်း ၃ သောင်း ၅ ထောင် ၆ ရာ (၆၃၅၆၀၀) ဖြစ်လေ၏။

မျိုးချစ်တော်လှန်ရေးသမားများကို နှိမ်နင်းရသည့်အတွက် စစ်စရိတ်မှာ

၁၈၈၅–၈၆ ခုနှစ်၌ ပေါင်ပေါင်း ၆ သိန်း ၃ သောင်း ၅ ထောင် ၆ ရာ (၆၃၅၆၀၀)။

၁၈၈၇–၈၈ ခုနှစ်များ၌ ထိုထက် ၂ ဆ တိုးတက် ကုန်ကျခဲ့ပြီးလျှင်၊

၁၈၈၉ ခုနှစ်၌ ၆ သိန်း ၅ သောင်း

၁၈၉၀ ပြည့်နှစ်၌ ပေါင်ပေါင်း ၈၆၅,၀၀၀ ကုန်ကျခဲ့၏။

စစ်စရိတ်များ ဤသို့ ၁ နှစ်ထက် ၁ နှစ် တိုးတက်ကုန်ကျခြင်းကို ထောက်ဆ၍ ထိုစဉ်က မြန်မာမျိုးချစ်တော်လှန်ရေးပုဂ္ဂိုလ်များ၏ လှုပ်ရှားမှုများမှာ မည်မျှပြင်းထန်ခဲ့ကြောင်း သိသာနိုင်ပေ၏။

ထိုကဲ့သို့ မျိုးချစ်တော်လှန်ရေးသမားများကို နှိမ်နင်းရင်း ကျေးရွာများတွင် ကင်းတပ်များချထား၍ ဆင်းရဲသားတို့အား အမျိုးမျိုးညှဉ်းပန်းခဲ့၏။ အလိုတော်ရိများကို လက်နက်ပေး၍ ရွာသူကြီး ခန့်ထားပြီးလျှင် ကျေးရွာအုပ်ချုပ်ရေးအာဏာများကို အဆမတန်ပေးထား၏။

၁၈၉၀ ပြည့်နှစ်မှာ ‘လက်နက်ချသူတို့အား လွတ်ငြိမ်းခွင့်ပေးမည်။’ဟု ကြေညာ၏။ ‘ကောင်းတုံနယ်မှ ပုန်ကန်သူအချို့ လက်နက်ချကြသည်။’ဟု အင်္ဂလိပ်အစိုးရ၏မှတ်တမ်းတွင် ဖော်ပြထား၏။

ချင်းအမျိုးသားတို့သည် ၁၈၈၆ ခုနှစ်မှ ၁၈၉၆ ခုနှစ်အထိ ပုန်ကန်ထကြွနေ၏။ ခရီးသွားလာရေးလည်း မလွယ်ကူ၊ ငှက်ဖျားရောဂါထူထပ်သော အစွန်အဖျားဒေသတို့ဖြစ်သောကြောင့် အင်္ဂလိပ်စစ်တပ်တို့သည် ၁၀ နှစ်ခန့်ကြာမှ ချင်းတောင်နယ်သို့ ချီတက်နှိမ်နင်းနိုင်လေသည်။

၁၈၈၆ အောက်တိုဘာလ ၁၇ ရက်မှ ၂၉ ရက် နေ့ကာလအတွင်း အင်္ဂလိပ်တို့ဘက်မှ ဗိုလ်ချုပ်ဖော့စ်နှင့် ဗိုလ်မှူးရိပ်တို့ ဦးစီးသောစစ်ကြောင်းသည် တော်လှန်နေသော ချင်းအမျိုးသားများကို နှိမ်နင်းရန် ချီတက်သွားခဲ့ကြ၏။

ထို့ပြင် အင်္ဂလိပ်တို့အားတော်လှန်နေသော ကချင်အမျိုးသားများကို နှိမ်နင်းရန် အင်္ဂလိပ်တို့ဘက်မှ ၁၈၈၆ ခုနှစ်တွင် စစ်သားပေါင်း ၁ သောင်း ၄ ထောင်ကို အသုံးပြုခဲ့ရာ၊ မနိုင်နင်းသဖြင့် ၁၈၈၆ ဒီဇင်ဘာတွင် အင်အားကို ၂ သောင်း ၅ ထောင်အထိ တိုးချဲ့ခဲ့ရလေသည်။ ထို့နောက် အင်္ဂလိပ်တို့သည် သေနင်္ဂဗျူဟာနည်းပရိယာယ်တစ်မျိုးအားဖြင့် ခရစ်ယာန်သာသနာပြုများကို စေလွှတ်၍၊ အဝတ်အထည်, ဆေးဝါး စသည်များကို ပေးကမ်းဝေငှ၍ ငြိမ်းချမ်းမှုရရန် စီမံ၏။

ရှမ်းပြည်နယ်မှ ပုန်ကန်မှုများကိုလည်း တစ်နည်းငြိမ်းချမ်းစေရန် ‘ယခင် မြန်မာဘုရင်ကဲ့သို့ အင်္ဂလိပ်အစိုးရက ရှမ်းစော်ဘွားများအား ပဒေသရာဇ်အာဏာများကို အပ်နှင်း၍၊ ယင်း စော်ဘွား, စော်ခံများကို အုပ်ချုပ်စေပါမည်။’ ဟု ကြေညာ၏။


mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာပြည်ရှိ တိုင်းရင်းသားများသည် လူမျိုးခြားလက်အောက်၌ ကျွန်ဘဝအဖြစ် နေရမည်ကို မနှစ်သက်သဖြင့် ၁၀ နှစ်ကျော်မျှ ရရာလက်နက်ဖြင့် အင်္ဂလိပ်တို့ကို ခုခံတော်လှန် တိုက်ခိုက်ခဲ့ကြလေသည်။ အင်္ဂလိပ်တို့ကလည်း မြန်မာမျိုးချစ်တော်လှန်ရေးသမားများကို အပြင်းအထန်နှိမ်နင်းခဲ့ကြ၏။ မြန်မာတို့သည် နောက်ဆုံး၌ အားမတန်၍ မာန်လျှော့ခဲ့ကြရလေသည်။

မြန်မာနိုင်ငံအလုံးသည် ကျွန်ဘဝတွင် စုံးစုံးနှစ်ရချေပြီ။ ၅ နှစ်လျှင် တစ်ကြိမ်ကျ မဟာဝန်ရှင်တော်မင်းကြီးများကို ခန့်ထား၍ အင်္ဂလိပ်အစိုးရက အုပ်ချုပ်စေခဲ့၏။

၄င်း ဝန်ရှင်တော်မင်းကြီး များမှာ အောက်ပါအတိုင်းဖြစ်လေသည်။

၁၈၈၇ ခုနှစ်မှ ၁၈၉၀ ခုနှစ် ဆာ ချားလ်ကရော့စ်ဝိတ်

၁၈၈၉ ခုနှစ်မှာ ခေတ္တ မစ္စတာအေပီ မက္ကဒေါနယ်

၁၈၉၀ ပြည့်နှစ်မှ ၁၈၉၅ ခုနှစ် ဆာ အလိတ်ဇန္ဒာမက္ကင်ဇီ

၁၈၉၅ ခုနှစ်မှ ၁၈၉၇ ခုနှစ် ဆာ ဖရက်ဒရစ် ဖရိုင်ယာ

၁၈၉၆ ခုနှစ်မှာ ခေတ္တ မစ္စတာ ဒီအမ်မ် ဆမီတန် တည်းဟူသော ဗိလတ်ခန့် မဟာဝန်ရှင်တော်မင်းကြီးများသည် အလှည့်အလှယ်အားဖြင့် အုပ်ချုပ်ခဲ့၏။

ထို မဟာဝန်ရှင်တော်မင်းကြီးတို့သည် မြန်မာပြည်အား စစ်ဥပဒေတမျှ ပြင်းထန်လှသောအမိန့်အာဏာများဖြင့် ကွပ်ကဲဖိနှိပ်၍ အုပ်စိုးခဲ့လေသည်။ မဟာဝန်ရှင်တော်မင်းကြီး ဆာချားလ်ကရော့စ်ဝိတ် လက်ထက်မှစ၍ ဘုရင်ခံအဆက်ဆက်တို့သည် ပြင်းထန်လှသော ကျေးလက်အုပ်ချုပ်ရေး ဥပဒေနှင့် အမိန့်များကို ထုတ်ခဲ့၏။

ထို ကျေးလက်အုပ်ချုပ်ရေး ဥပဒေနှင့် အမိန့်များအရ ရွာသားတစ်ယောက်သည် ရွာသူကြီးစေခိုင်းသမျှကို လုပ်ပေးရမည်။ အာဏာဖီဆန်လျှင် ထိုရွာသားအား ၂၄ နာရီအထိ ထိတ်တုံးခတ်၍ ချုပ်ထားနိုင်၏။ အချိန်မရွေး ရွာသူကြီးက မောင်းထုလျှင် အရွယ်ရောက်သူတိုင်း ရွာသူကြီးအိမ်သို့ လာရ၏။ မလာလျှင် ၂၄ နာရီ ထိတ်တုံးခတ်ခြင်း ခံရမည်။ သို့မဟုတ် အမှုတွဲမရှိ ၅ ကျပ်အထိ ဒဏ်ငွေ တပ်ရိုက်နိုင်၏။ ရွာသားများကိုယ်တိုင် ကျေးရွာစည်းရိုး ဆူးစောင်းရန်းကို အခကြေးငွေမရဘဲ လုံခြုံအောင် အထပ်ထပ်ကာရ၏။ ရွာတံခါးများတွင် အလှည့်ကျညတိုင်း မအိပ်ဘဲ ကင်းစောင့်ရ၏။ အင်္ဂလိပ်အရာရှိ စစ်တပ်နှင့် အစိုးရအမှုထမ်းများ လာလျှင် ရွာသားတို့က ကြက်၊ ကြက်ဥ၊ ရေ၊ ထင်း စသည် တောင်းသမျှ ပေးရ၏။ ထိုအမှုထမ်းတို့ တစ်ရွာမှတစ်ရွာသို့ သွားလိုလျှင် အခမဲ့ နွားလှည်းများနှင့် လိုက်၍ ပို့ရ၏။

ရွာကို ဓားပြတိုက်လျှင် တစ်ရွာလုံးကို ဒဏ်တပ်၏။ ရွာနှင့် ရွာဧရိယာတွင် လူသတ်မှုဖြစ်၍ တရားခံမပေါ်လျှင် တစ်ရွာလုံးပင် ဒဏ်တပ်ခံရ၏။ ရွာသားတစ်ယောက်အား 'ခိုးဆိုးသည်။'ဟု မသင်္ကာလျှင် အမှုတွဲမရှိဘဲ အရေးပိုင်က ထောင်ဒဏ် ၁ နှစ် အပြစ်ပေး၏။

လမ်းများဖောက်လုပ်ခြင်း၊ ချောင်းများကို ပြုပြင်ခြင်းများကို အခမဲ့ခိုင်းလျှင် လုပ်ပေးရ၏။

အင်္ဂလိပ်အစိုးရတို့သည် ဤနည်းဖြင့် ဖိနှိပ်အုပ်စိုး၍ ကျေးရွာသူကြီးများကိုလည်း ၄င်းတို့ သဘောကျသူကိုသာ ၄င်းတို့အလိုအတိုင်း ခန့်ထားလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

၁၈၉၇ ခုနှစ် မေလ ၁ ရက်နေ့တွင် မြန်မာပြည်အား 'လက်ဖတင်နင် ဂါဗနာ' ခေါ် လက်ထောက်ဘုရင်ခံအုပ်ချုပ်သော ပြည်နယ်တစ်နယ်အဖြစ်သို့ ပြောင်းလဲ၍ အုပ်ချုပ်ကြပြန်လေသည်။

ပထမဆုံး ဥပဒေပြုအဖွဲ့ကိုလည်း စတင်ဖွဲ့စည်း၏။ ဖွဲ့စည်းပုံမှာ လက်ထောက်ဘုရင်ခံက ဥပဒေပြုအဖွဲ့ ဥက္ကဋ္ဌ လုပ်၍၊ ၄င်းသဘောကျ ဥပဒေပြုအမတ် ၉ ယောက်ကို ခန့်ထား၏။ ၄င်း ၉ ယောက်မှာ အင်္ဂလိပ်အရာရှိ ၄ ယောက်၊ အင်္ဂလိပ်ကုန်သည် ၂ ယောက်၊ တိုင်းရင်းသား ၂ ယောက်၊ ရှမ်းစော်ဘွား ၁ ယောက် ဖြစ်၏။

ထို့နောက် ၁၈၉၇ ခုနှစ် ဧပြီလ ၉ ရက်နေ့က အိန္ဒိယဘုရင်ခံချုပ်က 'မြန်မာပြည်သည် အိန္ဒိယပြည်နယ်များအတွင်းတွင်ပါဝင်သည့် ပြည်နယ်တစ်နယ်ဖြစ်သည်။' ဟု ကြေညာ၍ ဆာ ဖရက်ဒရစ် ဖရိုင်ယာအား လက်ဖတင်နင် ဂါဗနာအဖြစ်ဖြင့် ခန့်ထား၍ စတင်အုပ်ချုပ်လေသည်။

၄င်း ဆာ ဖရက်ဒရစ် ဖရိုင်ယာသည် မြန်မာပြည်၏ ပထမဆုံး လက်ထောက်ဘုရင်ခံ ဖြစ်လေသည်။



mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com

# အခန်း ၅

## နိုင်ငံရေးအစ ဝိုင်အမ်ဘီအေ က

ဝိတိုရိယ အင်္ဂလိပ်ဘုရင်မသည် ၁၈၅၈ ခုနှစ်က 'ဗြိတိသျှအင်ပိုင်ယာအတွင်းရှိ တိုင်းသူပြည်သားတို့သည် မိမိတို့ယုံကြည်သော ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ခွင့်ရှိသည်။' ဟု ပြန်တမ်းထုတ်၍ ကြေညာခဲ့၏။ ထိုပြန်တမ်းအရ မြန်မာပြည်၌လည်း ဘာသာရေးအသင်းအဖွဲ့များကို ၁၈၉၇ ခုနှစ်မှစ၍ စတင် တည်ထောင်ခဲ့ကြ၏။

ထို တည်ထောင်ခဲ့သော ဘာသာရေးအသင်းများအနက် ရှာဖွေတွေ့ရှိရသော ထင်ရှားသည့်အသင်းများမှာ အောက်ပါအတိုင်း ဖြစ်၏။

ခရစ်နှစ် ၁၈၉၇ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၅၉ ခုနှစ်)၌ မော်လမြိုင်မြို့တွင် ရှေ့နေ ဦးရွှေသွင် ဦးစီး၍ **သာသနမာရအသင်း** ကို တည်ထောင်ခဲ့၏။ ထိုအသင်းသည် ဘာသာရေး, ပေါင်းသင်းဆက်ဆံရေးနှင့် ပညာရေးကို အားပေး၏။ အင်္ဂလိပ်-မြန်မာ ၂ ဘာသာသင် ရှင်မဟာဗုဒ္ဓဃောသကျောင်းကို တည်ထောင်ခဲ့၏။ ထိုအသင်းကို ငွေကြေးအများဆုံး လှူဒါန်းသူမှာ နောင်တစ်ခေတ်တွင် ခေါင်းဆောင်ဖြစ်မည့် ဦးချစ်လှိုင်၏ဖခင် သူဌေးကြီး ဦးသာညွှန်း ပင် ဖြစ်ပေသည်။

မန္တလေးမြို့တွင်လည်း လက်ထောက်ပညာဝန် ဦးကျော်ရန် ဦးစီး၍ ၁၈၉၇ ခုနှစ်တွင် ဗုဒ္ဓဘာသာ ကလျာဏ **မိတ္တအသင်း** ကို တည်ထောင်ခဲ့၏။ ထိုအသင်းကလည်း အင်္ဂလိပ်မြန်မာ ၂ ဘာသာသင် ဗုဒ္ဓသာသနာနုဂ္ဂဟ အထက်တန်းကျောင်းကို တည်ထောင်ခဲ့၏။ ထိုကျောင်းသည် သီတင်းနေ့, အဖိတ်နေ့များတွင် ကျောင်းပိတ်စေခြင်း၊ ဗုဒ္ဓဘာသာ တရားတော်များကို နာကြားစေခြင်းများကို မြန်မာပြည်တွင် ပထမဆုံး စတင်ခဲ့သောကျောင်း ဖြစ်ပေသည်။

ပုသိမ်မြို့တွင်လည်း ခရစ်နှစ် ၁၉၀၂ ခုနှစ် (မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ်) အင်္ဂလိပ်လူမျိုး ဗုဒ္ဓဘာသာ ရဟန်းတစ်ပါးက ဦးစီး၍ **အသောကအသင်း** ကို တည်ထောင်ခဲ့၏။ ဘာသာရေးနှင့် ပညာသင်ကြားရေးများကို အထူးအားပေး ဆောင်ရွက်ခဲ့၏။

ရန်ကုန်မြို့တွင်လည်း ၁၉၀၄ ခုနှစ်က ကောလိပ်ကျောင်းတွင် **ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်း** တစ်သင်း ကို တည်ထောင်ဖူးပေ၏။

ထို့နောက် ၁၉၀၅ ခုနှစ်မှစ၍ မုံရွာမြို့ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ **အဘိဓမ္မာသံခိပ်အသင်း** များနှင့် **နိုင်ငံခြားဗုဒ္ဓသာသနာပြုအသင်း**, **သာသနဟိတအသင်း** စသည်များကို မြို့တိုင်း၌ပင် အနှံ့အပြား တည်ထောင်ကြ၍၊ ဘာသာရေးနှင့်ပေါင်းသင်းဆက်ဆံရေးများကို ရွက်ဆောင်ခဲ့ကြပေသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ထို့ကြောင့် 'မြန်မာ့စည်းရုံးရေးအစသည် ဘာသာရေးနှင့် စာသင်ကျောင်းများ တည်ထောင်ခဲ့ခြင်းမှ စတင်သည်။' ဟု ဆိုရပေမည်။

မြန်မာတစ်နိုင်ငံလုံးမှာ အင်္ဂလိပ်အစိုးရလက်အောက်၌ အုပ်စိုးသူအင်္ဂလိပ်တို့အား ပြားပြားဝပ် ကြောက်နေရပေပြီ။ အင်္ဂလိပ်အရာရှိကို 'သခင်' ခေါ်၍ ဘုရားထူးနေရသောအခါလည်း ဖြစ်၏။ 'လူထုအစည်းအရုံး'ဟူ၍လည်း ပြောပလောက်အောင် မရှိ ဖြစ်ခဲ့၏။ ထိုအချိန်တွင် ရန်ကုန်မြို့၌ 'ဝိုင်အမ်စီအေ' ခေါ် ခရစ်ယာန်ဘာသာလူငယ်များ၏ အသင်းတိုက်သည် ဂျူဒါအီစကယ်လမ်းနှင့် ဒါလဟိုဇီလမ်းထောင့်တွင် တည်ရာဌာနထား၍ ပေါင်းသင်း ဆက်ဆံရေး၊ ပညာသင်ကြားရေး၊ ဘာသာတရား လေးစားမှုအတွက် ဟောပြောပွဲ စည်းဝေးပွဲများကို မပြတ်ကျင်းပလျက် ရှိ၏။

မြန်မာများ အောက်ကျနောက်ကျရှိနေခြင်းကို မကြည့်စိမ့်နိုင်သော ရန်ကုန်ကောလိပ်ကျောင်းသား မြန်မာလူငယ်တစ်စုသည် 'ဝိုင်အမ်စီအေ' အသင်းကဲ့သို့ ဘာသာရေးနှင့် ပေါင်းသင်းဆက်ဆံရေးကို အခြေခံထား၍ ခရစ်နှစ် ၁၉၀၆ ခုနှစ်၊ (မြန်မာသက္ကရာဇ် ၁၂၆၈ ခုနှစ်)တွင် 'ဝိုင်အမ်ဘီအေ' ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း ကို စတင်တည်ထောင်ကြ၏။

ထိုလူငယ်လူလတ်စုတွင် ပါဝင်ကြသော ခေါင်းဆောင်များမှာ ဦးဘဘေ၊ ဦးမောင်ကြီး၊ ဦးဘရင်၊ ဦးပု၊ ဦးသိန်းမောင်၊ ဦးစံလွင်၊ ဦးစံဘာသာ၊ ဦးဘဒွန်း စသည်တို့ ဖြစ်ကြ၏။ ဤကဲ့သို့ ဆွေးနွေး၍ အသင်းသားများကို စုဆောင်းပြီးလျှင် ကောလိပ်ကျောင်း၌ တနင်္ဂနွေနေ့များတွင် စကားအချေအတင် ပြောပွဲများကို ကျင်းပ၏။ နောက်ထပ်အသင်းသားများကို စုဆောင်းပြီးနောက် ၁၉၀၇ ခုနှစ်တွင် အသင်း၏ စည်းမျဉ်းဥပဒေများကို အဆိုပါကျောင်းသားခေါင်းဆောင်များသည် သီအိုဆိုဖစ်အသင်း၏ အကျိုးဆောင် မစ္စတာအောလ်ကော့ဆော၏ အကူအညီဖြင့် ရေးသားကြ၏။ အသင်းသားများကို ထပ်မံစုရုံးပြန်ရာ ဝတ်လုံ ဦးစု၊ ဝတ်လုံ ဦးချစ်လှိုင်၊ ဝတ်လုံ ဦးမေအောင်၊ ဝတ်လုံ ဦးခင်၊ ဝတ်လုံ ဦးဘစီ၊ ဝတ်လုံ ဦးစိန်လှအောင်၊ ဝတ်လုံ ဦးအေးမောင်၊ ဝတ်လုံ ဂျေ အေ မောင်ကြီး၊ ဦးမောင်မောင်အုန်းခိုင်၊ ဦးထွန်းရှိန်၊ ဦးသင်းမောင်၊ ဦးဘလှိုင်၊ ဦးဖေ၊ ဦးဘသန်း စသော ခေါင်းဆောင်လောင်း လူငယ်လူလတ်များ အများအပြား ပါဝင်လာကြလေသည်။

၁၉၀၈ ခုနှစ်မှ ၁၉၁၀ ပြည့်နှစ်အထိ ၂ နှစ်အတွင်းမှာ ဝိုင်အမ်ဘီအေ အသင်းသို့ ကျောင်းသားများသာမက အရပ်သားများ၊ အစိုးရအမှုထမ်း၊ အရာထမ်း၊ စာရေးစာချီများ၊ ရှေ့နေ ဝတ်လုံများ ပါဝင်လာကြ၍ အသင်းသားဦးရေတိုးတက်များပြားလာသဖြင့်၊ အသင်းတိုက်ကို ရန်ကုန်မြို့ လန်ကက်စတာလမ်း အိမ်ခန်းတစ်ခန်းတွင် ငှားရမ်း၍ အသင်းတိုက်တည်ရာဌာနထားပြီးလျှင် အသင်း၏လုပ်ငန်းများအား ဆောင်ရွက်ခဲ့လေသည်။

နယ်များတွင်လည်း မော်လမြိုင်၊ ပဲခူး၊ ပုသိမ်၊ ညောင်လေးပင်၊ ဟင်္သာတ၊ ပြည်၊ မန္တလေး၊ ပျဉ်းမနား၊ မြို့ ၈ မြို့တွင် ဝိုင်အမ်ဘီအေ အသင်းခွဲများကိုလည်း စတင် တည်ထောင်လိုက်ကြ၏။

ဝိုင်အမ်ဘီအေ အသင်းများသည် 'အမျိုးဘာသာသာသနာ ပညာရေးကို အားပေးဆောင်ရွက်မည်။'ဟု ရည်ရွယ်ချက်ထားကြ၏။

ကြွေးကြော်ချက် မူရင်းများမှာလည်း -

'အမျိုးကို ချစ်ပါ။

'ဘာသာကို လေးစားပါ။

'သာသနာကို ချီးမြှင့်ပါ။

'ပညာရေးကို အားပေးပါ။' ဟူ၍ ဖြစ်၏။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုရည်ရွယ်ချက် ကြွေးကြော်သံများကို လူငယ်အများသည် နှစ်သက်ကြသောကြောင့် ဝိုင်အမ်ဘီအေအသင်းသား ဦးရေမှာလည်း တစ်စတစ်စ တစ်နေ့တခြား တိုးတက်များပြားလာ၏။

ရန်ကုန် ဝိုင်အမ်ဘီအေအသင်းက 'ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် အစိုးရကျောင်းများ ပိတ်ပေးကြရန်' ပထမဦးစွာ လှုံ့ဆော် နှိုးဆွပေး၏။ သို့ရာတွင် အစိုးရကျောင်းအာဏာပိုင်များက ကျောင်းပိတ်မပေးဘဲ တင်းမာ၍ နေခဲ့၏။

'စည်းရုံးမှုအင်အား နည်းပါးနေခိုက်ဖြစ်၍ အင်္ဂလိပ်အစိုးရတို့ပြသမျှ နုရသောအခါပေတကား။' ဟု ဝိုင်အမ်ဘီအေ ခေါင်းဆောင်များသည် သဘော ပေါက်ကြလေသည်။

လူငယ်ခေါင်းဆောင်များသည် အင်္ဂလိပ်အစိုးရကို တိုင်းပြည်က စိတ်နာလာစေရန် တီးတိုးတစ်ဖုံ ကျယ်ကျယ် တစ်မျိုး ဝါဒဖြန့် စည်းရုံးကြရလေတော့၏။ သူတို့ကိုယ်တိုင်ကလည်း အင်္ဂလိပ်အစိုးရကို တော်လှန်လိုစိတ်များ တဖွားဖွားတက်ကြွလာခဲ့ပေသည်။

၁၉၀၉ ခုနှစ်သို့ ရောက်သောအခါ မင်တိုမော်လေပြုပြင်ရေးစနစ်အရ မြန်မာပြည်အုပ်ချုပ်ရေး ဥပဒေပြုအဖွဲ့ လက်ဖတင်နင် ဂါဗနာ၏ ကောင်စီကို တစ်မျိုးတစ်ဖုံ ပြုပြင်ပြန်၏။ ပြုပြင်ပုံမှာ 'လက်ဖတင်နင် ဂါဗနာ'ခေါ် လက်ထောက်ဘုရင်ခံသဘောကျ ရွေးချယ်ခဲ့ရသော အမတ် ၉ ဦးအစား ၁၅ ဦးသို့ တိုးချဲ့လိုက်၏။

ထိုအမတ် ၁၅ ဦးမှာ – အင်္ဂလိပ်ကုန်သည်ကြီးအသင်းမှ ၁ ဦး၊ အင်္ဂလိပ်အရာရှိများထံမှ ၆ ဦး၊ မြန်မာတိုင်းရင်းသား ၄ ဦး၊ အိန္ဒိယအမျိုးသား ၁ ဦး၊ တရုတ်အမျိုးသား ၁ ဦး၊ ဥပဒေတတ်ကျွမ်းသူ ၂ ဦး စုစုပေါင်း ၁၅ ယောက် ဖြစ်၏။

လက်ထောက်ဘုရင်ခံသည် ဥပဒေပြုအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်ဖြင့် ဆောင်ရွက်၍၊ ၄င်းသဘောကျရာ လူကြီး ၁၄ ယောက်ကို အတိုင်ပင်ခံအဖြစ် ရွေးချယ်ခန့်ထားခွင့် ရှိ၏။ အင်္ဂလိပ်ကုန်သည်ကြီးအသင်းမှ တစ်ယောက်ကိုသာ အသင်းသဘောကျ ရွေးချယ်တင်မြှောက်ပေးခြင်းကို လက်ခံခြင်း ဖြစ်သည်။ အထက်ပါ အမတ် ၁၅ ဦးတွင် မြန်မာတိုင်းရင်းသားအမတ် ၄ ဦး ပါရှိသော်လည်း၊ ဘုရင်ခံပြောသမျှ ခေါင်းညိတ်ကြသည့်သူများသာ ဖြစ်တော့၏။

အင်္ဂလိပ်တို့အုပ်ချုပ်ပုံမှာ ဥပဒေရေးရာအားဖြင့် လည်းကောင်း၊ လူမှုရေးရာအားဖြင့် လည်းကောင်း တစ်နေ့တခြား ဖိနှိပ်အုပ်ချုပ်နေဆဲပင် ဖြစ်၏။ အုပ်ချုပ်သူ ပြောင်းလဲခြင်း၊ အရေအတွက် လူဦးရေ လျော့ခြင်း၊ တိုးခြင်းသည် အင်္ဂလိပ်ဗြိုရိုကရက် ကိုလိုနီအုပ်ချုပ်ရေး၏ အနှစ်သာရပြောင်းလဲခြင်း မဟုတ်။ အသွင်သဏ္ဌာန်ပြောင်းလဲခြင်းမျှသာ ဖြစ်ကြောင်းကို ဝိုင်အမ်ဘီအေအသင်းခေါင်းဆောင် လူငယ်များက သိနားလည်ကြပြီး ဖြစ်သည်။

အင်္ဂလိပ်ဗြိုရိုကရက် ကိုလိုနီအုပ်ချုပ်ရေးကို ပိုမိုပြင်းထန်စွာတိုက်ခိုက်ရန် လူငယ်များသည် စည်းရုံးရေးကို အားစိုက်ကြိုးပမ်းခဲ့ကြ၏။

ရန်ကုန်မြို့ ဝိုင်အမ်ဘီအေအသင်းတွင် အသင်းသားများ တိုးတက်လျက်ရှိစဉ် အခြားမြို့ကြီး ၈ မြို့ရှိ ဝိုင်အမ်ဘီအေ အသင်း ၈ သင်းတွင်လည်း အသင်းသားများ တိုးတက်လျက် ရှိလေသည်။ ထို့ကြောင့် ရန်ကုန်မြို့ ဝိုင်အမ်ဘီအေ အသင်းတိုက်ကို လွှစ္စလမ်း* တိုက်ခန်းတစ်ခန်းသို့ ရွှေ့ပြောင်းတိုးချဲ့ ဖွင့်လှစ်လိုက်၏။ ထိုမှ ဆူးလေဘုရားလမ်း တိုက်ခန်းတစ်ခန်းသို့ ထပ်မံရွှေ့ပြောင်း၍ ဖွင့်၏။

---

* ယခု–ဆိပ်ကမ်းသာလမ်း


mgyoe.com

mgyoe.com SAMPLE BOOK

ခေါင်းဆောင်လူငယ်များသည် 'ဝါဒဖြန့်ရန်နှင့် အလုပ်တွင်ကျယ်ရန် တိုင်းပြည်ဟစ်တိုင် သတင်းစာတစ်စောင် ရှိထိုက်သည်။' ဟု ဆုံးဖြတ်ကြ၏။

ပိုင်အမ်ဘီအေအသင်းတွင် ၁၉၁၁ ခုနှစ်အထိ 'အသင်းဥက္ကဋ္ဌ' ဟူ၍မရှိသေးဘဲ ဦးဘဘေက အကျိုးဆောင်အတွင်းရေးမှူးအဖြစ်ဖြင့် ရွက်ဆောင်လာခဲ့လေသည်။ သတင်းစာထုတ်ဝေရန် ဦးဘဘေက ၂၅ ကျပ်, ဦးလှဖေ ၂၅ ကျပ်၊ ၂ ဦးပေါင်း ငွေ ၅၀ ကျပ်ဖြင့် အရင်းတည်၍ထုတ်ဝေရန် စိုင်းပြင်းစီမံကြလေသည်။

သတင်းစာနာမည်ကို ရွေးချယ်ရန် ဆွေးနွေးသောအခါ 'တစ်ပြည်လုံးအား အမှောင်ခွင်း၍ အလင်းရောင်ပေးမည်။ မကြောက်မရွံ့ ရဲဝံ့စွာရေးမည်။ တစ်နည်းအားဖြင့် နောက်ဆုံး မြန်မာဘုရင်အား ဖမ်းဆီးသွားပြီးလျှင် မြန်မာလူမျိုးများအား ကျွန်တွင်းသို့ ဆွဲသွင်းခဲ့ခြင်းကို အမြဲ အမှတ်ရနေရမည်။' ဟူသောသဘောဖြင့် ထိုသတင်းစာကို 'သူရိယ' ဟူ၍မှည့်ခေါ်ရန် သဘောတူကြလေ၏။

ခရစ်နှစ် ၁၉၁၁ ခုနှစ် ဇူလိုင်လ ၄ ရက် (မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ် ဝါဆိုလဆန်း ၉ ရက်)နေ့တွင် ရန်ကုန်မြို့ ကရစ်လမ်း*၌ စတင်၍ သတင်းစာတိုက် ဖွင့်၏။ သူရိယသတင်းစာကို ရက်သတ္တတစ်ပတ်လျှင် ၃ ကြိမ်ကျ ထုတ်ဝေ၏။ ထိုသတင်းစာမှ 'ပိုင်အမ်ဘီအေအသင်းများ ဖွဲ့စည်းထိုက်ကြောင်း' မပြတ် နှိုးဆော်ရေးသား၏။

သူရိယသတင်းစာ၏အယ်ဒီတာမှာ ဦးဘဘေ ဖြစ်၍၊ သခင်ကိုယ်တော်မှိုင်း, ဆရာသောင်း, ဆရာငြိမ်း စသော ပညာကျော်အယ်ဒီတာတို့ကလည်း နည်းလမ်းအမျိုးမျိုးဖြင့် နှိုးဆော်ရေးသားကြ၏။

၁၉၁၃ ခုနှစ်တွင် သူရိယသတင်းစာတိုက်ကို ဆူးလေဘုရားလမ်းသို့ ပြောင်း၍ ထုတ်ဝေနိုင်ခဲ့၏။ သတင်းစာလည်း တစ်စတစ်စ တွင်ကျယ်လာခဲ့လေ၏။

---

* ယခု ဦးထွန်းမြတ်လမ်း။

mgyoe.com

mgyoe.com

# အခန်း ၆

## ဝိုင်အမ်ဘီအေ ညီလာခံများ

မြန်မာပြည်အရပ်ရပ်တွင်ရှိသော ဝိုင်အမ်ဘီအေ အသင်းခွဲပေါင်း များစွာတို့မှ ကိုယ်စားလှယ်ခေါင်းဆောင်များကို ရန်ကုန်သို့ ဖိတ်ခေါ်၍ ခရစ်နှစ် ၁၉၁၀ ပြည့်နှစ် မတ်လ ၂၀ ရက်နေ့တွင် အသင်းချုပ်ကြီး ဖွဲ့စည်းရန် စတင်ဆွေးနွေးခဲ့ကြ၏။ ထို့နောက် ပိုမိုကျယ်ပြန့်ပြီးလျှင် ကိုယ်စားလှယ်ပေါင်းများစွာ တက်ရောက်သော အသင်းချုပ်ကြီး၏ ညီလာခံကို ကျင်းပရန် စီစဉ်ခဲ့ကြသည်။ စီစဉ်ခဲ့သည့်အတိုင်းပင် ခရစ်နှစ် ၁၉၁၁ ခုနှစ် မေလ ၇ ရက် (မြန်မာ သက္ကရာဇ် ၁၂၇၃ ခုနှစ် ကဆုန်လဆန်း ၁၀ ရက် တနင်္ဂနွေနေ့)တွင် ရန်ကုန် ဝိုင်အမ်ဘီအေအသင်းသည် နယ်ရှိ အသင်းကိုယ်စားလှယ်များကို ဖိတ်ကြား၍ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ဝိုင်အမ်ဘီအေအသင်းတိုက်၌ ပထမဆုံးအကြိမ်ဖြစ်သော ဝိုင်အမ်ဘီအေညီလာခံကို ကျင်းပ၏။ ထိုညီလာခံ၌ ဝတ်လုံ ဦးမေအောင်အား သဘာပတိအဖြစ် တင်မြှောက်စည်းဝေးကြ၏။

ထိုညီလာခံ၌ ဆွေးနွေးဆုံးဖြတ်ကြသော အချက်များမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

**ဆုံးဖြတ်ချက်များ**

၁- 'မြန်မာစာသင်ကျောင်းများနှင့် အင်္ဂလိပ်-မြန်မာ ၂ ဘာသာသင် စာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာတရားတော်များနှင့် အကျင့်စာရိတ္တ ကောင်းမွန်စေသော စာပေများကို ပို့ချသင်ကြားခြင်းများ တိုးတက်လာအောင် ရွက်ဆောင်အားထုတ်ကြရန်' ဆုံးဖြတ်ကြသည်။

၂- 'မြန်မာအမျိုးသားများ ချွေတာစုဆောင်းခြင်းအလေ့များ တိုးပွားလာအောင်၊ သမဝါယမ ငွေစုငွေချေးအသင်းများ ကြီးပွားတိုးတက်အောင် ရွက်ဆောင် အားပေးကြရန်' ဆုံးဖြတ်ကြသည်။

၃- 'မြန်မာတို့၏ လက်ထပ်မင်္ဂလာပွဲ, မသာအသုဘတို့တွင် ပွဲလမ်းသဘင် ထည့်ခြင်း၊ ငွေကြေးများစွာ အကုန်ခံ၍ ကျင်းပခြင်း၊ စိန်ရွှေဝတ်ခြင်း တိုးပွားနေခြင်း စသည်တို့သည် မသင့်လျော်၍ ၄င်းအလေ့များ တစ်စတစ်စ ပျောက်ကွယ်အောင် အားထုတ်ကြရန်' ဆုံးဖြတ်ကြသည်။

၄- 'မြန်မာပြည် တိုင်းရင်းအတတ်ပညာ လုပ်ငန်းဆောင်တာများ, လက်မှုပညာလုပ်ငန်းဆောင်တာများ တိုးပွားဖြစ်ထွန်းရန်နှင့် လယ်ယာစိုက်ပျိုးရေးများ တိုးတက်ကြီးပွားလာအောင် အားပေးရွက်ဆောင်ကြရန်, ဆုံးဖြတ်ကြသည်။

၅- 'ရန်ကုန်မြို့မ ရာဇဝတ်ဌာနမှ လက်နက်များကိုင်တွယ်၍ သွားလာခြင်း ပိတ်ပင်သော အက်ဉပဒေပြင်ဆင်ချက်ကို ဤအစည်းအဝေးက ထောက်ခံကြောင်း။ မြန်မာပြည်တစ်ဝှမ်းလုံး ဤဥပဒေ အနှံ့အပြားတည်စေလိမ့်မည်ဟု မျှော်လင့်ကြောင်း' ဆုံးဖြတ်ကြသည်။

၆- 'ဝိုင်အမ်ဘီအေအသင်း နှစ်ပတ်လည်အစည်းအဝေးများကို ၁ နှစ်လျှင် ၁ ဌာန ရွှေ့ပြောင်းကျင်းပရန်' ဆုံးဖြတ်ကြသည်။

mgyoe.com

၇- 'ဝိုင်အမ်ဘီအေအသင်းဝိုင် တည်ရာဌာန အဆောက်အဦတစ်ခုရရန် အားထုတ်ကြမည်။' ဟူ၍ ဆုံးဖြတ်ကြသည်။

၈- 'ဝိုင်အမ်ဘီအေ အသင်းခွဲများကို အုပ်ချုပ်ညွှန်ကြားနိုင်ရန် (General Council) ဂျင်နရယ်ကောင်စီအသင်းချုပ်ကို ဝိုင်အမ်ဘီအေ နယ်အသင်းများမှ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့မှ သီးခြားရွေးကောက်ခန့်ထားသော အမှုဆောင်များ၊ ရန်ကုန်တွင်နေနိုင်သော ဥက္ကဋ္ဌနှင့် အကျိုးဆောင်များ ပါဝင်၍ ဖွဲ့စည်းထားသင့်ကြောင်း' ဆုံးဖြတ်ကြသည်။

၉- 'ဝိုင်အမ်ဘီအေ အသင်းသားတစ်ဦးသည် မြို့ရွာပြောင်းရွှေ့ နေထိုင်ခြင်းကြောင့် ထိုမြို့ရွာရှိ ဝိုင်အမ်ဘီအေအသင်းသို့ အသင်းဝင်ကြေး ထပ်မံမပေးဘဲ အသင်းဝင်ခွင့် ရှိရမည်။' ဟု ဆုံးဖြတ်ကြသည်။

၁၀- 'ဆရာတော်သံဃာတော်များအား ချွေတာသုံးစွဲခြင်း, ငွေကြေးစုဆောင်းခြင်းများကို ဒါယကာ, ဒါယိကာမများ လိုက်နာကြစေရန် တရားဓမ္မ ဟောပြောပါမည့်အကြောင်း အရပ်ရပ် ဝိုင်အမ်ဘီအေအသင်းများက တောင်းပန်လျှောက်ထားကြရန်' ဆုံးဖြတ်ကြသည်။

၁၁- 'သေရည်သေရက် သောက်စားမှုးယစ်ခြင်း အလေ့အထများပပျောက်အောင် ဝိုင်အမ်ဘီအေအသင်းများက နည်းအမျိုးမျိုးဖြင့် ရွက်ဆောင်ကြရန်' ဆုံးဖြတ်ကြသည်။

၁၂- 'ဝိုင်အမ်ဘီအေ အသင်းသားများသည် နံပါတ်ပါသော အသင်းတံဆိပ်ကို တစ်ကိုယ်လျှင် တစ်ခုကျ ဆွဲဆောင်တပ်ဆင်ရန်' ဆုံးဖြတ်ကြပါသည်။

၁၃- 'ဝိုင်အမ်ဘီအေ အသင်းသားတို့သည် တစ်ဦးနှင့် တစ်ဦး ဦးခေါင်းညွှတ်၍ အရိုအသေပြုခြင်း, နှုတ်ဆက်ခြင်းများ ပြုကြရန်' ဆုံးဖြတ်ကြပါသည်။

၁၉၁၁ ခုနှစ်နှင့် ၁၉၁၄ ခုနှစ် အကြား လူငယ်များသည် သေရည်သေရက်ကိုရှောင်ကြဉ်သော **သုစရိတယုဝအသင်း**ကို တည်ထောင်ပြီးလျှင် ဝိုင်အမ်ဘီအေအသင်းနှင့် ပူးတွဲ ဆောင်ရွက်လာကြလေသည်။

အငြိမ်းစား ပညာဝန်ထောက် ဦးမှန်းနှင့် ဝတ်လုံတော်ရ ဦးမေအောင်သည် ပထမဦးစွာ နယ်သို့ထွက်၍ ဝိုင်အမ်ဘီအေအသင်းများ တည်ထောင်ရန် တရားဟော၍ စည်းရုံး၏။ အသင်းရည်ရွယ်ချက် လုပ်ငန်းစဉ်များသည် ဗုဒ္ဓဘာသာများ၏ ကုသိုလ်ရေးလုပ်ငန်းများသာ ဖြစ်ကြောင်းနှင့် နှီးဆော်ဟောပြောကြ၏။

ဝိုင်အမ်ဘီအေအသင်းခွဲများသည် ရန်ကုန် ဝိုင်အမ်ဘီအေနှင့် ဆက်သွယ်ဆောင်ရွက်ရန် စီမံခဲ့သဖြင့် နယ်အရပ်ရပ်တွင် ဝိုင်အမ်ဘီအေအသင်းများ တစ်နေ့တခြား ပွားများတိုးတက်လာ၏။

ခရစ်နှစ် ၁၉၁၄ ခုနှစ် မေလ ၁၀ ရက် (မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက် တနင်္ဂနွေနေ့)တွင် ဒုတိယအကြိမ်မြောက် ဝိုင်အမ်ဘီအေ အသင်းများနှင့် အလားတူအသင်းများ၏ညီလာခံကို ရန်ကုန်မြို့ အမှတ် ၉ လန်ကက်စတာလမ်း* အသင်းတည်ရာဌာန၌ပင် ကျင်းပ၍ ညီလာခံသဘာပတိအဖြစ်ဖြင့် ဝန်ထောက်ဦးဘိုးဖြေက ရွက်ဆောင်၏။

* ယခု နဝဒေးလမ်း။



mgyoe.com

mgyoe.com SAMPLE BOOK

## ဒုတိယ ဝိုင်အမ်ဘီအေ ညီလာခံ ဆုံးဖြတ်ချက်များ

၁- 'မြန်မာပြည် စာသင်ကျောင်းများနှင့် အကျဉ်းထောင်များ၌ ဗုဒ္ဓဘာသာ တရားစာပေကျမ်းဂန်များ လေ့လာသင်ကြားခြင်းများ တိုးတက်လာအောင် အားထုတ်ကြရန်' ဆုံးဖြတ်ကြသည်။

၂- 'ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာတို့၏ နေ့ထူးနေ့မြတ်ဖြစ်၍ အစိုးရက အသိအမှတ်ပြုရန်အတွက် အားထုတ်ကြရန်' ဆုံးဖြတ်ကြသည်။

၃- 'မြန်မာပြည်ရှိ ဗုဒ္ဓဘာသာစာသင်ကျောင်းများကို ထောက်ပံ့ကြည့်ရှု အုပ်ချုပ်မှုအတွက် ဗဟိုအသင်းမတစ်ခု တည်ထောင်ရန်' ဆုံးဖြတ်ကြသည်။

၄- 'မသာအသုဘတို့၌ ဟသ်္တတအသင်းမှ ပြဋ္ဌာန်းသောအချက်များကို အခြားအသင်းများကလည်း ပြဋ္ဌာန်းရွက်ဆောင်ကြရန်' ဆုံးဖြတ်ကြသည်။

၅- 'မြန်မာလူမျိုးတို့၏ လက်ထပ်မင်္ဂလာအခမ်းအနား၌ လာရောက်ချီးမြှောက်သူတို့အား လက်ဆောင်ပေးခြင်း အလေ့များကို ဖျက်သိမ်းရပ်စဲရန် ကြိုးစည်အားထုတ်ကြရန်' ဆုံးဖြတ်ကြသည်။

၆- 'ဇာတ်ပွဲများနှင့် ဇာတ်လမ်းစာအုပ်များတွင် ရုန့်ကြမ်းသော အပြောအဆို, တေးသီချင်းများ ပါဝင်သဖြင့် ပျောက်ကွယ်ရပ်စဲအောင် အသင်းများအားလုံး တာဝန်ရှိရှိဖြင့် ဆောင်ရွက်ကြစေရန်' ဆုံးဖြတ်ကြသည်။

၇- 'ဆွမ်းတော်ကြီးပွဲ, ဘုရားပွဲ, ဘုန်းကြီးပျံ စသည်တို့တွင် စရိတ်များစွာအကုန်အကျခံ၍ ဆောင်ရွက်နေခြင်းများကို စရိတ်နည်းနည်းဖြင့် ကုသိုလ်ပွားအောင် ပြုလုပ်ရွက်ဆောင်သင့်ကြောင်း။' ဆုံးဖြတ်ကြသည်။

၈- 'ဗုဒ္ဓဘာသာ မြန်မာလူမျိုးများသည် သေရည်သေရက် မရောင်းသင့်ကြောင်း။' မူလအဆိုကို ဗုဒ္ဓဘာသာဝင်များ သေရည်သေရက် မသောက်စားစေခြင်းငှာ မည်ကဲ့သို့ထိရောက်အောင် ရွက်ဆောင်သင့်သည်ကို အရပ်ရပ်ရှိ ဝိုင်အမ်ဘီအေ အသင်းများနှင့် ညှိနှိုင်းဆွေးနွေး ရွက်ဆောင်ရန် ပြင်ဆင်သည်ကို လက်ခံအတည်ပြု၍ ဆုံးဖြတ်ကြပါသည်။

၉- 'သေရည်သေရက် မသောက်ရန် သုစရိတပယုဝအသင်းများ ဖွဲ့စည်းရွက်ဆောင်သည်ကို ဝိုင်အမ်ဘီအေအသင်းများက အားပေးကူညီရန်' ဆုံးဖြတ်ကြပါသည်။

၁၀- 'အင်္ဂလိပ် မြန်မာ စာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာစာပေကို ကောင်းစွာသင်ကြားပြသနိုင်သော လက်မှတ်ရဆရာများ မလုံလောက်'နည်းပါးနေသဖြင့် တိုးပွားအောင် ကြိုးစည်အားထုတ်ကြရန်' ဆုံးဖြတ်ကြသည်။

၁၁- 'ရန်ကုန်မြို့တွင် ဗုဒ္ဓဘာသာဟိုက်စကူးကျောင်းတစ်ကျောင်း တည်ထောင်ရန်' ဆုံးဖြတ်ကြသည်။

၁၂- 'မြန်မာပြည်ရှိ ဝိုင်အမ်ဘီအေအသင်းများသည် အမျိုး ဘာသာ သာသနာ ပညာတိုးတက်ရေး လုပ်ငန်းများကို ညီညာဖြဖြ ရွက်ဆောင်ကြရန်နှင့် အရပ်ရပ်ရှိ အသင်းများကို အုပ်ချုပ်ညွှန်ကြားမည့် ဂျင်နရယ်ကောင်စီအသင်းချုပ်ကြီး ဖွဲ့စည်းပြီးလျှင် အုပ်ချုပ်ညွှန်ကြားနိုင်စွမ်းရှိသော လူကြီးများကို အထူးရွေးချယ်၍ ရန်ကုန်တွင် အသင်းမတိုက်ကြီးတစ်လုံး တည်ထောင်ရန်အတွက် အားထုတ်ကြရန်' ထပ်မံဆုံးဖြတ်ကြပါသည်။

## တတိယ ဝိုင်အမ်ဘီအေညီလာခံ

၁၉၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် (မြန်မာသက္ကရာဇ် ၁၂၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) နေ့တွင် တတိယအကြိမ်မြောက် ဝိုင်အမ်ဘီအေအသင်းများနှင့် အလားတူအသင်းများ၏ ညီလာခံကို မန္တလေးမြို့တွင် ကျင်းပကြပြန်လေသည်။ အစည်းအဝေး သဘာပတိအဖြစ်ဖြင့် မန္တလေးမြို့ ရှေ့နေကြီး မစ္စတာ စီ ဂျေ အက်စ် ဗီလေးအား တင်မြှောက်၏။



mgyoe.com

mgyoe.com SAMPLE BOOK

ဤ တတိယအကြိမ်မြောက် ဝိုင်အမ်ဘီအေညီလာခံတွင် အရပ်ရပ်ရှိ ဝိုင်အမ်ဘီအေအသင်းမှ ပေးပို့သော အဆိုပြုချက်များကို ဆပ်ကော်မတီ ၄ ဖွဲ့ ဖွဲ့၍ စဉ်းစားရွေးချယ်ကြသည်။

အမှတ် ၁ ဆပ်ကော်မတီ၌ ဝတ်လုံတော်ရ မစ္စတာပီလေး သဘာပတိ၊ ကိုခင်မောင် အတွင်းရေးမှူး ဖြစ်၏။

အမှတ် ၂ ဆပ်ကော်မတီ၌ ဦးဘေ-သဘာပတိ၊ ကိုမောင်မောင်ကြီး-အတွင်းရေးမှူး ဖြစ်၏။

အမှတ် ၃ ဆပ်ကော်မတီ၌ ဦးလှဘော်-သဘာပတိ၊ ကိုအုံးသွင်-အတွင်းရေးမှူး ဖြစ်၏။

အမှတ် ၄ ဆပ်ကော်မတီ၌ ဦးကျော်ရန်-သဘာပတိ၊ ကိုစိန်ဘ-အတွင်းရေးမှူး ဖြစ်သည်။

ဆပ်ကော်မတီက ရွေးချယ်ပြီးသောအဆိုများကို ညီလာခံပထမနေ့နှင့် ဒုတိယနေ့များတွင် ဆုံးဖြတ်၍ တတိယနေ့တွင် နှီးနှောဖလှယ်ဟောပြောပွဲကို ကျင်းပကြ၏။

**ပထမနေ့ ဆုံးဖြတ်ချက်များ**

မစ္စတာစီဂျီအက်စ်ပီလေး-သဘာပတိ

၁- ရတနာ ၃ ပါးကို ရှိသေစွာရှိခိုးပြီးနောက် 'အင်္ဂလိပ်ဘုရင်မင်းမြတ် သက်တော်ရှည်ပါစေ' ဟူသော ဆုတောင်းသီချင်းကို အင်္ဂလိပ်လို သီဆိုသည်။

၂- လွန်ခဲ့သော ၁၉၁၁ ခုနှစ်နှင့် ၁၉၁၄ ခုနှစ် နှစ်လည်ညီလာခံ ဆုံးဖြတ်ချက်များကို ဖတ်ကြားသည်။

၃- 'ဤအစည်းအဝေးကြီး၌ ကိုယ်စားလှယ်များသည် အဆိုတစ်ခုစီသာ တင်သွင်းရမည်'ဟု ဆုံးဖြတ်ကြသည်။

၄- 'ဤအစည်းအဝေးကြီး၌ ဆပ်ကော်မတီအဖွဲ့များ ဖွဲ့၍ ဆောင်ရွက်သည်ထက် နောင်အခါ တပေါင်းတည်း ဆပ်ကော်မတီ တစ်ခုတည်းကိုသာဖွဲ့၍ အဆိုများကို ရွေးချယ်ရန်' ဆုံးဖြတ်ကြသည်။

၅- 'သာသနာပိုင်ဆရာတော်၏ အထောက်အပံ့ဖြစ်စေရန် သာသနာရေးဆိုင်ရာ မဟာဒါန်ဝန်ကဲ့သို့ အရာရှိတစ်ယောက် ခန့်ထားစေရေးအတွက် အစိုးရထံ မေတ္တာရပ်ခံပေးရန် အဆိုကို နောက်အစည်းအဝေးတွင် စဉ်းစားရန် ရွှေ့ထားကြောင်း' ဆုံးဖြတ်သည်။

၆- 'အောက်မြန်မာပြည်၌ မြန်မာလူမျိုးတို့အား သေရည်သေရက် ရောင်းချခြင်းကို တားမြစ်ပေးရန်' ဆုံးဖြတ်ကြ၏။

၇- 'တိုင်းရင်းသားများ ဆားချက်ခြင်းလုပ်ငန်းကို အားပေးရန်' ဆုံးဖြတ်သည်။

၈- 'မြန်မာများသည် သေတမ်းစာဖြင့် မိမိပစ္စည်းများကို ခွဲဝေပေးအပ်နိုင်ခွင့်ရှိရန် အစိုးရထံ မေတ္တာရပ်ခံ ဆောင်ရွက်ရန်' ဆုံးဖြတ်ကြသည်။

၉- 'ပြည်လုံးကျွတ် ပညာရေးရန်ပုံငွေ စုဆောင်းသင့်ကြောင်း' အဆိုကို ယခင်ညီလာခံက ဆုံးဖြတ်ပြီးဖြစ်၍ ထပ်မံဆုံးဖြတ်ရန် သဘောမတူကြဘဲ ယခင်ဆုံးဖြတ်ချက်အရ ငွေစုပြီးလျှင် ၃ နှစ်အတွင်း မသုံးစွဲဘဲ ငွေစုငွေချေးဘဏ်တွင် အပ်နှံရန်။ ဦးကျော်ရန်၊ ဦးညွန့်၊ ဦးဘတုတ်၊ ဦးစံဝ၊ မစ္စတာပီလေးတို့အား ငွေထိန်းများအဖြစ် ရွေးချယ်ခန့်ထားကြောင်း' ဆုံးဖြတ်ကြသည်။

**ဒုတိယနေ့ ဆုံးဖြတ်ချက်များ**

နံနက်ပိုင်း။ ဦးဘိုးဖြေ-သဘာပတိ။

၁၀- 'ရဟန်းတော်များအတွက် မီးရထားတွဲများ သီးခြား သတ်မှတ်ထားပေးသင့်ကြောင်း မီးရထားမင်းကြီးထံ မေတ္တာရပ်ခံ ရွက်ဆောင်ရန်' ဆုံးဖြတ်သည်။

၁၁- 'ကျောင်းသားများနေထိုင်ရန် ရန်ကုန်မြို့တွင် အဆောက်အဦတစ်ခု တည်ထောင်ရန်' ဆုံးဖြတ်ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK
၁၂- 'ငွေတိုးကြီးစားခြင်းကို တားဆီးကန့်ကွက်ခြင်း ပြုရန်' မန္တလေး မစ္စတာပီလေး၏အဆိုကို အချိန်ယူ၍ စဉ်းစားကြပြီးနောက်၊ 'ဤပြဿနာသည် ယခုအချိန်တွင် ခက်ခဲပွေလီဖွယ် ရှိနေ၍ ဤအစည်းအဝေးက တိကျစွာ စဉ်းစားနိုင်ရန် အကြောင်းမရှိသဖြင့် ရုပ်သိမ်းသင့်ကြောင်း' ဟင်္သာတကိုယ်စားလှယ် ဦးလှဘော်နှင့် ဖြူးကိုယ်စားလှယ် ဦးစုဟုန်းတို့က အကြံပေးကန့်ကွက်သောကြောင့် အဆိုရှင်က ၎င်းအဆိုကို ပြန်လည်ရုပ်သိမ်းလိုက်သည်။

၁၃- 'မြန်မာပြည် အလုပ်အကိုင်များကို အားပေးရန်' ဦးစိန်ဘ အဆိုကို ရန်ကုန်ဦးတုတ်ကြီးက ထောက်ခံဆွေးနွေးသည်။ ဟင်္သာတ ဦးလှဘော်နှင့် မော်လမြိုင် ဦးချစ်လှိုင်တို့က 'အဆိုအတိုင်းဆိုလျှင် တာဝန်ကြီးလှသဖြင့် တိုင်းရင်းသားအလုပ်များကို အားပေးရန်' ဟူ၍ ပြင်ဆင်သည်ကို အဆိုရှင်က လက်ခံ၍ ပြင်ဆင်ချက်အဆိုကို အတည်ပြုဆုံးဖြတ်ကြသည်။

နေ့လယ်။ ဦးလှဘော်-သဘာပတိ။

၁၄- 'ကဆုန်လပြည့်နေ့ ရုံးပိတ်ရက်အဖြစ် သတ်မှတ်ရန် အစိုးရထံ မေတ္တာရပ်ခံမည့်စာတွင် မြန်မာပြည်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင်လူကြီးလူကောင်းများ လက်မှတ်ရေးထိုးရန်နှင့် သာသနာပိုင်ဆရာတော်၏ ထောက်ခံချက်စာကိုလည်း ပူးတွဲ၍တင်ပြရန်' ဆုံးဖြတ်ကြသည်။

၁၅- 'ဝိုင်အမ်ဘီအေအသင်း၏ ရည်ရွယ်ချက်များကို အမြဲ လှည့်လည်ဟောပြောမည့် တရားဟောဆရာများ ခန့်ထားရန်' အဆိုကို 'သဘောတူထောက်ခံသူများ ရှိသော်လည်း ကန့်ကွက်သူများလည်း ရှိ၍ နောင်အချိန်သင့်သည့်အခါတွင် ထပ်မံစဉ်းစားရန်' ရွှေ့ဆိုင်းထားသည်။

၁၆- 'ဝိုင်အမ်ဘီအေ သတင်းစာတစ်စောင်ကို မိမိအသင်း အကျိုးအမြတ်ခံ၍ တည်ထောင်ရန်' ဆုံးဖြတ်ကြသည်။

၁၇- 'မူလတန်းပညာ မသင်မနေရ အခြေရောက်အောင် အစိုးရက ရွက်ဆောင်ပေးဖို့အတွက် မေတ္တာရပ်ခံဆောင်ရွက်ရန်' ဆုံးဖြတ်ကြသည်။

ညနေ။ ဦးကျော်ရန်-သဘာပတိ။

၁၈- 'ဘုန်းကြီးပျံများ၊ ဘုရားပွဲများ၌ လောင်းကစားပွဲများကို တားဆီးပေးသင့်ကြောင်း' အဆိုကို အချေအတင် ဆွေးနွေးကြပြီး၊ 'ပိတ်ပင်တားဆီးရန် ဆောင်ရွက်သင့်ကြောင်း' ဆုံးဖြတ်အတည်ပြုကြသည်။

၁၉- 'သေရည်သောက်စားခြင်း၏အပြစ်ကို ဖော်ပြသော ဖတ်စာအုပ်ငယ်ကို စာသင်ကျောင်းများ၌ သင်ကြားရန်အတွက် ရိုက်နှိပ်ဝေငှရန်' ဆုံးဖြတ်သည်။

၂၀- 'ရဟန်းတော်များအား မူလတန်း ဂဏန်းသင်္ချာ စာမေးပွဲဝင်ခွင့် ပြုသကဲ့သို့ ဆင်းရဲသောကလေးများအတွက်လည်း စာမေးပွဲဝင်ခွင့်ပြုရန်'အဆိုကို အချေအတင် ဆွေးနွေးကြသည်။

၂၁- 'ဝိုင်အမ်ဘီအေ အသင်းတစ်သင်းလျှင် စာသင်ကျောင်းတစ်ကျောင်း တည်ထောင်ရန်' ဆုံးဖြတ်ကြလေသည်။ ထို့နောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်၏။

## စတုတ္ထ ဝိုင်အမ်ဘီအေညီလာခံ

၁၉၁၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက် (မြန်မာသက္ကရာဇ် ၁၂၇၈ ခုနှစ် သီတင်းကျွတ်လဆုတ် ၃ ရက်)၌ စတုတ္ထအကြိမ်မြောက် ဝိုင်အမ်ဘီအေအသင်းများနှင့် အလားတူ အသင်းများ၏ညီလာခံကို ဟင်္သာတမြို့တွင် ကျင်းပ၏။ ရန်ကုန်မြို့ ဝတ်လုံတော်ရ ဦးမေအောင်ကို သဘာပတိအဖြစ်ဖြင့် တင်မြှောက်၍ စည်းဝေးကြလေသည်။


mgyoe.com

mgyoe.com

## ဆုံးဖြတ်ချက်များ

**ပထမနေ့ နံနက်ပိုင်း**

၁- 'ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော ဧကရာဇ် ဘုရင်မင်းတရားကြီးနှင့်တကွ ဗြိတိသျှနိုင်ငံတော်ကြီးကို ကိုယ်စားပြု၍ စီမံအုပ်ချုပ်တော်မူကြသော အရာရှိမင်းတို့အား နှစ်သက်လေးမြတ်လျက် သစ္စာတော်ကို မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ စောင့်သိရိုသေကြကြောင်း မှတ်တမ်းတင်ပါကြောင်း' ဆုံးဖြတ်၏။

၂- 'ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူလှသော ဧကရာဇ်ဘုရင်မင်းတရားကြီး၏ နိုင်ငံတော်ကြီး စစ်သည်တော်အရပ်ရပ်တို့အား ၎င်းတို့စွမ်းရည်ကြောင့် မြန်မာပြည်သူပြည်သားတို့ အေးချမ်းသာယာစွာ နေထိုင်စားသောက်ကြရသည့်အတွက် ရင်တွင်းနှလုံးတွင်းက အထူးကျေးဇူးတင်ကြောင်း။ ယခုအခါ အလွန်တရာ တရားသည့်ဘက်ကနေ၍ တိုက်ခိုက်လျက်ရှိသော စစ်ပွဲကြီးတွင် ရန်သူးရန်ငြောင့်အားလုံးတို့ကို တစ်ခုမကျန် ပယ်လှန်ချိုးဖျက်လျက် လုံးဝပြည့်စုံစွာ မကြာမီ အောင်မြင်တော့အံ့ ဟု မျှော်လင့်ကြကြောင်း' မှတ်တမ်းတင်ရန် ဆုံးဖြတ်ကြပါသည်။

၃- 'မြန်မာစစ်သား ၁၀၀ ကျော်တို့အား စစ်မျက်နှာသို့ သွားရောက်တိုက်ခိုက်ရန် ခွင့်ပြုသော မြန်မာပြည်ဘုရင်ခံနှင့် ပြည်ပိုင်အစိုးရတို့အား ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ရန်' ဆုံးဖြတ်ကြပါသည်။

**ပထမနေ့ ညနေပိုင်း**

၄- 'မြန်မာစစ်တပ်များဖွဲ့စည်းရန် အသင်းအားလုံးက အားပေးသင့်ကြောင်း၊ မြန်မာစစ်တပ်ကိုလည်း ဖွဲ့စည်းပေးသင့်ကြောင်း စစ်ကိုင်းဦးဘိုးသစ်၏ အဆိုကို သာယာဝတီ ဦးဘအေးက ထောက်ခံသည်။ ဖြူးကိုယ်စားလှယ် ဦးစူဟုန်းက 'အစိုးရစစ်တပ်တွင် မြန်မာများအား ဝင်ရောက်ထမ်းဆောင်ခွင့် မပြုသည်မှာ အချိန်လိုသေးကြောင်း' နှင့်ဆွေးနွေး၍၊ မော်လမြိုင်ဦးချစ်လှိုင်နှင့် ကိုယ်စားလှယ် ဦးဘစော၊ ဦးပု၊ ဦးမြဦးတို့ကပါ ထောက်ခံဆွေးနွေးကြပြီး၊ '၎င်းအဆိုကို ရွှေ့ဆိုင်းထားရန်' ဆုံးဖြတ်သည်။

၅- 'သင့်လျော်သော မြို့ကြီးများတွင် လက်မှုပညာသင်ကျောင်းများ ဖွင့်လှစ်ပေးရန်အတွက် အစိုးရထံ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၆- 'အိုနာကျိုးကန်း မစွမ်းသန်တို့ကို လည်းကောင်း၊ ဆင်းရဲသူဆင်းရဲသား ကလေးသူငယ်များအား လည်းကောင်း ကယ်ဆယ်စောင့်မခြင်း၊ ရောဂါတို့ကို ကာကွယ်ခြင်း နည်းအမျိုးမျိုးတို့ကို ရွက်ဆောင်သော နိုင်ငံတော်ကြီးသား သဘောပေါက်လာအောင် ကြိုးစားဆောင်ရွက်သင့်ကြောင်း' ဆုံးဖြတ်ကြပါသည်။

၇- ဥရောပတိုက်သား ပညာရေးကိုဓဥပဒေနှင့် မြန်မာပြည် ကိုဓဥပဒေ ဟူ၍ ၂ မျိုးရှိနေပါ၍ မြန်မာပြည်အတွက် သင့်လျော်သည့် ကိုဓဥပဒေ တစ်ခုတည်းသာ ထားရှိရန် အစိုးရထံ တင်ပြရွက်ဆောင်ရန် ဆုံးဖြတ်ကြသည်။

**ဒုတိယနေ့ နံနက်ပိုင်း**

၈- 'သေရည်သေရက်ကို ရှောင်ကြဉ်ရန် သုစရိတယုဝအသင်းများကို သီးခြားအသင်းခွဲများ တည်ထောင်ခြင်းကိုလည်းကောင်း၊ ပိုင်အမ်ဘီအေနှင့် ပူးပေါင်း၍ ဖွဲ့စည်းခြင်းကို လည်းကောင်း ၂ မျိုးလုံး တည်ထောင်ကြရန်' ဆွေးနွေးဆုံးဖြတ်ကြပါသည်။

၉- 'လက်မှုပညာသည်များကို အားပေးသုံးစွဲခြင်းအပြင်၊ လက်မှုပညာ၏ မူလအခြေခံ သိပ္ပံပညာများကို သင်ကြားကြရန် အားပေးသင့်ကြောင်း' ဆုံးဖြတ်ကြပါသည်။

mgyoe.com

၁၀- 'မြန်မာလူမျိုးများပါဝင်သော အပျော်ထမ်းတပ်နှင့် ကင်းထောက်လူငယ်တပ်များကို တည်ထောင်ရန် ခွင့်ပြုသင့်ကြောင်း အစိုးရထံ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၁၁- 'အစိုးရကျောင်းများနှင့် မြူနီစီပယ်ကျောင်းများတွင် ဗုဒ္ဓဘာသာသင်ခန်းစာများကို အစိုးရက ခွင့်ပြုပြီးဖြစ်၍ ဝိုင်အမ်ဘီအေအသင်းများက တိုးတက်တတ်မြောက်အောင် အားထုတ်ရန်နှင့် အခြားဘာသာကျောင်းများ၌ သင်ကြားနေကြသော ကလေးများကိုလည်း မမေ့လျော့သင့်ကြောင်း' ဆုံးဖြတ်ကြပါသည်။

ဒုတိယနေ့ ညနေပိုင်း

၁၂- 'မြန်မာလူမျိုးတို့အား ရေကြောင်းအတတ်ပညာကို သင်ကြားခွင့်ပြု၍ ရေကြောင်းဘက်ဆိုင်ရာတွင် ဝင်ရောက်လုပ်ကိုင်ခွင့်ပြုရန် အစိုးရထံ မေတ္တာရပ်ခံရန်' ဆွေးနွေးဆုံးဖြတ်ကြပါသည်။

၁၃- 'နိုင်ငံခြားဖြစ်အဝတ်အထည်များကို မသုံးစွဲကြဘဲ တိုင်းရင်းဖြစ်အဝတ်အထည်များကိုသာ သုံးစွဲကြရန် အကျိုးပြသောစကားများဖြင့် အကျယ်ဆွေးနွေးကြပြီးလျှင်၊ 'ဟိုင်းရင်းဖြစ်အထည်များကို ဝတ်ဆင်ကြရန်' တညီတညွတ်တည်း ဆုံးဖြတ်ကြသည်။

၁၄- 'ဘာသာခြား စာပေများဖြင့် ရေးသားထားသော လောကဓာတ်ပညာ၊ ဆေးကုသခြင်းပညာ၊ သတ္တဗေဒပညာ၊ ဇီဝဗေဒ ပညာရပ်များနှင့်ဆိုင်သော စာပေတို့ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခြင်းကို အထူးအားပေးသင့်ကြောင်း' ဆုံးဖြတ်ကြပါသည်။

၁၅- 'ထိုဘာသာရပ်တို့ကို မြန်မာဘာသာပြန်ဆိုရာတွင် ကုန်ကျမည့်စရိတ်ကြေးငွေကို မိမိက ကျခံမည်ဖြစ်ကြောင်း' မော်လမြိုင်ဦးချစ်လှိုင်က တာဝန်ယူပါသည်ဟု ပြောကြားရာ ပရိသတ်တို့က တစ်ခဲနက် သြဘာလက်ခုပ်များ တီးခတ်ကြပြီးလျှင်၊ 'ဦးချစ်လှိုင်အား ဤအစည်းအဝေးကြီးက ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ရန်' ဆုံးဖြတ်ကြပါသည်။

၁၆။ 'သေရည်သေရက် ဆိုင်သစ်များ ဖွင့်လှစ်ပါက သုစရိတယုဝအသင်းမရှိသော မြို့ရွာဒေသတို့၌ ဝိုင်အမ်ဘီအေအသင်းက မြို့သူမြို့သားတို့၏ သဘောဆန္ဒကို စုံစမ်း၍ ကြိုးစည်သင့်ကြောင်း' ဆုံးဖြတ်ကြသည်။ 'အများဆန္ဒနှင့် ကန့်ကွက်ရန်' ဖြစ်သည်။

၁၇။ '၁၉၁၇ ခုနှစ် ပဋ္ဌမအကြိမ်မြောက် ဝိုင်အမ်ဘီအေညီလာခံကို ပျဉ်းမနားမြို့တွင် ကျင်းပရန်' ပျဉ်းမနားကိုယ်စားလှယ်၏ ဖိတ်ကြားအဆိုပြုချက်ကို ကိုယ်စားလှယ်ပရိသတ်များက ကျေးဇူးတင်စွာဖြင့် လက်ခံကြောင်း ဆုံးဖြတ်ကြပါသည်။

၁၈။ 'လာမည့်အစည်းအဝေးတွင် ဆုံးဖြတ်မည့် ဆုံးဖြတ်ချက်များကို အသင်းအားလုံးတို့အား ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်သင့်ကြောင်း' ဆုံးဖြတ်ကြပါသည်။

တတိယနေ့

တတိယနေ့ နံနက်ပိုင်းတွင် သံဃာတော် ၁၀ ပါးအား ဆွမ်းတင်၍ ၅ ပါးသီလ ခံယူခြင်း၊ ပရိတ်တရားနာခြင်း၊ တူရိယာများဖြင့် ဧည့်ခံခြင်း၊ နံနက်စာထမင်း တည်ခင်းကျွေးမွေးခြင်းများကို နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

၁၂ နာရီအချိန်တွင် အစည်းအဝေး စ၍ သဘာပတိ ဦးမေအောင်က နိဂုံးချုပ် သဘာပတိမိန့်ခွန်း မြွက်ကြားပြီး သြဘာစာများ ဖတ်၍၊ နေ့ခင်း ၂ နာရီတွင် ပြီးစီး၍ အစည်းအဝေးကို ရုပ်သိမ်းကြပါသည်။



mgyoe.com

mgyoe.com SAMPLE BOOK

ဤသည်တို့ကား ၁၉၁၁ ခုနှစ်မှ ၁၉၁၆ ခုနှစ်အထိ ဝိုင်အမ်ဘီအေအသင်းများ၏ လှုပ်ရှားဆောင်ရွက်မှုများ ပေတည်း။ မည်သို့ ဆောင်ရွက်ကြသည်ကို ညီလာခံ ဆုံးဖြတ်ချက်များမှ ထုတ်နုတ်၍ အကျဉ်းအားဖြင့် ဝေဖန်ဖော်ပြ ပေအံ့။

ဝိုင်အမ်ဘီအေအသင်းသည် ၁၉၁၀ ပြည့်နှစ်မှ ၁၉၁၆ ခုနှစ်အထိ နိုင်ငံရေးနှင့်ပတ်သက်၍ ပြင်းပြင်းထန်ထန် ဆုံးဖြတ်ခြင်း မပြုခဲ့။ ထိုခေတ်က နိုင်ငံရေးအခြေအနေတို့သည် မည်သည့်အခြေတွင် ရှိနေသည်ကို လည်းကောင်း၊ အင်္ဂလိပ်အစိုးရကို မည်မျှကြောက်ရွံ့နေကြသည်ကို လည်းကောင်း၊ အဆိုပါဆုံးဖြတ်ချက်များကို ကြည့်၍ ဝေဖန် ဆန်းစစ်နိုင်ပေမည်။ သို့ရာတွင် ဘာသာရေး၊ စီးပွားရေးများနှင့်ပတ်သက်၍ လိုလားချက်များကိုမူကား ရဲတင်းစွာ ပြောကြားဆုံးဖြတ်ကြပြီ ဟူ၍ ဆိုနိုင်ပေသည်။

ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဝိုင်အမ်ဘီအေ ညီလာခံများတွင် 'အင်္ဂလိပ်ဘုရင်မင်းမြတ် သက်တော်ရှည် ပါစေ'ဟု ဆုတောင်းသော အင်္ဂလိပ်အမျိုးသားသီချင်းကို ဆိုကြ၏။

တတိယအကြိမ်မြောက် မန္တလေး ဝိုင်အမ်ဘီအေ ညီလာခံ၏ ၁၉၁၅ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့ ဆုံးဖြတ်ချက် နံပတ် ၂ နှင့် ၃ တွင် အစည်းအဝေးသို့ ကြွရောက်ကြသော ကိုယ်စားလှယ်လူကြီးများက 'ရတနာ ၃ ပါး ဦးထိပ်ထား၍၊ အရှင် အင်္ဂလိပ်အစိုးရမင်းတို့နှင့်တကွ ဂျော့ဘုရင်နှင့်မေရီမိဖုရားကြီးတို့ ဘုန်းတော်ကြီး၍ သက်တော်ရှည်ကြပါစေ'ဟု ဆုတောင်းကြရန် စစ်ကိုင်းကိုယ်စားလှယ်က အဆိုတင်သွင်း၍ အများသဘောတူ ထောက်ခံကြပြီး၊ အားလုံး မတ်တတ်ရပ်၍ ဆုတောင်းကြခြင်းကိုထောက်၍ ထိုခေတ်၌ အင်္ဂလိပ်ဩဇာအာဏာကို တိုက်ရိုက် မတိုက်ခိုက်ကြသေးကြောင်း သိရ၏။

စတုတ္ထအကြိမ်မြောက် ဟင်္သာတမြို့တွင်ကျင်းပသော ဝိုင်အမ်ဘီအေ အသင်းများနှင့် အလားတူအသင်းများ ၏ညီလာခံတွင် သဘာပတိ ဝတ်လုံတော်ရ ဦးမေအောင်က 'နိုင်ငံလုံးဆိုင်ရာ ဝိုင်အမ်ဘီအေ အသင်းများနှင့် အလားတူ အသင်းသားများ စည်းဝေးကြသော ဤကွန်ဖရင့်ကြီးသို့ ကြွရောက်လာကြသော ကိုယ်စားလှယ်ပရိသတ် တို့က ဘုန်းတော် အလွန်တရာကြီးမြတ်တော်မူသော ဗြိတိသျှအင်ပိုင်ယာအရှင် ဘုရင်ကေရာဇ် မင်းတရားကြီးနှင့် တကွ ဗြိတိသျှအင်ပိုင်ယာ နိုင်ငံတော်ကြီးကို ကိုယ်စားပြု၍ စီမံအုပ်ချုပ်တော်မူပေသော ကိုယ်စားလှယ်အရာရှိမင်းတို့ အား များစွာ နှစ်သက်လေးမြတ်လျက် သစ္စာတော်ကို မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ စောင့်သိရိုသေကြပါ ကြောင်း' ဟူသောအဆိုကို တင်သွင်းရာ၊ ဦးရွှေဇံအောင်က ထောက်ခံ၍ အများသဘောတူ အတည်ပြုကြလေသည် ဟူ၏။

ထို ဟင်္သာတညီလာခံကပင် 'မြန်မာစစ်သား ၁၀၀ ကျော်ပါဝင်သော တပ်တစ်တပ်ကို စစ်မျက်နှာသို့ သွားရောက်တိုက်ခိုက်ခွင့် ပြုသောကြောင့် လက်ဖတင်နင် ဂါဗနာ ဘုရင်ခံမင်းမြတ်ကြီးနှင့် ပြည်ပိုင်အစိုးရမင်းတို့အား များစွာ ကျေးဇူးဥပကာရ တင်ရှိကြောင်း မှတ်တမ်းတင်ရန်' အဆိုကို သဘာပတိ ဦးမေအောင်က တင်သွင်း၍ ဝတ်လုံတော်ရ ဦးမြဦးက ထောက်ခံပြီးလျှင် အတည်ပြုကြလေသည်။

မှတ်ချက်။ ။ဟင်္သာတညီလာခံ ကျင်းပချိန်တွင် ပထမကမ္ဘာစစ်ကြီး ဖြစ်နေဆဲအချိန်တည်း။

ဤဆုံးဖြတ်ချက်များအရ ထိုအချိန်အခါဝယ် ထိုမျှသာ ဆောင်ရွက်နိုင်ကြသည်ကို သတိပြုသင့်ပေသည်။ လူမျိုးတစ်ပါး၏ လက်အောက်၌ ကျွန်အဖြစ်ဖြင့် နေရခြင်းကား အုပ်စိုးသူလူတန်းစားတို့က ခွင့်ပြုထားသော အချက် များမှတစ်ပါး အခြား စက်မှုလက်မှုနှင့် ရေကြောင်းပညာသင်ကြားမှု စသည်တို့တွင် သင်ခွင့် မရ။ မည်မျှအောက် တန်းကျနေသည်ကိုလည်း သံဝေဂ ရစရာပင်ဖြစ်သည်။


mgyoe.com

mgyoe.com SAMPLE BOOK

၁၉၁၇ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ဂရိတ်ဗြိတိန်ကျွန်းနှင့်တကွ ဗြိတိသျှအင်ပိုင်ယာကို စိုးမိုးပိုင်သသော အင်္ဂလိပ်အစိုးရက အိန္ဒိယအင်ပိုင်ယာအား ရည်ညွှန်း၍ 'ကိုယ်ပိုင်အုပ်ချုပ်ရေးကို တဖြည်းဖြည်းပေးအပ်မည်။' ဟု လန်ဒန်မြို့ အိန္ဒိယအတွင်းဝန် မစ္စတာ မွန်တေဂူက ကြေညာလေသည်။

ထိုကြေညာချက်တွင် ပါဝင်သောအချက်များမှာ -

၁- ဗြိတိသျှအစိုးရသည် နိုင်ငံအုပ်ချုပ်မှု၌ တိုင်းရင်းသားတို့အား ပိုမိုထည့်သွင်းပြီး ကိုယ်ပိုင်အုပ်ချုပ်သော နိုင်ငံတစ်ခုအဖြစ်သို့ ရောက်စေခြင်းငှာ အုပ်ချုပ်ရေးများကို တစ်စတစ်စပေးအပ်မည်။

၂- ဗြိတိသျှပါလီမန်အစိုးရ၏ အိန္ဒိယပြည်ဆိုင်ရာ အတွင်းဝန်ကြီးသည် အိန္ဒိယသို့သွား၍ အိန္ဒိယဘုရင်ခံချုပ် လော့ချမ်းစဖို့နှင့်အတူ အခြေအနေကို စုံစမ်း အစီရင်ခံရမည်။

၃- အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲပေးရန် စီမံချက်များကို ဗိလတ်ပါလီမန်သို့တင်သောအခါ တိုင်းသူပြည်သားတို့၏ကိုယ်စားလှယ်များအား ဆွေးနွေးရန် ခွင့်ပေးမည် ဟူ၍ ပါရှိလေသည်။

ဤ အိန္ဒိယအတွင်းဝန် မစ္စတာ မွန်တေဂူ၏ ကြေညာချက်အရ မြန်မာပြည်ရှိ ဝိုင်အမ်ဘီအေ အသင်းသားများသည် နိုင်ငံရေးကို စတင်ဆွေးနွေး၍ ဝေဖန်ဆောင်ရွက်ရန် အခွင့်ပေါ်လာလေသည်။ နိုးကြားရန် အခွင့်အလမ်းပေါ်လာပေသည်။

၁၉၁၇ ခုနှစ် အောက်တိုဘာလ ၂ ရက် (မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၂ ရက်)နေ့တွင် ဝိုင်အမ်ဘီအေ အသင်းများနှင့် အလားတူအသင်းများ၏ ဝိုင်အမ်ဘီအေ အသင်းချုပ် နှစ်လည်ညီလာခံကို ပျဉ်းမနားမြို့တွင် စည်းဝေး၏။ ထိုညီလာခံတွင် သထုံမြို့စီရင်စုနယ် ရာဘက် တရားမတရားသူကြီးဦးဘိုဖြေအား သဘာပတိ အဖြစ်ဖြင့် တင်မြှောက် စည်းဝေးလေသည်။

ထိုပျဉ်းမနားညီလာခံမှစ၍ နိုင်ငံရေးကို စတင်ဆောင်ရွက်သည် ဟု ဆိုသော် ဆိုနိုင်လောက်ပေသည်။ နောင်လည်း အစဉ် မော်ကွန်းတင်လောက်သော အချက်များကို စတင် ဆုံးဖြတ်ကြလေသည်။

ပျဉ်းမနားညီလာခံ၏ ဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။။

## ဆုံးဖြတ်ချက်များ

**ပထမနေ့**

၁- အိန္ဒိယနိုင်ငံဆိုင်ရာအတွင်းဝန် မစ္စတာ မွန်တေဂူသည် အိန္ဒိယသို့ ပြုပြင်ပြောင်းလဲသော အုပ်ချုပ်ရေးအတွက် စုံစမ်းရန်လာသောအခါ၊ ဝိုင်အမ်ဘီအေ အသင်းချုပ်၏ ကိုယ်စားလှယ်များသည် မစ္စတာမွန်တေဂူနှင့် သွားရောက်တွေ့ဆုံ၍ မြန်မာပြည်အတွက်အရေးဆိုရန် ဝတ်လုံ ဦးမြဦးက အဆိုတင်သွင်း၍ မန္တလေးကိုယ်စားလှယ် ဦးကျော်ရန်က ထောက်ခံပြီး ဆုံးဖြတ်ချက်ချ၏။

၂- ၁၉၁၆ ခုနှစ် ဟင်္သာတမြို့၌ ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် နှစ်လည်ညီလာခံ၏ဆုံးဖြတ်ချက်များကို ဖတ်ကြား၍ အတည်ပြုကြ၏။

၃- ဟင်္သာတညီလာခံ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ဆောင်ရွက်ချက်များ အစိုးရထံ ပေးစာ ပြန်စာများကို ဝိုင်အမ်ဘီအေအသင်းချုပ် အတွင်းရေးမှူးက တင်ပြသည်ကို ကျေနပ်ကြောင်း မှတ်တမ်းတင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

၄- ဗုဒ္ဓဘာသာ စာသင်ကျောင်းများ၌ လက်မှတ်ရဆရာမများ ရနိုင်ရန် ကြိုးစားကြရန်နှင့် မိတ္ထီလာ ဒီဝိဇ် ပညာရေးဘုတ်အဖွဲ့က နော်မန်ကျောင်း ၂ ကျောင်း တိုးတက်ဖွင့်လှစ်ပြီး မိန်းကလေးများအား သင်ကြားခွင့်ရတော့မည်ဖြစ်၍ ထိုဘုတ်အဖွဲ့ကို ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်ရန် ဆုံးဖြတ်ကြသည်။

၅- ၁၈၉၀ ပြည့်နှစ် အက်ဥပဒေ နံပါတ် ၂၁ အရ ဝိုင်အမ်ဘီအေ အသင်းများကို တပေါင်းတည်း စုပေါင်း၍ ပညာသင်ကြားရေးဆိုင်ရာ ငွေကြေးစုဆောင်းသော အသင်းတည်ထောင်ပြီး၊ ထိုအသင်းကို အစိုးရ အသိအမှတ်ပြုရန်အတွက် မှတ်ပုံတင်ထားရန် ဆုံးဖြတ်ကြသည်။

၆- မြန်မာပြည်အတွင်း သင့်လျော်သောမြို့တစ်မြို့တွင် ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်း တစ်ကျောင်း ဖွင့်ပေးရန်၊ သို့မဟုတ် အင်္ဂလိပ် မြန်မာ အစိုးရစာသင်ကျောင်းများတွင် ကူးသန်းရောင်းဝယ်ရေးပညာကို ပူးတွဲသင်ကြားရန် စီမံပေးရန်၊ သို့မဟုတ် ကူသန်းရောင်းဝယ်ရေး အလွတ်ပညာသင်ကျောင်းများကို အစိုးရက အားပေးရန်အတွက် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။

၇- တည်ထောင်ပြီး၊ တည်ထောင်ဆဲ၊ တည်ထောင်လတ္တံ့သော မြန်မာဘာသာ စာသင်ကျောင်းများတွင် ပညာ သင်ကြားသော တပည့်သူငယ်များအား လယ်ယာစိုက်ပျိုးခြင်းပညာနှင့် ထိုသို့ စိုက်ပျိုးခြင်းတွင် အသုံးပြုသော ကိရိယာတန်ဆာပလာများကို တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပေးသင့်ကြောင်း မြန်မာပြည်ရှိ ပညာရေး ဘုတ်အဖွဲ့များအား အကြံပေးရန် ဆုံးဖြတ်ကြသည်။

၈- မြန်မာနိုင်ငံအတွင်းရှိ မိဘမဲ့ ယောကျာ်း ကလေး၊ မိန်းကလေးများအား အရပ်ရပ် ဗုဒ္ဓဘာသာအသင်းများက အခလွတ် ပညာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားပေးရန် ဆုံးဖြတ်ကြပါသည်။

၉- အစိုးရအထောက်အပံ့ခံ ကျောင်းများတွင် ဆင်းရဲနွမ်းပါးသောတပည့်များအား ၁၀ ရာခိုင်နှုန်း ခွင့်ပြုခြင်းကို ၄င်းနှုန်းထက် ပို၍ ၂၀ ရာခိုင်နှုန်းခွင့်ပြုရန် ပညာမင်းကြီးနှင့် ပညာရေးဆိုင်ရာ ဆင်ဒီကိတ်ရုံးသို့ မေတ္တာရပ်ခံ ရွက်ဆောင်ရန် ဆုံးဖြတ်ကြသည်။

၁၀- မြန်မာနိုင်ငံ တောလက်ကျေးရွာများရှိ ဘုန်းကြီးကျောင်းများတွင် မူလတန်းကျောင်းများ ဖွင့်လှစ်၍ ဆရာဖြစ်လက်မှတ်ရ ဆရာများကို အစိုးရက စေလွှတ်ပြီးလျှင်၊ ထိုဆရာများ တစ်ဖက်တစ်လမ်းမှ အသက်မွေးရန်အတွက် အခလွတ်မြေ သင့်လျော်သလောက်ပေးရန် အဆိုကို စဉ်းစား၍ ဆိုင်းငံ့ထားရန် ဆုံးဖြတ်ပြီးလျှင်၊ ဝိုင်အမ်ဘီအေ အသင်းများက ဘုန်းကြီးကျောင်းများတွင် ဘုန်းတော်ကြီးများက မူလတန်းပညာများ သင်ကြားပေးပါမည့်အကြောင်း လျှောက်ထားအားပေးကြရန် ဆုံးဖြတ်ကြသည်။

၁၁- သီပေါ အုန်းပေါင်စော်ဘွားကြီးက 'မကျန်းမာ၍ အစည်းအဝေးသို့ မတက်ရောက်နိုင်ကြောင်း ပေးစာကိုဖတ်ကြား၍၊ 'ကျန်းမာစေရန် ဆုတောင်းကြောင်း' ပြန်ကြားစာပေးပို့ရန် ဆုံးဖြတ်ကြသည်။

၁၂- မြန်မာစာ အမြန်တတ်အောင် နည်းတိုပညာသင်ကြားနည်းစနစ်ဖြင့် သင်ပုန်းကြီး၊ မင်္ဂလသုတ် စသော လိမ္မာယဉ်ကျေးကြောင်း စာပေများကို ပြုစုရန်ဆောင်ရွက်သင့်ကြောင်း၊ ခရိုင်နယ်ပညာရေးဘုတ်အဖွဲ့များသို့ မေတ္တာရပ်ခံ ဆုံးဖြတ်ကြသည်။

၁၃- အရပ်ရပ် ဝိုင်အမ်ဘီအေအသင်းများနှင့် အခြား ဗုဒ္ဓဘာသာအသင်းများသည် ငွေကြေးပြည့်စုံမှ ပြဋ္ဌာန်းဆုံးဖြတ်ချက်များကို အောင်မြင်စွာ ရွက်ဆောင်နိုင်မည်ဖြစ်၍၊ 'ဝိုင်အမ်ဘီအေ ငွေစုငွေချေးအသင်း'ဟူ၍ ဖွဲ့စည်းသင့်ကြောင်း အကြံပေးချက်အရ၊ ဖွဲ့စည်းတည်ထောင်ကြရန် ဆုံးဖြတ်ကြပါသည်။

၁၄- မြန်မာပြည်အတွင်းရှိ အင်္ဂလိပ် မြန်မာ ဗုဒ္ဓဘာသာကျောင်းများ တစ်လုံးတစ်စည်းတည်းရှိရန်၊ တစ်ကျောင်းလျှင် ကိုယ်စားလှယ်တစ်ဦးကျစီဖြင့် ကောင်စီတစ်ခုကို ဥက္ကဋ္ဌ အမှုဆောင် အပြည့်အစုံနှင့် ဖွဲ့စည်းရန်၊ အထက်တန်း

mgyoe.com SAMPLE BOOK
ကျောင်းတစ်ကျောင်း တစ်လ ၁၀ ကျပ်, မူလတန်းကျောင်း တစ်လ ၅ ကျပ်ကျ ရန်ပုံငွေစုပြီးလျှင် ငွေကြေး မပြည့်စုံသောကျောင်းနှင့် ကျောင်းသစ်များဖွင့်ခြင်းတို့ကို အားပေးကူညီရန် ဆုံးဖြတ်ကြပါသည်။

၁၅- ဝိုင်အမ်ဘီအေ အသင်းနှင့် အလားတူအသင်းများက အသင်းချုပ်သို့ တစ်လလျှင် ၁၀ ကျပ် ဖြစ်စေ၊ ၅ ကျပ်ဖြစ်စေ စုဆောင်း၍ မန္တလေးတွင် လက်မှုပညာသင်ကျောင်းတစ်ကျောင်း တည်ထောင်ဖွင့်လှစ်ရန် ဆုံးဖြတ်ကြသည်။

၁၆- အသင်းရန်ပုံငွေဖြင့် နိုင်ငံခြားတိုင်းပြည်များသို့ ပညာတော်သင်များ စေလွှတ်သင့်ကြောင်းအဆိုကို စဉ်းစားကြရာ၊ ပညာရေးဆိုင်ရာ ရန်ပုံငွေထိန်းသိမ်းရေးအဖွဲ့, သမဝါယမ ငွေစုငွေချေးအသင်းများ တည်ထောင်အောင်မြင်ပြီးမှ ၎င်းကိစ္စကို ဆောင်ရွက်ရန် ဆုံးဖြတ်ကြသည်။

၁၇- ဘာသာမတူ လူမျိုးခြားကုမ္ပဏီများက ဗုဒ္ဓဘာသာစေတီတော် ဆင်းတုတော်ပုံများကို ကုန်အမှတ်တံဆိပ် ပြုလုပ်အသုံးပြုခြင်း၊ ကြော်ငြာစာ, ပြက္ခဒိန်များတွင် အသုံးပြုနေခြင်းများကို မနှစ်သက်၍ ကန့်ကွက်ကြောင်း။ ၎င်းကိစ္စကို ပိတ်ပင်ပေးရန် အစိုးရထံ မေတ္တာရပ်ခံရန်နှင့် အင်္ဂလိပ်ကုန်သည်ကြီးများအသင်း, အိန္ဒိယကုန်သည်ကြီးများအသင်း, မြန်မာကုန်သည်ကြီးများအသင်းတို့ထံလည်း အကြောင်းကြားရန် ဆုံးဖြတ်ကြသည်။

၁၈- ဗုဒ္ဓဘာသာ ဘုရားစေတီ ဝတ္တကမြေ, ဘုန်းကြီးကျောင်း ဝတ္တကမြေများတွင် ဘာသာတစ်ပါး လူမျိုးခြားများ ဖိနပ်စီးနင်း၍ဝင်ရောက်ခြင်းကို တားမြစ်ရန်အတွက် 'ဖိနပ် မစီးရ'ဟူသောကြော်ငြာစာများ ကပ်ထားရန် ဆုံးဖြတ်ကြပါသည်။

ဒုတိယနေ့

၁၉- မြန်မာနိုင်ငံအတွင်း၌ အစိုးရက ဆေးခြောက်ဆိုင်များဖွင့်လှစ်ရောင်းချရန် စီမံမည်ကို သဘောမတူ ကန့်ကွက်ကြောင်း ဆုံးဖြတ်ကြသည်။

၂၀- ဇလွန်မြို့၌ အင်္ဂလိပ် မြန်မာ ဗုဒ္ဓဘာသာကျောင်းဖွင့်လှစ်ရာ၌ အခက်အခဲရှိလျှင် ဌာနချုပ်သို့ အကြောင်းကြားပါက အရေးယူ၍ ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းအတည်ပြုကြသည်။

၂၁- မြန်မာနိုင်ငံရှိ အစိုးရ အင်္ဂလိပ် မြန်မာ အထက်တန်းကျောင်းများတွင် အင်္ဂလိပ်လူမျိုးများကို ကျောင်းအုပ်ဆရာကြီးများအဖြစ်ဖြင့် လည်းကောင်း, ကျောင်းဆရာကြီးများ အဖြစ်ဖြင့် လည်းကောင်း ခန့်ထားရန် အင်ပီရီယယ် အိုင်ဒီယာ (Imperial Idea) ကော်မတီ၏ အကြံပေးချက် အပိုဒ် ၉ ၌ အကြံပေးချက်သည် များစွာနစ်နာ၍ ဤအချက်ကို ပယ်ဖျက်ပေးရန် အစိုးရထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၂၂- 'ဝိုင်အမ်ဘီအေအသင်းများသည် နိုင်ငံခြားရှိ ဗုဒ္ဓဘာသာသာသနာပြုအသင်းများနှင့် ပူးပေါင်းရလျှင် သာသနာတော် ကြီးပွားတိုးတက်ရန်ရှိကြောင်း' ဇလွန်ကိုယ်စားလှယ်က အကြံပေးရာ၊ ထောက်ခံသူ မရှိ၍ အဆိုရှင်က ၎င်းအကြံပေးချက်ကို နုတ်သိမ်းသွား၏။

၂၃- 'အစိုးရအထောက်အပံ့ဖြင့် နိုင်ငံခြားများသို့ ပညာသင်စေလွှတ်ခြင်းကို ယခုထက် ဦးရေ ပိုမိုခွင့်ပြုရန် အစိုးရထံ မေတ္တာရပ်ခံရန်' အဆိုပြုချက်ကို လာမည့်နှစ်အစည်းအဝေးသို့ ရွှေ့ဆိုင်းရာ အဆိုရှင်က အဆိုကို ပြန်လည် ရုပ်သိမ်းသွား၏။

၂၄- 'ဗုဒ္ဓဘာသာ ရဟန်းသံဃာများသည် သာသနာပြုရေးအတွက် အင်္ဂလိပ်စာကို သင်ကြားသင့်ကြောင်း။' အဆိုကို အချိန်ယူ၍ ဆွေးနွေးကြ၏။ ကိုယ်စားလှယ်များက 'ဝိနည်းတရားတော်အရ ခွင့်မပြုသည့်ပြင် အင်္ဂလိပ်စာ


mgyoe.com

mgyoe.com SAMPLE BOOK
ကိုသာသင်ကြားနေက ပိဋကတ် ၃ ပုံ၊ နိကာယ် ၅ ရပ်၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာစသော နက်နဲသော သင်ရိုးစာပေများကို သင်ရန် အခွင့်မရနိုင် ရှိမည်ဖြစ်ကြောင်း။’နှင့် ကန့်ကွက်ကြသဖြင့် ၁၉၁၈ ခုနှစ် အစည်းအဝေးသို့ ရွှေ့ဆိုင်းထားလိုက်ကြောင်း ဆုံးဖြတ်၏။

၂၅– ဘာသာတစ်ပါး လူမျိုးခြားနှင့် မြန်မာအမျိုးသမီးများ လက်ထပ်ခြင်းကို များစွာမနှစ်သက်နိုင်ကြောင်း အမှတ်အသားပြုလုပ်ထားရန် ပြဋ္ဌာန်း အတည်ပြုကြသည်။

၂၆– ဝိုင်အမ်ဘီအေအသင်းများ အညီအညွတ်ရှက်ဆောင်နိုင်ရန် ဌာနချုပ်ကို ခိုင်ခံ့အောင် ပြုပြင်စီမံသင့်ကြောင်း ဆွေးနွေး၍ မှတ်တမ်းတင်ကြသည်။

၂၇– အစိုးရကျောင်း၌နေကြသော ကျောင်းသားများ မြန်မာရှေ့ထိုးခြေညှပ်၊ ပိန်းတန်းဖိနပ်များကို စီး၍ ကျောင်းတက်ပြီး အတန်းထဲတွင် ပညာသင်ကြားခြင်းကို ခွင့်ပြုသင့်ကြောင်း။ (ပညာကိုဒေပဒေပုဒ်မ ၂၉ တွင် ‘အင်္ဂလိပ်လူမျိုးများ ဝတ်ဆင်သောဖိနပ်နှင့် ခြေအိတ်ကို ဝတ်ဆင်စီးနင်းမှ ကျောင်းတက်၍ အတန်းတွင် ဝင်ရောက် သင်ကြားခွင့် ပြုမည်။’)ဆိုသော စကားရှိ၍ မြန်မာဖိနပ်များကိုလည်း စီး၍ ကျောင်းတက်ပြီး အတန်းထဲတွင် ပညာ သင်ခွင့်ပြုရန် အစိုးရထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၂၈– မန္တလေးမြို့ သာသနပညာသတင်းစာတိုက်မှ ‘ငှင်းသတင်းစာသည် ဝိုင်အမ်ဘီအေအသင်းများ၏ အကျိုးဆောင်သတင်းစာ ဖြစ်ကြောင်း’ နှစ်ချုပ်ဆောင်ရွက် ကူညီချက်များကို တင်ပြ၍ မှတ်တမ်းတင်ထားရန် ဆုံးဖြတ်ကြသည်။

၂၉– ‘ဂျင်နရယ်ကောင်စီ’ခေါ် ဌာနချုပ်ကို အသစ်ထပ်မံ ပြုပြင်ရန်အတွက် လိုက်နာရမည့်ဥပဒေကြမ်းကို စီစဉ်ရန် ဦးဖေကို ချယ်ယာမင် တင်မြှောက်ကြသည်။ ဝတ်လုံဦးဘိုးဟန်ကို အတွင်းရေးမှူး တင်ရာ၊ ငြင်းပယ်သဖြင့် ချယ်ယာမင် သဘောကျသူတစ်ဦးကို အတွင်းရေးမှူးအဖြစ် ရွေးရန် အာဏာပေး၍၊ ‘ဒုတိယ ချယ်ယာမင်အဖြစ် ဝတ်လုံဦးမြဦးအား ရွေးချယ်ကြောင်း’ ဆုံးဖြတ်ကြသည်။

၃၀– ၁၉၁၈ ခုနှစ် ဆဋ္ဌမ ဝိုင်အမ်ဘီအေ ညီလာခံ ကျင်းပရန်အတွက် မြို့ ၃ မြို့က တာဝန်ယူနေကြ၍ ညောင်လေးပင်မြို့ကို ပထမ၊ ပဲခူးမြို့ကို ဒုတိယ၊ မော်လမြိုင်မြို့ကို တတိယအဖြစ် အစဉ်အတိုင်းခွင့်ပြုရန် ဆုံးဖြတ်ကြသည်။

သဘာပတိက ‘ဧည့်ခံကော်မတီကို လည်းကောင်း၊ စည်းဝေးရန် ဌာနရုံးကြီးကို ဆောက်လုပ်ပေးသော ဦးဘအို-မယဉ်မြတို့ကို လည်းကောင်း၊ ကိုယ်စားလှယ်များကို လည်းကောင်း ကျေးဇူးတင်ကြောင်း’ ပြောကြား၏။

ဧည့်ခံကော်မတီကလည်း အောင်မြင်ကြောင်းသြဘာစာ ဖတ်၏။

ဧည့်ခံကော်မတီ အတွင်းရေးမှူးက ‘ယခု ဖြစ်ပွားပွားနေသော စစ်ကြီးတွင် ဂျာမနီလူမျိုးတို့၏ပြုမူပုံမှာ များစွာ မတရား၍၊ ဗြိတိသျှအစိုးရတို့၏ အောင်မြင်ကြောင်းကို တတ်အားသမျှအားပေးရန်’ မြွက်ကြား၍ မှတ်တမ်းတင် ကြသည်။

ပရိသတ်အပေါင်းက တညီတညွတ်တည်း ထ၍၊ ‘ပဉ္စမမြောက် ဂျော့ဘုရင်မင်းမြတ်နှင့် မေရီမိဖုရားကြီး သားတော်သမီးတော် ဆွေမျိုးတော်တို့ပါ သက်တော်ရာကျော် ရှည်တော်မူကြပါစေသော်။’ဟု ဆုတောင်းကြပြီး နောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဤ ပျဉ်းမနားညီလာခံ ဆုံးဖြတ်ချက်များကို ကြည့်ပါက ၄င်းတို့ ဆုမွန်ကောင်းတောင်းနေကြသည့် ဗြိတိသျှဘုရင်အစိုးရ၏ ကိုယ်စားပြု အုပ်ချုပ်လျက်ရှိသော မြန်မာနိုင်ငံအစိုးရ တာဝန်ခံအရာရှိ မျက်နှာဖြူကြီးများ၏ လူမျိုးခွဲခြားရေးစနစ်များကို လည်းကောင်း၊ ထိုခေတ် ပညာသင်ကြားရေးစနစ်များကို လည်းကောင်း အပြစ်မြင်လာကြလေပြီ။ အထူးသဖြင့် အစိုးရပညာရေးစနစ်များတွင် နိုင်ငံအကျိုးအတွက် လိုအပ်သောပညာရပ်များ မပါရှိ၍၊ သိပ္ပံပညာ, စိုက်ပျိုးရေးပညာများ သင်ကြားရန် စတင် အရေးဆိုလာသည်ကိုလည်း တွေ့မြင်နိုင်၏။

အစိုးရပညာရေးစနစ်သည် သခင်က ခိုင်း၍ဖြစ်ရုံမျှ သင်ပေးခြင်းသာ ဖြစ်သည်။ ထို့ကြောင့်လည်း 'ကျွန်ပညာ စနစ်ပင် ဖြစ်သည်' ဟူ၍လည်း သဘောပေါက်လာကြသည်။ သို့ဖြစ်၍ ပညာရေးနှင့်ပတ်သက်ပြီး စဉ်းစားတောင်းဆိုလာကြသည်ကို တွေ့ရ၏။ မနှစ်သက်သည်ကို စတင်၍ ကန့်ကွက်ကြ၏။

ပျဉ်းမနားညီလာခံ ဆုံးဖြတ်ချက် အမှတ် ၁ အရ အိန္ဒိယအတွင်းဝန် မစ္စတာမွန်တေဂူနှင့်တွေ့ဆုံ၍ နိုင်ငံအုပ်ချုပ်ရေး ပြုပြင်ပေးရန်အတွက် အရေးဆိုရန် ၁၉၁၇ ခုနှစ် ဒီဇင်ဘာလတွင် ဝိုင်အမ်ဘီအေအသင်းချုပ် ဥက္ကဋ္ဌ ဦးဖေ, ဦးဘသော, ဦးမေအောင်နှင့် မန္တလေးမှ ဝတ်လုံဦးစုတို့အား ရွေးချယ်စေလွှတ်၏။

မြန်မာကုန်သည်ကြီးများအသင်းနှင့် သမဝါယမအသင်းများ၏ ကိုယ်စားလှယ်အဖြစ်ဖြင့် အစိုးရခန့် အမတ်ဦးဘိုးသာ, ဦးသင်းနှင့် ဦးဘတူ, မန္တလေးမှ ဝတ်လုံ ဦးစံဝင်း, မစ္စတာပီဂျေအက်စ်ပီလေးတို့ကို စေလွှတ်၏။

ကရင်အမျိုးသားများကလည်း ဒေါက်တာ စံစီဖိုးနှင့် မစ္စတာ ဆစ်ဒနီလူနီတို့အား စေလွှတ်၏။

ကိုယ်စားလှယ်များသည် ကာလကတ္တားမြို့တွင် အိန္ဒိယအတွင်းဝန် မစ္စတာမွန်တေဂူနှင့်တွေ့ဆုံ၍၊ 'မြန်မာပြည်အား အိန္ဒိယပြည်နယ်တစ်ခုအဖြစ်မှ သီးခြားခွဲထုတ်၍ အုပ်ချုပ်ရေးတွင်လည်း အိန္ဒိယနှင့်အလားတူ စီမံပေးရန်' အရေးဆိုကြလေ၏။

ဗိလတ်အတွင်းဝန် မွန်တေဂူနှင့် အိန္ဒိယဘုရင်ခံချုပ် လော့ဒ် ချမ်းစ်ဖို့တို့ထံ အရေးဆို တင်ပြခဲ့သောအချက်များ၏ လိုရင်းမှာ

၁- မြန်မာနိုင်ငံကို အိန္ဒိယမှ ခွဲထုတ်ပေးရန်။

၂- မြန်မာနိုင်ငံကို အင်္ဂလန်အစိုးရလက်အောက်တွင် ဘုရင်ခံအုပ်ချုပ်သောနယ်အဖြစ် ထားပြီးလျှင်၊ အုပ်ချုပ်ရေးအတွက် ဥပဒေပြုလွှတ်တော်တစ်ခု ထားပေးရန်။

၃- အင်္ဂလန်တွင် မြန်မာပြည်အတွက် အတွင်းဝန် ခန့်ထားခဲ့လျှင် အတိုင်ပင်ခံ မြန်မာ ၁ ယောက်- ၂ ယောက် ပါဝင်ရန်။

၄- မြန်မာနိုင်ငံ၏လိုလားချက်မှာ တာဝန်ခံကိုယ်ပိုင်အုပ်ချုပ်ရေး (Dominion Home Rule) ဖြစ်သည်။ ယခုတင်ပြသော အုပ်ချုပ်ရေးမှ တစ်စတစ်စ တိုးတက်ပြုပြင်ပြီး အာဏာလွှဲအပ်ရန် ဖြစ်သည်။ ထို့ကြောင့် ဗြိတိသျှပါလီမန် အစိုးရဝန်ကြီးအဖွဲ့ကဲ့သို့ မြန်မာနိုင်ငံ အစိုးရဝန်ကြီးအဖွဲ့တွင် အစိုးရခန့်ဝန်ကြီး ၃ ဦးနှင့် ပြည်သူ့ကိုယ်စားလှယ် ဝန်ကြီး ၃ ဦး ပါဝင်ခွင့်ပြုရန်။

၅- ထိုဝန်ကြီးအဖွဲ့သည် ဥပဒေပြုလွှတ်တော်ကို တာဝန်ခံသောအဖွဲ့ ဖြစ်စေလျက် ဥပဒေပြုလွှတ်တော်တွင် မင်းတိုင်ပင် အမတ် ၇၅ ယောက် ထားပြီးလျှင်၊ အမတ်ဦးရေ ၆၀ ကို ပြည်သူ့မဲဆန္ဒဖြင့် ရွေးချယ်ပေးရန်။

၆- ကျေးရွာမြို့နှင့် ခရိုင်အုပ်ချုပ်ရေးတွင် ကျေးရွာသူကြီးများကို လည်းကောင်း၊ မြို့အုပ်ချုပ်ရေးတွင် မြူနီစီပယ်လူကြီးများကို လည်းကောင်း၊ ခရိုင်နယ်အုပ်ချုပ်ရေးတွင် ဒိစကြိတ်ကောင်စီဝင် လူကြီးများကို လည်းကောင်း ပြည်သူ့မဲဆန္ဒဖြင့်သာ ရွေးကောက်၍ ဥပဒေပြုလွှတ်တော်၏လက်အောက်တွင် ထားရှိရန် တင်ပြသည်။ ထိုအချက်ကို အမြန်စီစဉ်ပေးရန်။


mgyoe.com

mgyoe.com SAMPLE BOOK

၇- မြန်မာနိုင်ငံအတွက် အဆင့်အတန်းမီ တက္ကသိုလ်ကျောင်းတစ်ကျောင်းနှင့် တရားလွှတ်တော်ချုပ်တစ်ခုကို အမြန် တည်ထောင်ဖွင့်လှစ်ပေးရန်။

၁၉၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက် (မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) နေ့တွင် ဝိုင်အမ်ဘီအေ အသင်းချုပ်ကြီး၏ ဆဋ္ဌမ နှစ်လည်ညီလာခံကို မော်လမြိုင်မြို့တွင် ကျင်းပ၏။ သဘာပတိအဖြစ်ဖြင့် အသင်းချုပ်ဥက္ကဋ္ဌ အငြိမ်းစားဝန်ထောက် ဦးဘေက ရွက်ဆောင်လေသည်။

## ပထမနေ့ နံနက်ပိုင်းအစည်းအဝေး

ရှင်မဟာဗုဒ္ဓဃောသကျောင်းတွင် သံဃာတော် ၂၅ ပါးထံ၌ ၅ ပါးသီလ ခံ၍ ပရိတ်တော်များကို ကိုယ်စားလှယ် လူကြီးများနှင့် ဧည့်ခံကော်မတီများအားလုံး နာကြားကြသည်။

အစည်းအဝေးကို ပုဏ္ဏား ၃ ယောက်က အန္တရာယ်ကင်းမန္တန်များ ရွတ်၍၊ 'ဂျော့ဘုရင်နှင့် မေရီမိဖုရားကြီးတို့ သက်တော်ရှည်ပါစေ။' ဟု ဆုတောင်း၍ ဖွင့်လှစ်သည်။

ဧည့်ခံကော်မတီဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက်၊ အစည်းအဝေးသဘာပတိအဖြစ်ဖြင့် အသင်းချုပ်ဥက္ကဋ္ဌ ကျက်သရေဆောင် ရွှေစလွယ်ရ အငြိမ်းစားဝန်ထောက် ဦးဘေ အား တင်မြှောက်ရန် သထုံဦးထွန်းဝင်းက အဆိုသွင်း၍ မန္တလေးကိုယ်စားလှယ် ဦးထွန်းရှိန်က ထောက်ခံပြီး ဆုံးဖြတ် တင်မြှောက်ကြလေသည်။

သဘာပတိမိန့်ခွန်းတွင် "ကျွန်ုပ်တို့ ဝိုင်အမ်ဘီအေ အသင်းများက နိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ ပြုပြင် ပြောင်းလဲပြင်ဆင်ရေးအတွက် အချက်များကို တောင်းဆိုရန် ညှိနှိုင်းစီစဉ်ပြီး ကိုယ်စားလှယ်များကို လွှတ်ခဲ့ကြောင်း။ အိန္ဒိယနိုင်ငံ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ပြောင်းလဲပြင်ဆင်ရန်အချက်များ အစီရင်ခံစာထွက်လာ၍ လွန်ခဲ့သည့် သြဂုတ်လက ရန်ကုန်မြို့တွင် ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများ၏ ကိုယ်စားလှယ်များ အစည်းအဝေးကြီးကို ကျင်းပပြီး ကျွန်ုပ်တို့ထင်မြင်ချက်များကို ထပ်မံတင်သွင်းပြီး ဖြစ်ကြောင်း။" နှင့် နိုင်ငံရေးနှင့်ပတ်သက်သော အရေး ကြီးသည့်အချက်ကို ထည့်သွင်းမိန့်ကြားသွား၏။

## ညနေပိုင်း အစည်းအဝေးဆုံးဖြတ်ချက်

၁- မြန်မာပြည်ရှိ ဘုရားပုထိုး၊ ဂူကျောင်း၊ တန်ဆောင်း၊ ပြာသာဒ် စသော ဗုဒ္ဓဘာသာတို့ စောင့်ရှောက် နေကြသော အဆောက်အဦများကို စောင့်ရှောက်သောဂေါပကအဖွဲ့များအတွက် ဥပဒေစည်းကမ်းများကို ပြည်ပိုင် အစိုးရက ထုတ်ဆင့်အတည်ပြုပေးရန် လျှောက်ထားဆောင်ရွက်သင့်ကြောင်း။ ရန်ကုန်ကိုယ်စားလှယ် ဝတ်လုံ ဦးသိန်းမောင်၏အဆိုကို အချေအတင် အချိန်ယူ၍ဆွေးနွေးကြပြီးလျှင် အဆိုကို သဘောတူထောက်ခံသူက များသဖြင့် အတည်ပြုကြသည်။ ဤကိစ္စအတွက် ဥပဒေစည်းကမ်းများကို ဦးသိန်းမောင်နှင့် အစည်းအဝေး ဥက္ကဋ္ဌ ဦးဘေတို့က ရေးဆွဲပြီးလျှင် ဌာနချုပ်အမှုဆောင်တွင် တင်သွင်းစဉ်းစားပြီးမှ အစိုးရသို့တင်သွင်းရန် ဆုံး ဖြတ်ကြပါသည်။

၂- 'အထက်မြန်မာပြည် သာသနာပိုင်ဆရာတော်ဘုရား၏ အာဏာစက်သည် အောက်မြန်မာပြည်သို့လည်း ပျံ့နှံ့လွှမ်းမိုးစေရန်အတွက် ပြည်ပိုင်အစိုးရသို့ မေတ္တာရပ်ခံတောင်းဆိုသင့်သည်။' ဟူသော ရန်ကုန်ကိုယ်စားလှယ် ဦးဘဘေ၏အဆိုကို အချေအတင်ဆွေးနွေးကြပြီးနောက်၊ 'ရွှေကျင်ဂိုဏ်းဝင် သံဃာတော်များအတွက် သာသနာ ပိုင် သီးခြားခန့်ထားရန်' ဟုသိမ်ကိုယ်စားလှယ် မစ္စတာ ဒီဆူဇာက အကြံပေးသည်။ ဆက်လက်ဆွေးနွေးပြီး နောက် မူလအဆိုကို အတည်ပြု ဆုံးဖြတ်ကြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ပထမနေ့အစီအစဉ်များပြီးဆုံး၍ ပျဉ်းမနားကိုယ်စားလှယ် ဦးပိုးဖြူက 'ဗုဒ္ဓမြတ်စွာ၏ သာသနာတော်မြတ်ကြီး ထွန်းကားတိုးတက်ရန် ဆောင်ရွက်သင့်သည့်အကြောင်း။' စာတမ်းဖတ်ကြားသည်ကို ကြားနာကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်၏။

ဒုတိယနေ့ ဆုံးဖြတ်ချက်များ

၃- 'မကြာမီက ဘူလ်ဂေရီယားပြည်မှ မဟာမိတ်တပ်တို့ထံ လက်နက်ချအပ် အရှုံးပေးသည့်ပြင်၊ စစ်မျက်နှာများတွင် မဟာမိတ်စစ်သည်တော်များက အရေးသာလျက်ရှိခြင်းကြောင့် ဤပြည်လုံးကျွတ် အစည်းအဝေးကြီးက များစွာ ဝမ်းမြောက်လှပါကြောင်း။ ၎င်းပြင် မြန်မာလူမျိုးများသည် ဗြိတိသျှအစိုးရတို့၏ ကျေးဇူးသစ္စာကို စောင့်သိရှိသေသော အမျိုးသားများဖြစ်၍ အင်ပိုင်ယာနိုင်ငံအတွင်း နောင် အကျိုးကျေးဇူးခံစားခွင့်ရှိသမျှ ဆက်လက်ခံစား ရရှိစေရန် ဤစစ်ကြီးကို အနိုင်တိုက်ခိုက်ပြီးမှ အများပြည်သူတို့အတွက် တာရှည်စွာ အကျိုးခံစားနိုင်ရန် ဆောင်ရွက်နိုင်ပါစေ ဟု ဆုတောင်းပတ္တနာပြုပါကြောင်း။' အဆိုကို သဘာပတိ ဦးဘေက တင်သွင်း၍ ရန်ကုန်ဦးသိန်းမောင်က ထောက်ခံသည်။ ဆက်လက်၍ ကျိုက်လတ်ကိုယ်စားလှယ် ဦးတုတ်ကြီး, မန္တလေးကိုယ်စားလှယ် ဦးထွန်းရှိန်တို့ကပါ ထောက်ခံကြပြီးလျှင် 'မြန်မာနိုင်ငံဘုရင်ခံနှင့် အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်တို့ထံ ကြေးနန်းရိုက်ကြားရန်' ဆုံးဖြတ်ဆောင်ရွက်ကြ၏။

၄- 'မြန်မာနိုင်ငံတွင် ကောက်ခံလျက်ရှိသော လူခွန်နှင့် သဿမေဓအခွန်ငွေများကို မြေခွန်မှ သီးခြားထုတ်နုတ်၍ မြို့နယ်ဆိုင်ရာ အမျိုးသားများ ပညာတိုးတက်သင်ကြားရန်အတွက်သက်သက် အသုံးပြုရန် သီးခြားထားသင့်ကြောင်း။' အဆိုကို ရန်ကုန်မြို့ ပညာတော်သင်အသင်းကိုယ်စားလှယ် ဦးဘဘေက တင်သွင်း၏။ ဘားအံကိုယ်စားလှယ် ဦးဘပုက ထောက်ခံ၏။

ညောင်လေးပင်ကိုယ်စားလှယ် ဦးမောင်ကလေးက 'လူခွန်နှင့် သဿမေဓအခွန်ကို မခွဲခန့်ဘဲ ရုပ်သိမ်းပယ်ဖျက်သင့်ကြောင်း' ပြုပြင်၍ အဆိုတင်၏။ ထိုအဆိုကို မန္တလေးဦးထွန်းရှိန်က ထောက်ခံ၏။

သဘာပတိက ဤပြုပြင်သောအဆိုသည် နိုင်ငံရေးသဘော သက်ရောက်နေ၍ သဘာပတိက ကန့်ကွက်ပယ်ဖျက်လိုက်၏။

ရန်ကုန်ဦးသိန်းမောင်က 'မူလအဆိုတွင် 'ဤအခွန်များကို မဖျက်သိမ်းသမျှကာလပတ်လုံး' ဆိုသောအပိုဒ်ကို ဖြည့်စွက်သင့်ကြောင်း' ထပ်မံ၍ အဆိုသွင်း၏။ ထိုအဆိုကို မော်လမြိုင် ဦးဘိုးရင်စီက ထောက်ခံ၏။ ထို့နောက် ရန်ကုန်ဦးစိန်လှအောင်, သာယာဝတီ ဦးပု, ဖိုးကုန်း ဦးဘစီတို့က 'ဤဖြည့်စွက်ချက်သည် နိုင်ငံရေးသဘော သက်နေပြန်ကြောင်း' ကန့်ကွက်ကြ၍ ဦးဘဘေ၏ မူလအဆိုအတိုင်းပင် အတည်ပြုဆုံးဖြတ်လိုက်ကြ၏။

၅- အသက် ၆ နှစ်နှင့် ၁၂ နှစ်အတွင်းရှိ ကလေးများကို မသင်မနေရ အခလွတ်မူလတန်းပညာကို သင်ကြားပေးရန် အစိုးရထံ မေတ္တာရပ်ခံရန်။ ဤကိစ္စအောင်မြင်ရန် မန္တလေး ပိုင်အမ်ဘီအေက တာဝန်ယူ၍ မေတ္တာရပ်ခံလွှာကို ကျိုးကြောင်းဖော်ပြရေးသား၍ ဌာနချုပ်သို့ တင်သွင်းရန် ဆုံးဖြတ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၆- 'မြန်မာလူမျိုး ဥရောပတိုက်သား ဟူ၍ မခွဲခြားဘဲ ပညာသင်ကြားရေးတွင် ဥပဒေတစ်မျိုးတည်း ပြုလုပ်ထားရှိရေးအတွက် ပြည်ပိုင်အစိုးရထံ မေတ္တာရပ်ခံရန်။ အကယ်၍ မပြီးပြတ်က အိန္ဒိယအစိုးရထံ မေတ္တာရပ်ခံရန်။ မေတ္တာရပ်ခံစာကို မန္တလေးဦးစုက ရေးသား၍ အသင်းချုပ်သို့ပို့ရန်' ဆုံးဖြတ်ကြသည်။

၇- 'ကာလကတ္တား ယူနီဗာစီတီကစစ်ဆေးရသော မက်ထရစ်ကူလေးရှင်းစာမေးပွဲကို ဖျက်သိမ်းသည်။' ဟူသော ပြည်ပိုင်အစိုးရ၏ အမိန့်ကို ဤအစည်းအဝေးက ကန့်ကွက်ကြောင်း။ မြန်မာနိုင်ငံရှိ ကောလိပ်ကျောင်းများသည် ကာလကတ္တားယူနီဗာစီတီ၏လက်အောက်မှ မလွတ်ကင်းသေးသမျှကာလပတ်လုံး အဆိုပါစာမေးပွဲကို မြန်မာနိုင်ငံတွင် ဆက်လက်ကျင်းပသင့်ကြောင်း။ ဒုတိယအကြိမ် အစိုးရထံ မေတ္တာရပ်ခံရန်။ အကယ်၍ အခွင့်မပြုလျှင် အိန္ဒိယအစိုးရထံ မေတ္တာရပ်ခံရန်။ မေတ္တာရပ်ခံလွှာကို ဦးစိန်လှအောင်က ရေးသား၍ အသင်းချုပ်မှတစ်ဆင့် မေတ္တာရပ်ခံရန်။' ဆုံးဖြတ်ကြသည်။

၈- ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပညာနှင့် စာရင်းကိုင်နည်းပညာရပ်များကို အင်္ဂလိပ် မြန်မာ စာသင်ကျောင်းများတွင် သင်ကြားခွင့်ရှိစေရန် အစိုးရထံမေတ္တာရပ်ခံရန် အချေအတင် ဆွေးနွေးဆုံးဖြတ် အတည်ပြုကြသည်။

တတိယနေ့ ဆုံးဖြတ်ချက်များ

၉- မြန်မာအမျိုးသမီးအချို့သည် လူမျိုးခြားများနှင့် အိမ်ထောင်ပြုခြင်းသည် တရားမဝင်သောမယား ဖြစ်နေရပြီးလျှင်၊ အမျိုးဘာသာတရား ပျက်ပြားကြောင်းဖြစ်၍ ဤအလေ့အထများ ပပျောက်အောင် စာအုပ်စာတမ်းများ ရိုက်နှိပ်ဝေငှသင့်ကြောင်းကို ဆွေးနွေး၍ ဆုံးဖြတ် အတည်ပြုကြသည်။ ထိုဆုံးဖြတ်ချက်အရ ဦးပုက ရေးသား၍ မန္တလေးကူးသန်းရောင်းဝယ်ရေးစာပုံနှိပ်တိုက်ရှင် ဦးခင်မောင်နှင့် ရန်ကုန် သူရိယသတင်းစာ ဦးဘအေးတို့က စက္ကူဖိုး၊ မင်ဖိုးများသာယူ၍ အခမဲ့ပုံနှိပ်ပေးရန် တာဝန်ယူကြသည်ကို မှတ်တမ်းတင်ရန် ဆုံးဖြတ်ကြသည်။

၁၀- အစိုးရအထောက်အပံ့ဖြင့် နိုင်ငံခြားပညာသင်များ စေလွှတ်ရာတွင် မြန်မာလူမျိုးပညာသင်ဦးရေကို တိုးတက်သ ါမှတ်ပေးရန်အတွက် မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၁၁- မြန်မာပြည်တွင်းရှိ ဗုဒ္ဓဘာသာကျောင်းများတွင် မင်္ဂလသုတ်ကို မသင်မနေရ သင်ခန်းစာအဖြစ် သတ်မှတ်ရန် ဆုံးဖြတ်ကြသည်။

၁၂- စစ်သည်တော်များ စုဆောင်းရာ၌ ပိုင်အမ်ဘီအေနှင့် အလားတူအသင်းများက ထိထိရောက်ရောက် ဝင်ရောက်ဆောင်ရွက်သင့်ကြောင်း သဘောတူ ဆုံးဖြတ်ကြသည်။

၁၃- ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများက သမဝါယမ ငွေစုငွေချေးအသင်းများ ကြီးပွားတိုးတက်ရန် ပါဝင်ကူညီရွက်ဆောင်ကြရန် အားလုံးသဘောတူ ပြဋ္ဌာန်းဆုံးဖြတ်ကြသည်။

၁၄- ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများက ဂျင်နရယ်ကောင်စီ၏ စည်းမျဉ်းဥပဒေများကို အတည်ပြုပြီးနောက် အထက်မြန်မာပြည် မန္တလေးမြို့တွင် ဂျင်နရယ်ကောင်စီအဖွဲ့တစ်ခု ထားသင့်၊ မထားသင့်ကို စဉ်းစားရန် ဆုံးဖြတ်ကြသည်။

၁၅- လာမည့်နှစ်အတွက် အသင်းချုပ်ဥက္ကဋ္ဌအဖြစ် မော်လမြိုင်မြို့ ဝတ်လုံတော်ရ ဦးချစ်လှိုင်ကို လည်းကောင်း၊ ရန်ကုန်မြို့ ရှေ့နေ ဦးသင်းမောင်ကို အတွင်းရေးမှူးအဖြစ်ဖြင့် လည်းကောင်း ရွေးချယ်တင်မြှောက်ကြောင်း ဆုံးဖြတ်ကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

၁၆- အရည်အချင်းပြည့်စုံသောဆရာများ ဦးစီးသည့် ဆရာဖြစ်သင် ကောလိပ်ကျောင်းတစ်ကျောင်း တည်ထောင်၍၊ ပညာထူးချွန်သော ကျောင်းသားများ ပညာသင်ကြားလိုစိတ် ထက်သန်လာအောင် အစိုးရက ထောက်ပံ့မည့်လခကို တစ်လလျှင် ၄၀ ကျပ်ထိ တိုးမြှင့်ပေးထိုက်ကြောင်း အစိုးရထံ မေတ္တာရပ်ခံရန်။ ထိုမေတ္တာရပ်ခံလွှာကို ဦးထွန်းဝင်းက စီစဉ်ရေးသား၍ အသင်းချုပ်မှတစ်ဆင့် တင်သွင်းရန် ဆုံးဖြတ်ကြသည်။

၁၇- ရန်ကုန်မြို့တွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ အလှူငွေဖြင့် ဗုဒ္ဓဘာသာကောလိပ်ကျောင်းတစ်ကျောင်း တည်ထောင်နိုင်ရန် အမြန်ကြိုးစားသင့်ကြောင်း အားလုံး သဘောတူဆုံးဖြတ်ကြပါသည်။

၁၈- ပြည်သူ့တာဝန်ဝတ္တရားနှင့် စပ်လျဉ်းသောသင်ခန်းစာများ၊ ကျင့်ဝတ်တရားနှင့်ဆိုင်သော စာပေများကို လေ့ကျက်သင်ကြားစေရန် ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများက ကြိုးစားဆောင်ရွက်သင့်ကြောင်း အားလုံး သဘောတူ အတည်ပြုကြသည်။

၁၉- ၁၉၁၅ ခုနှစ်က မန္တလေးမြို့တွင် ကျင်းပခဲ့သော အစည်းအဝေးကြီးတွင် ပြဋ္ဌာန်းဖွဲ့စည်းခဲ့သော သာသနာပညာရန်ပုံငွေနှင့်စပ်လျဉ်းသော အစီရင်ခံစာကို ဖတ်ကြား၍ ရရှိသောရန်ပုံငွေကို ဗုဒ္ဓဘာသာစာသင်ကျောင်းအသင်းသို့ လွှဲအပ်ရန် ဆုံးဖြတ်ကြလေသည်။

ထို့နောက် အစည်းအဝေးကို ရုပ်သိမ်းလိုက်လေသည်။

## ဦးဥတ္တမ

ရခိုင်တိုင်း စစ်တွေမြို့ဇာတိ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်၌ ရဟန်းပြုခဲ့သော ဦးဥတ္တမကိုယ်တော်သည် ပါဠိ ပိဋကတ်တော်များကို သင်ကြားပြီးနောက် အိန္ဒိယပြည်သို့သွား၍ အင်္ဂလိပ်ဘာသာ, သင်္သကရိုက်ဘာသာ, ဟိန္ဒီဘာသာများကို ဆက်လက်သင်ကြားနေထိုင်ခဲ့လေသည်။

အိန္ဒိယပြည်တွင်ရှိစဉ် ကွန်ဂရက်အသင်းတွင် ပါဝင်ခဲ့သဖြင့် အိန္ဒိယခေါင်းဆောင်များ၏ နိုင်ငံရေးဆောင်ရွက်ပုံများကို မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရ၏။ ထို့ကြောင့် နိုင်ငံရေးကို အထူးစိတ်ဝင်စားလာခဲ့၏။ ထို့နောက် ဂျပန်ပြည်သို့သွားရောက်၍ ဂျပန်ဘာသာကိုသင်ကြားပြန်ရာ ကောင်းစွာတတ်မြောက်ပြီးသော် တိုကျိုမြို့ တက္ကသိုလ်တွင် ပါဠိပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ဖူးပေ၏။ ဦးဥတ္တမသည် ဂျပန်ပြည်၌ရှိစဉ် မြန်မာနိုင်ငံမှ စက်မှုလက်မှုပညာ, ဓာတုဗေဒပညာ, ကူးသန်းရောင်းဝယ်ရေးပညာ, သတ္တုတူးဖော်ရေးပညာရပ်များကို သင်ကြားမည့်ပညာသင်များကို ဂျပန်နိုင်ငံနှင့် အခြားအမေရိကန်နိုင်ငံ စသည်တို့ကိုလည်း ပို့ပေးပြီး ပညာသင်စေ၏။

ရေနံချောင်းမြို့မှ ဦးစိုးသိမ်း, ဇနီးဒေါ်သော့, ကိုဘစိမ်း, ဦးဥတ္တမကိုယ်တော်ကြီး၏ နှမ မအိမ်စိုးတို့သည် ဦးဥတ္တမကိုယ်တော်၏ တိုက်တွန်းချက်အရ ဂျပန်နိုင်ငံတွင် ပညာသင်ခဲ့ရခြင်း ဖြစ်၏။

ဂျပန်တို့၏ စက်မှုလက်မှု တိုးတက်ထွန်းကားနေသည်ကို ဒိဋ္ဌမျက်မြင်ဖြစ်၍လည်း စာအုပ်တစ်အုပ်ကို ရေးသားခဲ့ပြီးလျှင်၊ 'မြန်မာတို့အားလည်း ၄င်းနည်း ကြီးပွားတိုးတက်လာရန် ရွက်ဆောင်ဟောပြောအံ့။' ဟု ၁၉၁၈ ခုနှစ်တွင် မြန်မာပြည်သို့ ပြန်ကြွလာ၏။

ရန်ကုန်မြို့သို့ ရောက်သောအခါ ဝိုင်အမ်ဘီအေအသင်းတိုက်တွင် ပထမဦးစွာ တရားဟော၏။ ထို့နောက် ရွှေတိဂုံစေတီ, ဗိုလ်တထောင်စေတီတော် ရင်ပြင်, ဗိုလ်တထောင် လွှစင်တန်း, ကြည့်မြင်တိုင်ရပ်ကွက် စသည်တို့တွင် တရားပွဲများ စတင်ဟောပြော၏။ ထိုအခါက ဦးဥတ္တမ၏ နိုင်ငံရေးတရားကို ထင်ထင်ရှားရှား ကြားနာခွင့်ရသူများမှာ ဝိုင်အမ်ဘီအေအသင်းသားများနှင့် အခြားပရိသတ် ၃၀ ကျော် ၄၀ မျှ ရှိ၏။


mgyoe.com

mgyoe.com SAMPLE BOOK

'ဦးဥတ္တမတရားပွဲသို့ သွားရောက်နားထောင်လျှင် အစိုးရက ဖမ်းလိမ့်မည်။ မသွားကြနှင့်'ဟု လူကြီးများက ဟန့်တားလေ့ ရှိကြ၏။

ဦးဥတ္တမကို ဘုန်းကြီးကျောင်းများက ကျောင်းတွင်တည်းခိုရန် လက်မခံလိုပေ။

ဦးဥတ္တမသည် သူရိယသတင်းစာတိုက်တွင် ဦးဘဘေ၊ ဦးလှဖေတို့၏ခွင့်ပြုချက်အရ နေထိုင်ရလေရာ ဦးဘဘေ တို့လူစုကပင် ဆွမ်းကွမ်းကိစ္စကိုပါ တာဝန်ယူကြရ၏။

ထို့နောက် အခြားမြို့ရွာများသို့ပါ ဦးဥတ္တမသည် ကြွရောက်၍ နိုင်ငံရေးများကိုဟောပြောရာ ဝံသာနုအသင်း များ တိုးတက်လာလေသည်။ ဝံသာနုအသင်းများဖွဲ့စည်းရန် စတင်ဟောပြောသော ပုဂ္ဂိုလ်မှာ အရှင်ဦးဥတ္တမ ကိုယ် တော်ကြီး ဖြစ်လေသည်။

ဦးဥတ္တမကိုယ်တော်ကြီးနှင့် ဝိုင်အမ်ဘီအေခေါင်းဆောင်များသည် နိုင်ငံခြားပစ္စည်းများကို မသုံးစွဲရန် စတင် ရေးသား ဟောကြားလှုံ့ဆော်သဖြင့် မြန်မာဖြစ် ယောလုံ့ချည်နှင့် ပင်နီကို တစ်မျိုးသားလုံး စတင်၍ သုံးစွဲလာကြလေသည်။

အရှင်ဦးဥတ္တမ၏ဟောပြောချက်များကို ထောက်ခံရေးသားသော သတင်းစာကား သူရိယသတင်းစာပင် ဖြစ် ပေသည်။

အရှင်ဦးဥတ္တမကိုယ်တော်ကြီးသည် နားရှင်းအောင် ဟောလေ့ရှိ၏။ တရားနာသူများ မပျင်းရိစေရန် ရယ်ရွှင် ဖွယ်ရာ ပုံပြင်ကလေးများ ကြားညှပ်ဟောပြောခြင်းကြောင့် အလွန်ရယ်ရ၏။ မှန်သောအချက်တို့ကို မထောက်မညှာ ဟောသဖြင့်လည်း 'မှန်ပါပေသည်'ဟု တရားနာသူတိုင်း ဝန်ခံရ၏။ ထို့ကြောင့် တရားနာသူများ တစ်စတစ်စ များ ပြားလာ၏။

သူရိယသတင်းစာကလည်း ဦးဥတ္တမ၏ ဟောပြောချက်များကို ဖော်ပြပြီးလျှင် အထူးချီးကျူးရေးသား သဖြင့် တစ်နိုင်ငံလုံးတွင် နာမည်ကျော်ကြားလာ၏။

'နိုင်ငံရေးတရားနာ၍ အစိုးရက မဖမ်း'ဟု စိတ်ချရသောကြောင့် ခရိုင်မြို့နယ်များမှ ဦးဥတ္တမ၏နိုင်ငံရေးကို နာယူရန် ဦးဥတ္တမကို ပင့်ကြတော့၏။ ထို့ကြောင့် ခရိုင်မြို့နယ် စသည်များတွင် မပြတ်လှည့်လည်၍ ဟောပြောသဖြင့် မြန်မာပြည်တစ်ပြည်လုံး စတင်နိုးကြား ထကြွစ ပြုလာကြပြီ ဟု ဆိုရပေမည်။

ဦးဥတ္တမသည် မြို့ရွာနယ်ပယ်များတွင် တရားဟောသောအခါ သံဃာတော်များကိုလည်း 'ယခုအချိန်၌ ပိဋကတ် စာပေများကို ဗီရိုတွင် ခေတ္တခဏအသာထည့်ပြီးလျှင် လူဒါယကာများ၏ ကြီးပွားတိုးတက်ရေးကို ဟောပြောဆောင် ရွက်သင့်ကြောင်း'ကိုလည်း ထည့်သွင်းဟောကြား၏။

ဦးဥတ္တမသည် ၁၉၂၁ ခုနှစ်တွင် ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာတွင် 'အစိုးရအား အကြည်ညို ပျက်အောင် တရားဟောသည်။'ဟု ရာဇသတ်ဥပဒေပုဒ်မ ၁၂၄ (က) အရ ကျောင်းကုန်းမြို့တွင် ဖမ်း၍၊ မအူပင်မြို့ အရေးပိုင်ရုံးတွင် ရုံးတင်စစ်ဆေး၏။ ဦးဥတ္တမ၏ဘက်မှ ဝတ်လုံဦးပု၊ ဝတ်လုံဦးမောင်ကြီး၊ ဝတ်လုံဦးစိန်လှအောင်၊ ဝတ်လုံဦးဘစီ၊ ဝတ်လုံဦးကျော်ဦး တို့က လိုက်ပါဆောင်ရွက်၏။ အမှုစစ်ဆေးရာတွင် ရန်ကုန် စသော မြို့များမှ အသင်းခေါင်းဆောင်များသည် သွားရောက်နားထောင် အားပေးကြ၏။

'ဦးဥတ္တမသည် အစိုးရကို အကြည်ညိုပျက်အောင် ဟောပြောခြင်းမှာ ပြစ်မှုထင်ရှားသည်'ဆို၍ မအူပင် အရေးပိုင်ရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် အပြစ်ပေး၏။ ၂ နှစ် ကြာသောအခါ 'အကျင့်စာရိတ္တ ကောင်းသည်။' ဟု ထောင်မှ လွှတ်လိုက်၏။

ဦးဥတ္တမအမှုတွင် လိုက်ပါဆောင်ရွက်သော ဝတ်လုံ ဦးစိန်လှအောင်မှာ မအူပင်ကပြန်လာပြီးနောက် ၂ ရက် အတွင်းတွင် ရုတ်တရက် ရောဂါရ၍သေဆုံးရှာရ၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဦးဉတ္တမကဲ့သို့ 'မိမိတိုင်းပြည်နိုင်ငံအကျိုးကို ဆောင်ရွက်နေသူတစ်ဦးအား နိုင်ငံရေးဖြင့် ထောင်ဒဏ်အပြစ်ပေးခြင်းမှာ ဤမြန်မာပြည်တွင် ပထမဆုံးဖြစ်သည်။' ဟု ဆိုရပေမည်။ ဦးဉတ္တမအား ထောင်ချလိုက်ခြင်းကြောင့် ရဟန်းတော်သံဃာတော်များသည် မခံမရပ်နိုင်ဖြစ်ကြ၍ သံဃသာမဂ္ဂီအဖွဲ့များကို တိုးတက်ဖွဲ့စည်းကြပြီးလျှင် တရားဟောကြ၏။ တောလက်ကျေးရွာများပါ အသင်း ဖွဲ့စည်းကြ၏။

ဘုန်းတော်ကြီးများသည် အနည်းဆုံး တစ်ရွာ တစ်ကျောင်း ဆိုသကဲ့သို့ မြန်မာပြည်ကျေးလက် တောရွာများတွင် အနှံ့အပြား သီတင်းသုံးလျက်ရှိရာ၊ ကျေးလက်တောရွာများအပေါ်တွင် ဘုန်းတော်ကြီးများသည် ဩဇာအရှိဆုံးဖြစ်လေသည်။ ထို့ကြောင့် တစ်နိုင်ငံလုံးတွင်လည်း ဤ ၁၉၂၀-၂၁ ခုနှစ်တွင် အထူးနိုးကြား၍ အသင်းများ အတိုးပွားဆုံးအချိန် ဖြစ်ပေသည်။

## ကမ္ဘာ့စစ်ကြီးပြီးချိန်

၁၉၁၄ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သော ပထမကမ္ဘာ့စစ်ကြီးသည် ၁၉၁၈ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် ပြီးဆုံးလေပြီ။ ၄ နှစ်ကျော်ကြာသော စစ်ကာလတွင် နိုင်ငံခြားအနုတ်အသိမ်း နည်းပါး၍ မြန်မာတောင်သူလယ်သမားကြီးများ၏ အဓိကအားထားရာဖြစ်သော ဆန်စပါး စသောသီးနှံဈေးများလည်း ဈေးအလွန်နိမ့်ကျ၍ သွားလေသည်။ လယ်သမားတို့မှာ မြေရှင်နှင့် နိုင်ငံခြားသားအရင်းရှင်တို့ထံတွင် ကိုယ်ပိုင်လယ်ယာမြေများကို ပေါင်နှံရောင်းချ၊ အတိုးကြီးစားတို့ထံမှ ငွေချေးရနှင့် 'ကြွေးတင်ကျွန်ဖြစ်' ဆိုသောစကားအရ စီးပွားရေး အခြေလည်း အလွန် နိမ့်ကျနေသောအချိန် ဖြစ်၏။

## ဗိလတ်သွားကိုယ်စားလှယ်များ

၁၉၁၉ ခုနှစ်တွင် အိန္ဒိယပြည်သို့ လာရောက်စစ်ဆေးသွားသော ဗိလတ် အိန္ဒိယအတွင်းဝန် မစ္စတာမွန်တေဂူနှင့် လော့ဒ်ချမ်းစ်ဖို့တို့၏ 'မွန်တေဂူချမ်းစဖို့ အစီရင်ခံစာ' ထွက်လာ၏။

ထိုအစီရင်ခံစာတွင် 'မြန်မာပြည်အတွက် မည်သို့သောအုပ်ချုပ်ရေးကို ပေးမည်။' ဟု အလျင်းဖော်ပြခြင်း၊ အစီရင်ခံခြင်း မပြုပေ။ ထိုနှစ်တွင် အိန္ဒိယပြည်၏ ပြုပြင်ပြောင်းလဲအုပ်ချုပ်ရေးအတွက် ဗိလတ်၌ အိန္ဒိယကိုယ်စားလှယ်များအား ဖိတ်ခေါ်၍ အုပ်ချုပ်ရေးဥပဒေသစ်ကို စီစဉ်၏။ မြန်မာပြည်ကိုမူကား ကိုယ်စားလှယ်စေလွှတ်ရန် ထည့်သွင်းဖိတ်ခေါ်ခြင်း မပြုခဲ့ပေ။

ယခင်က မဖွဲ့စည်းခဲ့ရသော မြို့နယ်ခရိုင်များတွင် ဝိုင်အမ်ဘီအေ အသင်းများလည်း ဖွဲ့စည်းတည်ထောင်လာကြသဖြင့် တိုးတက်လျက် များပြားလာလေသည်။

အမျိုးသမီးများကလည်း 'ဝိုင်ဒဗလျူဘီအေ' ခေါ် ဗုဒ္ဓဘာသာ ကလျာဏယုဝတီအသင်းများကို စတင်ဖွဲ့စည်းကြ၏။

အရှင်ဦးဉတ္တမကိုယ်တော်ကြီး၏ ဟောပြောချက်အရ ဝံသာနုရက္ခိတအသင်းများနှင့် အမျိုးသမီးများ၏ ကုမ္မာရီအသင်းများကိုလည်း စတင်ဖွဲ့စည်းကြသဖြင့် တစ်နိုင်ငံလုံးတွင် ဝံသာနုအသင်းများ တိုးတက်လျက် ရှိပေသည်။

'မြန်မာပြည်သည် အိန္ဒိယပြည်နယ်များနှင့် အလားတူ တန်းတူအုပ်ချုပ်ရေးကိုပင် မရသဖြင့် ဗိလတ်ပါလီမန်အထိပေါက်ရောက်အောင် အရေးဆိုရန် သင့်သည်။' ဟု ဝိုင်အမ်ဘီအေအသင်းချုပ်က ယူဆကြ၏။ ထို့ကြောင့် ဝိုင်အမ်ဘီအေအသင်းချုပ်၏ အမှုဆောင်အစည်းအဝေးကို (မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ် ကဆုန်လပြည့်ကျော် ၅

mgyoe.com SAMPLE BOOK

ရက်) ၁၉၁၉ ခုနှစ် မေလ ၁၈ ရက်နေ့တွင် အမြန်စည်းဝေး၍ ဗိလတ်သို့ သွားရောက်အရေးဆိုရန် ဆုံးဖြတ်၏။ ကိုယ်စားလှယ် အဖြစ်ဖြင့် ဦးဘဘေ၊ ဝတ်လုံဦးပုနှင့် မန္တလေးမြို့မှ ကျောင်းဆရာကြီး ဦးထွန်းရှိန်တို့အား ရွေးချယ်ကြ၏။

ထို့နောက် ဗိလတ်သွားကိုယ်စားလှယ်များအတွက် ဝိုင်အမ်ဘီအေအသင်းများနှင့် တစ်သီးပုဂ္ဂလစေတနာရှင်တို့မှ ရန်ပုံငွေများ ကောက်ခံစုဆောင်းရာ လုံလောက်သည်ထက်ပင် ပို၍ ရရှိ၏။ ကိုယ်စားလှယ်အဖွဲ့သည် (၁၂၈၁ ခုနှစ် ဝါဆိုလဆန်း ၁၁ ရက်) ၁၉၁၉ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့တွင် ပင်လယ်ကူးသင်္ဘောဆိပ်သို့ ဆင်းကြ၏။

ထိုနေ့တွင် ဗိလတ်သွားကိုယ်စားလှယ် ၃ ဦးတို့အား ရန်ကုန်မြို့ ပင်လယ်ကူးသင်္ဘောဆိပ်သို့ ရန်ကုန်ရှိ ဝိုင်အမ်ဘီအေ အသင်းသူ အသင်းသားများနှင့် အလားတူအသင်းများမှ အသင်းသူအသင်းသားတို့သည် စည်ကားစွာ လိုက်ပို့ကြ၏။

ဗိလတ်သွား ကိုယ်စားလှယ်များသည် ၁၂၈၁ ခုနှစ် ဝါခေါင်လဆန်း ၁၃ ရက် (၁၉၁၉ ခုနှစ် ဩဂုတ်လ ၈ ရက်)နေ့တွင် အင်္ဂလန်ပြည် လန်ဒန်မြို့သို့ ရောက်ကြ၏။

ဗိလတ်တွင် ကိုယ်စားလှယ်ကြီးများက 'မြန်မာနိုင်ငံ မြန်မာလူမျိုးများသည် အိန္ဒိယထက် မညံ့ကြောင်း။ စာတတ်သူများလည်း အိန္ဒိယထက် သာလွန်ကြောင်း။ ဓလေ့ထုံးစံ၊ ရေမြေအနေအထားမှာလည်း အိန္ဒိယနှင့် တခြားစီ ဖြစ်ကြောင်း။ အိန္ဒိယနိုင်ငံရှိ ပြည်နယ်များနှင့် အလားတူအုပ်ချုပ်ရေးကို စီမံပေးသင့်ကြောင်း။'နှင့် ပါလီမန် အမတ်ကြီးများ၊ သတင်းစာအယ်ဒီတာများ နားလည်အောင် ရှင်းလင်းတင်ပြကြ၏။

အတွင်းဝန်ကြီး မွန်တေဂူထံ တင်ပြတောင်းဆိုသော အချက်များကိုလည်း ရှင်းလင်းစွာ ဗိလတ်သတင်းစာများတွင် ရေးသားတင်ပြရန် ဆောင်ရွက်၏။

'မြန်မာနိုင်ငံက ပထမကမ္ဘာစစ်ကြီးတွင် အထူးကူညီခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတွင် ဗြိတိသျှအစိုးရ၏ ကိုယ်စားအုပ်ချုပ်စဉ်တွင် မြန်မာလူမျိုးတို့ကိုးကွယ်ရာ ရန်ကုန်မြို့ ရွှေတိဂုံဘုရားကြီးတွင် အင်္ဂလိပ်စစ်တပ်များက ခံတပ်ပြုလုပ်ထားဆဲ ရှိနေသည်ကိုလည်း မသင့်လျော်ကြောင်း။'ဖြင့် ပါလီမန်အမတ်များမှတစ်ဆင့် ဗြိတိသျှအစိုးရထံ အရေးဆို ဆောင်ရွက်ခဲ့ကြ၏။

ကိုယ်စားလှယ်ကြီးများ ဗိလတ်၌ရှိနေကြစဉ် ထိပ်ဆုံးမှ ဝတ်လုံဦးချစ်လှိုင် စသော အသင်းသူအသင်းသား ပေါင်း ၁ သောင်း ၅ ထောင်ကျော်တို့က လက်မှတ်ထိုး၍၊ 'မြန်မာပြည်အား အိန္ဒိယနှင့်အလားတူ အုပ်ချုပ်ရေးကို ပေးသင့်ကြောင်း'နှင့် အရေးဆိုသော ပြည်သူ့သဝဏ်လွှာကို မြန်မာပြည်ရှိ ဝိုင်အမ်ဘီအေအသင်းချုပ်ကြီးမှလည်း ဗိလတ်အစိုးရထံသို့ ပို့၏။

ထိုအချိန်တွင် အိန္ဒိယပြည် ပြုပြင်ပြောင်းလဲအုပ်ချုပ်ရေးအတွက် အိန္ဒိယကိုယ်စားလှယ်များ လန်ဒန်မြို့၌ ရောက်ရှိနေချိန် ဖြစ်သည့်ပြင်၊ ဗိလတ် ပါလီမန်အစည်းအဝေး ကျင်းပကာ အိန္ဒိယကိုယ်စားလှယ်များနှင့် ဆွေးနွေးဆဲအချိန်လည်း ဖြစ်၏။ မြန်မာကိုယ်စားလှယ်များအတွက် မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ အမှုထမ်းသွားဖူးသော ရောဝတီတိုင်း ဝန်ရှင်တော်မင်းကြီးဟောင်း မစ္စတာ ဘားနပ်ဟောက်တန်က အစစကူညီခဲ့၏။

အထက်၊ အောက် လွှတ်တော် ၂ ရပ် ပူးတွဲအစည်းအဝေးတွင် မြန်မာနိုင်ငံအတွက် ပြုပြင်ပြောင်းလဲပေးသင့်သောအချက်များကို တင်ပြခွင့်ပြုရန် အခွင့်တောင်းရာ၊ ခွင့်ပြုချက် ရ၍ ၁၉၁၉ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ ပါလီမန်အစည်းအဝေးတွင် မြန်မာနိုင်ငံ၏ လိုလားချက်အပြည့်အစုံကို တင်ပြခွင့် ရခဲ့ကြ၏။


mgyoe.com

m.g y o e . c o m SAMPLE BOOK

၁၉၁၉ ခုနှစ် အိန္ဒိယအုပ်ချုပ်ရေး အက်ဥပဒေ (India Act) ထွက်လာသောအခါ ဗြိတိသျှတို့က 'မြန်မာပြည်အား သီးခြားချုပ်ရေးကို ပြုပြင်ပေးရန် ကြံရွယ်သည်။' ဆို၍ အဆိုပါအက်ဥပဒေတွင် မြန်မာပြည်အတွက် တစ်စုံတစ်ရာထည့်သွင်းခြင်း မပြုကြပေ။

အိန္ဒိယပြည်နယ်များအတွက် 'ဒိုင်အာခီ'ခေါ် အုပ်ချုပ်ရေးကို အဆိုပါအက်ဥပဒေတွင် အောက်ပါအတိုင်း ပြည်သူ့မဲဆန္ဒဖြင့် အမတ်များ တင်မြှောက်ရွေးချယ်ခွင့် ပေးထားလေသည်။

| ပြည်နယ် | ပြည်သူ့အမတ် | အစိုးရခန့် |
|---|---|---|
| မဒရပ်ပြည်နယ် | ၉၈ | ၂၉ |
| ဘင်္ဂလားပြည်နယ် | ၁၁၄ | ၂၆ |
| ယူနိုက်တက် ပရောဗင့်ပြည်နယ် | ၁၀၀ | ၂၃ |
| ဘုံဘေပြည်နယ် | ၈၆ | ၂၅ |
| ဘီဟာနှင့် သြရိဿပြည်နယ် | ၇၆ | ၂၇ |
| ပန်ဂျပ်ပြည်နယ် | ၇၁ | ၂၂ |
| ဆင်ထရယ်ပရော်ဗင့်ပြည်နယ် | ၅၄ | ၁၆ |
| အာသံပြည်နယ် | ၃၉ | ၁၄ |
| မြန်မာပြည်နယ် | မပါ | မပါ |

ဤအတိုင်းဆိုလျှင် အိန္ဒိယပြည်နယ်များသို့ ပြုပြင်ပြောင်းလဲပေးသော ဒိုင်အာခီအုပ်ချုပ်ရေးကိုပင် မြန်မာနိုင်ငံက မရသကဲ့သို့ ရှိနေသည်ကို သတိပြုသင့်ပေသည်။

၁၉၁၉ ခုနှစ် အောက်တိုဘာလ ၁၁ ရက် (မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၃ ရက်) နေ့တွင် ဝိုင်အမ်ဘီအေ အသင်းချုပ်၏ သတ္တမအကြိမ်မြောက် ညီလာခံကို ပုသိမ်မြို့တွင် စည်းဝေး၏။ ညီလာခံသဘာပတိ အဖြစ်ဖြင့် ဥက္ကဋ္ဌ ဝတ်လုံဦးချစ်လှိုင်အား တင်မြှောက်၏။

ထို ပုသိမ်ညီလာခံ ဆုံးဖြတ်ချက် အကျဉ်းချုပ်တို့မှာ အောက်ပါအတိုင်း ဖြစ်၏။

၁- လွန်ခဲ့သော ဆဋ္ဌမညီလာခံ ဆုံးဖြတ်ချက်မှတ်တမ်းများကို ဖတ်ကြား အတည်ပြုကြ၏။

၂- ဌာနချုပ်ဆောင်ရွက်ခဲ့သော လုပ်ငန်းရပ်များနှင့် ပတ်သက်သော အတွင်းရေးမှူး၏အစီရင်ခံစာကို ဖတ်ကြား အတည်ပြုကြသည်။

၃- ဗိလတ်သွား မြန်မာကိုယ်စားလှယ်ကြီးများအား အင်္ဂလန်နိုင်ငံ၌ ပင်စင်အငြိမ်းစားခွင့်ယူနေသော မြန်မာပြည် ရောဝတီခရိုင် ဝန်ရှင်တော်မင်းကြီးဟောင်း မစ္စတာ ဘားနပ်ဟောက်တန်သည် အစစ ကူညီဆောင်ရွက်ပေးသည့်အတွက် အထူး ကျေးဇူးဥပကာရ တင်ရှိကြောင်း အဆိုကို ဌာနချုပ်အတွင်းရေးမှူး ဦးသင်းမောင်က တင်သွင်း၍ မန္တလေးမြို့ ဝတ်လုံတော်ရ ဦးမြဦးက ထောက်ခံပြီး အများသဘောတူ အတည်ပြု ဆုံးဖြတ်ကြသည်။

၄- အစိုးရခန့် မင်းတိုင်ပင်အမတ် ဦးဘတူ၊ ဦးဘိုးသာ၊ ဦးညွန့်တို့သည် ယုံကြည်အားထားထိုက်သူများမဟုတ်၍ ၎င်းတို့အား အမတ်အဖြစ်မှ ထုတ်ပယ်ရန် အစိုးရထံ မေတ္တာရပ်ခံရန်။ ရန်ကုန်မြို့ ဘားမားရီဖောင်းလိဂ် ကိုယ်စားလှယ် ဦးမောင်မောင်က အဆိုသွင်း၍ မန္တလေး မြန်မာ့ယုဝသဟာယအသင်း ကိုယ်စားလှယ် ဦးဘိုးလှက ထောက်ခံသည်။


m g y o e . c o m

mgyoe.com SAMPLE BOOK

'ဤအဆိုသည် တိုင်းရေးပြည်မှုနှင့်ပတ်သက်ကြောင်း၊ ဝိုင်အမ်ဘီအေ အသင်းစည်းကမ်း ဥပဒေတွင် အမျိုးသားကြီးပွားရေး, ဘာသာရေး, ပညာရေးများကိုသာ စီမံဆောင်ရွက်ရမည်ဟု ပါရှိသောကြောင့် ဤအဆိုကို လက် မခံသင့်ကြောင်း။' နှင့် မြောင်းမြခရိုင် တရားမတရားသူကြီး ဦးဘိုးဖြေက ကန့်ကွက်၏။ ကန့်ကွက်ချက်ကို ဦးဘိုးလှက ထောက်ခံ၏။ ကိုယ်စားလှယ်များအားလုံး၏ မဲဆန္ဒယူသောအခါ မူလအဆိုဘက်မှ မဲဆန္ဒများသောကြောင့် မူလအဆိုအတိုင်း ဆုံးဖြတ် အတည်ပြုကြသည်။

၅- ဗြိတိသျှ အင်ပိုင်ယာကြီး၏ ဧကရာဇ်ဂျော့ဘုရင်၏သစ္စာကို စောင့်သိရိုသေကြပါကြောင်း အဆိုကို ရန်ကုန် ကိုယ်စားလှယ် ဝတ်လုံဦးသိန်းမောင်က အဆိုသွင်း၍ ငါးသိုင်းချောင်းဦးစိန်မှုင်က ထောက်ခံသဖြင့် ဆုံးဖြတ် အတည်ပြုကြပါသည်။

၆-မေးခွန်းများ

| | |
|---|---|
| * မြောင်းမြ ဦးဘိုးဖြေ - မေး ။ | ။ မော်လမြိုင်ညီလာခံ ဆုံးဖြတ်ချက်ဖြစ်သော ဘုရားပုထိုးစေတီ ဂူကျောင်း စသည့် ဗုဒ္ဓဘာသာအဆောက်အဦများကို အုပ်ချုပ်ရေး ဘိုင်လောဥပဒေများ တင်သွင်းရေးကိစ္စ မည်သည့် အခြေ ရောက်နေကြောင်း။ |
| ရန်ကုန် ဦးသိန်းမောင်-ဖြေ ။ | ။ အိန္ဒိယအစိုးရက ထိုကိစ္စနှင့်အလားတူ ဥပဒေကြမ်းတစ်ခုကို အများပြုပြင်ရန် ကြေညာထားကြောင်း။ အသင်းချုပ်ကလည်း ဥပဒေကြမ်းတစ်ခု စီစဉ်ထားပြီး အသင့်ရှိနေပါကြောင်း။ အစိုးရ၏ ကြေညာချက်ရှိနေသဖြင့် စောင့်ဆိုင်းနေရပါကြောင်း။ |
| * မြောင်းမြဦးဘိုဖြေ-မေး ။ | ။ သာသနာပိုင်ဆရာတော်ဘုရား၏ အာဏာ အောက်မြန်မာနိုင်ငံသို့ ပျံ့နှံ့ရေးကိစ္စ မည်ကဲ့သို့ဆောင်ရွက်ပြီးသည်ကို သိလိုကြောင်း။ |
| ရန်ကုန် ဦးသိန်းမောင်-ဖြေ ။ | ။ ဝတ်လုံဦးပု ဤကိစ္စကို စုံစမ်းနေစဉ် ဗိလတ် သွားရပါကြောင်း။ ဒွါရဝါဒီ သံဃာ့ဂိုဏ်းကလည်း ကန့်ကွက်နေကြောင်း။ ဤကိစ္စသည် သံဃာ့ကိစ္စ ဖြစ်သဖြင့် ဆောင်ရွက်ရန် မလွယ်လှပါကြောင်း။ |
| * မြန်မာ့ဟိတ ဦးလှဦး-မေး ။ | ။ မြန်မာအမျိုးသမီးများ လူမျိုးခြားများနှင့် လက်ထပ်သဖြင့် မည်မျှ နစ်နာရသည်ဆိုသောစာတမ်း ပြီး, မပြီးသိလိုပါကြောင်း။ |
| သာယာဝတီ ဦးပု-ဖြေ ။ | ။ တရားလွှတ်တော် စီရင်ထုံးများကို စောင့်ဆိုင်းနေဆဲဖြစ်ပါကြောင်း။ အခြားအချက်များ အသင့်ရှိ၍ မကြာခင် အသင်းချုပ်ကို တင်ပြမည်ဖြစ်ကြောင်း။ |
| * ညောင်လေးပင် ဦးဘိုးတေ-မေး ။ | ။ 'အသက် ၆ နှစ်မှ ၁၂ နှစ် ကလေးများ မူလတန်းပညာ မသင် မနေရ။' ပညာသင်ကြားရေးစာတမ်း တင်သွင်းရေးကိစ္စကို သိလိုပါကြောင်း။ |
| မန္တလေး ဦးစု-ဖြေ ။ | ။ အသင့် စီစဉ်ပြီးပါပြီ။ အသင်းချုပ်ကို တင်သွင်းပါမည်။ |
| * ပေါင်းတည် ဦးဘရှင်-မေး ။ | ။ ဗုဒ္ဓဘာသာ ကောလိပ်သိပ္ပံကျောင်းဖွင့်ရေးကိစ္စ မည်မျှဆောင်ရွက်ပြီးစီးသည်ကို သိလိုပါကြောင်း။ |
| အတွင်းရေးမှူးဦးသင်းမောင်-ဖြေ ။ | ။ ဤကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန် ဝိုင်အမ်ဘီအေ အသင်းအား အကြံပေးရန် လွှဲထားပါကြောင်း။ |


mgyoe.com

mgyoe.com SAMPLE BOOK

| | | |
|---|---|---|
| * မြောင်းမြ ဦးဘိုးဖြေ-မေး | ။ | ။ ဝိုင်အမ်ဘီအေအသင်း ဖရပ်ဆောက်လုပ်ရန် ငွေမည်မျှရရှိသည်ကို သိလိုကြောင်း။ |
| ရန်ကုန် ဦးသိန်းမောင်-ဖြေ | ။ | ။ ဤကိစ္စသည် ရန်ကုန် ဝိုင်အမ်ဘီအေအသင်းနှင့်သာ သက်ဆိုင်ပါကြောင်း။ ဂျင်နရယ်ကောင်စီနှင့် မဆိုင်ပါကြောင်း။ |
| * ညောင်လေးပင် ဦးဘိုးတေ-မေး | ။ | ။ အစိုးရက ကာလကတ္တား မက်ထရစ်ကူရစ်တလေးရှင်းစာမေးပွဲ ပယ်ဖျက်ခြင်းနှင့်စပ်လျဉ်း၍ ဂျင်နရယ်ကောင်စီ၏ လျှောက်ထားချက်ကို သိလိုပါကြောင်း။ |
| ရန်ကုန်ဦးသိန်းမောင်-ဖြေ | ။ | ။ ဤကိစ္စနှင့်ပတ်သက်သော မေတ္တာရပ်ခံလွှာကို ပယ်ချသဖြင့် အိန္ဒိယအစိုးရထံ ဆက်လက်ပြီး မေတ္တာရပ်ခံမည်ဖြစ်ကြောင်း။ |
| * သာယာဝတီ ဦးပု-မေး | ။ | ။ စစ်သားစုဆောင်းရေးကိစ္စတွင် ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများ မည်သို့ ကူညီခဲ့ကြောင်း။ |
| အတွင်းရေးမှူးဦးသင်းမောင်-ဖြေ | ။ | ။ ဝိုင်အမ်ဘီအေ အသင်းဥက္ကဋ္ဌဟောင်း ဦးဘေသည် အစိုးရ စစ်သားစုဆောင်းရေးအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ်နှင့် ဆောင်ရွက်ကူညီခဲ့ပါကြောင်း။ ဝတ်လုံဦးပုသည် စစ်သားစုဆောင်းရေးအလုပ်ကို ဗိလတ်မသွားခင် ဆောင်ရွက်ခဲ့ပါကြောင်း။ အသင်းချုပ်ကလည်း ဤကိစ္စကို ကူညီကြဖို့ နှိုးဆော်ခဲ့ပါကြောင်း။ |
| * ပဲခူး ဦးမောင်ကြီး-မေး | ။ | ။ ကျောင်းသားများ စာသင်ခန်းထဲတွင် မြန်မာဖိနပ်စီး၍ စာသင်ခွင့်ရရန်ကိစ္စ မည်သို့ဆောင်ရွက်ကြောင်း။ |
| မန္တလေး ဦးမြဦး-ဖြေ | ။ | ။ ဤကိစ္စကို မေတ္တာရပ်ခံစာရေးပြီး အသင်းချုပ်ကို ပို့ပေးမည်ဖြစ်ကြောင်း။ |

၇- 'မြန်မာနိုင်ငံတွင် နေထိုင်သော ဗုဒ္ဓဘာသာများထံမှ မြန်မာတိုင်းရင်းသားများ ပညာသင်ကြားရေးအတွက် အသုံးပြုရန် ရန်ပုံငွေကောက်ခံရန်'အဆိုကို စစ်တွေ ဦးကျော်ခိုင်က အဆိုသွင်း၍ ကန်ကြီးဒေါင့် ဦးရွှေဖဲက ထောက်ခံ၏။ သဘာပတိက 'ဤအဆိုကို ရွေးချယ်ရာတွင် မပါ၍ ဆုံးဖြတ်ချက်မချဘဲ အသင်းချုပ်သို့ လွှဲအပ်သင့်ကြောင်း' ညွှန်ကြား၏။

၈- 'မြန်မာပြည် အစိုးရပညာသင်ကြားရေးဆင်ဒီကိတ်အဖွဲ့တွင် ဝိုင်အမ်ဘီအေနှင့် အလားတူအဖွဲ့များမှ ကိုယ်စားလှယ်များကို ထည့်သွင်းထိုက်ကြောင်း မေတ္တာရပ်ခံရန်' အဆိုကို ရန်ကုန်မြို့ မြန်မာပြည်ပညာသင်ကြားရေးအသင်းကိုယ်စားလှယ် ဦးကျုံးက အဆိုသွင်း၍ ဦးသင်းမောင်က ထောက်ခံကာ 'ကိုယ်စားလှယ်ဦးရေ မည်မျှထည့်သင့်သည်။'ကို အသင်းချုပ်က စဉ်းစားပြီး မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၉- 'ကူးသန်းရောင်းဝယ်ရေးကောလိပ် ဖွင့်ရန်အတွက် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပညာနှင့်ပတ်သက်သော စာအုပ်စာတမ်းများကို အသင်းတိုက်များနှင့် စာသင်ကျောင်းများတွင် စုဆောင်းထားသင့်ကြောင်း။ ၄င်းပြင် အစိုးရအထက်တန်းကျောင်းများတွင် ဤဘာသာရပ်ကို တွဲဖက်သင်ကြားပေးရန် ဆရာတစ်ယောက်ကျ ခန့်ထားပေးရန်အတွက် မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၁၀- 'ကျောင်းသုံးစာအုပ် ပြုပြင်ပြဋ္ဌာန်းရေးကော်မတီတွင် မြန်မာလူမျိုးတစ်ဝက်ခန့် ပါရှိသင့်ကြောင်း။ ယင်း မြန်မာများကို အသင်းချုပ်က ရွေးချယ်ပေးမည်ဖြစ်ကြောင်းနှင့် အစိုးရထံ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

၁၁- 'နိုင်ငံခြားပညာသင်များ၏ ထောက်ပံ့ကြေးကို ယခုပေးထားသည်ထက် ပိုမိုပေးသင့်ကြောင်း။ မြန်မာလူမျိုးများကိုလည်း ယခုထက်ပို၍ ရွေးချယ်သင့်ကြောင်း။ အစိုးရထံ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၁၂- 'မြန်မာဗျည်းအက္ခရာတို့ကို ပညာပိုင်းဆိုင်ရာ နုတ်ပယ်ထားခြင်းကို ကန့်ကွက်ကြောင်း။' ဆုံးဖြတ်ကြသည်။

၁၃- 'မူလတန်း ဘုန်းကြီးကျောင်းများတွင် ရဟန်းတော်များက ဂဏန်းသင်္ချာ သင်ကြားပေးရသဖြင့် ရဟန်းတော်များအတွက် သတ္တမတန်း ဂဏန်းသင်္ချာစာမေးပွဲ ပြုလုပ်ပေးပြီး၊ အောင်မြင်တော်မူသော ရဟန်းတော်များအား ဆုများ လှူဒါန်းစေလိုကြောင်း။ အစိုးရထံ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၁၄- 'အင်္ဂလိပ် မြန်မာ ၂ ဘာသာသင်ကျောင်းများတွင် ဗုဒ္ဓဘာသာကျောင်းသားများအား မင်္ဂလသုတ်ကို သင်ကြားစေသင့်ကြောင်း။' အများသဘောတူ ဆုံးဖြတ်ကြသည်။

၁၅- 'မြန်မာ ဇာတ်ပွဲသဘင်များကို ည ၈ နာရီတွင်စ၍ ၁၂ နာရီတွင်ပြီးစေရန် တိုက်တွန်းနှိုးဆော်သင့်ကြောင်း' အချိန်ယူ၍ အကြောင်းအကျိုးတို့ကို ဆွေးနွေးကြပြီး အများသဘောတူ ပြဋ္ဌာန်းဆုံးဖြတ်ကြသည်။

၁၆- 'မြန်မာတစ်ပြည်လုံးတွင် အမျိုးသမီးအသင်းများ အနှံ့အပြားတည်ထောင်ဖြစ်စေခြင်းငှာ၊ ဝိုင်အမ်ဘီအေ အသင်းနှင့် အလားတူအသင်းများက အားပေးသင့်ကြောင်း။'ကို ရန်ကုန်မြို့ မြန်မာအမျိုးသမီး သမဂ္ဂအသင်းကိုယ်စားလှယ် မလှမေက အဆိုသွင်း၍ ပုသိမ်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝတီ ကုမ္မာရီအသင်း ကိုယ်စားလှယ် မငွေရင် က ထောက်ခံပြီး အများသဘောတူ ဆုံးဖြတ် အတည်ပြုကြသည်။

၁၇- 'ရန်ကုန်မြို့တွင် ဝိုင်အမ်ဘီအေအသင်းချုပ်တိုက် တည်ဆောက်နိုင်ရန် ဝိုင်အမ်ဘီအေ အသင်းများနှင့် အလားတူအသင်းများက ၁၉၂၀ ခုနှစ် မတ်လ ၃၁ ရက်မတိုင်မီ အနည်းဆုံး အလှူငွေ ၃၀ ကျပ်ကျစီ ထည့်ဝင် လှူဒါန်းကြရန်' ဆုံးဖြတ်ကြသည်။

၁၈- 'ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ရက်ထူးရက်မြတ်ဖြစ်သော ကဆုန်လပြည့်နေ့နှင့် သင်္ကြန်ရက်များကို အစိုးရရုံးပိတ်ရက်သာမက အလုပ်တိုက်ကြီးငယ်တို့ကလည်း ရက်ထူးရက်မြတ်အဖြစ်ဖြင့် ပိတ်ရမည်ဟု အတိအလင်း သတ်မှတ်သင့်ကြောင်း။' အများသဘောတူ ပြဋ္ဌာန်းဆုံးဖြတ်ကြသည်။

၁၉- 'အစိုးရရုံးများက ထုတ်ဆင့်သော သမ္မန်စာ, အစိုးရအခွန်ပြေစာတို့တွင် အသရေယုတ်လှသော 'မောင်မင်းနာခံရမည်။' ဆိုသော စကားအသုံးအနှုန်းနှင့် ယောက်ျား, မိန်းမများ၏ နာမည်ရှေ့တွင် င နှင့် မိ ဆိုသည့် အသုံးအနှုန်းများကို မပြုသင့်ကြောင်း အစိုးရထံ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၂၀- 'မီးရထား တတိယတန်းတွဲများတွင် 'ဥရောပတိုက်သားများအဖို့' ဟူ၍ သီးခြားစီမံထားခြင်းသည် လူမျိုးသီးသန့်ခွဲခြားရာရောက်၍ ကန့်ကွက်ကြောင်း။ မီးရထားကုမ္ပဏီသို့ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၂၁- 'မီးရထားကို အစိုးရတို့ ကြီးကြပ်အုပ်ချုပ်စဉ်အခါကကဲ့သို့ ဗုဒ္ဓဘာသာရဟန်းတော်များ စီးနင်းရန် 'ဘုန်းတော်ကြီးများတွဲ' ဟူ၍ သီးခြားစီမံထားစေလိုကြောင်း။ မီးရထားကုမ္ပဏီသို့ အကြောင်းကြားမေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၂၂- 'မြန်မာပြည် မီးရထားကုမ္ပဏီအား လွှဲပေးထားသော အငှားစာချုပ်နေ့ရက်စေ့ကုန်လျှင်ကုန်ချင်း အစိုးရက ပြန်လည်၍ ကြီးကြပ်အုပ်ချုပ်သင့်ကြောင်း။' ဆုံးဖြတ်ကြသည်။

၂၃- 'မြန်မာပြည်တွင် ၁ နှစ်လျှင် မြေခွန် ၅၀၀ ကျပ်ထိ ပေးဆောင်သူများ, ၁ နှစ်ဝင်ငွေ ၃၀၀၀ ကျပ်အတွက် အမြတ်တော်ကြေးဆောင်သူများ, တစ်လလျှင် လစာငွေ ၁၅၀ ရသော အစိုးရ အရာရှိအရာထမ်းများအား အိန္ဒိယနိုင်ငံမှာကဲ့သို့ သေနတ်လက်နက် စွဲကိုင်ခွင့်ရရှိရန် လိုင်စင် ပေးသင့်ကြောင်း။ 'အစိုးရထံ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

၂၄- 'အမြတ် ရသည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ မြန်မာပြည်ရှိ အဝေးရပ် နယ်စွန်နယ်ဖျားများတွင် စာပို့တိုက် ဖွင့်ပေးသင့်ကြောင်း။' အစိုးရထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၂၅- 'မြန်မာလူမျိုးများအား သေရည်သေရက်နှင့် ဘိန်းများရောင်းချခြင်း လျှော့လာအောင် အထက်မြန်မာပြည် ယစ်မျိုးဥပဒေကို အောက်မြန်မာပြည်တွင် အတည်ပြုရန် အစိုးရထံ မေတ္တာရပ်ခံရန်။'

- 'ဘိန်းလိုင်စင်သစ်များကို ထပ်မံမပေးဘဲ၊ ပေးပြီးလိုင်စင်များကိုလည်း တဖြည်းဖြည်း လျှော့ရန်။
- 'အစိုးရတို့က အရက်ရောင်းခြင်းကို လုံးလုံး မတားမြစ်မီ၊ မြန်မာပြည် သုစရိတအသင်းနှင့် တိုင်ပင်၍ အမရပူရနယ်တွင် လုပ်သကဲ့သို့ ပြုလုပ်ရန်။'
- 'ဥပဒေအရ ခွင့်ပြုသော အရက် ၄ ပုလင်းကို ဆိုင်ပြင်သို့ ထုတ်ယူသွားခွင့် မပေးသင့်။'ဟု အကြံပေး သည်။
- အထက်မြန်မာပြည်တွင် အရက်ဝယ်ခွင့် မပြုသော်လည်း အစေခံယောင်, နိုင်ငံခြားသားယောင်ဆောင်၍ အရက်ဝယ်နိုင်သောကြောင့် ဆိုင်ရာအရာရှိတို့က ၄င်းတို့ကို ပိတ်ပင်သင့်သည်။
- 'မြန်မာလူမျိုး မည်သူမဆို မိမိတို့အိမ်တွင် အရက်သေစာ မထားသင့်။' ဟူ၍ ဆုံးဖြတ်ကြသည်။

၂၆- 'မြန်မာနိုင်ငံတွင် ၁၉၁၉ ခုနှစ်, ၁၉၂၀ ခုနှစ်တွင် အစိုးရတို့က ဆန်စပါးကို ဈေးနှုန်းကန့်သတ်အုပ်ချုပ် ခြင်း မပြုသင့်ကြောင်း။ အစိုးရထံ မေတ္တာရပ်ခံရန်' ဆုံးဖြတ်ကြသည်။

၂၇- 'ဗုဒ္ဓဘာသာ မြန်မာအမျိုးသမီးများသည် ဘာသာတစ်ပါး လူမျိုးခြားနှင့် လက်ထပ်ထိမ်းမြားခဲ့သော် ဗုဒ္ဓဘာသာ ဓမ္မသတ်ဥပဒေအရ အကျိုးခံစားခွင့် ရှိစေရန် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသင့်ကြောင်း။' အစိုးရထံ မေတ္တာ ရပ်ခံရန် အသင်းချုပ်ကြီးက ဆက်လက်ဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ကြပါသည်။

၂၈- 'သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ရောက်လျှင် ဥပဇ္ဈာယ်ဆရာ, ကမ္မဝါစာဆရာများက သက်သေခံ လက်မှတ် ထုတ်ပေးရန်'နှင့် 'ကျောင်းတိုက်တစ်တိုက်တွင် ရဟန်းအရေအတွက် မည်မျှရှိသည်ကို ကျောင်း တိုက် နာယက ဆရာတော်က ဝါဆိုသံဃာစာရင်းများ နှစ်စဉ် ထားသင့်ကြောင်း လျှောက်ထားဆောင် ရွက်ရန်' ဆုံးဖြတ်ကြပါသည်။

၂၉- 'လာမည့်နှစ်အတွက် အသင်းချုပ် အလုပ်အမှုဆောင်များအဖြစ်ဖြင့် ဝတ်လုံဦးချစ်လှိုင် ဥက္ကဋ္ဌ၊ ရန်ကုန်မြို့ ရှေ့နေဦးဘမောင်-အတွင်းရေးမှူး၊ ရန်ကုန်မြို့စပါးပွဲစားကြီး ဦးဘကလေးတို့အား- ငွေထိန်းလူကြီးများအဖြစ် ရွေးချယ်၍၊ တွဲဖက်အတွင်းရေးမှူးတစ်ယောက်ကို ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ သဘောကျသူကို ရွေးချယ် ရန်' နှင့် 'အသင်းချုပ်တွင် ဆောင်ရွက်ရန်။ တစ်လ ၁၀၀ ကျပ် ဖြင့် စာရေးတစ်ယောက် ခန့်ထားရန် ခွင့်ပြုကြောင်း။' ဆုံးဖြတ်ကြသည်။

၃၀- 'ဝိုင်အမ်ဘီအေ စည်းကမ်းဥပဒေတွင် ပညာရေး, အမျိုးသားကြီးပွားရေး, ဘာသာရေးများအပြင်၊ ပေါ် ပေါက်လာသော အခြားအရေးကိစ္စများအတွက် ဆောင်ရွက်ရန်'ဟူ၍ ရေးသားပါရှိစေသင့်ကြောင်း။' နိုင်ငံရေး လုပ် သင့် မလုပ်သင့်ဟူသော အချက်နှင့်ပတ်သက်၍ အချိန်ယူဆွေးနွေးပြီးမှ ဆုံးဖြတ်ကြသည်။

၃၁- ဝိုင်အမ်ဘီအေ စည်းမျဉ်းဥပဒေကို ထပ်မံဖြည့်စွက်ရန် သာယာဝတီ ဦးပု, ရန်ကုန် ဦးဘကလေး, ရန်ကုန် ဦးအုန်းခိုင်, မန္တလေး ဦးမြဦး, အင်းစိန် ဦးဘလှိုင်, ရန်ကုန် ဦးသိန်းမောင်, မော်လမြိုင် ဦးချစ်လှ, မန္တလေး ဦးစု, မြောင်းမြ ဦးဘိုဖြေ, မော်လမြိုင် ဦးချစ်ဆွေ, ဖီးကုန်း ဦးဘစီ, ရန်ကုန် ဦးလှဖေ, ညောင်လေးပင် ဦးဘိုးတေ, မော်လမြိုင် ဦးဘိုးရင်စီတို့ ပါဝင်သော ၁၄ ဦး ဆပ်ကော်မတီအဖွဲ့အား လွှဲအပ်ကြောင်း ဆုံးဖြတ်ကြသည်။



mgyoe.com

mgyoe.com SAMPLE BOOK

၃၂- 'မြန်မာပြည် ဝိုင်အမ်ဘီအေ အသင်းများရှိသော ခရိုင်များတွင် 'ဒီစတြိတ်ကောင်စီ'ခေါ် ခရိုင်အသင်းချုပ်များ ဖွဲ့စည်းရန်' ပြဋ္ဌာန်းဆုံးဖြတ်ကြသည်။

၃၃- 'နောင်နှစ် ၁၉၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ပြည်လုံးကျွတ်အစည်းအဝေးကြီးကို ပြည်မြို့တွင် ကျင်းပရန်' ရွေးချယ်သတ်မှတ် ဆုံးဖြတ်ကြသည်။

၃၄- 'ဘုရားကျောင်းကန်အတွင်းတွင် ဖိနပ် စီးနင်းဝင်ရောက်ခြင်းကို စည်းကမ်းနည်းလမ်းအတိုင်း မဟုတ်ဘဲ ခုခံပြောဆို ပြုလုပ်ခြင်းကို လည်းကောင်း၊ မန္တလေး အိမ်တော်ရာဘုရားပွဲတွင် အင်္ဂလိပ်လူမျိုး မစ္စတာဂရီဆင်အား ဘုန်းကြီးဦးစန္ဒိမာက နှာခေါင်းပြတ်အောင် ဓားနှင့် ကပ္ပိလိုက်ခြင်း ရာဇဝတ်ပြစ်မှုကျူးလွန်ခြင်းကို လည်းကောင်း၊ ဤအစည်းအဝေးကြီးက သဘောမကျကြောင်း မှတ်တမ်းတင်ရန်' ဆုံးဖြတ်ကြပါသည်။

၃၅- အင်္ဂလန်နိုင်ငံ ဂျော့ဘုရင်အတွက် လည်းကောင်း၊ ဥက္ကဋ္ဌကြီးအတွက် လည်းကောင်း၊ ဗိလတ်သွား ကိုယ်စားလှယ်ကြီးများအတွက် လည်းကောင်း၊ အင်္ဂလန်နိုင်ငံ မစ္စတာဘီဟောက်တန်အတွက် လည်းကောင်း ကောင်းချီးသြဘာများပေးပြီး အစည်းအဝေးကို ရုပ်သိမ်းကြ၏။

မြန်မာပြည်အရပ်ရပ်မှ မြန်မာ့လက်မှုပညာပြပွဲကို ပုသိမ်ညီလာခံတွင် ပထမဆုံးအကြိမ် စတင်ပြသ၍ ပြိုင်ပွဲဝင်လက်မှုပညာသည်တို့၏ လက်ရာမွန်များကို ပြပွဲကော်မတီက စိစစ်ရွေးချယ်ပြီး ရွှေတံဆိပ်၊ ဆုငွေ၊ နာမည်ကောင်း လက်မှတ်များကို ပေးခဲ့၏။

တိုင်းရင်းဖြစ် အထည်အလိပ်များကို အားပေးဝယ်ယူသုံးစွဲရန် လှုံ့ဆော်ကြသည့်အတိုင်း၊ ပုသိမ်ညီလာခံတွင် မြန်မာပြည်အရပ်ရပ်မှ လာရောက်ကြသော ကိုယ်စားလှယ်များသည် တိုင်းရင်းဖြစ်အထည်အလိပ်များကို တညီတည်း ဝတ်ဆင်ကြ၏။ ဤပုသိမ်ညီလာခံသည် ဝိုင်အမ်ဘီအေအသင်းများ နိုင်ငံရေးနယ်ထဲသို့ စတင်ချဉ်းနင်း ဝင်ရောက်စပြုသော ဆုံးဖြတ်ချက်များ ပါရှိကြောင်း တွေ့ကြရပေမည်။ 'အဆိုအမှတ် ၄' ၌ နိုင်ငံရေးမဆောင်ရွက်ရန် တားဆီးစေကာမူ 'အဆိုအမှတ် ၃၅' ၌ 'နိုင်ငံရေးဆောင်ရွက်ရန် ဗိလတ်သို့ ရောက်ရှိနေသည့် ကိုယ်စားလှယ်လူကြီးများကို ကောင်းချီးပေးကြောင်း' ဆုံးဖြတ်ခြင်းကို တွေ့ရပေသည်။ ဤအတွင်း ဗိလတ်သို့ အရေးဆိုရန် သွားရောက်လျက်ရှိကြသော ကိုယ်စားလှယ်များသည် ဗိလတ်တွင် ရှိနေကြသေး၍ ၎င်း တို့ထံသို့လည်း ပုသိမ်ညီလာခံ ဆုံးဖြတ်ချက်များကို ပေးပို့ကြ၏။

ရွှေတိဂုံဘုရားပစ္စယံတွင် အင်္ဂလိပ်စစ်တပ်က ခံတပ်ပြုလုပ်ထားသည့် ကိစ္စအတွက် ဗိလတ်ပါလီမန် အစည်းအဝေးကျင်းပစဉ် မေးခွန်းပြုလုပ် မေးစေရာ၊ ပါလီမန်အစိုးရက 'ဤကိစ္စကို အရေးယူပါမည်'ဟု အဖြေရခဲ့၏။

တိုင်းပြည်ပြုပြင်အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ဒိုင်အာခီအုပ်ချုပ်ရေးကိုပင် အိန္ဒိယနှင့်အလားတူ စီမံ၍ မပေးလိုဘဲ အိန္ဒိယအတွင်းဝန်က 'စဉ်းစားပါမည်။'ဟူ၍သာ ပြန်ကြား၏။ မြန်မာနိုင်ငံ လက်ထောက်ဘုရင်ခံ ဆာကရက်ဒေါက်၏ အုပ်ချုပ်ရေးစကင်းကိုလည်း ဗိလတ်ပါလီမန် တွဲဖက်အစည်းအဝေးတွင် တင်ပြ၍၊ 'မြန်မာနိုင်ငံ မြန်မာလူမျိုးများက သဘောမတူကြကြောင်း။' တင်ပြခဲ့၏။

ဗိလတ်သွား ကိုယ်စားလှယ်များလည်း ၁၉၁၉ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြ၏။ ဗိလတ်တွင် ၅ လမျှ ကြာခဲ့သော်လည်း မည်မည်ရရ နိုင်ငံပြုပြင်အုပ်ချုပ်ရေးအတွက် တစ်စုံတစ်ရာ ဘာမျှကိစ္စမပြီးခဲ့ပေ။

မြန်မာနိုင်ငံ လက်ထောက်ဘုရင်ခံ ဆာကရက်ဒေါက်ကလည်း မြန်မာနိုင်ငံအတွက် ပြုပြင်ပေးမည့် အုပ်ချုပ်ရေးအတွက် သူနှင့် သူ့သြဇာအာဏာကို လိုက်နာမည့် အလိုတော်ရိများအား စည်းရုံး စည်းဝေးစေပြီးလျှင်၊ အိန္ဒိယနိုင်ငံ ပြည်နယ်များသို့ပေးမည့် အုပ်ချုပ်ရေးထက် ညံ့ဖျင်းသော အုပ်ချုပ်ရေးမျိုးကိုသာ ပေးရန်တစ်ဘက်က စီစဉ်


mgyoe.com

mgyoe.com SAMPLE BOOK
နေသည်ကို ၁၉၁၈ ခုနှစ်ကပင် သိရှိကြ၏။ ထို့ကြောင့်ပင် 'ကရက်ဒေါက်စကင်း' အုပ်ချုပ်ရေးကို ဝိုင်အမ်ဘီအေ အသင်းချုပ်နှင့်တကွ တစ်ပြည်လုံးရှိအသင်းများက တစ်ခဲနက် ကန့်ကွက်ကြသော အစည်းအဝေးများမှာ မြန်မာပြည် တစ်ပြည်လုံးတွင် အုံးအုံးကျွက်ကျွက်ဆူ၍ နေလေ၏။

ထို ကရက်ဒေါက်စကင်းအကြောင်းကို အလျဉ်းသင့်သဖြင့် အကျဉ်းအားဖြင့် အောက်တွင် ဖော်ပြလိုက်ပေအံ့။

၁၉၁၉ ခုနှစ်တွင် မြန်မာပြည်ကို 'လက်ဖတင်နင် ဂါဗနာ'ခေါ် လက်ထောက် ဘုရင်ခံအဖြစ်ဖြင့် ဆာ ရယ်ဂျီနယ် ဟင်နရီကရက်ဒေါက်က အုပ်ချုပ်လျက်ရှိ၏။ ထိုဘုရင်ခံသည် ဘုရင်ခံ၏ အတိုင်ပင်ခံကောင်စီနှင့် တိုင်ပင်၍၊ 'မြန်မာပြည်' ပြုပြင်ပြောင်းလဲ အုပ်ချုပ်ရေးစနစ် ခေါ် ကရက်ဒေါက်စကင်းကို ရေးဆွဲ၍ ထိုနှစ်မေလတွင် ကြေညာ၏။

ထိုကရက်ဒေါက်စကင်းမှာ သဘောအားဖြင့်-

၁- အစိုးရခန့် ရွာသူကြီးတို့အား အမတ်အဖြစ်အရွေးခံရန် လမ်းဖွင့်ထားခြင်း။

၂- ပြည်သူတို့က အမတ်ကို တိုက်ရိုက်ရွေးကောက်ခွင့် မရှိခြင်း။

၃- ကျေးရွာများကို တိုက်နယ်များအဖြစ် ကြိုက်သလိုပေါင်းပြီးလျှင်၊ တိုက်နယ်မှ ရွေးချယ်ခံရသူသည် ခရိုင် သို့တက်၊ ခရိုင် တစ်ခရိုင်မှ အမတ် တစ်ယောက်သာလျှင် ရွေးရန် စီမံထားခြင်း။

၄- ကျေးရွာတွင် အမြဲနေသူသာလျှင် အရွေးခံနိုင်ရန် စီမံထားခြင်း။

၅- ဤနည်းအတိုင်း ရွေးရမည့် အမတ်ဦးရေကို အနည်းငယ်သာ ထား၍၊ အစိုးရခန့်အမတ်က များနေခြင်း။ '၃၁ ခရိုင်မှ အမတ် ၃၁ ယောက်သာ ရွေးရမည်။ အစိုးရက ၃၆ ယောက် ခန့်မည်' ဆိုခြင်း။

၆- 'ဥပဒေပြုအဖွဲ့ဥက္ကဋ္ဌသည် ဘုရင်ခံသာ ဖြစ်ရမည်။' ဆိုခြင်း။

၇- လူမျိုးအလိုက် ရွေးကောက်တင်မြှောက်ရန် စီမံထားခြင်း။ ဥပမာ-ဥရောပတိုက်သား အမတ် ၆ ယောက်။

၈- ရသုံးစာရင်းဘတ်ဂျက်ကို စီမံပြောဆိုနိုင်ခွင့် မရှိခြင်း။

၉- အမတ်သက်တမ်းမှာ ၃ ကြိမ်လျှင် ၂ နှစ်သာ ထားခြင်း။

၁၀- မြို့နယ်များအတွက် ရန်ကုန်၊ အင်းစိန်၊ သံလျင် ၅ ယောက်၊ အခြားမြို့နယ်များမှ ၁၄ ယောက် ထားခြင်း။ စသည်တို့ ဖြစ်ပေသည်။

အချုပ်ကိုဆိုရသော် 'ကရက်ဒေါက်စကင်း' သည် အိန္ဒိယအား ပြုပြင်ပေးအပ်မည့် 'ဒိုင်အာခီစကင်း'ထက် ပင် ညံ့ဖျင်းလေသေး၏။

ထို ကရက်ဒေါက်စကင်းကို တစ်နိုင်ငံရှိ ဝိုင်အမ်ဘီအေအသင်းများနှင့် အလားတူအသင်းများသည် အုံကြွ၍ ဆူပူကန့်ကွက်ကြ၏။

၁၉၂၀ ပြည့်နှစ် မေလ ၂ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟောခ်၌ ဝိုင်အမ်ဘီအေအသင်းချုပ်က ဦးစီး၍ ပြည်လုံးကျွတ် အထူးအစည်းအဝေးကြီးကို ကျင်းပပြီးလျှင် 'ကရက်ဒေါက်စကင်း အုပ်ချုပ်ရေးကို ကန့်ကွက်ကြောင်း။' ဆုံးဖြတ်ကြလေသည်။

အင်္ဂလိပ်အစိုးရတို့၏အလိုကျ ဘုရင်ခံ၏ အတိုင်ပင်ခံ အစိုးရခန့်အမတ် ပွဲစားကြီး သူဌေးဦးဘိုးသာ ကြီးမှူး သော 'တူ၊ သာ၊ သင်း' ဟု ခေါ်ကြသည့် ဗဟုသုတအသင်းကမူ ကရက်ဒေါက်စကင်းကို ထောက်ခံ၏။

နိုင်ငံရေးဆူပူမှုများ တိုးပွားလာသောကြောင့် 'အစိုးရအမှုထမ်းများသည် နိုင်ငံရေးကို မလုပ်ကြရ' ဟူ၍ အင်္ဂလိပ်အစိုးရက အမိန့်ထုတ်ယူရ၏။ ထို့ကြောင့် အစိုးရအမှုထမ်းအချို့သည် ဝိုင်အမ်ဘီအေအသင်း စသည်တို့မှ နုတ်ထွက်ကြရ၏။ အချို့ကား တိတ်တဆိတ်အားပေးလျက်ပင် ရှိကြ၏။


mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်အစိုးရတို့က 'ပုလိပ် စုံစမ်းထောက်လှမ်းရေးဌာနသည် နိုင်ငံရေးလှုပ်ရှားမှုများကို အထူးဂရုပြု၍ မလစ်လပ်စေအောင် စုံစမ်း အစီရင်ခံရမည်။ နိုင်ငံရေးဟောပြောချက်, စည်းဝေးချက်, ထိုအစည်းအဝေးများတွင် ပြောဆိုသောစကားများကို အပြည့်အစုံရေးသား၍ အစီရင်ခံရမည်' ဟု အစိုးရက အမိန့်ပေးထား၏။

၁၉၂၀ ပြည့်နှစ်တွင် ဝိုင်အမ်ဘီအေ အသင်းချုပ်မှ ဗိလတ်ပြန်ကိုယ်စားလှယ် ဦးထွန်းရှိန်, ဦးဘဘေနှင့် ဝတ်လုံ ဦးဘစီ, လယ်တီဦးစိန်, အရှင်ဥတ္တမကိုယ်တော်ကြီးတို့သည် ထက်အောက် မြန်မာပြည်တစ်ခွင်သို့ လှည့်လည်၍ တရားဟောပြောကြ၏။

မြန်မာပြည်တွင် အထူးနိုးကြားသောနှစ် ဟုဆိုရလောက်အောင် ဝိုင်အမ်ဘီအေအသင်းပေါင်း ၄၀၀ ကျော်မျှ အသင်းချုပ်နှင့် ဆက်သွယ်ဆောင်ရွက်လျက် ရှိပေပြီ။ အမျိုးသမီးများကလည်း ကုမ္မာရီအသင်းများ ဖွဲ့၍ အသင်းချုပ်နှင့် ဆက်သွယ်ကြ၏။ ရန်ကုန်မြို့ပေါ်နှင့် ခရိုင်မြို့နယ်များတွင် အမျိုးသမီးများအသင်းလည်း တိုးတက် ဖွဲ့စည်းလာကြလေသည်။

လူထု နိုးကြားလာသလောက် သတင်းစာများကလည်း တစ်စောင်ပြီးတစ်စောင် ထွက်ပေါ်လာကြ၏။

၁- သူရိယသတင်းစာ။ အယ်ဒီတာ-ဦးဘဘေ, ဦးတုတ်ကြီးနှင့် 'မစ္စတာမောင်မှိုင်း' ကလောင်ဘွဲ့ခံ ဆရာလွန်း။ ၁၉၁၁ ခုနှစ် ဇူလိုင်လ ၄ ရက် တည်ထောင်သည်။
၂- မြန်မာ့အလင်းသတင်းစာ။ အယ်ဒီတာ ဦးစိန်း၊ ၁၉၁၄ ခုနှစ်တွင် ရွှေကြူးကုမ္ပဏီမှ နေ့စဉ် ထုတ်ဝေ၏။ ရပ်သွားပြီး နောက် ၁၉၁၉ ခုနှစ်တွင် ရက်ခြား ထုတ်၏။ ၁၉၂၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် နေ့စဉ်သတင်းစာအဖြစ် ပြန်၍ ထုတ်၏။
၃- မြန်မာ့ဝန်ထမ်းသတင်းစာ။ ရမ်းဗြဲ ဦးမောင်မောင်။
၄- ပညာ့အလင်းသတင်းစာ။ အယ်ဒီတာ-လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ ဦးပုကလေး၊ တိုက်ရှင် ဦးတင်။
၅- လစ်ဘာတီသတင်းစာ။ ဦးရွှေကြူး။
၆- အာဇာနည်သတင်းစာ။ အယ်ဒီတာ-ဦးရွှေဘ။
၇- မော်ဒန်ဘားမားသတင်းစာ။ အယ်ဒီတာ-ဦးတင် ၂။
၈- နယူးဘားမား အင်္ဂလိပ်သတင်းစာ။ အယ်ဒီတာ-ဦးကွန်း, ဦးဘလှိုင်။
၉- အောဗဇားဗား အင်္ဂလိပ်သတင်းစာ။ အယ်ဒီတာ-ဦးခင်မောင်။
၁၀- ဖရီးဘားမား အင်္ဂလိပ်သတင်းစာ။ အယ်ဒီတာ-ဦးထွန်းသန်း။
၁၁- လွတ်ငြိမ်းဖွယ်ဂျာနယ်။ အယ်ဒီတာ-ဦးထွန်း။
၁၂- ဗန္ဓုလဂျာနယ်။ အယ်ဒီတာ-ဦးစိန်။
၁၃- ဝရဇိန်ဂျာနယ်။ အယ်ဒီတာ-ဦးကြွယ်။
၁၄- ရန်ကုန်မေးလ် အင်္ဂလိပ်သတင်းစာ။ အိန္ဒိယအမျိုးသား အယ်ဒီတာများ။
၁၅- မြန်မာ့ဗျူဟာ ဂျာနယ်။ အာဂန္တုအယ်ဒီတာ-ရွှေဥဒေါင်း၊ ၁၉၁၉ ခုနှစ်က ထုတ်ဝေသည်။
၁၆- သူရိယမဂ္ဂဇင်း။ ၁၉၁၇ ခုနှစ်က ထုတ်ဝေသည်။

ဤ သတင်းစာ ဂျာနယ်, မဂ္ဂဇင်းများ အားလုံးကလည်း ကရက်ဒေါက်စကင်းကို တစ်စောင်မကျန် ကန့်ကွက်ရေးသားကြ၏။ မြို့တိုင်းရှိ ဝိုင်အမ်ဘီအေ အသင်းနှင့် အလားတူအသင်းများကကန့်ကွက်သော အစည်းအဝေးများ၏


mgyoe.com

mgyoe.com
SAMPLE BOOK
ဆုံးဖြတ်ချက်သတင်းများကိုလည်း အဆိုပါမြန်မာသတင်းစာများက အထူးအခွင့်အရေးပေး၍ ထည့်သွင်းဖော်ပြကြလေသည်။

'ကရက်ဒေါက်စကင်းကို တိုင်းပြည်ကလက်ခံသင့်ကြောင်း။' ရန်ကုန်ဂေဇက်နှင့် ရန်ကုန်တိုင်း ခေါ် အင်္ဂလိပ်လူမျိုးပိုင် သတင်းစာများကသာ ထောက်ခံ ရေးသားကြသည်။

၁၉၁၉ ခုနှစ်က 'လက်ဖတင်နင် ဂါဗနာကောင်စီ' ခေါ် ဥပဒေပြုအဖွဲ့ကို အမတ် ၉ ဦး အစား ၁၅ ဦးသို့ တိုးချဲ့ ပြီးနောက်၊ ၁၉၂၀ ပြည့်နှစ်တွင် အဆိုပါ လက်ဖတင်နင် ဂါဗနာကောင်စီကို အမတ် ၁၅ ဦးမှ ၃၀ သို့တိုး၍ ပေးပြန်၏။ ထို ၃၀ တွင် ပါဝင်သော အမတ်များမှာ-

အင်္ဂလိပ်ကုန်သည်ကြီးအသင်းမှ ၂ ဦး။
အင်္ဂလိပ်အစိုးရ အရာရှိ ၁၂ ဦး။
ဘုရင်ခံ သဘောကျခန့် ၁၆ ဦး။ စုစုပေါင်း ၃၀ ဖြစ်၏။

ထို ၃၀ တွင် အင်္ဂလိပ်ကုန်သည်ကြီးအသင်းမှ ၂ ဦးသာလျှင် အင်္ဂလိပ်ကုန်သည်ကြီးအသင်းဝင်တို့၏ သဘောကျ ရွေးချယ်ခွင့် ရလေသည်။

လက်ဖတင်နင်ဂါဗနာ သဘောကျခန့်အပ်သူများတွင် မြန်မာလူမျိုးထဲမှ ပွဲစားကြီး ဦးထွန်းမြတ်, ပွဲစားကြီး ဦးဘိုးသာ, ဝတ်လုံတော်ရ ဦးသင်း, အငြိမ်းစား ဦးဘတူ တို့ ပါဝင်ကြ၏။

'ထို ဘုရင်ခံခန့် မြန်မာလူမျိုးအမတ်များမှာ 'ဖောင်းတော်ညိတ် စိတ်တော်သိ'ဆိုသော အလိုတော်ရိများသာ ဖြစ်သည်'ဟု သတင်းစာများက ဝိုင်း၍ရေးသားကြ၏။ ဤမျှ ပြုပြင်ရေးနှင့်လည်း မကျေနပ်ကြောင်း ရေးသားခဲ့ကြလေသည်။

ဗိလတ်သွား ကိုယ်စားလှယ်ကြီး ၃ ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော ခေါင်းဆောင် ဦးထွန်းရှိန်သည် ၁၉၁၉ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသို့ ပြန်ရောက်ခဲ့၏။ တစ်နိုင်ငံလုံးသို့ လှည့်လည်၍ တရားဟောရာတွင် ပုံပြင်ဥပမာကလေးများဖြင့် ခပ်ရွှင်ရွှင်ပြောလေ့ရှိသဖြင့် ပွဲအကျဆုံး ဖြစ်၏။ အဟောအပြောလည်း ရှင်းလင်း၍ နိုင်ငံရေးစိတ်ဓာတ် တက်ကြွလာအောင် ဟောနိုင်၏။ တစ်နိုင်ငံလုံးကလည်း ဦးထွန်းရှိန်အား အထူးကြည်ညိုလေးစားကြပေ၏။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်မြို့၌ မကျန်းမာ၍ အနိစ္စရောက်၏။

ဦးထွန်းရှိန်၏ဓာတ်ပုံမှာ ထူးကဲစွာစည်ကားလှ၍ မြန်မာရုပ်ရှင်များ ပေါ်ဦးစအချိန်နှင့် ကြုံကြိုက်ရာ ဦးထွန်းရှိန် ဈာပနကို သတင်းကားများအဖြစ်ဖြင့် ရိုက်ကူး၍ တစ်နိုင်ငံလုံးတွင် ပြသကြ၏။ ဦးထွန်းရှိန်၏ နိုင်ငံရေးတရားကို နာကြားဖူးသောပရိသတ်များသည် ထိုသတင်းကားကို မြင်ရသောအခါ ဦးထွန်းရှိန်အား လွမ်းဆွတ်နှမြောကြသဖြင့် ငိုကြွေးကြလေသည်။

၁၉၂၀ ပြည့်နှစ် မေလ ၂၉ ရက်တွင် မြန်မာပြည်အတွက် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲပေးရန်အတွက် ဗိလတ်ပါလီမန်က တစ်စုံတရာစဉ်းစားခြင်း မပြုသေး၍၊ ဒုတိယအကြိမ် ဗိလတ်သို့ ဦးဘဘေ, ဝတ်လုံဦးပု, ဝတ်လုံဦးသိန်းမောင်တို့အား ကိုယ်စားလှယ်အဖြစ် ဂျီစီဘီအေ အသင်းချုပ်၏ အလုပ်အမှုဆောင် အစည်းအဝေးက ပြည်လုံးကျွတ်အစည်းအဝေးကြီးများ၏ဆုံးဖြတ်ချက်အရ ရွေးချယ်စေလွှတ်ကြပြန်၏။

ဒုတိယအကြိမ်တွင် အိန္ဒိယနိုင်ငံ အတွင်းဝန်ကြီးက '၁၉၁၉ ခုနှစ် အိန္ဒိယအက်ဥပဒေသည် မြန်မာပြည်၏ အတွက်ပါဖြစ်စေရန် ၄င်းက ထောက်ခံပါမည်။'ဟု ကတိပေး၏။ ထို့နောက် ဗိလတ်ပါလီမန်သို့ '၁၉၁၉ ခုနှစ် အိန္ဒိယအက်ဥပဒေသည် မြန်မာပြည်နှင့်လည်း သက်ဆိုင်စေသင့်သည်။'ဟု ထောက်ခံ အကြံပေးလေသည်။


mgyoe.com

mgyoe.com SAMPLE BOOK

ထိုအကြံပေးချက်ကို ၁၉၂၁ ခုနှစ် မေလ ၂၅ ရက်နေ့တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မှုခင်းကိစ္စများအတွက် ဖွဲ့စည်းထားသော ပါလီမန်လွှတ်တော် အမြဲတမ်းတွဲဖက်ကော်မီတီအဖွဲ့က ထောက်ခံ၏။

ထို့ကြောင့် ၁၉၂၂ ခုနှစ်တွင် 'မြန်မာပြည်နှင့်သင့်လျော်သော ဥပဒေပြုအဖွဲ့၊ မဲဆန္ဒပေးခွင့် အမတ်ဦးရေ၊ တာဝန်ခံဝန်ကြီးများအား လွှဲအပ်ရမည့်ဌာနနှင့် မှုခင်းကိစ္စတန်ခိုးအာဏာများ ပေးအပ်ခြင်း။' စသည်ကို စုံစမ်းရန် ဆာ အေ အက်စ် ဝှိုက် ကြီးမှူးသော 'ဝှိုက်ကော်မီတီ' ကို စေလွှတ်စုံစမ်းရန် စီမံလေသည်။

၁၉၂၀ ခုနှစ် အောက်တိုဘာ ၂၉ ရက် (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် သီတင်းကျွတ် လပြည့်ကျော် ၂ ရက်)နေ့တွင် အဋ္ဌမအကြိမ်မြောက် ဝိုင်အမ်ဘီအေအသင်းချုပ် ညီလာခံကို ပြည်မြို့၌ ကျင်းပ၏။ သဘာပတိအဖြစ်ဖြင့် ဦးဘေ ကေအက်စ်အမ်-အေတီအမ် က ရွက်ဆောင်၏။ ထို ပြည်မြို့ ၈ ကြိမ်မြောက် ဝိုင်အမ်ဘီအေအသင်းချုပ် ညီလာခံဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်၏။

ဆုံးဖြတ်ချက်များ

၁- 'ဤအစည်းအဝေးကြီးမှ ဂျော့ဘုရင်မင်းမြတ်အား ကြည်ညိုလေးစား မေတ္တာထား သစ္စာစောင့်သိ၊ ရိုသေခြင်း ရှိကြပါကြောင်း။ ကြေးနန်းရိုက်ကြား ပေးပို့ရန်' ဆုံးဖြတ်ကြသည်။

၂- 'ပထမအကြိမ် ဗိလတ်သွားကိုယ်စားလှယ် ဦးထွန်းရှိန်-ဘီအေ ကွယ်လွန် အနိစ္စရောက်သည့်အတွက် အထူး ဝမ်းနည်းကြေကွဲခြင်း ဖြစ်ရကြောင်း မှတ်တမ်းတင်ရန်' ဆုံးဖြတ်ကြသည်။

၃- 'ဗိလတ်ပါလီမန်အမတ် မစ္စတာ ဘင်စ်ပူးဝါးနှင့် ဥက္ကဋ္ဌကြီး ဦးချစ်လှိုင်တို့၏ဇနီးများ ကွယ်လွန်အနိစ္စ ရောက်သည့်အတွက် အထူးဝမ်းနည်းပါကြောင်း။ မှတ်တမ်းတင်ရန်' ဆုံးဖြတ်ကြပါသည်။

၄- 'မြန်မာပြည် မြန်မာလူမျိုးတို့၏အကျိုးကို သည်ပိုးဆောင်ရွက်လျက်ရှိသော ဗိလတ်ပါလီမန်အမတ် ကာနယ် ဝက်ဂျဝုနှင့် ဧရာဝတီတိုင်းမင်းကြီးအဖြစ် ဆောင်ရွက်ဖူးသော မစ္စတာ ဘားနဒ်ဟောက်တန်တို့အား ဤ အစည်းအဝေးကြီးက ကျေးဇူး အထူးတင်ကြောင်း။ မှတ်တမ်းတင်ရန်' ဆုံဖြတ်ကြပါသည်။

ထို့နောက် 'ဗိလတ် ပါလီမန်အမတ် ဘင်စ်ပူးဝါးနှင့် ကာနယ်ဝက်ဂျဝု၏ဇနီးတို့ အိန္ဒိယသို့ လာရောက်ကြသော အခါ မြန်မာပြည်သို့လည်း ကြွရောက်ကြပါရန် ဖိတ်ကြားကြောင်း။' ဆုံးဖြတ်ကြပါသည်။

၅- 'မြန်မာစာသင်ကျောင်းများနှင့် အင်္ဂလိပ် မြန်မာ ၂ ဘာသာသင်ကျောင်းများအတွက် အုပ်ချုပ်သော ကော်မတီ အဖွဲ့များ၌ အစိုးရခန့်လူကြီးများအပြင်၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များကိုလည်း ပါဝင်ခွင့်ပြုသင့် ကြောင်း။' ပုသိမ်မြို့၌ကျင်းပခဲ့သော သတ္တမအကြိမ်မြောက် နှစ်လည်ညီလာခံဆုံးဖြတ်ချက်ကို ထပ်မံ ပြဋ္ဌာန်း ဆုံးဖြတ်ကြသည်။

၆- 'ဗုဒ္ဓဘာသာစာပေများကို သင်ကြားသူတို့ တိုးတက်လာစေရန် စာမေးပွဲများကျင်းပပြီး အောင်မြင်သူတို့အား ဆုများချီးမြှင့်ရန်' ဆုံးဖြတ်ကြသည်။

၇- 'မြန်မာစာစီစာကုံးနှင့် ကဗျာလင်္ကာဖွဲ့ဆိုသော ပညာရပ်များ ဝိုးတက်လာစေရန် စာမေးပွဲများကျင်းပပြီး၊ အောင်မြင်သူတို့အား ဆုများချီးမြှင့်ရန်' ဆုံးဖြတ်ကြသည်။


mgyoe.com

mgyoe.com SAMPLE BOOK

၈- မြန်မာပြည်လယ်ယာမြေနှင့် လုပ်ငန်းများကို ငွေကြေးရှင်များ, နိုင်ငံခြားသားများ ပိုင်ဆိုင်လုပ်ကိုင်ခွင့် မပြုရန်ကိစ္စနှင့် ပတ်သက်၍-

က- မြန်မာနိုင်ငံအတွင်းရှိ လယ်မြေယာမြေများကို လုပ်ကိုင်စားသောက်သူ တိုင်းရင်းသားမဟုတ်သော ငွေရှင်ကြေးရှင်များသို့ အပိုင်ဂရန်ပတ္တာဖြစ်စေ, အငှားဂရန်ပတ္တာဖြစ်စေ၊ မည်သည့်နည်းနှင့်မျှ ထုတ်ပေးခြင်း, ပိုင်ဆိုင်ခွင့်ပြုခြင်းကို ခွင့်မပြုရန်။

ခ- လယ်ယာမြေပိုင်ဆိုင်သော ဆင်းရဲသားများက ဘိုးဘပိုင်လယ်ယာမြေများကို ငွေရှင်ကြေးရှင်တို့အား ရောင်းချခဲ့လျှင်၊ ဆင်းရဲသားများ လယ်ယာ လက်မဲ့မဖြစ်စေလို၍ အမည်လွှဲပြောင်းပေးခြင်း မပြုရန်နှင့် ငွေရှင်ကြေးရှင်တို့က ရောင်းချခဲ့ပါလျှင် ခွင့်ပြုရန်။

ဂ- မြန်မာပြည်တွင် မည်သည့်လုပ်ငန်း၌မဆို မြန်မာအမျိုးသား ဆင်းရဲသားအများစုတို့ နစ်နာမည်ဆိုက မည်သည့်ငွေရှင်ကြေးရှင်ကိုမျှ လုပ်ကိုင်ခြင်း, ပါဝင်ခြင်းကို ခွင့်မပြုရန်။

ဃ- မြန်မာပြည်ရှိ မြန်မာ့လယ်မြေယာမြေ ဟူသမျှကို တိုင်းရင်းသားမြန်မာလူမျိုးများသာလျှင် ပိုင်ဆိုင်ခွင့်, လုပ်ကိုင်ခွင့် အမြဲရှိစေရန် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန်။ အစိုးရတို့ထံ မေတ္တာရပ်ခံ အရေးဆိုရန် ဆုံးဖြတ်ကြပါသည်။

၉- မြန်မာပြည်၏ ယခုခေတ်အခြေအနေနှင့် လျော်ကန်အောင် ကျေးရွာဥပဒေများကို ပြင်ဆင်ပေးရန်အတွက် ကော်မတီအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပေးရန်။ ထိုကော်မတီအဖွဲ့တွင် ပါဝင်သော အစိုးရအရာရှိနှင့် အစိုးရခန့် ကော်မတီ ဦးရေထက်မနည်းသော ပြည်သူ့ကိုယ်စားလှယ်ကော်မတီလူကြီးများကို အသင်းချုပ်နှင့်တိုင်ပင်၍ ရွေးချယ်ရန်။ အစိုးရထံ မေတ္တာရပ်ခံစာ ရေးဆိုရန် ဆုံးဖြတ်ကြသည်။

၁၀- မြန်မာလူမျိုးအများစုအဖြစ် နေထိုင်လျက်ရှိကြသော ကျေးရွာများတွင် မြန်မာလူမျိုးကိုသာ ရွာသူကြီး အဖြစ်ဖြင့် ခန့်ထားရန်။ အစိုးရထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြပါသည်။

၁၁- မြန်မာပြည် ဆန်စပါးများကို အစိုးရက ဈေးနှုန်းကန့်သတ်၍ ဝယ်ယူရောင်းချရာတွင် မြတ်စွန်းသော ငွေတို့ကို (ကျပ်ငွေ ၉ ကုဋေခန့် ရှိသည်။) မြန်မာပြည်တွင် မည်ကဲ့သို့ ပြန်လည်၍သုံးစွဲထိုက်သည်တို့ကို အသင်းချုပ်ကြီးက အစိုးရထံ အကြံပေးချက်များစီစဉ်၍ တင်သွင်းရန် ဆုံးဖြတ်ကြပါသည်။

၁၂- မြန်မာပြည် သစ်တောကြိုးဝိုင်းတွင် မပါဝင်သေးသော သစ်တောနယ်မြေများအား အစိုးရက ကြိုးဝိုင်း အသစ်ထပ်မံသတ်မှတ်မည့်ကိစ္စကို မြန်မာပြည် ပြုပြင်ပြောင်းလဲအုပ်ချုပ်ရေးများ စီစဉ်ပြီးမှ ပြုလုပ်စီမံရန်။ အစိုးရထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၁၃- ဆားခွန်တော်နှုန်းများကို လျှော့ပေါ့၍ မြန်မာလူမျိုးများ ပိုမို၍ ဆားချက်ခွင့်လိုင်စင်များ ထုတ်ပေးရန်။အစိုးရထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

၁၄- မြန်မာနိုင်ငံ၏ အဓိကထွက်ကုန်ဖြစ်သော ဆန်စပါးများကို အစိုးရက ဈေးနှုန်းကန့်သတ်ထားသမျှ ကာလပတ်လုံး နိုင်ငံခြားမှဝင်လာသော ကုန်စည်ပစ္စည်းများကိုလည်း မတန်တဆ အမြတ်မတင်နိုင်ရန် ဈေးနှုန်းကန့်သတ်ပေးရေးအတွက် အစိုးရထံ မေတ္တာရပ်ခံရန် ဆုံးဖြတ်ကြသည်။

mgyoe.com